

# ၇ နှစ်အရွယ် ရဟန္တာကိုရင်လေးများ

သာမြင့်အောင်

Than Myint Aung

ရဟန္တာကိုရင်လေးများ ၇ နှစ်အရွယ် • သာမြင့်အောင်

၇ နှစ်အရွယ်
ရဟန္တာကိုရင်လေးများ
သာမြင့်အောင်



http://www.dhammadownload.com

သာမဏေကျော်

# ၇ နှစ်အရွယ်
# ရဟန္တာကိုရင်လေးများ

ပါရမီ
စာပေ

http://www.dhammadownload.com

**၇ နှစ်အရွယ်ရဟန္တာကိုရင်လေးများ**

ပထမအကြိမ်၊ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၅၉/ ၂၀၀၂(၁၂)နှင့် စာမူ ခွင့်ပြုချက်အမှတ် ၄၅၅/ ၂၀၀၂(၈)တို့အရ ဦးတင်ရှိန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း(၀၅၈၂၉) သံလွင်ဦး ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် က ပုံနှိပ်သည်။

**တန်ဖိုး ၉၀၀ ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)

၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်

၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

E-mail: paramibk@myanmar.com.mm

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | တွေးလေ ဝေးလေ | ၅ |
| ၂။ | ဆင်းရဲလေလေ သံဝေဂရ | ၁၆ |
| ၃။ | ၇ နှစ်အရွယ် ရဟန်း | ၂၄ |
| ၄။ | အမိမဲ့သား | ၃၀ |
| ၅။ | တံကျင်ပေါ်က ကိုရင်လေး | ၃၃ |
| ၆။ | သတ်ပေမယ့် မသေတဲ့ကိုရင်လေး | ၃၈ |
| ၇။ | ရှင်နိဂြောဓနဲ့ အသောကဘုရင် | ၅၂ |
| ၈။ | ဆရာရှိသေခံရတဲ့ ကိုရင်လေး | ၆၃ |
| ၉။ | ကိုရင် ၄ ပါးနဲ့ သိကြားမင်း | ၆၉ |
| ၁၀။ | တန်ခိုးပြချင်တဲ့ ကိုရင်လေး | ၇၃ |
| ၁၁။ | အရှင်ပေါဋ္ဌိလရဲ့ကမ္မဋ္ဌာန်းဆရာ ကိုရင်လေး | ၈၀ |
| ၁၂။ | ၄ နာမည်ရ ရှင်တိဿ | ၈၃ |
| ၁၃။ | ငါ့ကိုရင်လေး ဆာနေရှာရော့မယ် | ၁၀၃ |
| ၁၄။ | ရှင်အသနဗောဓိယ | ၁၂၇ |
| ၁၅။ | ရှင်တိသရဏဂမနိယ | ၁၂၉ |
| ၁၆။ | ရှင်ဉာဏထဝိက | ၁၃၁ |
| ၁၇။ | ရှင်ပုလိနထူပိယ | ၁၃၂ |
| ၁၈။ | ရှင်တိကဏိကာရပုပ္ဖိယ | ၁၃၃ |

http://www.dhammadownload.com



၁၉။ စစ်ပွဲအောင်နိုင်တဲ့ ကိုရင်လေး ၁၃၄
၂၀။ ရှင်သုခ ၁၄၈
၂၁။ ၇ နှစ်အရွယ် ရဟန္တာမလေးများ ၁၆၃
၂၂။ ၅ နှစ်အရွယ် ရဟန္တာကိုရင်လေး ၄ ပါး ၁၆၄

http://www.dhammadownload.com

# တွေးလေ ဝေးလေ

အရှင်သာရိပုတ္တရာဟာ ၈၇ ကုဋေသောဥစ္စာကို စွန့်ပြီး ရဟန်းပြုလာခဲ့တယ်။ စာလာ၊ ဥပစာလာ၊ သီသူပစာလာ ဆိုတဲ့ ညီမ ၃ ယောက်နဲ့ စုန္ဒ၊ ဥပသေနဆိုတဲ့ ညီငယ် ၂ယောက်ကို ရဟန်းပြုပေးပြီးပြီ။ ရေဝတမင်းသားဟာ တစ်ယောက်တည်း အိမ်မှာကျန်နေတယ်။ အဲဒီအခါ ရေဝတရဲ့အမေက 'ငါ့သား ဥပတိဿက ၈၇ ကုဋေသော ဥစ္စာတွေကို စွန့်ကာ ရဟန်းပြုပြီး ညီမ ၃ယောက်နဲ့ ညီငယ် ၂ယောက်ကို ရဟန်းပြုပေးသွားပြီ။ ရေဝတတစ်ယောက်ပဲ ကျန်တော့တယ်။ ဒီရေဝတကိုလည်း ရဟန်းပြုပေးခဲ့ရင် ငါတို့ရဲ့ ၈၇ ကုဋေသောဥစ္စာဟာ ပျက်စီးလိမ့်မယ်။ အမျိုးအနွယ် ပြတ်စဲလိမ့်မယ်။ ငယ်ရွယ်စဉ်မှာပဲ ရေဝတကို အိမ်ထောင်ချပေးမယ်' လို့ ကြံတယ်။

အရှင်သာရိပုတ္တရာကလည်း စောစောကပဲ ရဟန်းတွေကို 'ငါ့ရှင်တို့၊ ရေဝတဟာ ရှင်ပြုချင်လို့လာရင် လာလာချင်းပဲ ရှင်ပြုပေးကြပါ။ တပည့်တော်ရဲ့မိဘတွေက မိစ္ဆာဒိဋ္ဌိတွေဖြစ်ပါတယ်။ သူတို့ကို ပန်ပြောလို့ ဘာအကျိုးရှိမှာလဲ။ တပည့်တော်ပဲ ရေဝတရဲ့အမိလည်းဟုတ်တယ်။ အဖလည်း ဟုတ်ပါတယ်' လို့ စေခိုင်းထားတယ်။ မိဘတွေကလည်း ရေဝတကို ၇ နှစ်အရွယ်ကပဲ အိမ်ထောင်ချပေးလိုလို့ ဇာတ်တူအမျိုးက ကလေးမကို ကမ်းလှမ်းတယ်။ နေ့သတ်မှတ်ခိုင်းတယ်။ ရေဝတကို အလှဆင်၊ တန်ဆာဆင်ပြီး အခြွေအရံအများကြီးနဲ့အတူ ခေါ်ကာ ကလေးမရဲ့ဆွေမျိုးအိမ်ကို သွားတယ်။

အဲဒီအခါ မင်္ဂလာပြုပြီးတဲ့ သတို့သား၊ သတို့သမီးနှစ်ဦးရဲ့

http://www.dhammadownload.com



ဆွေမျိုးတွေစုဝေးပြီးတဲ့အခါ ရေခွက်ထဲမှာ လက်တို့ကို ချစေကာ မင်္ဂလာစကားတွေကို ဆိုကြတယ်။ သတို့သမီးရဲ့ ကြီးပွားမှုကို လိုလားတဲ့ ဆွေမျိုးတွေက 'သင့်အဘွားရဲ့ မြင်ရတဲ့အနေအထားကို ကြည့်ပါ။ သင်ဟာ အဘွားလိုပဲ အသက်ရှည်ပါစေ' လို့ ပြောကြတယ်။ ရေဝတက 'ဒီအဘွားရဲ့ မြင်နေရတဲ့အနေအထားက ဘာလဲ' လို့ တွေးပြီးမေးတယ်။ အဲဒီအခါ သူ့ကို 'ချစ်သား၊ သင်မမြင်ဘူးလား၊ ဒီအဘွားဟာ အသက် ၁၂၀ ရှိတယ်၊ သွားကျိုးနေတယ်၊ ဆံပင်ဖြူနေတယ်၊ အရေတွန့်နေတယ်၊ မှည့်တွေပေါက်နေတယ်၊ အခြင်ရနယ်လို ကောက်ကိုင်းနေတယ်၊ အဲဒါ ဟာ အဘွားရဲ့အနေအထားပဲ' လို့ ပြောကြတယ်။

'ဒီသတို့သမီးလေးကလည်း ဒီလိုပဲ ဖြစ်မှာလား'

'အသက်ရှင်ရင် အဲဒီလိုပဲ ဖြစ်မှာပေါ့'

'အဲဒီလိုသဘောရှိတဲ့ ကိုယ်ဟာလည်း ဇရာကြောင့် အဲဒီလို ဖောက်ပြန်လိမ့်မယ်။ ငါ့အစ်ကို ဥပတိဿဟာ ဒါကိုမြင်သွားတာဖြစ်လိမ့်မယ်။ ငါဟာ ဒီနေ့ပဲ ထွက်ပြေးပြီး ရှင်ပြုသင့်တယ်' လို့ ရေဝတက တွေးတယ်။ အဲဒီအခါ ရေဝတကို ဆွေမျိုးတွေက သတို့သမီးနဲ့ အတူ လှည်းယဉ်တစ်စီးတည်းပေါ် တင်ပြီး ခေါ်ကာသွားကြတယ်။ ရေဝတက အနည်းငယ်သွားပြီး ကျင်ကြီးစွန့်လိုလို့ အကြောင်းပြကာ 'လှည်းယဉ်ကို ရပ်ပါဦး၊ အောက်ဆင်းပြီး ပြန်လာပါမယ်' လို့ ပြောပြီး ယာဉ်ပေါ်က ဆင်းသွားတယ်။ ချုံတစ်ချုံမှာ အနည်းငယ် ကြာမြင့်အောင် ပြုလုပ်ပြီး သွားတယ်။ နောက်တစ်ဖန်လည်း အနည်းငယ်သွားကာ အဲဒီအကြောင်းနဲ့ပဲ ဆင်းသွားပြီး ပြန်တက်တယ်။ နောက်တစ်ကြိမ်လည်း အဲဒီလိုပဲ လုပ်တယ်။

အဲဒီအခါ သူ့ဆွေမျိုးတွေက 'တကယ်ပဲ သူ့မှာ ဝမ်းလျှောနေတယ်' လို့ ထင်မှတ်ကာ အလွန်မတင်းကျပ်တဲ့ အစောင့်အရှောက်ကို ပြုလုပ်ကြတယ်။ ရေဝတဟာ နောက်တစ်ကြိမ်လည်း အနည်းငယ်

http://www.dhammadownload.com



သွားကာ အဲဒီအကြောင်းပြန့်ပဲ ဆင်းသွားပြီး 'သင်တို့မောင်းပြီး ရှေ့က သွားကြပါ။ ငါ နောက်က ဖြည်းဖြည်းလာခဲ့မယ်' လို့ပြောပြီး ဆင်းကာ ချုံဆီသွားတယ်။ သူ့ဆွေမျိုးတွေကလည်း 'နောက်က လိုက်လာလိမ့်မယ်' လို့ ထင်ကာ လှည်းယဉ်ကို မောင်းသွားကြတယ်။ ရေဝတက လည်း အဲဒီနေရာက ပြေးကာ ၃၀ လောက်သောရဟန်းတွေ နေတဲ့ နေရာက ရဟန်းတွေထံသွားပြီး ရှိခိုးကာ 'တပည့်တော်ကို ကိုရင်ဝတ်ပေးကြပါ ဘုရား' လို့ လျှောက်တယ်။

'ဒကာလေး၊ သင်က အဆင်တန်ဆာအားလုံး ဆင်ထားတယ်။ သင်ဟာ ရှင်ဘုရင့်သားလား၊ အမတ်သားလားဆိုတာကို ငါတို့ မသိကြ၊ ငါတို့က ဘယ်လိုလုပ် ကိုရင်ဝတ်ပေးကြရမလဲ'

'အရှင်ဘုရားတို့၊ အရှင်ဘုရားတို့က တပည့်တော်ကို မသိကြဘူးလား'

'မသိကြဘူး ဒကာလေး'

'တပည့်တော်က ဥပတိဿရဲ့ ညီငယ်ပါ'

'အဲဒီဥပတိဿဆိုတာ ဘယ်သူလဲ'

'အရှင်ဘုရားတို့၊ အရှင်ဘုရားတို့က တပည့်တော်ရဲ့နောင်တော်ကို 'သာရိပုတ္တရာ'လို့ ခေါ်ကြတယ်။ ဒါကြောင့် တပည့်တော်က ဥပတိဿလို့ ပြောတဲ့အခါ မသိကြတာပါ'

'သင်က အရှင်သာရိပုတ္တရာရဲ့ ညီငယ်လား'

'မှန်ပါဘုရား'

'ဒီလိုဆိုရင် လာပါ၊ သင့်ရဲ့နောင်တော်က ခွင့်ပြုပြီးသားပဲ'

အဲဒီလိုပြောပြီး ရဟန်းတွေက ရေဝတရဲ့ အဝတ်အဆင်တန်ဆာတွေကို အချွတ်ခိုင်းပြီး သင့်တော်ရာနေရာမှာ အထားခိုင်းတယ်။ ရေဝတကို ကိုရင်ဝတ်ပေးပြီး အရှင်သာရိပုတ္တရာထံ သတင်းပို့လိုက်ကြတယ်။ အရှင်သာရိပုတ္တရာက အဲဒီသတင်းစကားကို ကြားရလို့ ဘုရားရှင်အား

http://www.dhammadownload.com



'မြတ်စွာဘုရား၊ တောနေရဟန်းတွေက ရေဝတကို ကိုရင်ဝတ်ပေးလိုက်ကြတဲ့ သတင်းကို ပို့လိုက်ကြပါတယ်။ သွားပြီး ရေဝတကိုကြည့်ကာ ပြန်လာပါမယ်' လို့ လျှောက်တယ်။ ဘုရားရှင်က 'သာရိပုတ္တရာ၊ စောင့်ပါဦး' လို့ မိန့်ကာ သွားခွင့်မပေးပါ။ အရှင်သာရိပုတ္တရာက နောက်ထပ်ရက်အနည်းငယ် လွန်တဲ့အခါ ဘုရားရှင်ကို ပြန်ကြားတယ်။ ဘုရားရှင်က 'သာရိပုတ္တရာ၊ စောင့်ပါဦး၊ ငါတို့လည်း သွားကြမယ်' လို့ မိန့်ကာ သွားခွင့်မပေးပါ။

ကိုရင်ရေဝတကလည်း 'ငါ ဒီနေရာမှာ နေရင် ဆွေမျိုးတွေက ငါ့ဆီလိုက်လာပြီး ခေါ်ကြလိမ့်မယ်' လို့ တွေးကာ အဲဒီရဟန်းတွေထံ အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းကို သင်ယူတယ်။ သပိတ်၊ သင်္ကန်းကို ယူပြီး ခရီးလှည့်လည်တဲ့အခါ အဲဒီအရပ်ကနေ ယူဇနာ ၃၀ ဝေးတဲ့ အရပ်ရှိ ရှားတောကိုသွားတယ်။ ဝါတွင်းမှာပဲ သုံးလအတွင်းမှာ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာ ဖြစ်သွားတယ်။ အရှင်သာရိပုတ္တရာကလည်း ပဝါရဏာပြုပြီး ဘုရားရှင်ကို နောက်ထပ် ရေဝတဆီသွားဖို့ ပန်ကြားတယ်။ ဘုရားရှင်က 'သာရိပုတ္တရာ ငါတို့လည်း သွားကြမယ်' လို့ မိန့်ကာ ရဟန်း ၅၀၀ တို့နဲ့အတူ ထွက်တယ်။

အနည်းငယ်သွားပြီးတဲ့အခါ အရှင်အာနန္ဒာက လမ်းနှစ်ခွမှာ ရပ်ပြီး ဘုရားရှင်ကို 'မြတ်စွာဘုရား၊ ရေဝတထံ သွားတဲ့လမ်းတွေထဲမှာ ဒီလမ်းက လမ်းကွေ့လမ်းကောက် ဖြစ်နေပါတယ်။ ယူဇနာ ၆၀ ရှိပါတယ်။ လူတွေရဲ့နေရာ ဖြစ်ပါတယ်။ ဒီလမ်းကတော့ လမ်းဖြောင့် ဖြစ်ပါတယ်။ ယူဇနာ ၃၀ ရှိပါတယ်။ ဘီလူးတွေ သိမ်းပိုက်ထားပါတယ်။ ဘယ်လမ်းနဲ့ ကြွကြပါမလဲ' လို့ လျှောက်တယ်။

'အာနန္ဒာ၊ သီဝလိဟာ ငါတို့နဲ့အတူ လာသလား'

'လာပါတယ် ဘုရား'

'သီဝလိ လာရင် လမ်းဖြောင့်ကိုပဲ ယူပါ'

http://www.dhammadownload.com



ဘုရားရှင်က 'ငါဘုရားဟာ သင်တို့အတွက် ယာဂု၊ ဆွမ်းကို ဖြစ်စေမယ်။ လမ်းဖြောင့်ကို ယူလော့' လို့ မမိန့်ဘဲ 'ဒီနေရာဟာ ထိုထိုလူတွေရဲ့ ကောင်းမှုအကျိုးပေးရာ နေရာပဲ' လို့ သိလို့ 'သီဝလိ ပါလာရင် လမ်းဖြောင့်ကို ယူလော့' လို့ မိန့်တော်မူပါသတဲ့။ ဘုရားရှင် အဲဒီလမ်းကို ကြွတဲ့အခါမှာတော့ နတ်တွေက 'ငါတို့ရဲ့အရှင် သီဝလိ ထေရ်အား ပူဇော်သက္ကာရ ပြုကြမယ်' လို့ ကြံပြီး တစ်ယူဇနာ၊ တစ်ယူဇနာအရပ်မှာ ကျောင်းတွေကို ဆောက်ကြတယ်။ တစ်ယူဇနာရဲ့ အထက်ကို သွားခွင့် မပေးကြ။ နံနက်စောစောထကာ နတ်ပြည်မှာ ဖြစ်တဲ့ ယာဂုစသည်တွေကိုယူပြီး 'ငါတို့ရဲ့အရှင်သီဝလိထေရ်ဟာ ဘယ်မှာလဲ' လို့ ရှာဖွေလှည့်လည်ကြတယ်။

အရှင်သီဝလိဟာ သူ့အတွက် ဆောင်ယူလာတာကို ဘုရား အမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူခိုင်းတယ်။ အဲဒီလိုနည်းနဲ့ အခြံ အရံနဲ့တကွ ဘုရားရှင်ဟာ ယူဇနာ ၃၀ ရှိတဲ့ ခရီးခဲကို အရှင်သီဝလိ ရဲ့ဘုန်းကံကို ခံစားရင်းပဲ ကြွတယ်။ ရှင်ရေဝတကလည်း ဘုရားရှင် ကြွလာတာကိုသိလို့ ဘုရားရှင်အတွက် ဂန္ဓကုဋိ ကျောင်းတော်ကို ဖန်ဆင်းကာ အထွတ်ပါတဲ့အဆောင် ၅၀၀၊ စင်္ကြံလျှောက်စရာနေရာ ၅၀၀၊ ညဥ့်အခါ နေရာ ၅၀၀၊ နေ့အခါ နေရာ ၅၀၀ တို့ကိုလည်း ဖန်ဆင်းတယ်။ ဘုရားရှင်က ရေဝတထံ တစ်လမျှပဲ နေတယ်။ အဲဒီမှာ နေပေမယ့်လည်း အရှင်သီဝလိရဲ့ ဘုန်းကံကိုပဲ ခံစားတယ်။

ကြွလာတဲ့ အဲဒီရဟန်းတွေထဲက ရဟန်းကြီးနှစ်ပါးက ဘုရားရှင် ရှားတောထဲ ဝင်သွားတဲ့အခါ 'ဒီရှင်ရေဝတဟာ ဒီလောက်ရှိတဲ့ အမှုသစ် ကို လုပ်နေရင် ဘယ်မှာရဟန်းတရားကို အားထုတ်နိုင်မလဲ' ဘုရားရှင် က 'သာရိပုတ္တရာရဲ့ ညီတော်ဆိုပြီး မျက်နှာလိုက်ကာ ဒီလိုအမှုသစ်ရှိတဲ့ ရေဝတထံ ကြွလာတယ်' လို့ ကြံကြတယ်။ ဘုရားရှင်ကလည်း အဲဒီ နေ့မှာ မိုးသောက်ချိန်အခါ လောကကြီးကို ကြည့်တော့ အဲဒီရဟန်းတွေ

http://www.dhammadownload.com



ကို မြင်ပြီး အဲဒီရဟန်းတွေရဲ့ စိတ်အကြံကို သိတော်မူတယ်။ ဒါကြောင့် အဲဒီနေရာမှာ တစ်လလောက်နေပြီး ပြန်ထွက်တဲ့နေ့မှာ အဲဒီရဟန်းကြီးနှစ်ပါး သူတို့ရဲ့ ဆီကျည်တောက်၊ ရေဘူး၊ ဖိနပ်တွေကို မေ့အောင် အဓိဋ္ဌာန်ပြီး ထွက်တဲ့အခါ ကျောင်းဥပစာက အပြင်ဘက်ထွက်သွားချိန်မှာ တန်ခိုးကို ပြန်ရုပ်သိမ်းလိုက်တယ်။ အဲဒီအခါ အဲဒီရဟန်းကြီးနှစ်ပါးက 'ငါဟာ ဒါကို ဒါကို မေ့တယ်။ ငါလည်း မေ့တယ်' လို့ နှစ်ပါးလုံးပဲ ပြန်သွားတဲ့အခါ အဲဒီနေရာကို မမှတ်မိလို့ ရှားဆူးတွေ အစူးခံရပြီး သွားကြရတယ်။ ရှားပင်တစ်ပင်မှာ တွဲလျားကျနေတဲ့ သူတို့ရဲ့ပစ္စည်းကို မြင်လို့ ယူပြီး ဖဲသွားကြတယ်။ ဘုရားရှင်ကလည်း ရဟန်းအပေါင်းကို ခေါ်ပြီး နောက်ထပ်တစ်လမျှနဲ့ပဲ အရှင်သီဝလိရဲ့ ဘုန်းကံကို ခံစားကာ ပြန်သွားပြီး ပုဗ္ဗာရုံကျောင်းကို ဝင်တော်မူတယ်။

အဲဒီအခါ အဲဒီရဟန်းကြီးနှစ်ပါးက နံနက်စောစောပဲ မျက်နှာသစ်ပြီး 'ဧည့်သည်ရဟန်းတွေအား ဆွမ်းလှူတဲ့ ဝိသာခါရဲ့အိမ်မှာ ယာဂု သောက်ကြမယ်'လို့ တွေးပြီး သွားကာ ယာဂုသောက်၊ ခဲဖွယ်စားပြီး ထိုင်နေကြတယ်။ အဲဒီအခါ ဝိသာခါက အဲဒီရဟန်းတွေကို 'အရှင်ဘုရားတို့၊ အရှင်ဘုရားတို့လည်း ဘုရားရှင်နဲ့အတူ ရှင်ရေဝတနေရာကို သွားကြပါသလား' လို့ မေးတယ်။

'ဒကာမကြီး၊ သွားကြပါတယ်'

'ရှင်ရေဝတရဲ့နေရာက ပျော်စရာကောင်းပါသလား'

'ဒကာမကြီး၊ အဲဒီနေရာဟာ ဘယ်မှာပျော်စရာ ကောင်းမလဲ။ ဆူးဖြူရှိတဲ့ ရှားပင်တွေနဲ့ ရှုပ်ထွေးနေတယ်။ ပြိတ္တာတွေရဲ့နေရာနဲ့ တူပါတယ်'

အဲဒီအခါ အခြားရဟန်းငယ်နှစ်ပါး လာကြတယ်။ ဝိသာခါက အဲဒီရဟန်းငယ်တွေအားလည်း ယာဂု၊ ခဲဖွယ်ကို လှူပြီး အဲဒီအတိုင်းပဲ

http://www.dhammadownload.com



မေးတယ်။ ရဟန်းငယ်တွေက 'ဒကာမကြီး၊ ချီးမွမ်းခြင်းငှာ မတတ်နိုင်ပါ။ ရှင်ရေဝတရဲ့နေရာက သုဓမ္မာနတ်သဘင်နဲ့ တူတယ်။ တန်ခိုးနဲ့ ဖန်ဆင်းထားသလိုပဲ'လို့ ပြောကြတယ်။ ဝိသာခါက 'ပထမ ကြွလာတဲ့ ရဟန်းတွေက တစ်မျိုးပြောကြတယ်။ ဒီရဟန်းတွေက တစ်မျိုးပြောကြတယ်။ ပထမ ကြွလာတဲ့ရဟန်းတွေက တစ်ခုခုမေ့ကျန်ရစ်ပြီး တန်ခိုးကို ရုပ်သိမ်းလိုက်တဲ့အခါ ပြန်လှည့်လာကြတာ ဖြစ်လိမ့်မယ်။ ဒီရဟန်းတွေကတော့ တန်ခိုးနဲ့ ပြုပြင်ဖန်ဆင်းထားချိန်မှာ ပြန်လာတာ ဖြစ်လိမ့်မယ်'လို့ တွေးတယ်။ ဝိသာခါက ပညာရှိလို့ အဲဒီအကြောင်းကို သိကာ 'ဘုရားရှင် ကြွလာတဲ့အခါ မေးမယ်'လို့ တွေးပြီး ရပ်နေတယ်။ အဲဒီကနောက် ခဏကြာတဲ့အခါ ဘုရားရှင်ဟာ ရဟန်းအပေါင်းခြံရံပြီး ဝိသာခါရဲ့အိမ်ကို ကြွလာတယ်။ ခင်းထားတဲ့နေရာမှာ ထိုင်တော်မူတယ်။ ဝိသာခါက ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ရိုရိုသေသေ ပြုစုလုပ်ကျွေးတယ်။ ဆွမ်းကိစ္စအပြီးမှာ ဘုရားရှင်ကို ရှိခိုးပြီး 'မြတ်စွာဘုရား၊ မြတ်စွာဘုရားနဲ့အတူ ရှင်ရေဝတထံ ကြွခဲ့တဲ့ ရဟန်းတွေထဲမှာ တချို့ရဟန်းတွေက ရှင်ရေဝတရဲ့နေရာဟာ ရှားပင်တွေနဲ့ ရှုပ်နေတဲ့တောပဲလို့ ပြောကြပါတယ်။ တချို့ကတော့ ပျော်စရာနေရာပဲလို့ ပြောကြပါတယ်။ အဲဒါ ဘယ်လိုပါလဲ ဘုရား' လို့ မေးလျှောက်တယ်။ အဲဒီစကားကို ကြားရလို့ ဘုရားရှင်က 'ဝိသာခါ ရွာပဲဖြစ်ဖြစ်၊ တောပဲဖြစ်ဖြစ် ရဟန္တာတွေနေတဲ့ နေရာဟာ ပျော်စရာချည်းပဲ' လို့ မိန့်တော်မူတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၉၆)

ရေဝတ သတို့သားလေးရဲ့ သံဝေဂအတွေးလေးကို အထူးပဲ ကျေနပ်မိပါတယ်။ အရွယ်နဲ့ မလိုက်အောင်ဘဲ သံဝေဂက ကြီးမားနေပါတယ်။ ၇ နှစ်သားအရွယ် လူငယ်လေးတစ်ဦးက အသက် ၁၂၀ ရှိ အဘွားအိုကြီးရဲ့ဇရာသဘောကို သံဝေဂနှောပြီး ၇ နှစ်အရွယ် ဇနီးလောင်း

http://www.dhammadownload.com



လျှာ မိန်းမငယ်လေးကို အသက် ၁၂၀ အဘွားအိုကြီးအရွယ်မှာ ထား ကြည့်လိုက်ပါတယ်။ ဇရာရဲ့ဒဏ်ကို အဘွားအိုကြီး ခံရသလို ၇ နှစ် အရွယ် ဇနီးမောင်နှံလောင်းလျာလေး နှစ်ဦးပါ ခံကြရမှာ မလွဲပါ။ ရေဝတ သတို့သားလေးရဲ့ ဇရာအပေါ် ထိတ်လန့်တုန်လှုပ်သွားတဲ့ သံဝေဂအတွေးလေးက နောင်တော်ကြီး အရှင်သာရိပုတ္တရာရဲ့ သဘော ထားကို ရိပ်စားမိစေပါတယ်။ ရှင်ရေဝတအဖြစ်ဆီသို့လည်း တွန်းပို့ပေး နေပါတယ်။ အိုခြင်းတရားကို ကြောက်လန့်တုန်လှုပ်ကာ အိုခြင်းကင်း ရာဆီကို ပြေးဖို့နည်းလမ်း ရှာကြံကာ ပြေးသွားခဲ့ပါတယ်။ ရေဝတဟာ ငယ်ပေမယ့် လည်ပါတယ်။ တင်းကျပ်စွာ စောင့်ရှောက်နေတဲ့ မိဘ တွေလက်က လွတ်အောင် ရုန်းထွက်နိုင်ပါပေတယ်။

ရေဝတဟာ အလွန်ကြွယ်ဝချမ်းသာသူ မိဘတွေရဲ့ အငယ်ဆုံး သားလေး ဖြစ်တဲ့အပြင် သန်းပေါင်းများစွာသော ဥစ္စာတွေကို ပိုင်ဆိုင်ရ မယ့် ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။ အစ်ကို ၃ ယောက်နဲ့ အစ်မ ၃ ယောက်က ဘုရားသာသနာတော်မှာ ဝင်ရောက်ကာ ရဟန်းပြုနေကြ ပါတယ်။ သန်းပေါင်းများစွာသော စည်းစိမ်တွေနဲ့ ဇနီးလောင်းလျာလေး ကို စွန့်လွှတ်နိုင်တဲ့ ရေဝတရဲ့စိတ်ထားကို လိုက်မီနိုင်ဖို့ရာ အလွန်ပဲ ကြိုးစားကြရပါဦးမယ်။ ပိုင်ဆိုင်မှုက ကြီးကျယ်လေလေ စွန့်လွှတ်နိုင် ဖို့က ခက်ခဲလေလေ ဖြစ်ပါတယ်။ ရေဝတရဲ့မိဘတွေလို စာရေးသူရဲ့ မိဘတွေက သန်းကြွယ်သူဌေးကြီးတွေ ဖြစ်နေခဲ့ရင် စာရေးသူဟာ ရေဝတလို သာမဏေဘဝကို ရောက်ချင်မှ ရောက်လာနိုင်ပါမယ်။ အဘိုး အို၊ အဘွားအိုကြီးတွေကို ရေဝတလို ငယ်ရွယ်စဉ်က စာရေးသူဟာ တွေ့မြင်ခဲ့ရပါတယ်။ ဒါပေမဲ့ ရေဝတလို သံဝေဂအတွေးကို မှတ် မှတ်ရရ မတွေးမိခဲ့ဖူးပါ။ ရေဝတရဲ့စိတ်ထားကို မီနိုင်ဖို့ရာ ငါ့မှာ အများကြီး လိုနေသေးပါလားလို့ တွေးမိပါတယ်။

အရှင်သာရိပုတ္တရာက စောစောထဲကပဲ ကြိုတင်ပြီး ‘တပည့်

http://www.dhammadownload.com



တော်ရဲ့ ဆွေမျိုးတွေက အကုန်လုံး မိစ္ဆာဒိဋ္ဌိ (အယူလွဲမှားသူ) တွေ ဖြစ်ပါတယ်။ တပည့်တော်ရဲ့ဆွေမျိုးဆိုပြီး တစ်ယောက်ယောက် လာခဲ့ရင် အဲဒီဆွေမျိုးကို တစ်နည်းနည်းနဲ့ ရှင်ပြုပေးကြပါ' လို့ မိန့်ထားပါသတဲ့။ ရေဝတအား ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေဆိုတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်း ၅ မျိုးကို ပွားများဆင်ခြင်တဲ့ တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောပြပြီး ကိုရင်ဝတ်ပေးလိုက်ကြပါတယ်။ ကိုရင်လေး ရေဝတဟာ ဆွေမျိုးတွေနဲ့ သာ၍ဝေးရာ ရှားတောဆီကို ခရီးဆက်ခဲ့ပါတယ်။ ရှင်ရေဝတဟာ ပရိသတ်နဲ့ ကင်းဝေးလိုပါတယ်။ ပရိသတ်တွေ စည်ကားနေတာကို ကြိုက်တဲ့ပုဂ္ဂိုလ်တွေနဲ့ ပရိသတ်တွေ စည်ကားအောင် ကြိုးစားနေကြသူတွေဟာ ရှင်ရေဝတလေးရဲ့စိတ်ဓာတ်ကို သတိမူကာ အတုယူသင့်ကြပါတယ်။

ကိုရင်ရေဝတဟာ ဉာဏ်အင်မတန် ထက်မြက်သူလေး ဖြစ်ပါတယ်။ ၃ လအတွင်း ရဟန္တာဖြစ်သွားပါတယ်။ ရှားတောကြီးထဲမှာ တစ်ပါးတည်း နေရဲတဲ့သတ္တိကိုတောင် စာရေးသူတို့ လိုက်မီဖို့ ခက်ပါသေးတယ်။ ရဟန္တာဖြစ်ဖို့ဆိုတာ သာ၍ဝေးပါသေးတယ်။ သူ့လို တန်ခိုးနဲ့ ကျောင်းဆောင်စသည်တွေကို ဖန်ဆင်းနိုင်တဲ့ စွမ်းအားကို ပိုင်ဆိုင်နိုင်ဖို့ရာ သာ၍သာ၍ခက်ပါသေးတယ်။ တွေးကြည့်လေလေ ကိုရင်ရေဝတကို မီနိုင်ဖို့ ဝေးနေသေးလေလေပါပဲ။ ရေဝတထေရ်ဟာ တောကျောင်းနေတဲ့ ရဟန်းတွေထဲမှာ အသာဆုံးဖြစ်တယ်လို့ ဘုရားရှင်က သတ်မှတ်ကာ မိန့်တော်မူခဲ့ပါတယ်။

## ရှင်ရေဝတရဲ့ ရှေးကံ

ရှင်ရေဝတက အခြားမထေရ်တွေလို မနေ၊ အခြားမထေရ်တွေက တောကျောင်းမှာနေတဲ့အခါ သင့်လျော်လျောက်ပတ်မယ့် တော၊ ရေ၊ ဆွမ်း

http://www.dhammadownload.com



ခံရာအရပ်တွေကို မှတ်သားပြီး နေကြတယ်။ ရှင်ရေဝတကတော့ အဲဒါ တွေကို ဂရုမစိုက်ဘဲ မြေမညီညာတဲ့အပြင် ကျောက်စရစ်ခဲ၊ ကျောက်ခဲ တွေရှိတဲ့ ရှားတောမှာ နေတယ်။ ဒါကြောင့် ရှင်ရေဝတဟာ တော ကျောင်းမှာနေတဲ့ ရဟန်းတွေထဲမှာ အသာလွန်ဆုံးပုဂ္ဂိုလ် ဖြစ်ပါတယ်။

ရှင်ရေဝတလောင်းလျာဟာ ပဒုမုတ္တရ ဘုရားလက်ထက်မှာ ဟံသာဝတီမြို့မှာ ဖြစ်ခဲ့တယ်။ ဂင်္ဂါမြစ်ကြီးက ပယာဂပတိဋ္ဌာန ဆိပ် ကမ်းမှာ လှေအလုပ်ကို လုပ်ရင်း နေတယ်။ အဲဒီအခါ ပဒုမုတ္တရာဘုရား ရှင်က ရဟန်းတစ်သိန်းခြံရံပြီး ခရီးလှည့်လည်တဲ့အခါ ပယာဂပတိဋ္ဌာန ဆိပ်ကမ်းကို ရောက်လာတယ်။ အဲဒီလှေသမားက ဘုရားရှင်ကို မြင်ရ လို့ 'ငါ့မှာ အခါခပ်သိမ်း ဘုရားဖူးရတယ်ဆိုတာ မရှိ၊ ဒါဟာ ငါရဲ့ ကောင်းမှုကို ပြုလုပ်အားထုတ်ရမယ့် အခွင့်ပဲ' လို့ တွေးပြီး လှေအပေါင်း ကို ဖွဲ့ချည်ခိုင်းတယ်။ အထက်မှာ အဝတ်မျက်နှာကြက် တပ်ခိုင်းတယ်။ နံ့သာပန်းကုံးတွေကို ဆွဲခိုင်းတယ်။ အောက်မှာ ပိုက်ဆံလျှော်မျှင်ပုဆိုး အကောင်းစားပါတဲ့ အခင်းဆန်းဆန်းကို ခင်းခိုင်းတယ်။ အခြွေအရံနှင့် တကွဖြစ်တဲ့ ဘုရားရှင်ကို ဟိုဘက်ကမ်းကို ပို့ပေးပါတယ်။

အဲဒီအခါ ဘုရားရှင်က တောကျောင်းနေရဟန်းတစ်ပါးကို တော နေရဟန်းတွေထဲမှာ အသာဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်ထားရှိပါတယ်။ အဲဒီလှေသမားက အဲဒီမထေရ်ကိုမြင်လို့ 'ငါလည်း ဒီမထေရ်လိုပဲ နောင် အခါ ဘုရားတစ်ဆူရဲ့သာသနာမှာ တောနေရဟန်းတွေထဲမှာ အသာဆုံး ဖြစ်သင့်တယ်' လို့ တွေးပြီး ဘုရားရှင်ကိုပင့်တယ်။ ၇ ရက် အလှူ ကြီး လှူပြီး ဘုရားရှင်ရဲ့ ခြေရင်းမှာ ဝပ်စင်းကာ 'မြတ်စွာဘုရား၊ မြတ်စွာဘုရားက အသာဆုံးအဖြစ် ထားခံရတဲ့ အဲဒီရဟန်းလို တပည့် တော်လည်း နောင်အခါ ဘုရားတစ်ဆူရဲ့ သာသနာမှာ တောနေရဟန်း တွေထဲမှာ အသာဆုံး ဖြစ်ရပါလို၏' လို့ ဆုတောင်းခဲ့တယ်။ ဘုရား ရှင်က အန္တရာယ်မရှိတာကို မြင်လို့ 'နောင်အခါ ဂေါတမဘုရားရဲ့

http://www.dhammadownload.com



သာသနာမှာ သင်ဟာ တောနေရဟန်းတွေထဲမှာ အသာဆုံး ဖြစ်လိမ့်မယ်' လို့ မိန့်ကာ ဖဲသွားတယ်။ သူဟာ တစ်သက်လုံး ကောင်းမှုလုပ်ကာ နတ်ဘဝတွေမှာ ကျင်လည်ရင်း ဒီဂေါတမဘုရား ပွင့်တဲ့အခါ မဂဓနယ်ပယ်ထဲက နာလကပုဏ္ဏားမှာ သာရီပုဏ္ဏေးမရဲ့သား ရေဝတ ဖြစ်လာတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၁၇၅)

http://www.dhammadownload.com

# ဆင်းရဲလေလေ သံဝေရေ

ရှင်သီဝလိလောင်းလျာဟာ သုပ္ပဝါသာမင်းသမီးရဲ့ ဝမ်းဗိုက်မှာ ပဋိသန္ဓေ ယူတယ်။ ပဋိသန္ဓေ ယူပြီးချိန်ကစပြီး ညနေပိုင်းမှာရော နံနက်ပိုင်းမှာပါ လက်ဆောင်တစ်ရာကို လှည်းနဲ့ယူကာ သုပ္ပဝါသာထံ ဆောင်လာကြ တယ်။ အဲဒီအခါ သုပ္ပဝါသာရဲ့ဘုန်းကံကို စုံစမ်းလိုလို့ သုပ္ပဝါသာကို လက်နဲ့ မျိုးစေ့တောင်းကို အကိုင်ခိုင်းကြတယ်။ မျိုးစေ့တစ်ခုတစ်ခုက နှံတံတစ်ရာ တစ်ထောင်ထွက်တယ်။ တစ်ပယ်ရှိတဲ့လယ်က လှည်းအစီး ၅၀၊ ၆၀ တိုက် ရတယ်။ ကျီကို ဖြည့်တဲ့အခါမှာလည်း ကျီတံခါးကို လက်နဲ့အကိုင်ခိုင်းထားကြတယ်။ သုပ္ပဝါသာရဲ့ဘုန်းကံကြောင့် ယူသူ တွေရဲ့ ယူယူသမျှနေရာဟာ နောက်ထပ်ပြည့်လာတယ်။ ထမင်းပြည့် အိုးထဲကလည်း 'သုပ္ပဝါသာရဲ့ဘုန်းကံပဲ' လို့ ပြောကာ တစ်စုံတစ် ယောက်အား ပေးကြရင် ပေးလိုသမျှကာလပတ်လုံး ထမင်းက မကုန်၊ သီဝလိလောင်းလျာလေး ဝမ်းဗိုက်ထဲမှာ ရောက်နေတုန်းပဲ ၇ နှစ် ကျော်လွန်သွားတယ်။

ကိုယ်ဝန် ရင့်ကျက်လာတဲ့အခါ ၇ ရက်ပတ်လုံး သားဖွားတာနဲ့ ပတ်သက်တဲ့ ဆင်းရဲကို အကြီးအကျယ် ခံစားရတယ်။ သုပ္ပဝါသာက သူ့ခင်ပွန်းကိုခေါ်ပြီး 'မသေမီ အသက်ရှင်စဉ်မှာပဲ အလှူလှူမယ်' လို့ ပြောကာ ဘုရားရှင်ထံ လွှတ်လိုက်တယ်။ 'သွားပါ၊ ဒီဖြစ်ပုံကို ဘုရားရှင်အား လျှောက်ထားပြီး ဘုရားရှင်ကို ပင့်ခဲ့ပါ။ ဘုရားရှင် မိန့်တော်မူတဲ့စကားကို သေသေချာချာမှတ်သားပြီး လာကာ ငါ့အား ပြောပြပါ' လို့ မှာလိုက်တယ်။ ခင်ပွန်းက သွားကာ သုပ္ပဝါသာရဲ့

http://www.dhammadownload.com



အခြေအနေကို ဘုရားရှင်အား လျှောက်ပြတယ်။ ဘုရားရှင်က 'သုပ္ပဝါသာ ချမ်းသာပါစေ၊ ရောဂါကင်းပါစေ၊ ရောဂါကင်းတဲ့သားကို မွေးဖွားပါစေ' လို့ မိန့်တော်မူတယ်။

ခင်ပွန်းဖြစ်သူက အဲဒီစကားကို ကြားနာပြီး ဘုရားရှင်ကို ရှိခိုးကာ သူ့ရွာသို့ ပြန်လာတယ်။ သူမလာခင်မှာပဲ သုပ္ပဝါသာရဲ့ဝမ်းဗိုက်က ရေစစ်က ရေပမာ သန္ဓေသားဟာ ထွက်လာတယ်။ ဝိုင်းရံပြီး ထိုင်နေတဲ့ လူအပေါင်းက မျက်ရည်ကျရင်းပဲ ပျော်ရွှင်ဖို့ အားထုတ်တယ်။ ပျော်ရွှင်ဝမ်းသာနေတဲ့ လူအများက ခင်ပွန်းဖြစ်သူအား သတင်းစကား ပြောကြားဖို့ သွားတယ်။ ခင်ပွန်းက အဲဒီလူတွေရဲ့ လာပုံအမူအရာကို ကြည့်ပြီး 'ဘုရားရှင် မိန့်တဲ့စကားဟာ ပြီးစီးတာ ဖြစ်လိမ့်မယ်ထင်တယ်' လို့ တွေးတယ်။ ခင်ပွန်းက လာပြီး ဘုရားရှင်ရဲ့ သတင်းစကားကို သုပ္ပဝါသာအား ပြောပြတယ်။ 'သင် ပင့်ဖိတ်ခဲ့တဲ့ အသက်ရှင်ဆဲဆွမ်းဟာ မင်္ဂလာဆွမ်း ဖြစ်လိမ့်မယ်။ သွားပါ ၇ ရက်ပတ်လုံး ဘုရားရှင်ကို ပင့်ဖိတ်ပါ' လို့ ပြောတယ်။ ခင်ပွန်းက အဲဒီအတိုင်း ပြုလုပ်တယ်။

၇ ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ သံဃာအား အလှူကြီး လှူတယ်။ ကလေးက ဆွေမျိုးအားလုံးရဲ့ အလွန်ပူပန်၊ ပူလောင်နေတဲ့ စိတ်ကို ငြိမ်းအေးစေကာ မွေးဖွားလာလို့ 'သီဝလိ' လို့ အမည်မှည့်ကြတယ်။ သီဝလိဟာ အမိဝမ်းထဲမှာ ၇ နှစ်ပတ်လုံး နေခဲ့လို့ မွေးဖွားပြီးချိန်ကစပြီး အလုပ်အားလုံးကို လုပ်နိုင်စွမ်းရှိတယ်။ အရှင်သာရိပုတ္တရာက ၇ ရက်မြောက်မှာ သီဝလိနဲ့အတူ စကားပြောတယ်။ အဲဒီအခါ သီဝလိကို အရှင်သာရိပုတ္တရာက 'သင်ဟာ ဒီလိုဆင်းရဲအစုအပုံကို ခံစားရပြီး ရှင်မပြုသင့်ဘူးလား' လို့ မေးတယ် သီဝလိက 'ဝတ်ခွင့်ရရင် ဝတ်ချင်ပါတယ် ဘုရား' လို့ လျှောက်တယ်။ သုပ္ပဝါသာက သီဝလိ အရှင်သာရိပုတ္တရာနဲ့ စကားပြောနေတာကို မြင်လို့ 'ငါ့သား သီဝလိဟာ

http://www.dhammadownload.com



အရှင်သာရိပုတ္တရာနဲ့အတူ ဘာကို ပြောနေတာပါလိမ့်' လို့ တွေးပြီး အရှင်သာရိပုတ္တရာထံ ချဉ်းကပ်ကာ 'တပည့်တော်သား သီဝလိဟာ အရှင်ဘုရားနဲ့အတူ ဘာကို ပြောနေတာပါလဲ ဘုရား' လို့ မေးတယ်။

'သူခံစားခဲ့ရတဲ့ ကိုယ်ဝန်တိုက်ခန်းမှာ နေခဲ့ရတဲ့ဆင်းရဲကို ပြောပြပြီး 'သင်တို့က ခွင့်ပြုရင် ကိုရင်ဝတ်မယ်လို့ပြောတယ်' လို့ အရှင်သာရိပုတ္တရာက မိန့်လို့ 'ကောင်းပန်ပါတယ် ဘုရား၊ သီဝလိကို ကိုရင်ဝတ်ပေးတော်မူပါ' လို့ လျှောက်တယ်။ အရှင်သာရိပုတ္တရာက သီဝလိကို ကျောင်းခေါ်သွားပြီး တစပဉ္စက ကမ္မဋ္ဌာန်းကိုပေးပြီး ကိုရင်ဝတ်ပေးတဲ့အခါ 'သီဝလိ၊ သင့်အား အခြားဩဝါဒ ပေးစရာ မရှိ၊ သင် ၇ နှစ်ပတ်လုံး တွေ့ကြုံခံစားခဲ့ရတဲ့ ဆင်းရဲကိုပဲ ဆင်ခြင်ပါ' လို့ မိန့်တယ်။ 'အရှင်ဘုရား၊ ကိုရင်ဝတ်ပေးတာသာ အရှင်ဘုရားရဲ့ တာဝန်ပါ၊ တပည့်တော် လုပ်နိုင်တာကိုတော့ တပည့်တော် သိပါတယ်' လို့ လျှောက်တယ်။

သီဝလိဟာ ပထမ ဆံပင်အလုံးကို ရိတ်တဲ့ခဏမှာပဲ သောတာပန် ဖြစ်တယ်။ ဒုတိယ ဆံပင်အလုံးကို ရိတ်တဲ့ခဏမှာ သကဒါဂါမ် ဖြစ်တယ်။ တတိယ ဆံပင်အလုံးကို ရိတ်တဲ့ခဏမှာ အနာဂါမ် ဖြစ်တယ်။ ဆံပင်အားလုံးကို ရိတ်လိုက်တာနဲ့ ရဟန္တာ ဖြစ်လိုက်တာဟာ မရှေးမနှောင်းပဲ ဖြစ်တယ်။ သီဝလိ ကိုရင်ဝတ်ပြီးချိန်ကစပြီး ရဟန်းသံဃာမှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးမျိုးဟာ အလိုရှိတိုင်း ဖြစ်ပေါ်လာတယ်။ နောင်အခါမှာ ဘုရားရှင်က သာဝတ္ထိမြို့ကို ကြွတယ်။ သီဝလိက ဘုရားရှင်ကို ရှိခိုးပြီး 'မြတ်စွာဘုရား၊ တပည့်တော်ရဲ့ ကောင်းမှုကံကို စုံစမ်းလိုပါတယ်။ တပည့်တော်အား ရဟန်း ၅၀၀ ပေးတော်မူပါ' လို့ လျှောက်လို့ 'သီဝလိ၊ ယူလော့' လို့ မိန့်တယ်။ သီဝလိထေရ်က ရဟန်း ၅၀၀ ကို ပင့်ခေါ်သွားပြီး ဟိမဝန္တာကို ရှေ့ရှုသွားတဲ့အခါ တောအုပ်လမ်းကို သွားတယ်။ သီဝလိထေရ်အား ပထမ မြင်ရတဲ့ ပညောင်ပင်မှာ နေတဲ့နတ်က ၇ ရက် အလှူလှူတယ်။

http://www.dhammadownload.com



ဒုတိယအနေနဲ့ ပဏ္ဍုဝတောင်၊ တတိယအနေနဲ့ အစိရဝတီမြစ်၊ စတုတ္ထအနေနဲ့ သမုဒ္ဒရာမြတ်၊ ပဉ္စမအနေနဲ့ ဟိမဝန္တာတောင်၊ ဆဋ္ဌမအနေနဲ့ ဆဒ္ဒန္တအိုင်၊ သတ္တမအနေနဲ့ ဂန္ဓမာဒနတောင်၊ အဋ္ဌမအနေနဲ့ ရှင်ရေဝတထံ ရောက်သွားတယ်။ အဲဒီဌာနအားလုံးမှာ ၇ ရက်စီပဲ နတ်တွေက အလှူလှူကြတယ်။

ဂန္ဓမာဒနတောင်မှာတော့ နာဂဒတ္တနတ်မင်းက ၇ ရက်ထဲက တစ်ရက်မှာ နို့ဆွမ်းကို လှူတယ်။ တစ်ရက်မှာ တောပတ်ဆွမ်းကို လှူတယ်။ သီဝလိထေရ်ဟာ လာဘ်ရတဲ့ ပုဂ္ဂိုလ်တွေထဲမှာ အသာဆုံးဖြစ်တယ်လို့ ဘုရားရှင်က မိန့်တော်မူတယ်။

(ထေရဂါထာ၊ ဋ္ဌ၊ ၁၇၁၊ အံ၊ ဋ္ဌ၊ ၁၊ ၁၉၂)

သီဝလိသူငယ်လေးဟာ သူတွေ့ကြုံခံစားခဲ့ရတဲ့ ဆင်းရဲကို သံဝေဂယူနိုင်ပါပေတယ်။ 'ဆင်းရဲလေလေ သံဝေရရ' ဖြစ်ပါတယ်။ ၇ နှစ်သားအရွယ်နဲ့ သံဝေဂရပြီး ကိုရင်ဝတ်ချင်စိတ် ဖြစ်ပေါ်တာဟာလည်း တော်ပါပေတယ်။ အရှင်သာရိပုတ္တရာကလည်း ရှင်ပြုပေးတဲ့အခါ ၇ နှစ်ပတ်လုံး ခံစားခဲ့ရတဲ့ဆင်းရဲကိုပဲ ဆင်ခြင်ဖို့ မိန့်တော်မူပါတယ်။ သီဝလိကိုရင်လေးဟာ ဒုက္ခကို အကြောင်းပြုပြီး အကောင်းဆုံးသုခကို ရအောင် ယူသွားနိုင်ပါတယ်။ 'တပည့်တော် လုပ်နိုင်တဲ့အလုပ်ကို တပည့်တော် သိပါမယ်' လို့ သူ့ရဲ့အစွမ်းအစကို အပြည့်အဝ အသုံးချဖို့ ဆုံးဖြတ်ထားတာဟာလည်း အားရကျေနပ်စရာပါပဲ။

သီဝလိဟာ ကိုရင်မဖြစ်သေးခင်မှာပဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်သွားပါတယ်။ တရားထူးရတာဟာ အလွန်ပဲ လျင်မြန်လှပါတယ်။ ထက်တဲ့ဓားဟာ ခုတ်ရာမှာ လွယ်လွယ်ပြတ်စေပါတယ်။ သီဝလိဟာလည်း ဉာဏ်ထက်မြက်လေတော့ တရားထူးရတာဟာ အလွန်လျင်မြန်ပါတယ်။ ဒီလို ဉာဏ်ထက်အောင်လည်း ဘဝများစွာမှာ ပါရမီဖြည့်ခဲ့ရပါတယ်။

http://www.dhammadownload.com



## ရှင်သီဝလိရဲ့ ရှေးကံ

ရှင်သီဝလိလျှောင်းလျှာဟာ ပဒုမုတ္တရာဘုရားလက်ထက်က တရားနာဖို့ ကျောင်းကို သွားတယ်။ တရားနာပရိသတ်ရဲ့အဆုံးမှာ ရပ်ပြီး တရားကို နာတဲ့အခါ ရဟန်းတစ်ပါးကို လာဘ်ရတဲ့ ရဟန်းတွေထဲမှာ အသာဆုံး ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ထားရှိတဲ့ ပဒုမုတ္တရာဘုရားကို ဖူးတွေ့ရလို့ 'ငါဟာလည်း နောင်အခါမှာ ဒီရဟန်းလို ဖြစ်သင့်တယ်' လို့ အတွေးပေါ်ကာ ဘုရားရှင်ကိုပင့်ပြီး ၇ ရက် အလှူကြီးလှူတယ်။ 'မြတ်စွာဘုရား၊ တပည့်တော်လည်း ဒီကောင်းမှုကြောင့် အခြားစည်းစိမ်ကို မတောင့်တပါ။ နောင်အခါမှာ ဘုရားတစ်ဆူရဲ့ သာသနာမှာ တပည့်တော်လည်း အဲဒီ ရဟန်းလို လာဘ်ရတဲ့ ရဟန်းတွေထဲမှာ အသာဆုံးပုဂ္ဂိုလ် ဖြစ်ရပါလို၏' လို့ ဆုတောင်းတယ်။ ဘုရားရှင်က အန္တရာယ်ကင်းတာကို မြင်လို့ 'သင့်ရဲ့ ဒီဆုတောင်းဟာ နောင်အခါမှာ ဂေါတမဘုရားရှင်ရဲ့ သာသနာမှာ ပြည့်စုံလိမ့်မယ်' လို့ ဆိုကာ ကြွတော်မူတယ်။

(အံ၊ ဋ္ဌ၊ ပ။ ၁၉၀)

ဒီကမ္ဘာကနေ ရေတွက်ကြည့်ရင် လွန်ခဲ့တဲ့ ၉၁ ကမ္ဘာမြောက်မှာ ဝိပဿီဘုရား လောကမှာ ပွင့်ခဲ့တယ်။ တစ်ချိန်မှာ ဇနပုဒ်ခရီး လှည့်လည်ပြီး ခမည်းတော်ရဲ့မြို့ကို ပြန်ကြွလာတယ်။ မင်းက ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အာဂန္တုက (ဧည့်သည်) အလှူကို စီစဉ်ပြီး မြို့သူမြို့သားတွေထံ 'လာပြီး ငါ့ရဲ့အလှူမှာ အဖော်ဖြစ်ကြပါ' လို့ သတင်းစကား ပို့လွှတ်လိုက်တယ်။ မြို့သူမြို့သားတွေက အဲဒီအတိုင်း ပြုလုပ်ပြီး 'မင်းလှူထားတဲ့အလှူထက် ပိုလွန်အောင် လှူကြမယ်'လို့ ကြံကာ ဘုရားရှင်ကိုပင့်ပြီး နောက်တစ်နေ့မှာ အလှူကိုစီစဉ်ကာ မင်းထံ သတင်းစကား ပို့ကြတယ်။ မင်းက လာပြီး သူတို့ရဲ့အလှူကို ကြည့်ကာ 'ဒီအလှူထက် သာအောင် လှူမယ်' လို့ ဆုံးဖြတ်ပြီး နောက်တစ်နေ့အတွက် ဘုရားရှင်ကိုပင့်တယ်။

http://www.dhammadownload.com



မင်းက မြို့သူမြို့သားတွေကို ရှုံးအောင်မလုပ်နိုင်၊ မြို့သူမြို့သားတွေကလည်း မင်းကို ရှုံးအောင် မလုပ်နိုင်၊ မြို့သူမြို့သားတွေက ၆ ကြိမ်မြောက်မှာ 'နက်ဖြန်ခါ အခု ဒီအလှူမှာ ဒါမရှိဘူးလို့ ပြောလို့မရအောင် လှူကြမယ်'လို့ တွေးပြီး နောက်တစ်နေ့မှာ အလှူကို စီစဉ်ကြတယ်။ 'ဒီအလှူမှာ ဘာမရှိဘူးလဲ' လို့ ကြည့်ကြတဲ့အခါ လတ်ဆတ်တဲ့ပျားရည်ကိုသာ မတွေ့ကြရ၊ အဟောင်းပျားရည်ကတော့ များစွာရှိတယ်။ မြို့သူမြို့သားတွေက လတ်ဆတ်တဲ့ပျားရည်အတွက် မြို့တံခါး ၄ ခုမှာ အသပြာ ၄ ထောင်ကို အယူခိုင်းပြီး ပို့ကြတယ်။ အဲဒီအခါ ဇနပုဒ်က လူတစ်ယောက်က ရွာစားကိုတွေ့ဖို့ လာတဲ့အခါ လမ်းခရီးအကြားမှာ ပျားလပို့ကို တွေ့တယ်။ ပျားကောင်တွေကို ပြေးစေပြီး သစ်ခက်ကို ချိုးတယ်။ သစ်ကိုင်းတုတ်နဲ့အတူပဲ ပျားလပို့ကိုယူကာ ရွာစားအားပေးမယ်လို့ ရည်ရွယ်ပြီး မြို့ကိုဝင်တယ်။ ပျားရည်အကျိုးငှာ လာတဲ့လူက သူ့ကိုမြင်လို့ 'မိတ်ဆွေ၊ ရောင်းဖို့ ပျားရည်လား' လို့ မေးတယ်။

'အိုအရှင် ရောင်းဖို့မဟုတ်ပါ'

'ရော့ ဒီအသပြာတစ်ကျပ်ကို ယူပြီး ပေးပါ'

'ဒီပျားလပို့ဟာ တစ်မတ်တောင် မတန်ဘူး၊ ဒီလူကတော့ တစ်ကျပ်ပေးနေတယ်၊ အသပြာအများကြီး ရှိပုံရတယ်။ ငါဟာ တိုးပြီး တောင်းသင့်တယ်' လို့ ဇနပုဒ်သားက ကြံတယ်။ အဲဒီအခါ အဲဒီဝယ်သူကို 'မပေးဘူး'လို့ ပြောတယ်။ 'ဒီလိုဆိုရင် နှစ်ကျပ်ယူပါ' လို့ ပြောတော့ 'နှစ်ကျပ်နဲ့ပဲ မပေးဘူး' လို့ ပြောတယ်။ 'ဒီလိုဆိုရင် ဒီတစ်ထောင်ကို ယူပါ' လို့ တစ်ထောင်ထုပ်ကို မပေးမချင်း တိုးတိုးပြီး ဈေးဆိုတယ်။ အဲဒီအခါ ဝယ်သူကို ဇနပုဒ်သားက 'သင်ဟာ ရူးများရူးနေတာလား၊ ဒါမှမဟုတ် အသပြာတွေ ထားစရာနေရာကို မရလို့လား၊ တစ်မတ်တောင် မထိုက်တန်တဲ့ပျားရည်ကို တစ်ထောင်ယူပြီးပေးပါလို့ ပြောတယ်၊ အဲဒါ ဘာပါလဲ' လို့ မေးတယ်။

http://www.dhammadownload.com



'မိတ်ဆွေ၊ ငါသိပါတယ်။ ဒီပျားရည်နဲ့ ငါ့မှာ အလုပ်ကိစ္စရှိတယ်။ ဒါကြောင့် ဒီလိုပြောတာပါ'

'အို အရှင်၊ ဘာအလုပ်ပါလဲ'

'ငါတို့ဟာ ရဟန်း ၈ သောင်း ၆ ထောင် အခြံအရံရှိတဲ့ ဝိပဿီဘုရားရှင်အတွက် အလှူကြီး စီစဉ်ထားပါတယ်။ အဲဒီအလှူကြီးမှာ လတ်ဆတ်တဲ့ ပျားရည်တစ်မျိုးသာ မရှိတာပါ၊ ဒါကြောင့် ဒီလိုယူပါတယ်'

'ဒီလိုဆိုရင် ငါဟာ အဖိုးအခနဲ့ မပေးပါ။ ငါလည်း အလှူမှာ အဖို့အစုရမယ်ဆိုရင် ပေးမယ်'

ဝယ်သူက သွားပြီး မြို့သူမြို့သားတွေအား အဲဒီအကြောင်းကို ပြောပြတယ်။ မြို့သူမြို့သားတွေက အဲဒီဇနပုဒ်သားရဲ့ သဒ္ဓါတရားအားကောင်းတာကို သိလို့ 'ကောင်းပါပြီ၊ အဖို့အစုရသူ ဖြစ်ပါစေ' လို့ ဝန်ခံကြတယ်။ မြို့သူမြို့သားတွေက ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ထိုင်စေပြီး ယာဂု၊ ခဲဖွယ်ကိုလှူကာ ရွှေခွက်ကြီးကို အယူခိုင်းပြီး ပျားလပို့ကို ညှစ်ကြတယ်။ အဲဒီလူကပဲ လက်ဆောင်အတွက် နို့ဓမ်းအိုးကိုလည်း သယ်လာတယ်။ သူက အဲဒီနို့ဓမ်းအိုးကိုလည်း ခွက်မှာထည့်ကာ အဲဒီပျားရည်နဲ့ ရောစပ်ပြီး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အစကစပြီး လှူတယ်။

အဲဒါဟာ အလိုရှိသလောက် ယူသူအားလုံးအတွက် လောက်တယ်။ အပိုအလျှံတောင် ကျန်နေသေးတယ်။ 'ဒီလောက်နည်းတဲ့ ပျားရည်က ဒီလောက်များတဲ့ရဟန်းတွေအား ဘယ်လိုလုပ် လောက်မှာလဲ' လို့ မတွေးပါနဲ့။ မှန်ပါတယ်၊ အဲဒါဟာ ဘုရားရှင်ရဲ့အစွမ်းကြောင့် လောက်ပါတယ်။ ဘုရားရှင်ရဲ့တန်ခိုးအရာကို မကြံစည်အပ်၊ မကြံစည်နိုင်ပါ။ ကြံစည်ရင် ရူးသွားတတ်ပါတယ်။ အဲဒီယောကျ်ားဟာ အဲဒီလောက် ကံကိုပြုပြီး သေသွားတဲ့အခါ နတ်ပြည်မှာ ဖြစ်တယ်။ အဲဒီ

http://www.dhammadownload.com



လောက် ကာလပတ်လုံး သံသရာမှာ ကျင်လည်တဲ့အခါ တစ်ချိန်မှာ နတ်ပြည်ကစုတေပြီး ဗာရာဏသီမြို့က မင်းမျိုးမှာ ဖြစ်တယ်။ ဖခင် ကွယ်လွန်တဲ့အခါ မင်းအဖြစ်ကို ရောက်သွားတယ်။

အဲဒီမင်းက 'မြို့တစ်မြို့ကို သိမ်းပိုက်မယ်' လို့ ကြံပြီး သွားကာ ဝိုင်းရံတယ်။ မြို့သူမြို့သားတွေထံလည်း 'ငါ့အား မင်းအဖြစ်ကိုပဲ ပေးမှာလား၊ စစ်ပဲ ထိုးမှာလား' လို့ သတင်းစကား ပို့လိုက်တယ်။ မြို့သူမြို့သားတွေက 'မင်းအဖြစ်ကိုလည်း မပေးဘူး၊ စစ်လည်း မထိုးဘူး' လို့ ပြောကာ တံခါးငယ်တွေက ထွက်ပြီး ထင်း ရေစသည်တွေကို ဆောင်ယူကြတယ်။ ကိစ္စအားလုံးကို ပြုလုပ်ကြတယ်။ ဗာရာဏသီမင်းကလည်း တံခါးကြီး ၄ ပေါက်တို့ကို စောင့်ရှောက်ရင်း ၇ နှစ်နဲ့ ၇ လ ကြာအောင် မြို့ကိုပိတ်ဆို့ထားတယ်။ အဲဒီအခါ ဗာရာဏသီမင်းရဲ့ အမေက 'ငါ့သားက ဘာကိုလုပ်နေတာလဲ' လို့ မေးတဲ့အခါ 'မယ်တော်၊ ဒါကိုလုပ်နေပါတယ်' လို့ အဲဒီဖြစ်ပုံကို ကြားသွားလို့ 'ငါ့သားဟာ မိုက်ပါပေတယ်၊ သွားကြပါ၊ တံခါးသေးတွေကိုလည်း ပိတ်ပြီး မြို့ကိုပိတ်ဆို့ပါလို့ ငါ့သားအား ပြောကြပါ' လို့ ပြောတယ်။

သားဖြစ်သူ ဗာရာဏသီမင်းက အမေ့ထံက သတင်းစကားကို အဲဒီအတိုင်း လုပ်တယ်။ မြို့သူမြို့သားတွေလည်း အပြင်ထွက်ခွင့် မရကြလို့ ၇ ရက်မြောက်မှာ သူတို့မင်းကိုသတ်ပြီး ဗာရာဏသီမင်းအား မင်းအဖြစ်ကို ပေးလိုက်ကြတယ်။ သူက အဲဒီကံကိုလုပ်ပြီး သေတဲ့အခါ အဝီစိငရဲမှာ ဖြစ်တယ်။ ဒီမြေကြီး တစ်ယူဇနာလောက် အထက်ကို တက်လာသည်အထိ အဝီစိငရဲမှာ ကျက်ရတယ်။ တံခါးငယ် ၄ ပေါက်ကို ပိတ်ခဲ့လို့ ငရဲကနေ စုတေတဲ့အခါ သုပ္ပဝါသာရဲ့ဝမ်းဗိုက်မှာပဲ ပဋိသန္ဓေယူတယ်။ ၇ နှစ်နဲ့ ၇ လတာ အမိဝမ်းတွင်းမှာ နေခဲ့ရတယ်။ ၇ ရက်ပတ်လုံး အမိအင်္ဂါဝမှာ ကန့်လန့် လဲလျောင်းခဲ့ရတယ်။ ပျားရည်အသစ်ကို လှူခဲ့လို့ လာဘ်လာဘ၊ အခြွေအရံအားဖြင့် အသာဆုံး ပုဂ္ဂိုလ်ဖြစ်ပါတယ်။ (ဓမ္မပဒ၊ ဋ၊ ၂၊ ၄၀၁)

http://www.dhammadownload.com

# ၇ နှစ်အရွယ် ရဟန်း

ရှင်ဒဗ္ဗဟာ မလ္လတိုင်း၊ အနုပိယမြို့မှာ မလ္လမင်းတစ်ပါးရဲ့အိမ်မှာ ပဋိသန္ဓေ ယူတယ်။ ဒဗ္ဗရဲ့အမေက မွေးဖွားခါနီးမှာ သေသွားတယ်။ အလောင်းကောင်ကို သုသာန်ဆောင်ယူသွားပြီး ထင်းပုံပေါ်တင်ကာ မီးရှို့ကြတယ်။ မီးအဟုန်ကြောင့် ပူပြင်းလို့ အလောင်းရဲ့ဝမ်းဗိုက်အလွှာဟာ နှစ်ဖြာကွဲသွားတယ်။ ဒဗ္ဗလောင်းလျာလေးက သူ့ကောင်းမှုရဲ့အစွမ်းကြောင့် ပျံတက်ပြီး သစ်သားတိုင်တစ်တိုင်မှာ ကျတယ်။ အဲဒီကလေးကိုယူပြီး အဘွားအား ပေးကြတယ်။ အဘွားက အဲဒီကလေးကို နာမည်ပေးတဲ့အခါ သစ်သားတိုင်ပေါ်ကျပြီး အသက်ရှင်လာလို့ 'ဒဗ္ဗ' လို့ နာမည်ပေးတယ်။

ဒဗ္ဗရဲ့အသက် ၇ နှစ်ရှိတဲ့အခါ ဘုရားရှင်က ရဟန်းအပေါင်းခြံရံပြီး မလ္လတိုင်းမှာ ခရီးလှည့်လည်တဲ့အခါ အနုပိယနိဂုံးကို ရောက်ပြီး အနုပိယသရက်တောမှာ သီတင်းသုံးတယ်။ ဒဗ္ဗမင်းသားလေးဟာ ဘုရားရှင်ကို ဖူးမြော်ရတဲ့အခါ မြင်မြင်ချင်းပဲ ကြည်ညိုကာ ကိုရင်ဝတ်လိုလို့ 'ကျွန်တော်ဟာ ဘုရားရှင်ထံမှာ ကိုရင်ဝတ်ပါမယ်' လို့ အဘွားကို ပန်ကြားတယ်။ အဘွားက 'ငါ့မြေး ကောင်းတယ်' လို့ ပြောပြီး ဒဗ္ဗမင်းသားလေးကို ခေါ်ကာ ဘုရားရှင်ထံသွားပြီး 'မြတ်စွာဘုရား၊ ဒီမင်းသားလေးကို ကိုရင်ဝတ်ပေးပါ' လို့ လျှောက်တယ်။

ဘုရားရှင်က ရဟန်းအပေါင်းအား 'ရဟန်း၊ ဒီကလေးကို ကိုရင်ဝတ်ပေးလိုက်ပါ' လို့ မိန့်တယ်။ အဲဒီရဟန်းက ဘုရားရှင်ရဲ့စကားကို နာခံထောင်ပြီး ဒဗ္ဗမင်းသားလေးကို ကိုရင်ဝတ်ပေးတဲ့အခါ တစပဉ္စက

http://www.dhammadownload.com



ကမ္မဋ္ဌာန်းကို ပြောပြတယ်။ ရေးကုသိုလ်ကံအကြောင်းနဲ့ ပြည့်စုံတဲ့ ဒဗ္ဗဟာ ပထမ ဆံပင်အလုံးကို ရိတ်ဖြတ်နေစဉ်မှာ သောတာပန်ဖြစ်တယ်။ ဒုတိယ ဆံပင်အလုံးကို ရိတ်ဖြတ်နေစဉ်မှာ သကဒါဂါမ်ဖြစ်တယ်။ တတိယ ဆံပင်အလုံးကို ရိတ်ဖြတ်နေစဉ်မှာ အနာဂါမ်ဖြစ်တယ်။ ဆံပင်အားလုံးကို ရိတ်ပြီးတာနဲ့ ရဟန္တာဖြစ်တာဟာ မရှေးမနှောင်း ဖြစ်တယ်။

ဘုရားရှင်ဟာ မလ္လတိုင်းမှာ အလိုရှိသလောက် သီတင်းသုံးတော်မူပြီး ရာဇဂြိုဟ်မြို့ကိုကြွကာ ဝေဠုဝန်ကျောင်းမှာ ဝါဆိုတယ်။ အဲဒီမှာ ရှင်ဒဗ္ဗက ဆိတ်ကွယ်ရာရောက်ခိုက် သူ့ကိစ္စပြီးစီးတာကိုကြည့်ပြီး သံဃာရဲ့ ဝေယျာဝစ္စကို လုပ်ရာမှာ သူ့ကိုယ်သူ အသုံးချလိုလို့ 'ငါဟာ သံဃာအတွက် အိပ်ရာနေရာ ခင်းပေးပြီး ဆွမ်းတွေကို ဩန်ချပေးရရင် ကောင်းမှာပဲ'လို့ တွေးမိတယ်။ ရှင်ဒဗ္ဗဟာ ဘုရားရှင်ထံသွားပြီး သူ့အကြံအစည်ကို လျှောက်ပြတယ်။ ဘုရားရှင်က ရှင်ဒဗ္ဗအား ကောင်းချီးပေးပြီး အိပ်ရာနေရာ ခင်းပေးရေး တာဝန်နဲ့ ဆွမ်းဩန်တာဝန်ကို လက်ခံတယ်။

အဲဒီအခါ ရှင်ဒဗ္ဗကို 'ဒီဒဗ္ဗဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ရာထူးကြီးကြီး ရှိနေတယ်' လို့ တွေးပြီး ၇ နှစ်အရွယ်မှာပင် ရဟန်းပြုပေးလိုက်တယ်။ အရှင်ဒဗ္ဗဟာ ရဟန်းဖြစ်ပြီးချိန်ကစပြီး ရာဇဂြိုဟ်မြို့ကို အမှီပြုပြီးနေတဲ့ ရဟန်းအားလုံးအတွက် အိပ်ရာနေရာတွေကိုလည်း ခင်းပေးတယ်၊ ဆွမ်းပင့်တာကိုလည်း လက်ခံပြီး ဩန်ချပေးတယ်။ 'ဒဗ္ဗဟာ သဘောတူရာတူရာ ရဟန်းတွေအတွက် အိပ်ရာနေရာတွေကို တစ်နေရာမှာ ခင်းတယ်၊ အဝေးမှာလည်း အိပ်ရာနေရာကို ခင်းပေးတာပါပဲ။ မသွားနိုင်တဲ့ပုဂ္ဂိုလ်တွေကို တန်ခိုးနဲ့ ခေါ်ဆောင်သွားတယ်'လို့ အရှင်ဒဗ္ဗရဲ့ အိပ်ရာနေရာခင်းပေးပုံဟာ အရပ်တိုင်းမှာ ထင်ရှားနေတယ်။

အရှင်ဒဗ္ဗကို ရဟန်းတွေက အချိန်မှာရော အချိန်မဲ့မှာပါ 'ငါ့ရှင်

http://www.dhammadownload.com



ငါတို့အတွက် ဇီဝကရဲ့ သရက်ဥယျာဉ်မှာ အိပ်ရာနေရာ ခင်းပေးပါ၊ ငါတို့အတွက် သားကောင်တွေအား ဘေးမဲ့ပေးထားတဲ့ မဒ္ဒကုစ္ဆိတောင်မှာ ခင်းပေးပါ' စသည်ဖြင့် အိပ်ရာ နေရာ ညွှန်ကြားစေကာ အရှင်ဒဗ္ဗရဲ့ တန်ခိုးကိုကြည့်ပြီး သွားကြတယ်။ အရှင်ဒဗ္ဗကလည်း တန်ခိုးနဲ့ ခန္ဓာကိုယ်တွေကို ဖန်ဆင်းပြီး ရဟန်းတစ်ပါးပါးအတွက် သူနဲ့တူတဲ့ ရဟန်းတစ်ပါးတစ်ပါးကို ဖန်ဆင်းတယ်။ အလင်းရောင်ထွက်နေတဲ့ လက်ချောင်းနဲ့ ရှေ့က ရှေ့ကသွားပြီး 'ဒီဟာက ညောင်စောင်း၊ ဒီဟာက အင်းပျဉ်' စသည်တို့ကို ပြောပြကာ အိပ်ရာနေရာ ခင်းပေးတယ်။ ပြီးတော့ သူ့နေရာကို ပြန်လာတယ်။

အရှင်ဒဗ္ဗဟာ အိပ်ရာနေရာခင်းပေးတဲ့အခါ ကျောင်းကြီး ၁၈ ကျောင်းမှာ တံမြက်မလှည်းရသေးတဲ့ ကျောင်းဝင်းဆိုတာလည်း မရှိ၊ မသန့်ရှင်းရသေးတဲ့ အိပ်ရာ နေရာ ကျောင်းဆိုတာလည်း မရှိ။ မသုတ်သင်ရသေးတဲ့ ညောင်စောင်း၊ အင်းပျဉ်ဆိုတာလည်း မရှိ။ မတည်ထား (မခပ်ထား) ရသေးတဲ့ သောက်ရေ သုံးရေဆိုတာလည်းမရှိ။ ဒါကြောင့် အရှင်ဒဗ္ဗက နေရာခင်းပေးတဲ့ ရဟန်းတွေထဲမှာ အသာဆုံးပုဂ္ဂိုလ်ဖြစ်ပါတယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၂၁၃)

ရှင်ဒဗ္ဗကလည်း ရှင်သီဝလိလိုပဲ ရဟန္တာဖြစ်ရာမှာ မြန်လှပါတယ်။ အဲဒီလို ရဟန္တာ မြန်မြန်ဖြစ်နိုင်အောင်လည်း ပါရမီတွေကို ဆည်းပူးထားပါတယ်။ ပါရမီက ရင့်ကျက်နေတော့လည်း လွယ်လွယ်နဲ့ ရဟန္တာ ဖြစ်တော့တာပါပဲ။ ဒဗ္ဗမင်းသားလေးက ဘုရားရှင်ကို မြင်မြင်ချင်း ကြည်ညိုကာ ကိုရင်ဝတ်ချင်စိတ် ပေါက်သွားတယ်။ ကိုရင်ဝတ်ချင်စိတ် ပေါက်ဖို့ရာ မလွယ်လှပါ။ ဒဗ္ဗမင်းသားလေးမှာ ပါရမီက နှုးဆော်လေတော့ ကိုရင်ဝတ်ချင်စိတ် လွယ်လွယ်လေးပဲ ဖြစ်ပါတယ်။ ၇ နှစ်အရွယ် ရှင်ဒဗ္ဗလေးကို ဘုရားရှင်က ရဟန်းပြုပေးတာဟာ

http://www.dhammadownload.com



ဆန်းပါတယ်။ ရှင်ဒဗ္ဗက တန်ခိုးနဲ့ နေရာချထားပေးတာဟာလည်း ကြည်ညိုစရာ ကြည်နူးစရာ ကောင်းပါတယ်။

## ရှင်ဒဗ္ဗရဲ့ ရှေးကံ

ရှင်ဒဗ္ဗလောင်းလျာဟာ ပဒုမုတ္တရဘုရားရှင်လက်ထက်မှာ ဟံသာဝတီမြို့က အမျိုးကောင်းအိမ်မှာဖြစ်တယ်။ အရွယ်ရောက်တော့ တရားနာဖို့ ကျောင်းကိုသွားပြီး တရားနာတဲ့အခါ နေရာခင်းပေးတဲ့ ရဟန်းတွေထဲမှာ အသာဆုံးအရာမှာ ရဟန်းတစ်ပါးကို ဘုရားရှင် ထားနေတာကို မြင်သွားတယ်။ ကောင်းမှုပြုပြီး အဲဒီရာထူးကို တောင်းတယ်။ အဲဒီရာထူးကို ရလိမ့်မယ်လို့ ဘုရားရှင်က မိန့်တော်မူတယ်။ အသက်ထက်ဆုံး ကုသိုလ်လုပ်ပြီး နတ်လူဘဝတွေမှာ ကျင်လည်တယ်။ ကဿပဘုရားရှင်ရဲ့သာသနာ ဆုတ်ယုတ်တဲ့အခါမှာ ရဟန်းဝတ်တယ်။ အဲဒီအခါ သူနဲ့အတူ အခြားလူ ၆ ယောက် ရဟန်းဝတ်ကြတယ်။ ရဟန်း ၇ ပါးဟာ စိတ်တူသဘောတူဖြစ်ပြီး အခြားပုဂ္ဂိုလ်တွေ သာသနာမှာ မရိုမသေလုပ်နေကြတာကို တွေ့လို့ 'ငါတို့ ဒီမှာ ဘာလုပ်ကြမှာလဲ၊ သင့်တော်တဲ့ တစ်နေရာမှာ ရဟန်းတရား အားထုတ်ပြီး ဒုက္ခဆုံးအောင် လုပ်ကြမယ်'လို့ တိုင်ပင်ပြီး လှေခါးထောင်ကာ တောင်မြင့်ရဲ့ တောင်ထိပ်ကို တက်ကြတယ်။

'ကိုယ့်စိတ်စွမ်းအင်ကို သိကြသူတွေ လှေခါးကို တွန်းချကြပါ။ အသက်အပေါ် တွယ်တာသူတွေ ဆင်းကြပါ။ နောင်မှ နောင်တ မဖြစ်ကြပါစေနဲ့' လို့ ပြောပြီး ရဟန်း ၇ ပါးလုံး စိတ်တူသဘောတူနဲ့ လှေခါးကို တွန်းချကာ 'ငါ့ရှင်တို့၊ မမေ့မလျော့ ဖြစ်ကြပါ' လို့ အချင်းချင်း ဆုံးမပြီး စိတ်ကြိုက်နေရာတွေမှာထိုင်ကာ ရဟန်းတရား အားထုတ်ဖို့ ကြိုးစားကြတယ်။ အဲဒီ ၇ ပါးထဲက မထေရ်တစ်ပါးက ၅ ရက်မြောက်မှာ ရဟန္တာဖြစ်ပြီး 'ငါ့ကိစ္စပြီးပြီ၊ ငါဟာ ဒီနေရာမှာ

http://www.dhammadownload.com



ဘာလုပ်ရပါ့မလဲ' လို့ တွေးကာ တန်ခိုးနဲ့ မြောက်ကျွန်းက ဆွမ်းကို သယ်ဆောင်ကာ 'ငါ့ရှင်တို့၊ ဒီဆွမ်းကို ဘုဉ်းပေးကြပါ၊ ဆွမ်းကိစ္စဟာ တပည့်တော်အတွက် ဖြစ်ပါစေ၊ အရှင်ဘုရားတို့ ကိုယ့်အလုပ်ကို လုပ်ကြပါ' လို့ ပြောတယ်။

'ငါ့ရှင်၊ ငါတို့ဟာ လှေခါးကို ချကြတဲ့အခါ ပထမဆုံး တရားထူး ရသူက ဆွမ်းခံပေးပါစေ၊ သူခံယူလာတဲ့ဆွမ်းကို ကျန်တဲ့ရဟန်းတွေ ဘုဉ်းပေးပြီး ရဟန်းတရားကို အားထုတ်ကြမယ် လို့ ဒီလိုပြောခဲ့ကြပါသလား'

'ငါ့ရှင်တို့ အဲဒီလို မပြောခဲ့ကြပါ'

'သင်ဟာ သင့်ရဲ့ရှေးအကြောင်းကံကြောင့် ရခဲ့တယ်။ ငါတို့လည်း စွမ်းနိုင်ရင် ဆင်းရဲဆုံးအောင် လုပ်ကြမယ်၊ သင် သွားပါ'

မထေရ်က အဲဒီရဟန်းတွေကို နားလည်အောင် မပြောနိုင်လို့ ချမ်းသာရာနေရာမှာ ဆွမ်းဘုဉ်းပေးပြီး သွားတယ်။ အခြားမထေရ်ဟာ ၇ ရက်မြောက်မှာ အနာဂါမ်ဖြစ်ပြီး၊ အဲဒီဘဝက စုတေကာ သုဒ္ဓါဝါသဗြဟ္မာ့ဘုံမှာ ဖြစ်တယ်။ အခြားမထေရ်တွေလည်း အဲဒီဘဝက စုတေပြီး ဘုရားနှစ်ဆူအကြားကာလမှာ နတ်လူဘဝတွေမှာ ကျင်လည်ပြီး ဒီဘုရားရှင်ပွင့်တဲ့အခါ တစ်ယောက်က ဂန္ဓာရတိုင်း တက္ကသိလာမြို့က မင်းနန်းတော်မှာ ဖြစ်တယ်။ တစ်ယောက်က ပဗ္ဗတေယျတိုင်းက ပရိဗိုဇ်မရဲ့ဝမ်းမှာ ဖြစ်တယ်။ တစ်ယောက်က ဗာဟိယတိုင်းက သူကြွယ်အိမ်မှာ ဖြစ်တယ်။ တစ်ယောက်က ရာဇဂြိုဟ်က သူကြွယ်အိမ်မှာ ဖြစ်တယ်။ ရှင်ဒဗ္ဗလောင်းကတော့ မလ္လတိုင်း အနုပိယမြို့က မလ္လမင်းတစ်ပါးရဲ့အိမ်မှာ ပဋိသန္ဓေယူတယ်။

(အံ၊ ဋ္ဌ၊ ၀၊ ၂၁၃)

'ကိုယ့်စိတ်စွမ်းအင်ကို သိသူတွေ လှေခါးကို ဖြုတ်ချလိုက်ပါ' တဲ့။ ဒီရဟန်း ၇ ပါးဟာ အလွန်ပဲ သတ္တိကောင်းကြပါပေတယ်။

http://www.dhammadownload.com



သံဝေဂ ကြီးမားကြပါပေတယ်။ အသက်အသေခံပြီး တရားအားထုတ်ကြတာဟာ အင်မတန်အံ့သြစရာကောင်းသလို အင်မတန်လည်း ကြည်ညိုစရာ ကောင်းလှပါတယ်။ ဒီလို သတ္တိရှိရှိ ဇွဲရှိရှိနဲ့ တရားကို ကြိုးစား အားထုတ်ခဲ့ကြလို့လည်း ရှင်ဒဗ္ဗလေးဟာ လွယ်လွယ်ကူကူနဲ့ ရဟန္တာဖြစ်သွားပါတယ်။ ယခု တရားအားထုတ်နေကြသူတွေဟာ ဒီဘဝမှာ တရားထူး မရသေးရင်တောင် အားမငယ်သင့်ကြပါ၊ ဒီကြိုးစားအားထုတ်မှုတွေဟာ အချည်းနှီး ဖြစ်မသွားပါ။ နောင်ဘဝမှာ လွယ်ကူစွာ တရားထူးရခြင်းရဲ့အကြောင်း ဖြစ်ပါတယ်။

ရဟန္တာဖြစ်သွားတဲ့ ရဟန်းနဲ့ အနာဂါမ်ဖြစ်သွားတဲ့ ရဟန်းတွေက ဆွမ်းခံကျွေးပါမယ်လို့ ဆိုတာကိုတောင် လက်မခံဘဲ အစာငတ်ခံကာ တရားကိုသာ မလျှော့တမ်းခွဲနဲ့ ရှင်ဒဗ္ဗလောင်းလျာ ရဟန်းဟာ ကြိုးစားခဲ့ပါတယ်။ သံဝေဂစိတ်ထားက သေဘေးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်အားကို ပေးသွားပါတယ်။ သာသနာ့ဝန်ထမ်း ရှင် ရဟန်းတွေဟာ ဘုရားအဆုံးအမ သာသနာအပေါ် မရှိမသေ၊ မလေးမစား၊ ပြုမူလာကြပြီဆိုရင် သာသနာ ဆုတ်ယုတ်လာပြီလို့ သိရပါတယ်။ ကဿပဘုရားရှင် သာသနာဆုတ်ယုတ်လာတဲ့အခါမှာ ရှင်ဒဗ္ဗလောင်းလျာလိုသူတော်ကောင်းတွေ ပေါ်ထွက်လာသလို ဂေါတမဘုရား သာသနာဆုတ်ယုတ်လာတဲ့အခါမှာလည်း ပေါ်ထွက်လာကြလေမလား၊ ပေါ်ထွက်လာခဲ့ရင် မေတ္တေယျဘုရားရှင်လက်ထက်မှာ ရှင်ဒဗ္ဗလို ပုဂ္ဂိုလ်ထူးလေးတွေ ရှိနေမှာပါပဲ။

http://www.dhammadownload.com

# အမိမဲ့သား

ရှင်သောပါကဟာ သာဝတ္ထိမြို့က ဆင်းရဲတဲ့ အမျိုးသမီးတစ်ဦးရဲ့ ဝမ်းဗိုက်မှာ ပဋိသန္ဓေယူတယ်။ သူ့ရဲ့မယ်တော်က ၁၀ လပတ်လုံး ဝမ်းနဲ့လွယ်ပြီး ကိုယ်ဝန်ရင့်မာလာလို့ မွေးဖွားခါနီးမှာ မမွေးနိုင်လို့ မူးကာ အချိန်ကြာမြင့်စွာ လူသေပမာ လဲလျောင်းနေတယ်။ သူမကို ဆွေမျိုးတွေက သေပြီထင်လို့ သုသာန်ကိုသယ်ဆောင်ကာ ထင်းပုံပေါ် တင်ကြတယ်။ နတ်ရဲ့အစွမ်းကြောင့် လေမိုးကျလာတဲ့အခါ မီးမရှို့ဘဲ ထွက်ပြေးကြတယ်။ သောပါကက နောက်ဆုံးဘဝပိုင်ရှင်ဖြစ်လို့ နတ်ရဲ့ အစွမ်းကြောင့် အမိဝမ်းက ကျန်းကျန်းမာမာ ထွက်လာတယ်။ မိခင်က တော့ သေသွားတယ်။ နတ်က အဲဒီကလေးကိုယူပြီး လူယောင်ဖန်ဆင်း ပြီး သုသာန်စောင့်ရဲ့အိမ်မှာထားကာ အချိန်အနည်းငယ် သင့်တော်တဲ့ အစားအစာနဲ့ ပြုစုလုပ်ကျွေးတယ်။

အဲဒီကနောက် သုသာန်စောင့်ကလည်း အဲဒီကလေးကို သူ့သား လုပ်ပြီး မွေးမြူတယ်။ အဲဒီကလေးက ကြီးလာတဲ့အခါ သုသာန်စောင့်ရဲ့ သား သုပိယ အမည်ရှိတဲ့ ကလေးနဲ့အတူ ကစားတယ်၊ အဲဒီကလေးကို သုသာန်မှာ မွေးဖွားကြီးပြင်းတဲ့အတွက် 'သောပါက' လို့ နာမည်ပေး တယ်။ တစ်နေ့မှာ ဘုရားရှင်က နံနက်မိုးသောက်အချိန်မှာ ဉာဏ်ကွန် ရက် ဖြန့်ပြီး ကျွတ်ထိုက်တဲ့သတ္တဝါတွေကို ကြည့်တဲ့အခါ ဘုရားရှင်ရဲ့ ဉာဏ်ကွန်ရက်ထဲမှာ ၇ နှစ်အရွယ် သောပါကလေး ဝင်လာတာကို တွေ့ရလို့ သုသာန်ရှိရာကို ကြွတော်မူတယ်။ သောပါကက ရှေးပါရမီ ကံက နှိုးဆော်တိုက်တွန်းလို့ ကြည်ညိုတဲ့စိတ်နဲ့ ဘုရားရှင်ကို ချဉ်းကပ် ပြီး ရှိခိုးကာ ရပ်နေတယ်။

http://www.dhammadownload.com



ဘုရားရှင်က သောပါကအား တရားဟောတယ်။ သောပါကက တရားကိုနာပြီး ရှင်အဖြစ်ကို လျှောက်တောင်းတယ်။ 'သင့်ကို ဖခင်က ခွင့်ပြုပြီလား' လို့ အမေးခံရလို့ ဖခင်ကို ဘုရားရှင်ထံ ခေါ်သွားတယ်။ သူ့ဖခင်က ဘုရားရှင်ထံသွားပြီး ရှိခိုးကာ 'မြတ်စွာဘုရား၊ ဒီကလေးကို ကိုရင်ဝတ်ပေးတော်မူပါ' လို့ ခွင့်ပြုတယ်။ ဘုရားရှင်က သောပါကကို ကိုရင်ဝတ်ပေးပြီး မေတ္တာပွားဖို့ တိုက်တွန်းတယ်။ ရှင်သောပါကက မေတ္တာကမ္မဋ္ဌာန်းကို ယူကာ သုသာန်မှာ နေရင်း မကြာမီမှာပဲ မေတ္တာဈာန်ကို ဖြစ်စေတယ်။ အဲဒီဈာန်ကို အခြေခံပြီး ဝိပဿနာပွားလို့ ရဟန္တာဖြစ်တယ်။ (ထေရဂါထာ၊ ဋ္ဌ၊ ပ၊ ၁၁၈)

ရှင်သောပါကရဲ့ ဘဝအဖြစ်အပျက်က သနားစရာကောင်းပါတယ်။ သုသာန်မှာပဲ မွေးဖွားပြီး သုသာန်မှာပဲ ကြီးပြင်းခဲ့ရရှာပါတယ်။ ရှင်သောပါကကို မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းဖို့ ဘုရားရှင် တိုက်တွန်းတော်မူပါတယ်။ ပုဂ္ဂိုလ်ရဲ့အခြေအနေအားလျော်စွာ ကမ္မဋ္ဌာန်းပေးပါတယ်။ ရှင်သောပါကဟာ သနားစရာကောင်းသလို ကြည်ညိုစရာလည်း ကောင်းပါတယ်။

**ဘုရားမေး၍ ရှင်သောပါက ဖြေသည်။**

၁။ တစ် ဆိုတာ ဘာလဲ။ အကြောင်းတရားပဲ။
၂။ နှစ် ဆိုတာ ဘာလဲ။ နာမ်နဲ့ရုပ်ပဲ။
၃။ သုံး ဆိုတာ ဘာလဲ။ ဝေဒနာသုံးပါးပဲ။
၄။ လေး ဆိုတာ ဘာလဲ။ အရိယသစ္စာလေးပါးပဲ။
၅။ ငါး ဆိုတာ ဘာလဲ။ ဥပါဒါနက္ခန္ဓာငါးပါးပဲ။
၆။ ခြောက် ဆိုတာ ဘာလဲ။ အဇ္ဈတ္တိကာယတန ခြောက်ပါးပဲ။
၇။ ခုနစ် ဆိုတာ ဘာလဲ။ ဗောဇ္ဈင် ၇ ပါးပဲ။
၈။ ရှစ် ဆိုတာ ဘာလဲ။ မဂ္ဂင်ရှစ်ပါးပဲ။

http://www.dhammadownload.com



၉။ ကိုး ဆိုတာ ဘာလဲ။ သတ္တဝါသ ကိုးပါးပဲ။
၁၀။ တစ်ဆယ်ဆိုတာ ဘာလဲ။ အင်္ဂါ ၁၀ ပါးနဲ့ ပြည့်စုံတဲ့ ရဟန္တာပဲ။
(ခုဒ္ဒကပါဌပါဠိ၊ ၃)

၇ နှစ်အရွယ် ရဟန္တာရှင်သောပါကအား ဘုရားရှင် မေးတဲ့ ပြဿနာကို ဖြေဆိုခြင်းဖြင့် ရဟန်းပြုပေးလိုလို့ ဘုရားရှင် အလိုရှိတဲ့ အနက်အဓိပ္ပာယ်တွေကို ဖြေနိုင်မှာကို မြင်တဲ့အတွက် အထက်ပါမေးခွန်း ၁၀ ခုကို ဘုရားရှင်က ရှင်သောပါကအား မေးတယ်။ ရှင်သောပါက က ဖြေတယ်။ အဲဒီအဖြေကလည်း ဘုရားရှင်ရဲ့စိတ်ကို နှစ်ခြိုက်စေပါ တယ်။ အဲဒီအဖြေကပဲ ရှင်သောပါကရဲ့ ရဟန်းအဖြစ် ရောက်သွားစေ ပါတယ်။ (ဋင်း၊ ဋ္ဌ၊ ၆၂)

## ရှင်သောပါကရဲ့ ရှေးကံ

သောပါကလောင်းလျာဟာ ရှေးဘုရားရှင်တွေထံ ဆုတောင်းပြီး ဘဝ များစွာမှာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုတွေကို ဆည်းပူးခဲ့တယ်။ ကကုသန္ဓဘုရားလက်ထက်မှာ သူကြွယ်တစ်ဦးရဲ့သားဖြစ်ကာ တစ်နေ့ မှာ ဘုရားရှင်ကိုဖူးရလို့ ကြည်ညိုပြီး ရောက်ကြီးပင်အသီးတွေကို ဘုရား ရှင်အား ဆက်ကပ်ပါတယ်။ ဘုရားရှင်က သနားပြီး ခံယူတယ်။ သောပါကလောင်းလျာက ရဟန်းအပေါင်းမှာလည်း ကြည်ညိုလို့ စာ ရေးတံဆွမ်းကို ဖြစ်စေကာ သံဃာက ညွှန်ချပေးတဲ့ ရဟန်းသုံးပါးအား တစ်သက်လုံး နို့ဆွမ်းလှူတယ်။ အဲဒီကောင်းမှုတွေကြောင့် လူစည်းစိမ်၊ နတ်စည်းစိမ်ကို အထပ်ထပ်ခံစားရတယ်။ တစ်ခါမှာ လူ့ဘဝရောက်ပြီး ပစ္စေကဗုဒ္ဓါတစ်ပါးအား နို့ဆွမ်းလှူတယ်။ အဲဒီလိုနည်းနဲ့ ဘဝတွေမှာ ကောင်းမှုပြုပြီး ဘဝကောင်းတွေမှာ ကျင်လည်ကာ ဒီဂေါတမဘုရားရှင် ပွင့်တဲ့အခါ ရှေးကံရဲ့အကျိုးဆက်ကြောင့် သာဝတ္ထိမြို့က ဆင်းရဲတဲ့မိန်းမ ဗိုက်မှာ ပဋိသန္ဓေယူတယ်။ (ထေရဂါထာ၊ ဋ္ဌ၊ ပ၊ ၁၁၇)

http://www.dhammadownload.com

# တံကျင်ပေါ်က ကိုရင်လေး

ဂေါတမဘုရား ပွင့်လာတဲ့အခါ ရာဇဂြိုဟ်မြို့မှာ ပုဏ္ဏားသူဌေးရဲ့သား ဥတ္တရ ဆိုတာ ရှိတယ်။ ဥတ္တရဟာ တတ်သိနားလည်တဲ့အရွယ် ရောက်တဲ့အခါ ပုဏ္ဏားတွေရဲ့အတတ်ပညာတွေမှာ ပြီးစီးအောင်မြင်တယ်။ ဇာတ်၊ ရုပ်ရည်၊ အတတ်ပညာ၊ အရွယ်၊ သီလအကျင့်အားဖြင့် သူ့ကို လောကက ချီးမွမ်းရတယ်။ ဥတ္တရရဲ့ ပြည့်စုံမှုကို မြင်တွေ့ရလို့ မဂဓတိုင်းရဲ့ အမတ်ကြီး ဝဿကာရက သူ့သမီးနဲ့ ပေးစားလိုတဲ့အတွက် သူ့သဘောထားကို ပြောပြတယ်။ ဥတ္တရက ကာမဘောင်မှ လွတ်မြောက်လိုတဲ့ ဆန္ဒရှိတဲ့အတွက် အမတ်ကြီးရဲ့သမီးကို ငြင်းပယ်လိုက်တယ်။ ဥတ္တရဟာ မကြာမကြာ အရှင်သာရိပုတ္တရာထံ ချဉ်းကပ်ပြီး တရားနာတယ်။ သဒ္ဓါဖြစ်လို့ ကိုရင်ဝတ်ကာ ဝတ္တရားကျေပွန်စွာ အရှင်သာရိပုတ္တရာကို ပြုစုတယ်။

အဲဒီအခါ အရှင်သာရိပုတ္တရာမှာ အနာရောဂါတစ်ခု ဖြစ်တယ်။ အရှင်သာရိပုတ္တရာရဲ့ ဆေးအတွက် ၇ နှစ်အရွယ် ကိုရင်ဥတ္တရက နံနက်စောစောပဲ သပိတ်၊ သင်္ကန်းကိုယူကာ ကျောင်းက ထွက်သွားတယ်။ လမ်းခုလတ်မှာ တစ်ဖက်ဆည်ကန်ရဲ့အနီးမှာ သပိတ်ကို ချထားတယ်။ ရေအနီးကိုသွားပြီး မျက်နှာသစ်တယ်။ အဲဒီအခါ ဥမင်လိုဏ်ခေါင်း သူခိုးတစ်ယောက်က ခိုးပြီးလာတယ်။ အစောင့်လူတွေက နောက်ကလိုက်လာလို့ လမ်းကောင်းနဲ့ မြို့ကထွက်ပြီးပြေးရင်း သူယူလာတဲ့ ရတနာထုပ်ကို ရှင်ဥတ္တရရဲ့သပိတ်ထဲ ထည့်ပြီး ပြေးတယ်။ ရှင်ဥတ္တရကလည်း သပိတ်အနီးကို ရောက်သွားတယ်။ သူခိုးနောက်လိုက်

http://www.dhammadownload.com



လာကြတဲ့ မင်းခစား ယောကျ်ားတွေက ရှင်ဥတ္တရရဲ့ သပိတ်ထဲက ရတနာထုပ်ကို မြင်သွားလို့ 'ဒီသူဟာ သူခိုးပဲ၊ သူဟာ ခိုးမှုကို ပြုတာပဲ' လို့ ပြောကာ ရှင်ဥတ္တရကို လက်ပြန်ကြိုးတုပ်ကာ ဝဿကာရ အမတ်ကြီးအား ပြကြတယ်။

အဲဒီအခါ ဝဿကာရအမတ်ကြီးက မင်းရဲ့တရားဆုံးဖြတ်တဲ့ နေရာမှာ တာဝန်ကျတာမို့ ဖြတ်ရေး ခွဲရေးမှာ အမိန့်ချတယ်။ 'ဒီဥတ္တရဟာ အရင်က ငါ့စကားကို မလိုက်နာဘူး၊ သက်သက်မိစ္ဆာအယူရှိသူတွေထံမှာ ရှင်ဝတ်တယ်' လို့ အငြိုးနဲ့ အမှုကို မစစ်ဆေးဘဲ သတ်လိုတဲ့အတွက်ကြောင့်ပဲ အရှင်လတ်လတ် ရှင်ဥတ္တရကို တံကျင်ပေါ် ပက်လက် အိပ်ခိုင်းတယ်။ ဘုရားရှင်က ရှင်ဥတ္တရရဲ့ ဉာဏ်ရင့်ကျက်နေတာကို ကြည့်ပြီး အဲဒီနေရာကိုသွားတယ်။ လက်တော်ကို ရှင်ဥတ္တရရဲ့ ဦးခေါင်းပေါ်မှာ ထားကာ 'ဥတ္တရ၊ ဒါဟာ သင့်ရှေးကံရဲ့အကျိုးဖြစ်တယ်။ ဒီနေရာမှာ သင်ဟာ ဆင်ခြင်တုံအင်အားနဲ့ သည်းခံရမယ်' လို့ မိန့်ပြီး ရှင်ဥတ္တရရဲ့ အဓ္ဈာသယနဲ့ လျော်တဲ့တရားကို ဟောတော်မူတယ်။

ရှင်ဥတ္တရမှာ အမြိုက်ရေစင် သွန်းလောင်းတာနဲ့တူတဲ့ ဘုရားရှင်လက်အတွေ့အထိကြောင့် ကြည်ညိုမှု ဝမ်းသာမှုတွေဖြစ်တယ်။ အကြီးအကျယ် နှစ်သိမ့်ဝမ်းမြောက်ပြီး အားထုတ်မြဲဖြစ်တဲ့ ဝိပဿနာလမ်းပေါ် ကောင်းကောင်းတက်သွားတယ်။ ရှင်ဥတ္တရရဲ့ဉာဏ်က ရင့်ကျက်လာတဲ့အပြင် ဘုရားရှင်ရဲ့တရားဒေသနာကလည်း ဆန်းကြယ်လို့ အဲဒီခဏမှာပဲ မဂ် ၄ ပါးနဲ့ ကိလေသာအားလုံးကို ကုန်စေကာ အဘိညာဉ် ၆ ပါး ရသွားတယ်။ အဘိညာဉ် ၆ ပါးရပြီး တံကျင်ပေါ်မှထကာ သူတစ်ပါးတွေကို သနားလို့ ကောင်းကင်မှာ ရပ်တည်ကာ တန်ခိုးပြတယ်။ လူအများက အံ့သြကြတယ်။ အဲဒီခဏမှာ တံကျင်ကြောင့်ဖြစ်တဲ့အနာဟာ ကောင်းသွားတယ်။

'ငါ့ရှင်ဥတ္တရ၊ သင်ဟာ ဒီလိုဆင်းရဲကို ခံစားရင်း ဘယ်လိုလုပ်ပြီး ဝိပဿနာ အားထုတ်နိုင်သလဲ'

http://www.dhammadownload.com



ရဟန်းတွေက အဲဒီလိုမေးလို့ ရှင်ဥတ္တရက ဒီလိုဖြေပါတယ်။

'အရှင်ဘုရားတို့၊ စောစောကပဲ တပည့်တော်က သံသရာမှာ အပြစ်နဲ့ သခ်ါရတွေရဲ့သဘောကို ကောင်းကောင်းမြင်ထားပါတယ်။ ဒီလိုဆင်းရဲကို ခံစားရပေမယ့်လည်း ဝိပဿနာပွားပြီး တရားထူးရအောင် စွမ်းဆောင်နိုင်ပါတယ်'

## ရှင်ဥတ္တရရဲ့ ရှေးကံ

'ဥတ္တရလောင်းလျာဟာ ရှေးဘဝမှာ ငယ်ရွယ်စဉ်အခါ ယင်ကောင်ကို ဖမ်းပြီး တမာတံကျင်ကိုယူကာ တံကျင်နဲ့လျှိုပြီး ကစားခဲ့တယ်။ အဲဒီကံကြောင့် ဘဝပေါင်းများစွာ တံကျင်လျှိုခံရတဲ့ ဆင်းရဲကို ခံစားကာ ဒီနောက်ဆုံးဘဝမှာ ဒီလိုဆင်းရဲကို ခံစားရတယ်' လို့ ရှင်ဥတ္တရက ပြောပြပါတယ်။

ဥတ္တရလောင်းလျာဟာ ရှေးဘုရားရှင်တွေထံ ဆုတောင်းပြီး ဘဝများစွာမှာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုတွေကို ဆည်းပူးခဲ့တယ်။ သုမေဓာဘုရားရှင်လက်ထက်မှာ ဝိဇ္ဇာခိုရ်ဖြစ်ပြီး ကောင်းကင်ခရီးနဲ့ သွားတယ်။ အဲဒီအခါမှာ ဘုရားရှင်က အဲဒီဝိဇ္ဇာခိုရ်ကိုပဲ ချီးမြှောက်လိုလို့ တောကြားက သစ်ပင်တစ်ပင်အောက်မှာ ရောင်ခြည်တော် ၆ ပါးကို လွှတ်ပြီး ထိုင်နေတယ်။ ဝိဇ္ဇာခိုရ်က ကောင်းကင်ခရီးနဲ့သွားတဲ့အခါ ဘုရားရှင်ကို မြင်သွားလို့ ကြည်ညိုကာ ကောင်းကင်မှ ဆင်းလာပြီး အလွန်စင်ကြယ်ပြီး ကြီးမားတဲ့ မဟာလေ့ခါးပန်းတွေနဲ့ ဘုရားရှင်ကို ပူဇော်တယ်။ ပန်းတွေက ဘုရားရှင်ရဲ့တန်ခိုးကြောင့် ဘုရားရှင်အပေါ် ထီးအသွင်နဲ့ ရပ်တည်နေကြတယ်။ အဲဒီဝိဇ္ဇာခိုရ်က အဲဒါကြောင့် အတိုင်းထက်အလွန် ကြည်ညိုသွားတယ်။ နောင်အခါ သေပြီး တာဝတိံသာနတ်ပြည်မှာ ဖြစ်ပြီး နတ်စည်းစိမ်ကို ခံစားရင်း အသက်ထက်ဆုံး

http://www.dhammadownload.com



အဲဒီနတ်ပြည်မှာ ရပ်တည်ကာ အဲဒီနတ်ပြည်က စုတေပြီး နတ်လူဘဝ တွေမှာ ကျင်လည်ရတယ်။ (အပဒါန်၊ ၄၊ ဒု၊ ၂၉၁)

ရှင်ဥတ္တရလောင်းလျာလေးဟာ အမတ်ကြီးရဲ့သမီးကိုတောင် မလိုလားဘဲ ကိုရင်ဝတ်လာနိုင်တာဟာ တော်ပါပေတယ်။ ဝဿကာရ အမတ်ကြီးဟာ ဗုဒ္ဓသာသနာဝင်မဟုတ်ပါ။ ဒါကြောင့် ရှင်ဥတ္တရ ကိုရင်ဝတ်လာတာကို 'မိစ္ဆာအယူရှိသူတွေထံမှာ ကိုရင်ဝတ်တယ်'လို့ ဆိုပါတယ်။ ရှင်ဥတ္တရလောင်းလျာဟာ ယင်ကောင်လေးကို တံကျင်လျှို ခဲ့တဲ့ အကုသိုလ်ကြောင့် ဘဝများစွာမှာ တူသောအကျိုးကို ခံစားရပါ ပေတယ်။ အကုသိုလ်ကံဟာ အင်မတန် ကြောက်စရာကောင်းပါပေ တယ်။

ရှင်ဥတ္တရအပေါ် ဘုရားရှင်ရဲ့အကြင်နာဟာ အင်မတန် ကြည်ညို စရာ ကောင်းပါတယ်။ မဟာကရုဏာရှင် မြတ်စွာဘုရားရဲ့ဒေသနာ ဉာဏ်တော်ဟာ ဒုက္ခရောက်နေသူကို ကယ်တင်ရာမှာ အလွန်ပဲ အစွမ်း ထက်လှပါတယ်။ 'ဥတ္တရ၊ သင်ဟာ ဆင်ခြင်တုံစွမ်းအားနဲ့ သည်းခံရ မယ်'ဆိုတဲ့ ဘုရားရှင်ရဲ့စကားတော်ဟာ မှတ်သားလိုက်နာစရာ ကောင်း လှပါတယ်။ အခက်အခဲတွေ၊ ပြဿနာတွေ၊ ဆင်းရဲတွေနဲ့ ကြုံတွေ့ရ တဲ့အခါ ဆင်ခြင်တုံစွမ်းအားဟာ အကျိုးများလှပါတယ်။ ဆင်ခြင်တုံ စွမ်းအားက သည်းခံနိုင်အားကို မွေးဖွားပေးပါတယ်။

ရှင်ဥတ္တရဟာ ဆင်ခြင်တုံစွမ်းအားအပြင် ရှုမှတ်မှု ဝိပဿနာ ဘာဝနာ စွမ်းအားကိုပါ အသုံးပြုသွားပါတယ်။ ဒါကြောင့် အဘိညာဉ် ၆ ပါးရ ရဟန္တာ ဖြစ်သွားပါတယ်။ သနားစရာ ရှင်ဥတ္တရဟာ အဘိ ညာဉ်ရသွားလို့ သူတစ်ပါးတွေကိုတောင် သနားလိုက်ပါသေးတယ်။ သနားရုံမက တန်ခိုးလည်း ပြလိုက်ပါသေးတယ်။ မြင်တွေ့ရတဲ့ လူ အများမှာ အံ့အားသင့်စရာ၊ အံ့သြစရာ ဖြစ်ကုန်ပါတယ်။ တရားဟာ အဲဒီလောက်အထိ စွမ်းအားကြီးမားပါတယ်။

http://www.dhammadownload.com



ရှင်ဥတ္တရဟာ သံသရာမှာ အပြစ်ကို ကောင်းကောင်းမြင်ထားပါတယ်။ ရုပ်နာမ်သင်္ခါရတွေရဲ့ သဘာဝကိုလည်း ကောင်းကောင်းမြင်ထားပါတယ်။ ဒီအရည်အသွေးတွေဟာ အရေးကြုံလာတဲ့အခါ သက်လုံကောင်းတွေ ဖြစ်ပါတယ်။ အရေးကြုံလာတဲ့အခါ သက်လုံကောင်းဖို့ အရေးကြီးလှပါတယ်။

http://www.dhammadownload.com

# သတ်ပေမယ့် မသေတဲ့ ကိုရင်လေး

သာဝတ္ထိမြို့က အမျိုးသား ၃၀ ဟာ ဘုရားရှင်ရဲ့တရားကို ကြားနာရလို့ သာသနာမှာ အသက်ပေးပြီး ရဟန်းပြုခဲ့ကြတယ်။ အဲဒီရဟန်းတွေဟာ ရဟန်းဝါ ၅ ဝါရတဲ့အခါ ဘုရားရှင်ထံ ချဉ်းကပ်ပြီး စာပေသင်အံ ပို့ချမှုတာဝန်နဲ့ ဝိပဿနာအားထုတ်မှု တာဝန်အားဖြင့် တာဝန် ၂ပါး ကို ကြားသိရလို့ 'ငါတို့က အသက်ကြီးမှ ရဟန်းပြုခဲ့ကြတယ်' လို့ဆင်ခြင်ကာ စာပေတာဝန်ကို မကြိုးစားကြဘဲ ဝိပဿနာတာဝန်ကို ဖြည့်လိုကြတယ်။ ဒါကြောင့် အရဟတ္တဖိုလ်တိုင်အောင် ကမ္မဋ္ဌာန်းကို ဟောစေပြီး 'မြတ်စွာဘုရား၊ တောကျောင်းတစ်ကျောင်းကို တပည့်တော် တို့ သွားကြပါမယ်' လို့ ဘုရားရှင်ကို ပန်ကြားကြတယ်။ ဘုရားရှင်က 'ဘယ်နေရာကို သွားကြမှာလဲ' လို့ မေးလို့ 'ဤမည်သောနေရာကို သွားကြပါမယ်' လို့ လျှောက်ကြတဲ့အခါ 'အဲဒီနေရာမှာ အဲဒီရဟန်းတို့ အား စားကြွင်းစားတစ်ယောက်ကို အကြောင်းပြုပြီး ဘေးဖြစ်လိမ့်မယ်။ အဲဒီဘေးဟာလည်း သံကိစ္စသာမဏေ သွားရင် ငြိမ်းလိမ့်မယ်။ အဲဒီအခါ အဲဒီရဟန်းတွေရဲ့ ရဟန်းကိစ္စ ပြည့်စုံလိမ့်မယ်' လို့ သိတော်မူတယ်။

သံကိစ္စသာမဏေဆိုတာ အရှင်သာရိပုတ္တရာရဲ့ ၇ နှစ်အရွယ် ကိုရင်လေးဖြစ်တယ်။ သူ့ရဲ့မိခင်က သာဝတ္ထိမြို့က ကြွယ်ဝချမ်းသာတဲ့ အမျိုးရဲ့ သမီးဖြစ်တယ်။ သံကိစ္စမိခင်ဟာ ကိုယ်ဝန်ရှိစဉ် ရောဂါတစ်ခု ကြောင့် ခဏချင်းပဲ သေသွားတယ်။ သူ့မိခင်ကို မီးရှို့တဲ့အခါ ကိုယ်ဝန် အသားမှတစ်ပါး ကျန်အသားကို မီးလောင်တယ်။ အဲဒီအခါ သူ့မိခင်ရဲ့ ကိုယ်ဝန်အသားကို ထင်းပုံပေါ်ကချပြီး နှစ်နေရာ၊ သုံးနေရာမှာ တံကျင်

http://www.dhammadownload.com



တွေနဲ့ ထိုးဆွကြတယ်။ တံကျင်ရဲ့အစွန်းက ကလေးရဲ့မျက်လုံးအစွန်ကို ထိခိုက်မိတယ်။ ကိုယ်ဝန်အသားကို ထိုးဆွပြီး မီးကျီးပုံပေါ် ပစ်ချကာ မီးကျီးတွေနဲ့ပဲ ဖုံးပြီး ဖဲသွားကြတယ်။ ကိုယ်ဝန်အသားကို မီးလောင်တယ်။

မီးကျီးပေါ်က ရွှေအနှစ်နဲ့တူတဲ့ ကလေးက ပဒုမ္မာကြာတိုက်မှာ လဲလျောင်းသလို ဖြစ်နေတယ်။ မှန်တယ်၊ နောက်ဆုံးဘဝပိုင်ရှင်ကို မြင်းမိုရ်တောင်နဲ့ ကြိတ်ချေပေမယ့်လည်း ရဟန္တာမဖြစ်မချင်း သေတယ် ဆိုတာ မရှိပါ။ နောက်တစ်နေ့မှာ ထင်းပုံကို မီးငြိမ်းကြမယ်လို့ တွေးပြီး လာသူတွေက အဲဒီလိုလဲလျောင်းနေတဲ့ကလေးကို မြင်သွားလို့ အံ့ဩသွားကြတယ်။ 'ဒီလောက် သစ်သားတွေကုန်သွားပြီး တစ်ကိုယ်လုံး မီးလောင်သွားပါလျက် ဘာကြောင့် ကလေးကို မီးမလောင်တာလဲ၊ ဘာဖြစ်မှာပါလိမ့်' လို့ တွေးပြီး ကလေးကိုယူကာ ရွာတွင်းကိုသွားပြီး နိမိတ်ကျမ်းတတ်သူတွေကို မေးကြတယ်။ နိမိတ်ကျမ်းတတ်သူတွေက 'ဒီကလေးဟာ လူဝတ်ကြောင်ဘဝမှာ နေရင် ဆွေမျိုး ၇ ဆက်မြောက်တိုင်အောင် ဆွေမျိုးတွေ ဆင်းရဲကြလိမ့်မယ်။ ရဟန်းဝတ်ရင် ရဟန်း ၅၀၀ ခြံရံပြီး လှည့်လည်လိမ့်မယ်' လို့ ပြောကြတယ်။ ကလေးရဲ့ မျက်စိအစွန်းကို တံကျင်အချွန်နဲ့ ဖျက်ခဲ့မိလို့ 'သံကိစ္စ' လို့ နာမည်ပေးကြတယ်။ သူက နောင်အခါမှာ သံကိစ္စလို့ ထင်ရှားတယ်။

သံကိစ္စကို ဆွေမျိုးတွေက 'ရှိပါစေ၊ ကြီးလာတဲ့အခါ ငါတို့ရဲ့ အရှင်သာရိပုတ္တရာထံ ရှင်ပြုပေးကြမယ်' လို့ ရည်ရွယ်ကာ မွေးမြူလာကြတယ်။ သံကိစ္စ ၇ နှစ်အရွယ် ရှိတဲ့အခါ 'သင့်ရဲ့မိခင်ဝမ်းမှာ နေရတဲ့အခါ သင့်မိခင်ဟာ သေသွားတယ်။ သင့်မိခင်ရဲ့ကိုယ်ကို မီးလောင်ပေမယ့်လည်း သင့်ကို မီးမလောင်ဘူး' လို့ ကလေးငယ်တွေရဲ့ စကားကို ကြားရပြီး 'ငါဟာ ဒီလိုဘေးက လွတ်ခဲ့သတဲ့။ လူ့ဘဝမှာ နေလို့ ဘာအကျိုးရှိမှာလဲ၊ ကိုရင်ဝတ်မယ်' လို့ ဆွေမျိုးတွေအား

http://www.dhammadownload.com



ပြောတယ်။ 'သံကိစ္စ ကောင်းပြီ' လို့ ပြောပြီး ဆွေမျိုးတွေက အရှင်သာရိပုတ္တရာထံ ခေါ်သွားကာ 'အရှင်ဘုရား၊ ဒီသံကိစ္စကို ကိုရင်ဝတ်ပေးပါ' လို့ အပ်နှံကြတယ်။ အရှင်သာရိပုတ္တရာက တစပဉ္စက ကမ္မဋ္ဌာန်းကို ပေးပြီး ကိုရင်ဝတ်ပေးတယ်။ သံကိစ္စဟာ ခေါင်းတုံးပြီးချိန်မှာပဲ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာဖြစ်သွားတယ်။

'သံကိစ္စ သွားရင် အဲဒီဘေး ငြိမ်းလိမ့်မယ်။ အဲဒီအခါ အဲဒီရဟန်းတွေရဲ့ ရဟန်းကိစ္စပြည့်စုံလာလိမ့်မယ်' လို့ ဘုရားရှင်က သိလို့ 'ရဟန်းတို့၊ သင်တို့ရဲ့နောင်တော်ကြီး သာရိပုတ္တရာထေရ်ကို ဖူးမြော်ပြီး သွားကြ' လို့ မိန့်ပါတယ်။ အဲဒီရဟန်းတွေက 'ကောင်းပါပြီ' လို့ လျှောက်ပြီး အရှင်သာရိပုတ္တရာထံသွားကာ 'ငါ့ရှင်တို့၊ ဘာလဲ' လို့ အမေးခံရတဲ့အခါ 'တပည့်တော်တို့ဟာ မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းယူပြီး တောကိုဝင်လိုလို့ ပန်ကြားကြပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက တပည့်တော်တို့ကို 'သင်တို့ရဲ့ နောင်တော်ကြီး သာရိပုတ္တရာထေရ်ကို ဖူးမြော်ပြီး သွားကြ' လို့ မိန့်လို့ ဒီကိုလာခဲ့ကြပါတယ်' လို့ လျှောက်ကြတယ်။ အရှင်သာရိပုတ္တရာက 'ဘုရားရှင်က အကြောင်းတစ်ခုခုကို မြင်လို့ ဒီရဟန်းတွေကို ဒီကိုလွှတ်လိုက်တာဖြစ်လိမ့်မယ်။ အဲဒီအကြောင်းက ဘာလဲ' လို့ ဆင်ခြင်တော်မူတဲ့အခါ အဲဒီအကြောင်းကို သိလို့

'ငါ့ရှင်တို့၊ သင်တို့မှာ ကိုရင်ရှိသလား' လို့ မေးတယ်။

'မရှိပါဘုရား'

'မရှိရင် ဒီသံကိစ္စသာမဏေကို ခေါ်ပြီး သွားကြ'

'မသင့်ပါဘုရား၊ ကိုရင်ကို အကြောင်းပြုပြီး တပည့်တော်တို့မှာ ကြောင့်ကြဖြစ်ရပါလိမ့်မယ်၊ တောမှာနေတဲ့ တပည့်တော်တို့အဖို့ ကိုရင်ဟာ ဘာအကျိုးရှိမှာလဲ'

'ငါ့ရှင်တို့၊ ဒီသံကိစ္စသာမဏေကို အကြောင်းပြုပြီး သင်တို့မှာ ကြောင့်ကြဖြစ်မှာမဟုတ်။ တကယ်တော့ သင်တို့ကို အကြောင်းပြုပြီး

http://www.dhammadownload.com



ဒီသံကိစ္စသာမဏေမှာ ကြောင့်ကြဖြစ်လိမ့်မယ်။ ဘုရားရှင်ကလည်း သင်တို့ကို ငါ့ထံစေလွှတ်တာဟာ သင်တို့နဲ့အတူ သံကိစ္စသာမဏေကို ထည့်လိုက်စေလိုလို့ လွှတ်လိုက်တာ ဖြစ်တယ်။ ဒီသံကိစ္စကို ခေါ်ပြီး သွားကြ'

အဲဒီရဟန်းတွေက 'ကောင်းပါပြီ' လို့ လက်ခံပြီး သံကိစ္စအပါ အဝင် ၃၁ ပါးဟာ အရှင်သာရိပုတ္တရာကို ပန်ကြားပြီး ကျောင်းမှထွက်ကာ ခရီးလှည့်လည်ကြတဲ့အခါ ယူဇနာ ၁၂၀ အထက်မှာရှိတဲ့ အိမ်ခြေ တစ်ထောင်ရှိ ရွာတစ်ရွာကို ရောက်သွားကြတယ်။ လူတွေက အဲဒီ သံဃာတွေကိုမြင်ပြီး ကြည်ညိုလို့ ရိုရိုသေသေ ပြုစုလုပ်ကျွေးကာ 'အရှင်ဘုရားတို့၊ ဘယ်ကိုကြွကြမှာပါလဲ' လို့ မေးကြတယ်။ 'ဒကာတို့၊ ချမ်းသာရာအရပ်ကို သွားကြမလို့' လို့ ဖြေကြတယ်။ ခြေရင်းမှာ ဝပ်စင်းကာ 'အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ဟာ ဒီနေရာကို အမှီပြုပြီး ဝါတွင်းမှာသီတင်းသုံးကြရင် တပည့်တော်တို့ဟာ ငါးပါးသီလ ဆောက်တည်ပြီး ဥပုသ်စောင့်နိုင်ကြပါမယ်' လို့ လျှောက်ထားတောင်းပန်ကြတယ်။ မထေရ်တွေက လက်ခံကြတယ်။ အဲဒီအခါ အဲဒီသံဃာတွေကို လူတွေက ညဥ့်နေရာ၊ နေ့နေရာ၊ စင်္ကြံနေရာ၊ သစ်ရွက်မိုးကျောင်းတွေကို စီမံကာ 'ဒီနေ့ ငါတို့၊ မနက်ဖြန် ငါတို့' လို့ တက်တက်ကြွကြွနဲ့ ပြုစုလုပ်ကျွေးကြတယ်။

မထေရ်တွေက ဝါကပ်မယ့်နေ့မှာ ဒီလိုကတိကဝတ်ပြုကြတယ်။

'ငါ့ရှင်တို့၊ တပည့်တော်တို့ဟာ သက်တော်ထင်ရှား မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်းကို ယူခဲ့ကြပါတယ်။ အကျင့်နဲ့ပြည့်စုံမှုကို ဘေးဖယ်ထားရင် ဘုရားရှင်တွေကို ကျေနပ်နှစ်သိမ့်အောင် မတတ်နိုင်ပါ။ တပည့်တော်တို့အတွက်လည်း အပါယ်တံခါးတွေက ပွင့်နေကြတာချည်းပါပဲ။ ဒါကြောင့် နံနက်စောစော ဆွမ်းခံချိန်နဲ့ ညနေ မထေရ်ကြီးထံ ချဉ်းကပ်ချိန်မှတစ်ပါး ကျန်အချိန်မှာ တစ်နေရာတဲမှာ နှစ်ပါး

http://www.dhammadownload.com



မရှိကြစတမ်း၊ မကျန်းမမာဖြစ်တဲ့ သံဃာက တုံးခေါက်ရင် အဲဒီသံဃာ ထံ သွားကာဆေးကုကြစတမ်း၊ ဒီနေ့မှတစ်ပါး အခြား ည၊ နေ့တွေမှာ မမေ့မလျော့ဘဲ ကမ္မဋ္ဌာန်းကို အားထုတ်ကြစတမ်း'

အဲဒီသံဃာတွေ အဲဒီလို ကတိကဝတ်ပြုပြီး နေကြစဉ် ဆင်းရဲတဲ့ ယောကျာ်းတစ်ယောက်က သမီးကိုအမှီပြုပြီး အသက်မွေးစဉ် အဲဒီနေရာမှာ အစာရှားပါးလာလို့ နောက်သမီးတစ်ယောက်ကို အမှီပြုပြီး အသက်မွေးလိုလို့ လမ်းပေါ်ထွက်လာတယ်။ မထေရ်တွေကလည်း ရွာမှာ ဆွမ်းခံလှည့်ပြီး နေရာကို လာကြတဲ့အခါ လမ်းခရီးအကြားရှိ မြစ်တစ်မြစ်မှာ ရေချိုးပြီး သဲပုံပေါ်ထိုင်ကာ ဆွမ်းကိစ္စကို ပြုကြတယ်။ အဲဒီခဏမှာ အဲဒီယောကျာ်းက အဲဒီနေရာရောက်သွားပြီး သင့်တော်ရာနေရာမှာ ရပ်နေတယ်။ အဲဒီအခါ အဲဒီယောကျာ်းကို မထေရ်တွေက 'ဘယ်သွားမလို့လဲ' လို့ မေးကြတယ်။ အဲဒီယောကျာ်းက အဲဒီအကြောင်းကို ပြောပြတယ်။ မထေရ်တွေက အဲဒီလူကိုသနားပြီး 'ဥပါသကာ၊ အလွန်ဆာလောင်နေသလား၊ သွားပါ၊ သစ်ရွက်ကို ယူခဲ့ပါ၊ သင့်အား ဆွမ်းတစ်ဆုပ်စီ ပေးကြမယ်' လို့ ပြောပြီး အဲဒီလူက သစ်ရွက်ကိုယူလာတဲ့အခါ သူတို့စားတဲ့နည်းအတိုင်းပဲ ဟင်းတွေနဲ့နယ်ပြီး ဆွမ်းတစ်ဆုပ်စီ ပေးကြတယ်။

ဆွမ်းဘုဉ်းပေးချိန်မှာ လာသူအား ဆွမ်းကိုပေးရင် ရဟန်းဟာ ဆွမ်းဦးဆွမ်းဖျားကို မပေးဘဲ ကိုယ်တိုင်စားတဲ့နည်းနဲ့ပဲ နည်းနည်းဖြစ်ဖြစ်၊ များများဖြစ်ဖြစ် ပေးရတာဟာ ဝတ္တရားဖြစ်ပါသတဲ့။ ဒါကြောင့် အဲဒီမထေရ်တွေဟာလည်း အဲဒီအတိုင်း ပေးကြတယ်။ ထမင်းကိစ္စပြီးတဲ့အခါ အဲဒီယောကျာ်းဟာ မထေရ်တွေကို ရှိခိုးပြီး 'အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ကို တစ်စုံတစ်ယောက်က ဆွမ်းပင့်ဖိတ်ထားပါသလား' လို့ မေးတယ်။ 'ဥပါသကာ၊ ဆွမ်းပင့်ဖိတ်ထားတာ မရှိပါ။ လူတွေက နေ့တိုင်း ဒီလိုအာဟာရကိုပဲ လှူကြပါတယ်'လို့ ပြောကြတယ်။ အဲဒီ

http://www.dhammadownload.com



ယောကျ်ားက 'ငါတို့ဟာ အမြဲကြိုးစားပြီး အလုပ်လုပ်ကြပေမယ့် ဒီလိုအာဟာရကို မရနိုင်ကြ၊ ငါဟာ အခြားနေရာကိုသွားလို့ ဘာအကျိုးရှိမှာလဲ၊ ဒီရဟန်းတွေထံပဲ အသက်မွေးတော့မယ်' လို့ တွေးနေပါတယ်။

အဲဒီအခါ မထေရ်တွေကို 'တပည့်တော်ဟာ ဝတ်ကြီးဝတ်ငယ် လုပ်ပြီး အရှင်ဘုရားတို့ထံမှာ နေလိုပါတယ်' လို့ အဲဒီယောကျ်ားက လျှောက်တယ်။ 'ကောင်းပြီ ဥပါသကာ' လို့ မိန့်ကြတယ်။ အဲဒီယောကျ်ားက အဲဒီမထေရ်တွေနဲ့အတူ အဲဒီမထေရ်တွေရဲ့နေရာကိုသွားပြီး ဝတ်ကြီးဝတ်ငယ်ကို ကောင်းကောင်းလုပ်ပေးရင်း ရဟန်းတွေကို အလွန်ကျေနပ်အောင် လုပ်ပေးတယ်။ ၂ လ လွန်တဲ့အခါ သမီးကို တွေ့လိုလို့ 'ငါဟာ အရှင်မြတ်တွေကို ပန်ပြောရင် ငါ့ကို လွှတ်ကြမှာမဟုတ်ဘူး၊ မပန်ပြောဘဲ သွားမယ်' လို့ တွေးပြီး မထေရ်တွေကို မပန်ပြောဘဲ ထွက်သွားတယ်။ မထေရ်တွေကို မပန်ပြောဘဲ ဖဲသွားတာဟာ အဲဒီယောကျ်ားရဲ့ ချို့ယွင်းချက်ကြီး ဖြစ်သွားတယ်။ အဲဒီယောကျ်ား သွားမယ့်လမ်းမှာ တောအုပ်တစ်ခု ရှိတယ်။ အဲဒီတောအုပ်မှာ သူခိုး ၅၀၀ က 'ဒီတောအုပ်ထဲ ဝင်လာသူကိုသတ်ပြီး အဲဒီလူရဲ့အသား၊ အသွေးနဲ့ သင်နတ်အား ပူဇော်ပသကြမယ်' လို့ နတ်အားတောင်းပန်ပြီး နေလာကြရာ ၇ ရက်မြောက် ရောက်လာတယ်။

ဒါကြောင့် ၇ ရက်မြောက်မှာ သူခိုးအကြီးအကဲက သစ်ပင်ပေါ်တက်ပြီး ကြည့်တဲ့အခါ အဲဒီယောကျ်ား လာနေတာကိုမြင်လို့ သူခိုးတွေအား အချက်ပေးလိုက်တယ်။ သူခိုးတွေက အဲဒီယောကျ်ား တောအုပ်အလယ်ဝင်လာတာကို သိလို့ ဝိုင်းပြီးဖမ်းကာ ခိုင်ခိုင်မြဲမြဲ ချည်တုပ်တယ်။ ပွတ်ခုံ ပွတ်ကျည်နဲ့ မီးကိုဖြစ်စေပြီး ထင်းတွေကိုစုကာ မီးပုံကြီး လုပ်တယ်။ တံကျင်တွေကို ခုတ်ရွေတယ်။ အဲဒီယောကျ်ားက သူခိုးတွေရဲ့ အဲဒီအမူအရာကို မြင်ပြီး 'အရှင် ဒီနေရာမှာ ဝက်တွေ၊ သမင်စတဲ့ သားကောင်တွေကို မတွေ့ရပါ၊ ဘာကြောင့် ဒါကိုလုပ်ကြ

http://www.dhammadownload.com



တာလဲ' လို့ မေးတယ်။ 'သင့်ကိုသတ်ပြီး သင့်ရဲ့ အသား အသွေးနဲ့ နတ်ကို ပူဇော်ပသကြမယ်' လို့ ပြောကြတယ်။ အဲဒီယောကျ်ားက သေရမှာကြောက်လို့ ရဟန်းတွေရဲ့ အဲဒီကျေးဇူးကို မစဉ်းစားဘဲ သက်သက် ကိုယ့်အသက်ကိုသာ စောင့်ရှောက်လိုလို့ 'အရှင် ကျွန်တော်ဟာ စားကြွင်းစားပါ၊ ထမင်းကျန်ကိုစားပြီး ကြီးပွားရပါတယ်။ စားကြွင်းစား ဆိုတာ ကျက်သရေ မရှိပါ။ အရှင်မြတ်တွေကတော့ အရပ်မျိုးစုံက ထွက်ပြီး ရဟန်းပြုလာခဲ့ကြပေမယ့် မင်းမျိုးတွေ ဖြစ်ကြပါတယ်။ ဤမည်သောနေရာမှာ ၃၁ ပါးသော ရဟန်းတွေ နေကြပါတယ်။ သူတို့ကိုသတ်ပြီး ပူဇော်ပသကြပါ။ သင်တို့ကို နတ်က အလွန်အကဲပဲ သဘောကျပါလိမ့်မယ်' လို့ ပြောတယ်။

သူခိုးတွေက အဲဒီစကားကို ကြားရလို့ 'ဒီလူဟာ ကောင်းတာကို ပြောတယ်။ ဒီကျက်သရေမရှိသူနဲ့ ဘာလုပ်မှာလဲ၊ မင်းမျိုးတွေကိုသတ်ပြီး နတ်ပူဇော်ကြမယ်' လို့ ကြံပြီး 'လာပါ၊ အဲဒီရဟန်းတွေရဲ့နေရာကို ပြလော့' လို့ အဲဒီလူကိုပဲ လမ်းညွှန်လုပ်ကာ အဲဒီနေရာကို ရောက်သွားကြတယ်။ ကျောင်းအလယ်မှာ ရဟန်းတွေကို မမြင်လို့ 'ရဟန်းတွေက ဘယ်မှာလဲ' လို့ အဲဒီလူကို မေးကြတယ်။ အဲဒီလူက ၂ လ နေသွားလို့ အဲဒီရဟန်းတွေရဲ့ ကတိကဝတ်ကို သိတဲ့အတွက် 'သူတို့ရဲ့ ညဥ့်နေရာ၊ နေ့နေရာတွေမှာ ထိုင်နေကြတယ်။ ဒီတုံးကိုခေါက်လိုက်ကြပါ။ တုံးသံကြောင့် စုဝေးလာကြပါလိမ့်မယ်' လို့ ပြောတယ်။ သူခိုးအကြီးအကဲက တုံးကိုခေါက်လိုက်တယ်။

ရဟန်းတွေက တုံးသံကိုကြားပြီး 'ခေါက်ချိန်မဟုတ်ဘဲ တုံးကို ခေါက်တယ်။ တစ်ပါးပါးမှာ မကျန်းမာတာ ဖြစ်လိမ့်မယ်' လို့ တွေးပြီး လာကာ ကျောင်းအလယ်မှာ အစဉ်အတိုင်း ခင်းထားတဲ့ ကျောက်ဖျာတွေပေါ်မှာ ထိုင်ကြတယ်။ အကြီးဆုံးမထေရ်က သူခိုးတွေကိုကြည့်ပြီး 'ဥပါသကာတို့၊ ဒီတုံးကို ဘယ်သူခေါက်တာလဲ' လို့ မေးတယ်။

http://www.dhammadownload.com



အကြီးဆုံးသူခိုးက 'တပည့်တော် ခေါက်တာပါဘုရား' လို့ လျှောက်တယ်။ 'ဘာကြောင့်လဲ' လို့ မေးတော့ 'တပည့်တော်တို့က တောအုပ်နတ်ထံ တောင်းပန်ထားတာ ရှိပါတယ်။ အဲဒီနတ်ကို ပူဇော်ပသဖို့ရာ ရဟန်းတစ်ပါးပါးကိုခေါ်ပြီး သွားကြပါမယ်' လို့ လျှောက်တယ်။ အဲဒီစကားကို ကြားရလို့ အကြီးဆုံးမထေရ်က ရဟန်းတွေကို ဒီလိုမိန့်တယ်။

'ငါ့ရှင်တို့၊ ညီငယ်တွေမှာဖြစ်ပေါ်လာတဲ့ကိစ္စကို အစ်ကိုကြီးက ဆောင်ရွက်ရမယ်။ တပည့်တော်ဟာ တပည့်တော်ရဲ့အသက်ကို အရှင်ဘုရားတို့အတွက် စွန့်လွှတ်ပြီး ဒီလူတွေနဲ့အတူ လိုက်သွားပါမယ်။ အားလုံးမှာ အန္တရာယ် မဖြစ်ပါစေနဲ့။ အရှင်ဘုရားတို့ မမေ့မလျော့ ရဟန်းတရားကို အားထုတ်ကြပါ'

အကြီးဆုံးမထေရ်ရဲ့အောက်က မထေရ်က ဒီလိုလျှောက်တယ်။

'အရှင်ဘုရား၊ အစ်ကိုကြီးရဲ့ကိစ္စဆိုတာ ညီရဲ့တာဝန်ဖြစ်ပါတယ်။ တပည့်တော် လိုက်သွားပါမယ်၊ အရှင်ဘုရားတို့ မမေ့မလျော့ကြပါနဲ့'

အဲဒီလိုနည်းနဲ့ 'တပည့်တော်သာ လိုက်သွားပါမယ်။ တပည့်တော်သာ လိုက်သွားပါမယ်'လို့ ပြောပြီး အစဉ်အတိုင်း ရဟန်း ၃၀ လုံးပဲ ထပြောကြတယ်။ အဲဒီရဟန်းတွေဟာ မိခင်တစ်ဦးတည်းရဲ့ သားတွေလည်း မဟုတ်ကြ။ ဖခင်တစ်ဦးတည်းရဲ့ သားတွေလည်း မဟုတ်ကြ။ ရဟန္တာတွေလည်း မဟုတ်ကြ။ ဒါပေမဲ့ ကျန်တဲ့ရဟန်းတွေရဲ့အကျိုးအတွက် အစဉ်အတိုင်း အသက်ကို စွန့်ကြတယ်။ အဲဒီရဟန်းတွေထဲက တစ်ပါးကတောင်မှ 'သင်သွားပါ' လို့ ပြောနိုင်စွမ်းသူ မရှိ။ သံကိစ္စသာမဏေက အဲဒီမထေရ်တွေရဲ့စကားကို ကြားရလို့ 'အရှင်ဘုရားတို့၊ နေကြပါဦး၊ တပည့်တော်ဟာ အရှင်ဘုရားတို့အတွက် အသက်ကို စွန့်ပြီး သွားပါမယ်' လို့ လျှောက်တယ်။

http://www.dhammadownload.com



'ကိုရင်၊ ငါတို့အားလုံးကို တစ်ပေါင်းတည်း အသတ်ခံရပေမယ့်လည်း သင်တစ်ပါးတည်းကို ငါတို့ မစွန့်နိုင်ကြ'

'ဘာကြောင့်ပါလဲ အရှင်ဘုရားတို့'

'ငါ့ရှင် ကိုရင်၊ သင်ဟာ တရားစစ်သူကြီး အရှင်သာရိပုတ္တရာရဲ့ ကိုရင်ပဲ။ သင့်ကို ငါတို့လွှတ်လိုက်ရင် ငါ့ကိုရင်ကိုခေါ်သွားပြီး သူခိုးတွေထံ အပ်နှင်းလိုက်တယ် လို့ အရှင်သာရိပုတ္တရာက ငါတို့ကို ကဲ့ရဲ့လိမ့်မယ်။ အဲဒီလိုကဲ့ရဲ့တာကို ငါတို့ မထုတ်ဆောင်နိုင်ဘူး။ ဒါကြောင့် သင့်ကိုမလွှတ်နိုင်ဘူး'

'အရှင်ဘုရားတို့၊ မြတ်စွာဘုရားက အရှင်ဘုရားတို့ကို တပည့်တော်ရဲ့ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာထံ လွှတ်တာနဲ့ တပည့်တော်ရဲ့ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာက တပည့်တော်ကို အရှင်ဘုရားတို့နဲ့အတူ လွှတ်လိုက်တာဟာ ဒီအကြောင်းကိုပဲမြင်လို့ လွှတ်ခဲ့တာဖြစ်ပါတယ်။ အရှင်ဘုရားတို့ နေကြပါဦး၊ တပည့်တော်ပဲ သွားပါမယ်'

သံကိစ္စသာမဏေဟာ အဲဒီရဟန်း ၃၀ ကို ရှိခိုးပြီး 'အရှင်ဘုရားတို့၊ တပည့်တော်မှာ အပြစ်ရှိရင် သည်းခံတော်မူကြပါ' လို့ လျှောက်ပြီး ထွက်သွားပါတယ်။ အဲဒီအခါ ရဟန်းတွေမှာ အကြီးအကျယ် သံဝေဂဖြစ်သွားတယ်။ မျက်စိတွေက မျက်ရည်တွေနဲ့ ပြည့်နေကြတယ်။ နှလုံးသားက တုန်လှုပ်တယ်။ အကြီးဆုံးမထေရ်က သူခိုးတွေကို 'ဥပါသကာတို့၊ ဒီကိုရင်ငယ်လေးဟာ သင်တို့ မီးမွှေးနေတာ၊ တံချွန်တွေချွန်နေတာ၊ သစ်ရွက်တွေ ခင်းနေတာတွေကို မြင်သွားရင် ကြောက်ပါလိမ့်မယ်။ ဒီကိုရင်လေးကို သင့်တော်တဲ့တစ်နေရာမှာထားပြီး အဲဒီကိစ္စအားလုံးကို ဆောင်ရွက်ကြပါ' လို့ မိန့်လိုက်ပါတယ်။ သူခိုးတွေက ကိုရင်ကိုခေါ်သွားပြီး သင့်တော်တဲ့တစ်နေရာမှာ ထားကာ ကိစ္စအားလုံးကို ဆောင်ရွက်ကြပါတယ်။

http://www.dhammadownload.com



ကိစ္စအားလုံး ပြီးတဲ့အခါ သူခိုးအကြီးအကဲက သန်လျက်ကို ထုတ်ပြီး ကိုရင်ဆီကို သွားပါတယ်။ ကိုရင်က ထိုင်ရင်း ဈာန်ဝင်စား ပြီးပဲ ထိုင်နေပါတယ်။ သူခိုးအကြီးအကဲက သန်လျက်ကိုလှည့်ပြီး ကိုရင်ရဲ့ပခုံးကို ခုတ်လိုက်ပါတယ်။ သန်လျက်က ညွှတ်ကွေးသွားပြီး အသွားချင်း ထိသွား (လိပ်ခွေသွား) ပါတယ်။ အဲဒီသူခိုးအကြီးအကဲ က 'ငါကောင်းကောင်း မခုတ်မိဘူး'လို့ ထင်ပြီး နောက်တစ်ခါ အဲဒီ သန်လျက်ကို ဖြောင့်အောင်လုပ်ပြီး ခုတ်ပါတယ်။ သန်လျက်က ထန်း ရွက်လို ရစ်ခွေကာ သန်လျက်အရိုးအရင်းကို ရောက်သွားပါတယ်။ မှန်ပါတယ်၊ အဲဒီအခါမှာ ကိုရင်ကို မြင်းမိုရ်တောင်နဲ့ ကြိတ်ချေပေမယ့် လည်း သေအောင် လုပ်နိုင်သူဆိုတာ မရှိပါ။ သန်လျက်နဲ့ဆိုတာ ပြောစရာတောင် မလိုပါ။

အဲဒီတန်ခိုးကိုမြင်လို့ သူခိုးအကြီးအကဲက 'အရင်က ငါ့ရဲ့ သန်လျက်က ကျောက်တိုင်ကိုရော ရှားငုတ်ကိုပါ သစ်ပင်အညှောက်လို ပဲ ဖြတ်သွားတယ်။ အခုတစ်ကြိမ်မှာ လိပ်ခွေသွားတယ်။ တစ်ကြိမ်မှာ ထန်းရွက်ရစ်ခွေသလို ခွေသွားတယ်။ ဒီသန်လျက်ဟာ စေတနာမရှိ ပေမယ့်လည်း ဒီကိုရင်လေးရဲ့ဂုဏ်ကို သိပါပေတယ်။ ငါက စေတနာ ရှိပေမယ့်လည်း မသိ' လို့ တွေးတယ်။ သူခိုးအကြီးအကဲဟာ သန်လျက် ကို မြေကြီးပေါ် ပစ်ချပြီး ရှင်သံကိစ္စရဲ့ခြေရင်းမှာ ရင်ဘတ်နဲ့ဝပ်စင်းကာ 'အရှင်ဘုရား တပည့်တော်တို့ဟာ ဥစ္စာရလိုလို့ တောအုပ်ကို ဝင်ခဲ့ ကြရပါတယ်။ တပည့်တော်တို့ကို အဝေးကမြင်ရင်တောင် လူတစ် ထောင်လောက်ပေမယ့် တုန်လှုပ်ကြတယ်။ စကားနှစ်ခွန်း သုံးခွန်းကို မပြောနိုင်ကြပါ။ အရှင်ဘုရားမှာတော့ ထိတ်လန့်တာတောင် မရှိပါ။ အရှင်ဘုရားရဲ့မျက်နှာဟာ ဖိုဝကရွှေနဲ့ ကောင်းကောင်းပွင့်နေတဲ့ မဟာ လှေခါးပန်းလိုပဲ တင့်တယ်ပါပေတယ်။ အဲဒါဟာ ဘာကြောင့်ပါလဲ' လို့ မေးတယ်။

http://www.dhammadownload.com



ရှင်သံကိစ္စက ချာန်မှထပြီး အဲဒီသူခိုးအကြီးအကဲအား တရား ဟောတဲ့အခါ 'ဒကာကြီး၊ ရဟန္တာရဲ့ ခန္ဓာကိုယ် အတ္တဘောဆိုတာ ဦးခေါင်းပေါ်မှာ တင်ထားရတဲ့ ဝန်နဲ့တူတယ်။ ရဟန္တာဟာ အဲဒီခန္ဓာ ကိုယ် ကွဲကွဲပျက်ပျက် နှစ်သက်တာပါပဲ၊ မကြောက်ပါ' လို့ မိန့်ပြီး ဒီလိုဆက် မိန့်ပါတယ်။

'ငဲ့ကွက်မှုမရှိတဲ့ ရဟန္တာမှာ စိတ်ဆင်းရဲမရှိ၊ သံယောဇဉ်ကုန်ပြီး တဲ့ ရဟန္တာမှာ ဘေးအားလုံးကို လွန်မြောက်ပြီးပြီ။ ဘဝတဏှာ ကုန်ပြီး တရားကို အမှန်အတိုင်းမြင်ထားရင် သေရမှာ မကြောက်တော့။ ဥပမာ ဝန်ကိုပစ်ချလိုက်ရသလိုပါပဲ'

အဲဒီသူခိုးအကြီးအကဲက ရှင်သံကိစ္စရဲ့စကားကို ကြားနာရပြီး သူခိုး ၅၀၀ ကိုကြည့်ကာ 'သင်တို့ ဘာလုပ်ကြမလဲ' လို့ မေးတယ်။

'အိုအရှင်၊ သင်ကကော ဘာလုပ်မှာပါလဲ'

'အမောင်တို့၊ ငါမှာ ဒီလိုတန်ခိုးကိုမြင်ပြီး လူ့ဘောင်မှာ အလုပ် မရှိတော့၊ ရှင်သံကိစ္စထံမှာ ကိုရင်ဝတ်မယ်'

'ကျွန်တော်တို့လည်း ကိုရင်ဝတ်ကြပါမယ်'

'အမောင်တို့ ကောင်းပြီ' လို့ ပြောပြီး သူခိုး ၅၀၀ လုံးပဲ ရှင် သံကိစ္စကို ရှိခိုးပြီး ရှင်အဖြစ်ကို တောင်းကြတယ်။ ရှင်သံကိစ္စက သူခိုးတွေရဲ့ သန်လျက်သွားတွေနဲ့ပဲ ဆံပင်တွေနဲ့ အဝတ်အမြိတ်ဆာတွေ ကိုဖြတ်တယ်။ မြေညက်အနီနဲ့ ဆေးဆိုးတယ်။ အဲဒီသင်္ကန်းကို အဝတ် ခိုင်းပြီး ၁၀ ပါးသီလ ဆောက်တည်စေတယ်။ အဲဒီကိုရင်တွေကို ခေါ်သွားတဲ့အခါ 'ငါဟာ မထေရ်တွေကို မဖူးတွေ့ဘဲ သွားမယ်ဆိုရင် အဲဒီမထေရ်တွေ ရဟန်းတရားကို အားထုတ်နိုင်ကြမှာမဟုတ်၊ မှန်တယ်၊ သူခိုးတွေ ငါ့ကိုခေါ်ယူပြီး ထွက်သွားတဲ့အချိန်ကစပြီး အဲဒီမထေရ်တွေ ထဲက တစ်ပါးကမျှ မျက်ရည်ကို မထိန်းနိုင်ကြဘူး။ ရှင်သံကိစ္စ သေလေ သလော၊ မသေသေးသလောလို့ တွေးတောနေကြလို့ ကမ္မဋ္ဌာန်းအားထုတ်

http://www.dhammadownload.com



ရတာ မဖြောင့်ဖြစ်လိမ့်မယ်။ ဒါကြောင့် အဲဒီမထေရ်တွေကို ဖူးပြီးမှ သွားမယ်' လို့ တွေးတယ်။

ရှင်သံကိစ္စဟာ အခြံအရံ ၅၀၀ နဲ့အတူ အဲဒီမထေရ်တွေထံ သွားပြီး သူ့ကိုမြင်တွေ့လိုက်ရလို့ အဲဒီမထေရ်တွေဟာ စိတ်သက်သာရာ ရသွားကြတယ်။ 'သူတော်ကောင်း သံကိစ္စ ဘယ်လိုလဲ၊ သင်ဟာ အသက်ရှင်လာသလဲ' လို့ မထေရ်တွေက မေးကြတဲ့အခါ 'မှန်ပါဘုရား၊ ဒီပုဂ္ဂိုလ်တွေက တပည့်တော်ကို သတ်ချင်ကြပေမယ့် မသတ်နိုင်ကြ လို့ တပည့်တော်ရဲ့ဂုဏ်တွေကို ကြည်ညိုကာ တရားကိုနာကြားပြီး ရှင်ဝတ်လာကြပါတယ်။ တပည့်တော်က 'အရှင်ဘုရားတို့ကို ဖူးတွေ့ပြီးမှ သာ သွားမယ်' လို့ တွေးကာ လာခဲ့ပါတယ်။ မမေ့မလျော့ ရဟန်းတရား ကို အားထုတ်ကြပါ။ တပည့်တော် မြတ်စွာဘုရားထံ သွားပါမယ်' လို့ လျှောက်တယ်။ အဲဒီမထေရ်တွေကို ရှိခိုးပြီး ကိုရင် ၅၀၀ ကိုခေါ်ကာ အရှင်သာရိပုတ္တရာထံသွားပြီး 'သံကိစ္စ ဘယ်လိုလဲ၊ သင်ဟာ တပည့်တွေ ကို ရခဲ့သလား' လို့ မေးလို့ 'မှန်ပါဘုရား' လို့ လျှောက်ကာ အဲဒီ ဖြစ်ပုံကို လျှောက်ပြပါတယ်။

'သံကိစ္စ သွားလော့၊ မြတ်စွာဘုရားကို ဖူးချေလော့' လို့ အရှင် သာရိပုတ္တရာက မိန့်လို့ 'ကောင်းပါပြီဘုရား' လို့ လျှောက်ကာ အရှင် သာရိပုတ္တရာကို ရှိခိုးပြီး အဲဒီကိုရင်တွေကို ဘုရားရှင်ထံ ခေါ်သွားပါ တယ်။ ဘုရားရှင်ကလည်း အရှင်သာရိပုတ္တရာလိုပဲ မေးလို့ လျှောက်ပြ ပါတယ်။ ဘုရားရှင်က အောက်ပါတရားကို မိန့်ကြားပါတယ်။

'သီလ၊ သမာဓိ မရှိဘဲ အသက်တစ်ရာ ရှည်ရတာထက်၊ သီလ၊ သမာဓိရှိပြီး တစ်ရက်တာမျှ အသက်ရှည်ရတာက သာလွန် မြင့်မြတ်တယ်'

ဒီတရားဒေသနာရဲ့အဆုံးမှာ အဲဒီကိုရင် ၅၀၀ ဟာ ပဋိသမ္ဘိဒါ

http://www.dhammadownload.com



တွေနဲ့တကွ ရဟန္တာဖြစ်သွားတယ်။ လာသမျှပရိသတ်တွေမှာလည်း အကျိုးရှိသွားပါတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄၂၅)

ရှင်သံကိစ္စဟာ နောက်ဆုံးဘဝပိုင်ရှင်မို့ ရဟန္တာမဖြစ်သေးသမျှ ဘယ်လောက်သတ်သတ် မသေတာကဟာ ထူးခြားပါတယ်၊ ထူးဆန်းပါတယ်။ ၇ နှစ်အရွယ်မှာ သူသေဘေးမှ လွတ်ခဲ့ပုံကိုသိပြီး သံဝေဂရကာ ကိုရင်ဝတ်သွားတာဟာ တော်သလို တစပဥ္စကကမ္မဋ္ဌာန်းနဲ့ ဦးခေါင်းတစ်ခေါင်းရိတ်ကာ အဆုံးမှာ ရဟန္တာ ဖြစ်သွားတာဟာလည်း တော်ပါပေတယ်။ ရှင်သံကိစ္စအပါအဝင် ၃၁ ပါးသော သံဃာတွေက ကိုယ့်အသက်ကို သီတင်းသုံးဖော်တွေအတွက် စွန့်လွှတ်နိုင်တာဟာလည်း အံ့ဩစရာပါပဲ။ ရှင်သံကိစ္စလေးက ရဟန်း ၃၀ အား လိုက်သွားခွင့်ပြုအောင် လျှောက်ထားတတ်တာဟာလည်း တော်ပါပေတယ်။ လိုက်သွားပါမယ်လို့ လျှောက်ထားပြီး 'တပည့်တော်မှာ အပြစ်ရှိရင် ခွင့်လွှတ်တော်မူကြပါ' လို့ ရှင်သံကိစ္စ လျှောက်သွားတာလေးဟာလည်း ကျန်ရစ်သူရဟန်းတွေအဖို့ ရင်ဆို့စရာ ဖြစ်လှပါတယ်။ ရဟန်းတွေမှာ စိတ်နှလုံးတုန်လှုပ်ကာ မျက်ရည်ကျမယ်ဆိုရင်လည်း ကျကြပေမပေါ့။

အသွားထက်လှတဲ့ သန်လျက်ထက် ရှင်သံကိစ္စရဲ့ ဈာန်သမာဓိတရားက ပိုပြီးအစွမ်းထက်နေပါတယ်။ သန်လျက်က ပိုင်ရှင်သူခိုးဗိုလ်ကြီးအား တရားပြသွားပါတယ်။ သန်လျက်က တရားပြလို့ သူခိုးဗိုလ်ကြီး တရားကျသွားပါတယ်။ သူခိုးဗိုလ်ကြီးကို လူအများက ဖိန့်ဖိန့်တုန်အောင် ကြောက်ကြပေမယ့် ရှင်သံကိစ္စလေးကတော့ နည်းနည်းလေးမှ မဖြုံပါ၊ မမှုပါ။ ကြောက်လန့်စရာကောင်းပေမယ့် နည်းနည်းလေးမှ မကြောက်မလန့်ဘဲ မျက်နှာလေး ကြည်လင်ဝင်းပနေတာဟာ အင်မတန် ကြည်ညိုစရာ ကောင်းလှပါတယ်။

ရှင်သံကိစ္စရဲ့ ဈာန်သမာဓိတန်ခိုးနဲ့ ဟောတရားက မာကျောလှ

http://www.dhammadownload.com



တဲ့ သူခိုး ၅၀၀ ရဲ့နှလုံးသားကို ပျော့ပျောင်းသွားစေပါတယ်။ လူမိုက်တွေကို လိမ္မာသွားစေပါတယ်။ လူဆိုးတွေကို လူကောင်း ဖြစ်သွားစေပါတယ်။ ယုတ်ညံ့နိမ့်ကျတဲ့ဘဝက မြင့်မြတ်အထက်တန်းကျတဲ့ဘဝသို့ ရောက်သွားစေပါတယ်။ သူခိုးတွေက ရှင်ရဟန်းဖြစ်သွားကြပါတယ်။ ရှင်သံကိစ္စသာ ပါမသွားရင် ဒီသူခိုး ၅၀၀ ဟာ ဒီလိုအကျွတ်တရားရဖို့ လွယ်ချင်မှ လွယ်ပါမယ်။ ရှင်သံကိစ္စလေးဟာ ၇ နှစ်အရွယ်မို့ ငယ်လှပေမယ့် စိတ်စွမ်းအားကတော့ ကြီးမားလှပါပေတယ်။ စိတ်စွမ်းအား ကြီးမားသူတွေဟာ အံ့သြစရာကောင်းတဲ့ ပုဂ္ဂိုလ်တွေဖြစ်သလို အံ့သြစရာ လုပ်ရပ်တွေကိုလည်း လုပ်ပြတတ်ကြပါတယ်။ လုပ်ပြနိုင်ကြပါတယ်။

http://www.dhammadownload.com

# ရှင်နိဂြောဓနဲ့ အသောကဘုရင်

အသောကမင်းဟာ အရှေ့အရပ်ကို မျက်နှာမူပြီး ခြသေ့်ခံတဲ့ လေသာပြတင်းတံခါးအနီးမှာ ခေါက်တုံ့ခေါက်ပြန် စင်္ကြံသွားနေတယ်။ အဲဒီခဏမှာပဲ ၇ နှစ်အရွယ်ရှိ နိဂြောဓသာမဏေလေးက မင်းရင်ပြင်ကို ရောက်လာတယ်။ နိဂြောဓသာမဏေလေးက မျက်စိစတဲ့ ဣန္ဒြေတွေ ငြိမ်သက်တယ်၊ စိတ်ငြိမ်တယ်၊ မျက်စိက ရှေ့ထမ်းပိုးတစ်ခုစာ အရပ်ကို ကြည့်တယ်၊ သွားလာပုံက ကြည်ညိုဖွယ်ကောင်းတယ်။ အသောကမင်းဟာ နိဂြောဓသာမဏေလေးကို မြင်သွားတယ်။ မြင်မြင်ချင်းပဲ ကြည်ညိုသွားတယ်။ ချစ်ခင်သွားတယ်။

နိဂြောဓသာမဏေလေးကို မြင်တွေ့ရပြီး အသောကမင်းမှာ ဒီလိုစဉ်းစားမိတယ်။

'ဒီနန်းတော်ရင်ပြင်မှာ သွားလာနေကြတဲ့ လူတွေဟာ စိတ်ကလည်း မငြိမ်သက်၊ ပျံ့လွင့်နေတယ်။ ခန္ဓာကိုယ်လည်း ယောက်ယက်ခတ်နေတယ်။ ကြောက်လန့်တုန်လှုပ်နေတဲ့ သမင်နဲ့ တူနေတယ်။ ဒီကလေးကတော့ စိတ်လည်း မပျံ့လွင့်ဘူး၊ တည်ငြိမ်တယ်။ ဒီကလေးရဲ့ ကြည့်ပုံ၊ ကြွေးပုံ၊ ဆန့်ပုံ အမူအရာဟာလည်း အလွန်ပဲ တင့်တယ်တယ်။ ဒီကလေးရဲ့အတွင်းသန္တာန်မှာ လောကုတ္တရာတရားထူး ရှိမှာအမှန်ပဲ'

အသောကမင်းရဲ့ ဒီအတွေးဟာ မှန်နေပါတယ်။ နိဂြောဓသာမဏေလေးဟာ ရဟန္တာဖြစ်ပြီးပါပြီ။ နိဂြောဓမင်းသားလေး အသက် ၇ နှစ်ရှိတဲ့အခါ မဟာဝရုဏဆိုတဲ့ ရဟန္တာမထေရ်က နိဂြောဓမင်းသား

http://www.dhammadownload.com



လေးရဲ့ ရဟန္တာဖြစ်နိုင်တဲ့ ရေးကံအကြောင်းကို မြင်လို့ စောင့်ရှောက်ပြီး နေလာခဲ့ရာ 'အခု နိဂြောဓမင်းသားလေးဟာ အသက် ၇ နှစ် ရှိပြီ၊ သူ့ကို ရှင်ပြုပေးဖို့ အချိန်တန်ပြီ' လို့ တွေးကာ နိဂြောဓရဲ့မိခင် သုမနာ မင်းသမီးအား ပြောကြားစေပြီး နိဂြောဓမင်းသားလေးကို ရှင်ပြုပေးလိုက်ပါတယ်။ တစပဥ္စကကမ္မဋ္ဌာန်းပေးပြီး ရှင်ပြုရာမှာ ဦးခေါင်းရိတ်ပြီးချိန်မှာပဲ နိဂြောဓလေးဟာ ရဟန္တာဖြစ်သွားပါတယ်။ နိဂြောဓသာမဏေလေးဟာ တစ်နေ့မှာ နံနက်စောစောပဲ ကိုယ်လက်သုတ်သင်ပြီး ဆရာဥပဇ္ဈာယ်တွေအပေါ် ပြုလုပ်ပေးရမယ့်ဝတ္တရားကို ပြုလုပ်၍ သပိတ်၊ သင်္ကန်းကိုယူကာ 'မယ်တော်ဒကာမကြီးရဲ့ အိမ်တံခါးကို သွားမယ်' လို့ ကြံရွယ်ပြီး ထွက်လာခဲ့ပါတယ်။ သူ့မယ်တော်နေရာကို တောင်ဘက် တံခါးကနေ ပါဋလိပုတ်မြို့ထဲဝင်ကာ မြို့ရဲ့အလယ်လမ်းက သွားပြီး အရှေ့တံခါးမှထွက်ကာ သွားရမှာဖြစ်ပါတယ်။

အဲဒီလို သွားရာမှာ အသောကမင်းက မြင်သွားတာ ဖြစ်ပါတယ်။ မြင်သွားတဲ့အခါ အသောကမင်းမှာ နိဂြောဓသာမဏေလေးအပေါ် ချစ်ခင်မြတ်နိုးမှုတွေ များစွာဖြစ်ပေါ်လာလို့ 'အဲဒီ ကိုရင်လေးကို သွားခေါ်ကြပါ' လို့ ပြောပြီး အမတ်တွေကို စေလွှတ်ပါတယ်။ အဲဒီအမတ်တွေဟာ သိပ်ကြာတာပဲလို့ထင်ပြီး နောက်ထပ် အမတ် ၂ ယောက်၊ ၃ ယောက် လွှတ်ကာ 'မြန်မြန်ကြွလာပါ' လို့ အလျှောက်ခိုင်းတယ်။ နိဂြောဓသာမဏေလေးက သူ့ပုံမှန်အတိုင်းပဲ ကြွလာပါတယ်။ အသောကမင်းက 'သင့်တော်တဲ့နေရာကို သိပြီး ထိုင်တော်မူပါ' လို့ ပြောပါတယ်။ နိဂြောဓသာမဏေလေးက ဟိုဟိုဒီဒီကြည့်ပြီး 'အခု အခြားရဟန်းတွေ မရှိဘူး' လို့ သိလို့ ထီးဖြူစိုက်ထူထားတဲ့ မင်းရဲ့ပလ္လင်ဆီကို သွားပါတယ်။ သူ့သပိတ်ကို ယူဖို့ရာ မင်းအား အမူအရာပြပါတယ်။

အသောကမင်းက ရာဇပလ္လင်အနီးကို ကြွသွားနေတဲ့ နိဂြောဓသာမဏေလေးကို ကြည့်ပြီး 'အခု ဒီနေ့ပဲ ဒီသာမဏေလေးဟာ ဒီ

http://www.dhammadownload.com



နန်းတော်ရဲ့ ပိုင်ရှင်ဖြစ်လိမ့်မယ်' လို့ တွေးနေမိပါတယ်။ သာမဏေလေးက မင်းရဲ့လက်မှာ သပိတ်ပေးပြီး ပလ္လင်ပေါ်တက်ကာ ထိုင်နေပါတယ်။ မင်းက သူ့အတွက် ချက်ပြုတ်စီစဉ်ထားတဲ့ ယာဂု၊ ခဲဖွယ်၊ ထမင်းစားဖွယ် အထူးအားလုံးကို သာမဏေလေးအား ဆက်ကပ်လိုက်ပါတယ်။ သာမဏေလေးဟာ သူနဲ့မျှရုံလောက်ကိုသာ လက်ခံပါတယ်။ ဆွမ်းကိစ္စအပြီးမှာ အသောကမင်းက 'အရှင်ဘုရားတို့ရဲ့ဆရာက ပေးတဲ့ အဆုံးအမကို သိပါသလား' လို့ မေးလျှောက်ပါတယ်။ 'မင်းကြီး၊ တစ်စိတ်တစ်ဒေသအားဖြင့် သိပါတယ်' လို့ သာမဏေလေးက မိန့်တဲ့အခါ 'သာမဏေလေး၊ တပည့်တော်အားလည်း အဲဒီအဆုံးအမကို ဟောပြတော်မူပါ' လို့ မင်းက လျှောက်ပါတယ်။ 'ကောင်းပြီ မင်းကြီး' လို့ ပြောပြီး မင်းနဲ့သင့်တော်မယ့် ဓမ္မပဒလာ အပ္ပမာဒဝဂ်ကို ဝမ်းမြောက်ဝမ်းသာဖြစ်စေရန် သာမဏေလေးက ဟောပါတယ်။

အသောကမင်းက 'အပ္ပမာဒေါ အမတပဒံ၊ ပမာဒေါ မစ္စုနော ပဒံ၊ သတိရှိမှုဟာ မသေရာနိဗ္ဗာန်ရောက်ကြောင်းပဲ။ သတိကင်းလွတ်မှုဟာ သေခြင်းရဲ့အကြောင်းပဲ' ဆိုတဲ့စကားကို ကြားရုံနဲ့ပဲ

'ကိုရင်လေး၊ တပည့်တော် သိပါပြီ၊ တရားအဆုံးသတ်တော်မူပါ'လို့ လျှောက်ပါတယ်။

'ကိုရင်လေး၊ အရှင်ဘုရားအား အမြဲ ဆွမ်းအုပ် ၈ အုပ် လှူပါတယ်'

'မင်းကြီး၊ အဲဒီဆွမ်း ၈ အုပ်ကို ဥပဇ္ဈာယ်ဆရာအား လှူပါတယ်'

'ကိုရင်လေး၊ အဲဒီဥပဇ္ဈာယ်ဆိုတာ ဘယ်သူပါလဲ'

'မင်းကြီး၊ အပြစ်ငယ်၊ အပြစ်ကြီးကို မြင်တဲ့အခါ အပြစ်တင်၊ သတိပေးတတ်သူပဲ'

'ကိုရင်လေး၊ အရှင်ဘုရားအား နောက်ထပ် ဆွမ်း ၈ အုပ် လှူပါတယ်'

http://www.dhammadownload.com



'မင်းကြီး၊ ဒီဆွမ်း ၈ အုပ်ကို ဆရာအား လှူပါတယ်'

'ကိုရင်လေး၊ အဲဒီဆရာဆိုတာ ဘယ်သူပါလဲ'

'မင်းကြီး၊ သာသနာမှာ ဘုရားစကားတော်တွေကို သင်ပြပေးပြီး သီလစတဲ့ အကျင့်တွေကို ကျင့်တတ်အောင် သင်ပြပေးသူပဲ'

'ကိုရင်လေး၊ ကောင်းပါပြီ။ အရှင်ဘုရားအား နောက်ထပ် ဆွမ်း ၈ အုပ် လှူပါတယ်'

'မင်းကြီး၊ အဲဒီဆွမ်း ၈ အုပ်ကိုလည်း ရဟန်းအပေါင်းအား လှူပါတယ်'

'ကိုရင်လေး၊ အဲဒီရဟန်းအပေါင်းဆိုတာ ဘယ်သူပါလဲ'

'မင်းကြီး၊ ကိုရင်လေးရဲ့ ဆရာ၊ ဥပဇ္ဈာယ်တွေ ရှင် ရဟန်းအဖြစ် ရောက်လာအောင်ကိုရင်လေး ဒီလိုကိုရင်ဖြစ်လာအောင် လုပ်ပေးသူတွေပဲ'

အသောကမင်းမှာ အတိုင်းထက်အလွန် စိတ်မှာ ကျေနပ်လာလို့ ဒီလို လျှောက်ပြန်ပါတယ်။

'ကိုရင်လေး၊ အရှင်ဘုရားအား နောက်ထပ်ဆွမ်း ၈ အုပ်ကို လည်း လှူပါတယ်'

ကိုရင်လေးက ကောင်းပြီလို့ လက်ခံပြီး နောက်တစ်နေ့မှာ ရဟန်း ၃၂ ပါးကို ပင့်ကာ နန်းတော်တွင်းမှာ ဆွမ်းဘုဉ်းပေးပါတယ်။ အသောကမင်းက 'နက်ဖြန်ခါ အရှင်ဘုရားနဲ့အတူ နောက်ထပ် ရဟန်း အပါး ၃၂ ပါးလည်း ဆွမ်းခံယူတော်မူပါ' လို့ လျှောက်ပါတယ်။ အဲဒီနည်းနဲ့ပဲ နေ့တိုင်း နေ့တိုင်း နှစ်ဆတိုးစေကာ ၆ သောင်းသော ပုဏ္ဏား၊ ပရိဗိုဇ်စသူတွေရဲ့ဆွမ်းကို ဖြတ်တောက်ပြီး နိဂြောဓထေရ်အပေါ် ကြည်ညိုတဲ့ သဒ္ဓါတရားကြောင့်ပဲ နန်းတော်တွင်းမှာ ရဟန်း ၆ သောင်းအား အမြဲဆွမ်းလှူပါတယ်။ နိဂြောဓထေရ်ဟာလည်း ပရိသတ် နှင့်တကွ အသောကမင်းကို သရဏဂုံသုံးပါး၊ ငါးပါးသီလတွေမှာ တည်စေပြီး ဗုဒ္ဓသာသနာအပေါ် ပုထုဇဉ်သဒ္ဓါနဲ့ မတုန်မလှုပ် ယုံကြည်

http://www.dhammadownload.com



လာအောင် လုပ်ပေးပါတယ်။ ပြီးတော့ အသောကမင်းဟာ အသောကာရုံ ကျောင်းတော်ကြီးကို ဆောက်လုပ်စေကာ ရဟန်း ၆ သောင်းအား ဆွမ်းအမြဲလှူပါတယ်။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ မြို့ပေါင်း ၈ သောင်း ၄ ထောင်မှာ ကျောင်းပေါင်း ၈ သောင်း ၄ ထောင်နဲ့ စေတီပေါင်း ၈ သောင်း ၄ ထောင်ကို တရားသဖြင့်သာ ပြုလုပ်စေပါတယ်။ မတရားသဖြင့် မပြုလုပ်စေပါ။

အသောကရဲ့ဖခင် ဗိန္ဒုသာရမင်းမှာ သားတော် ၁၀၁ ပါး ရှိပါတယ်။ အသောကဟာ အမေတူ တိဿမင်းသားကို ချန်ထားပြီး ကျန်မင်းသားအားလုံးကို သတ်ပစ်လိုက်ပါတယ်။ သတ်ပြီး ၄ နှစ်အကြာ အဘိသိက်မခံဘဲနဲ့ မင်းလုပ်ခဲ့တယ်။ ၄ နှစ်လွန်ပြီးမှ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် ၂၁၈ နှစ်မြောက် ရောက်တဲ့အခါ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ဧကရာဇ်အဖြစ် (တစ်ဦးတည်းသောမင်းအဖြစ်) အဘိသိက်သွင်းခံခဲ့ပါတယ်။ အသောကမင်းဟာ အဘိသိက်သွင်းပြီး ၃ နှစ်သာ သာသနာပ အယူဝါဒကို စုံစမ်းရင်း လက်ခံခဲ့ပါတယ်။ ၄ နှစ်မြောက်မှာ ဘုရားသာသနာအပေါ် ကြည်ညိုလာခဲ့ပါတယ်။ အသောကမင်းရဲ့ ခမည်းတော် ဗိန္ဒုသာရမင်းဟာ ပုဏ္ဏားတွေကို ကိုးကွယ်ဆည်းကပ်ခဲ့ပါတယ်။ ဗိန္ဒုသာရမင်းဟာ ပုဏ္ဏားတွေရော အဝတ်ဖြူဝတ် ပရိဗိုဇ်စသူတွေပါ ၆ သောင်းအား အမြဲဆွမ်းလှူပါတယ်။

အသောကမင်းကလည်း ခမည်းတော် ဗိန္ဒုသာရမင်း လှူခဲ့တဲ့အလှူကို သူ့နန်းတော်တွင်းမှာ သူ့ခမည်းတော် လှူခဲ့တဲ့အတိုင်းပဲ လှူနေတုန်း တစ်နေ့မှာ ခြသေ့ရုပ်ခံတဲ့ လေသာနန်းတံခါးမှာ ရပ်ကာ အဲဒီပုဏ္ဏား၊ ပရိဗိုဇ်စသူတွေရဲ့ ငြိမ်သက်မှုမရှိပုံ၊ ကုန္ဒြေစောင့်စည်းမှုမရှိပုံ၊ သွားလာလှုပ်ရှားမှု မယဉ်ကျေးပုံတွေကို တွေ့ရလို့ 'ဒီလောက်များပြားတဲ့အလှူကို စူးစမ်းနှိုင်းချိန်ပြီး သင့်တော်ရာမှာ ပေးလှူသင့်တယ်' လို့ ကြံတယ်။ ကြံပြီး 'အမောင်တို့၊ သွားကြပါ၊ သင်တို့ရဲ့

http://www.dhammadownload.com



သူတော်ကောင်းအမည်ခံ ရဟန်း ပုဏ္ဏားတွေကို နန်းတော်တွင်းကို ပင့်ခဲ့ကြပါ။ လှူကြမယ်' လို့ ပြောလိုက်ပါတယ်။ အမတ်တွေက 'ကောင်းပါပြီ အရှင်မင်း' လို့ လျှောက်ထားပြီး ဟိုဟိုဒီဒီ အဝတ်ဖြူဝတ် ပရိဗိုဇ်၊ အာဇီဝက၊ နိဂဏ္ဌစသူတွေကို ပင့်ဆောင်ပြီး 'အရှင်မင်းကြီး၊ ဒီပုဂ္ဂိုလ်တွေဟာ ကျွန်တော်တို့ရဲ့ ရဟန္တာတွေပါ' လို့ ပြောကြပါတယ်။

အဲဒီအခါ အသောကမင်းက နန်းတော်တွင်းမှာ အနိမ့် အမြင့် နေရာထိုင်ခုံတွေကို ခင်းခိုင်းကာ 'လာကြပါ' လို့ လျှောက်ထားပြီး လာလာသမျှသူတွေကို 'မိမိနဲ့ သင့်တော်မယ့်နေရာမှာ ထိုင်ကြပါ' လို့ ပြောပါတယ်။ အဲဒီပုဂ္ဂိုလ်တွေထဲက တချို့က ကြိမ်ကုလားထိုင် အကောင်းတွေပေါ်မှာ ထိုင်ပြီး တချို့ ပျဉ်ချပ်ထိုင်ခုံတွေပေါ်မှာ ထိုင်ကြပါတယ်။ အသောကမင်းက အဲဒီပုဂ္ဂိုလ်တွေကို ကြည့်ပြီး 'ဒီပုဂ္ဂိုလ်တွေရဲ့ အတွင်းသန္တာန်မှာ သီလစတဲ့ အနှစ်မရှိဘူး' လို့ သိကာ သူတို့နဲ့ သင့်တော်တဲ့ စားဖွယ် ခဲဖွယ်တွေကိုလှူကာ ပြန်လွှတ်လိုက်ပါတယ်။

အဲဒီလိုနဲ့ အချိန်ကြာလာတဲ့အခါ တစ်နေ့မှာ အသောကမင်းက ခြသေ့်ခံတဲ့ လေသာပြတင်းတံခါးအနီးမှာ ရပ်ရင်း မင်းရင်ပြင်မှာ ကြည်ညိုဖွယ်ရာ အနေအထားနဲ့ ကြွသွားနေတဲ့ နိဂြောဓသာမဏေလေးကို တွေ့သွားတာ ဖြစ်ပါတယ်။ ဒီနိဂြောဓသာမဏေလေးဟာ ဘယ်သူပါလဲ၊ ဗိန္ဒုသာရမင်းရဲ့ အကြီးဆုံးသားဖြစ်တဲ့ သုမနမင်းသားရဲ့ သားတော် ဖြစ်ပါတယ်။

အသောကမင်းသားဟာ အဝန္တိတိုင်းကို အုပ်စိုးခဲ့ပါတယ်။ ဗိန္ဒုသာရမင်းက စေလွှတ်လို့ ပါဋလိပုတ်ကနေ ၅၀ ယူဇနာရဲ့အထက်မှာ ရှိတဲ့ ဝေဋိသမြို့ကို ရောက်သွားပါတယ်။ ဝေဋိသမြို့ဟာ ဝိဋူဍဘအေး ကြောင့် ပြေးလာတဲ့ သာကီဝင်တွေရဲ့နေရာဖြစ်တယ်။ အသောကမင်းသားဟာ အဲဒီမြို့ကို ရောက်တဲ့အခါ ဝေဋိသအမည်ရှိတဲ့ သူဌေးသမီးကိုယူတယ်။ ဥဇ္ဇေနီမင်းနေပြည်တော်မှာ မင်းလုပ်အုပ်ချုပ်ရင်း မဟိန္ဒ

http://www.dhammadownload.com



မင်းသားလေးနဲ့ သံဃမိတ္တာမင်းသမီးလေးကို ရတယ်။ သူတို့နဲ့အတူ မင်းစည်းစိမ်ချမ်းသာကို ခံစားနေရင်း ခမည်းတော် ဗိန္ဒုသာရမင်း မကျန်းမာကြောင်းကို ကြားရတယ်။ ဥဇ္ဇေနီပြည်ကို စွန့်ခဲ့တယ်။ ပါဋလိပုတ်ကို အမြန်သွားတယ်။ ခမည်းတော်ကို ပြုစုတယ်။ ခမည်းတော် နတ်ရွာစံတဲ့အခါ တိုင်းပြည်ကို ယူတယ်။ အဲဒီအကြောင်းကို ကြားလို့ သုမနမင်းသားက စိတ်ဆိုးပြီး 'ဒီနေ့ ငါသေရင်လည်း သေ၊ မင်းရင်လည်း ဖြစ်'လို့ ကြုံးဝါးကာ ညီတော် ၉၈ ယောက် ခြံရံပြီး သမုဒ္ဒရာထဲက ရေလှိုင်းအပေါင်းပမာ လွှမ်းမိုးကာ ချဉ်းကပ်တယ်။ ဒါကြောင့် အသောကက စစ်မြေပြင်ကို ပြေးသွားပြီး ရန်သူတွေကို နှိမ်နင်းတယ်။ သုမနမင်းသားကို ဖမ်းပြီး သတ်လိုက်တယ်။

အဲဒီနေ့မှာပဲ သုမနမင်းသားရဲ့ မိဖုရား သုမနာမှာ ကိုယ်ဝန် အရင့်အမာ ရှိနေတယ်။ သုမနာမိဖုရားဟာ လူဆင်းရဲယောင်ဆောင်ပြီး ထွက်သွားတယ်။ အနီးက စဏ္ဍာလရွာတစ်ရွာကို ရည်မှန်းပြီး သွားတယ်။ အကြီးအမှူး စဏ္ဍာလရဲ့ အိမ်အနီးက ပညောင်ပင်တစ်ပင်မှာ စိုးအုပ်နေတဲ့ နတ်က 'သုမနာ၊ ဒီအရပ်ကို လာ' လို့ ပြောတယ်။ အဲဒီအသံကိုကြားရလို့ အဲဒီနတ်ရဲ့အနီးကို သွားတယ်။ နတ်က သူ့ရဲ့ အစွမ်းနဲ့ ဇရပ်တစ်ဆောင် ဖန်ဆင်းပြီး 'ဒီအရပ်မှာ နေ'လို့ ပြောပြီး ပေးတယ်။ သုမနာက အဲဒီဇရပ်ထဲကို ဝင်သွားတယ်။ အဲဒီ ရောက်တဲ့ နေ့မှာပဲ သားဖွားတယ်။ သုမနာက သားလေးကို 'နိဂြောဓ'လို့ နာမည် ပေးတယ်။ အကြောင်းကတော့ သားလေးကို ပညောင်ပင်စောင့်နတ်က သိမ်းပိုက်ထားလို့ပါပဲ။ အကြီးအမှူး စဏ္ဍာလက မြင်တွေ့ရတဲ့နေ့ကစပြီး သုမနာကို သူ့အရှင်သခင်ရဲ့သမီးလို မှတ်ယူကာ စားဖွယ်၊ သောက်ဖွယ်တွေကို အမြဲပေးတယ်။ သုမနာဟာ အဲဒီအရပ်မှာ ၇ နှစ်နေတယ်။ နိဂြောဓမင်းသားလေးလည်း အသက် ၇ နှစ် ရှိသွားပြီ။ အဲဒီအချိန်မှာ ဝရုဏရဟန္တာမထေရ်က နိဂြောဓမင်းသားလေးကို ရှင်ပြုပေးလိုက်တယ်။

(ဓိ၊ ၌၊ ၁၊ ၃၂)

http://www.dhammadownload.com



## ရှင်နိဂြောဓရဲ့ ရှေးကံ

အသောကမင်းဟာ နိဂြောဓသာမဏေလေးအပေါ် ချစ်ခင်ကြည်ညိုသွားရာမှာ အကြောင်းရှိပါတယ်။ ရှေးဘဝတစ်ခုမှာ ပျားရည်ကုန်သည်ညီနောင် ၃ ယောက် ရှိပါတယ်။ အကြီး ၂ ယောက်က ပျားရည်ကိုတောထဲမှာ ဆောင်ယူကြတယ်၊ အငယ်ဆုံးကတော့ ပျားရည်ရောင်းတယ်။ တစ်နေ့မှာ အကြီးနှစ်ယောက် မရှိခိုက် ပစ္စေကဗုဒ္ဓါတစ်ပါးကြွလာပြီး ပျားရည်ဆွမ်းခံရင်း မြို့ထဲကို ဝင်လာတယ်။ ဖျော့တော့တဲ့ရောဂါနှိပ်စက်ခံနေရတဲ့ အခြားပစ္စေကဗုဒ္ဓါတစ်ပါးအတွက် ဝင်လာခြင်းဖြစ်တယ်။ ရေခပ်သွားတဲ့ ကျွန်မိန်းမတစ်ယောက်က မြင်လို့ ပျားရည်ကုန်သည်တွေနေရာအရပ်ကို ကြွပါလို့ လျှောက်ပြီး လက်ကိုဆန့်တန်းကာ ပျားရည်ဈေးကို ညွှန်ပြလိုက်တယ်။ အဲဒီပစ္စေကဗုဒ္ဓါကလည်းအဲဒီဈေးကို ကြွသွားတယ်။ အငယ်ဆုံးက ပစ္စေကဗုဒ္ဓါကို ဖူးတွေ့ရလို့ဝမ်းသာကြည်နူးသွားတယ်။ ဘာအတွက် ကြွလာပါသလဲလို့ မေးတယ်။ အဲဒီအကြောင်းကို သိရလို့ သပိတ်ကိုယူပြီး ပျားရည်တွေ သပိတ်မှာပြည့်လျှံသွားအောင် လောင်းလှူလိုက်တယ်။ သပိတ်နှုတ်ခမ်းက လျှံကျလာတဲ့ ပျားရည်တွေကို ကြည့်ပြီး ကြည်ညိုစိတ်တွေ ဖြစ်ပွားနေတယ်။ 'အရှင်ဘုရား၊ တပည့်တော်ဟာ ဒီကောင်းမှုကြောင့် ဇမ္ဗူဒိပ်မှာ အထက်ကောင်းကင်မှာ တစ်ယူဇနာ၊ အောက်မြေကြီးမှာ တစ်ယူဇနာ အာဏာပျံ့နှံ့တဲ့ ဧကရာဇ်မင်း ဖြစ်ရလိုပါ၏' လို့ ဆုတောင်းလိုက်တယ်။ သူက အသောကမင်း ဖြစ်လာတယ်။

ပစ္စေကဗုဒ္ဓါဟာ 'ဥပါသကာ၊ သင်ဆုတောင်းတိုင်း ဖြစ်ပါစေ' လို့ မိန့်ပြီး ဂန္ဓမာဒနတောင်ကို ကြွကာ ရောဂါရှင်ပစ္စေကဗုဒ္ဓါအား ဆေးကုပေးတယ်။ ညီအငယ်ဆုံးက ပျားရည်လှူပြီး အိမ်မှာ ထိုင်နေတယ်။ နောင်တော်နှစ်ယောက် တောကပြန်လာတာကို မြင်ရတဲ့အခါ

http://www.dhammadownload.com



'နောင်တော်တို့၊ သင်တို့ရဲ့စိတ်ကို ကြည်ကြည်လင်လင် ထားကြပါ၊ သင်တို့အတွက်ရော ငါ့အတွက်ပါ ပျားရည်ကို ပစ္စေကဗုဒ္ဓါတစ်ပါးအား သပိတ်အပြည့် လောင်းလှူလိုက်ပါတယ်' လို့ ပြောတယ်။ နောင်တော်ကြီးက စိတ်ဆိုးပြီး 'ဒွန်းစဏ္ဍားတွေလည်း သင်္ကန်းကို ဝတ်ကြတာပဲ၊ သင့်ရဲ့လက်ထဲက ပျားရည်ကို ခံယူသွားသူဟာ ဒွန်းစဏ္ဍားများ ဖြစ်လေမလား'လို့ ပြောလိုက်မိတယ်။ နောင်တော်အငယ်က စိတ်ဆိုးပြီး 'သင့်ရဲ့ ပစ္စေကဗုဒ္ဓါကို သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းမှာ ပစ်ချလိုက်ပါလား'လို့ ပြောလိုက်မိတယ်။ နောက်တော့ ညီငယ်က ပြောပြတဲ့ ဒါနအကျိုးနဲ့ ပတ်သက်တဲ့စကားကို ကြားနာရလို့ ဝမ်းမြောက်ဝမ်းသာစိတ်တွေသာ နောင်တော်နှစ်ယောက်မှာ ဖြစ်နေကြပါတယ်။ အိုးထိန်းကျွန်မ (ရေခပ်ကျွန်မ) က 'ပျားရည်လှူသူ ညီအငယ်ဆုံးရဲ့ မိဖုရားခေါင်ကြီး ဖြစ်ရပါလို၏' လို့ ဆုတောင်းတယ်။ ကျွန်မက အလွန်ရုပ်လှပတင့်တယ်တဲ့ အသန္ဓိမိတ္တာ မိဖုရားခေါင်ကြီး ဖြစ်လာတယ်။ သမုဒ္ဒရာရဲ့တစ်ဖက်ကမ်းမှာ ပစ်လိုက်ပါလားလို့ ပြောတဲ့ နောင်တော်အလတ်က သမုဒ္ဒရာရဲ့ တစ်ဖက်ကမ်းရှိ သီဟိုဠ်ကျွန်းမှာ တန်ခိုးကြီးတဲ့ ဒေဝါနံပိယတိဿမင်း ဖြစ်လာတယ်။ နောင်တော်အကြီးက ဒွန်းစဏ္ဍားလို့ပြောမိလို့ ဒွန်းစဏ္ဍားရွာမှာ မွေးဖွားတဲ့ နိဂြောဓသာမဏေ ဖြစ်လာတယ်။

(သာရတ္ထ၊ ပ၊ ၁၂၉)

တစ်ဦးအပေါ်တစ်ဦး ချစ်ခင်မှု ဖြစ်ကြရာမှာ အကြောင်း ၂ မျိုး ရှိတယ်။

၁။ ဒီဘဝမှာ တစ်ဦးအကျိုးကို တစ်ဦးက ဆောင်ပေးခြင်း၊

၂။ ရှေးဘဝမှာ မိဘ၊ သားသမီး၊ ညီအစ်ကို၊ ညီအစ်မ၊ မောင်နှမ၊ ဇနီးခင်ပွန်း၊ မိတ်ဆွေသူငယ်ချင်းအဖြစ်နဲ့ တစ်နေရာတည်းမှာ အတူနေခဲ့ဖူးခြင်းတို့ ဖြစ်ပါတယ်။

နိဂြောဓသာမဏေလေးနဲ့ အသောကမင်းတို့ဟာ ရှေးဘဝက

http://www.dhammadownload.com



ညီအစ်ကိုအဖြစ်နဲ့ အတူနေခဲ့ရုံမက ကောင်းမှုလည်း ပြုခဲ့ကြပါတယ်။ ဒါကြောင့် အသောကမင်းဟာ နိဂြောဓသာမဏေလေးကို မြင်မြင်ချင်း တူတော်စပ်မှန်းမသိဘဲနဲ့ ချစ်ခင်ကြည်ညိုခဲ့ခြင်း ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ရေးရေစက်ရှိခဲ့ကြသူတွေဖြစ်ပါတယ်။ ဒီလို ရေးရေစက်ရှိခဲ့လို့ မြင်မြင်ချင်း ချစ်ခင်သွားကြသူတွေဟာ နည်းကြမယ် မဟုတ်ပါ။ ရှေးကလည်း ရှိခဲ့ကြပါတယ်။ ယခုလည်း ရှိနေပါတယ်။ နောင်လည်း ရှိနေကြဦးမှာပါပဲ။

နိဂြောဓသာမဏေလေးနဲ့ အသောကမင်းရဲ့ အကြောင်းအရာထဲမှာ မှတ်သားစရာလေးတွေကို ပြောချင်ပါတယ်။ နိဂြောဓသာမဏေရဲ့ လှုပ်ရှားပုံ အမူအရာဟာ အသောကရဲ့ စိတ်နှလုံး သိမ်းကျုံးဆွဲဆောင်နိုင်တာကို တွေ့ရပါတယ်။ ဗုဒ္ဓသာသနာ ပြန့်ပွားစေလိုတဲ့ ရဟန်းသာမဏေတိုင်းဟာ နိဂြောဓလို ကြည်ညိုဖွယ်အမူအရာရှိအောင် အမြဲပဲ သတိမူသင့်ကြပါတယ်။ နိဂြောဓသာမဏေလေးရဲ့ အပ္ပမာဒတရားဟာ အသောကရဲ့ စိတ်အစဉ်မှာ အမှောင်ကိုခွင်းပြီး အလင်းကိုဆောင်ပေးခဲ့ပါတယ်။ အပ္ပမာဒတရားဟာ စွမ်းအားကြီးမားလှပါပေတယ်။ အသောကမင်း ဗုဒ္ဓသာသနာအပေါ် ကြည်ညိုလာအောင် ဆောင်ရွက်ခဲ့တဲ့ နိဂြောဓသာမဏေလေးဟာ အင်မတန်မှ လေးစားစရာ၊ အတုယူစရာ ကောင်းလှပါတယ်။ အင်မတန် ကျေးဇူးတင်စရာလည်း ကောင်းလှပါတယ်။

အသောကမင်းဟာ ဗုဒ္ဓသာသနာတော်ရောင် ထွန်းပြောင်လာအောင် အလွန်ပဲ စွမ်းဆောင်နိုင်ပါပေတယ်။ ကိုးတိုင်း ကိုးဌာန သာသနာပြုတွေ ပို့လွှတ်ပေးတဲ့ အသောကမင်းဆရာဖြစ်တဲ့ မောဂ္ဂလိပုတ္တတိဿမထေရ်ရဲ့ အမြော်အမြင်ဟာလည်း ဗုဒ္ဓသာသနာတော်ရောင် ပိုမိုထွန်းပြောင်စေခဲ့ပါတယ်။ အသောကမင်းဆရာ တိဿထေရ်ဟာ မြန်မာဗုဒ္ဓသာသနာဝင်တွေရဲ့ ကြီးမားလှတဲ့ ကျေးဇူးရှင် ဖြစ်ပါတယ်။

http://www.dhammadownload.com



မြန်မာဗုဒ္ဓသာသနာဝင်တွေ ဗုဒ္ဓသာသနာကို ဒီလိုကိုးကွယ်ဆည်းကပ်ခွင့် ရနေတာဟာ အသောကမင်းဆရာတိဿထေရ်ရဲ့ ကျေးဇူးကြောင့်ပါပဲ။ မြန်မာဗုဒ္ဓသာသနာဝင်တွေရဲ့ ကျေးဇူးရှင်တွေထဲမှာ အသောကမင်းဆရာတိဿထေရ်သာ ပါတာမဟုတ်ပါ။ အသောမင်းရယ်၊ အသောကမင်းရဲ့ဆရာ နိဂြောဓသာမဏေလေးရယ်၊ နိဂြောဓရဲ့ဆရာ မဟာဝရုဏထေရ်ရဟန္တာရယ် ပါပါသေးတယ်။

မောဂ္ဂလိပုတ္တတိဿရဟန္တာထေရ်၊ မဟာဝရုဏရဟန္တာထေရ်၊ နိဂြောဓ ရဟန္တာသာမဏေလေးနဲ့ အသောကမင်းတို့ဟာ မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေရဲ့ ကျေးဇူးရှင်တွေသာ မဟုတ်သေးပါ။ ကိုးတိုင်း ကိုးဌာနက ဗုဒ္ဓသာသနာဝင်တွေအားလုံးရဲ့ ကျေးဇူးရှင်တွေလည်း ဖြစ်ကြပါတယ်။ မြင်မြင်ချင်း မေတ္တာသက်ဝင်ချစ်ခင်ခဲ့တဲ့ အသောကမင်းရဲ့ မေတ္တာက ပေါက်ဖွားလာတဲ့ အကျိုးတရားတွေကတော့ များပြားလှပါပေတယ်။ နိဂြောဓသာမဏေလေးဟာ အသောကမင်းရဲ့ ဓရာမကျေးဇူးရှင် ဖြစ်သလို မြန်မာဗုဒ္ဓသာသနာဝင်တွေရဲ့ ဓရာမကျေးဇူးရှင်လည်း ဖြစ်ပါတယ်။ နိဂြောဓသာမဏေလေး ဟောခဲ့တဲ့ အပ္ပမာဒတရားဟာ ယခု ဗုဒ္ဓသာသနာဝင်အားလုံးအပေါ် ကျေးဇူးပြုဆဲဖြစ်ရပါတယ်။

http://www.dhammadownload.com

# ဆရာရှိသေးခဲ့ရတဲ့ ကိုရင်လေး

ကောသမ္ဗီမြို့မှာနေတဲ့ အမျိုးသားတစ်ယောက်က ဘုရားရှင်သာသနာမှာ ရှင်ပြုပြီး ရဟန်းအဖြစ် ရပြီးတဲ့အခါ 'ကောသမ္ဗီမြို့မှာနေတဲ့ တိဿ ထေရ်'လို့ ထင်ရှားတယ်။ ကောသမ္ဗီမှာ ဝါဆိုပြီးတဲ့အခါ အဲဒီမထေရ်ရဲ့ အလုပ်အကျွေးဒကာက သင်္ကန်းသုံးထည်နဲ့ ထောပတ်၊ တင်လဲတွေကို ယူဆောင်လာပြီး မထေရ်ရဲ့ခြေရင်းနားမှာ ထားတယ်။ အဲဒီအခါ မထေရ်က အဲဒီဥပါသကာကို 'ဥပါသကာ၊ ဒါဟာ ဘာလဲ'လို့ မေးတယ်။

'အရှင်ဘုရား၊ အရှင်ဘုရားကို တပည့်တော်က ဝါဆိုဖို့ လျှောက်ထားခဲ့ပါတယ်။ တပည့်တော်ရဲ့ကျောင်းမှာ ဝါဆိုပြီးတဲ့သံဃာတွေက ဒီလာဘ်လာဘကို ရကြပါတယ်။ အလှူခံတော်မူပါဘုရား'

'ဥပါသကာ ရှိပါစေ၊ ငါဟာ ဒီလာဘ်လာဘကို အလိုမရှိပါ'

'ဘာကြောင့်ပါလဲ ဘုရား'

'ဥပါသကာ၊ ငါ့ထံမှာ ကပ္ပိယကာရက ကိုရင်တောင်မှ မရှိပါ'

'ကပ္ပိယကာရက မရှိရင် တပည့်တော်ရဲ့သားဟာ အရှင်ဘုရားထံမှာ ကိုရင်ဝတ်ပေးပါမယ်'

မထေရ်က လက်ခံလိုက်ပါတယ်။ ဥပါသကာက ၇ နှစ်အရွယ်သူ့သားကို မထေရ်ထံ ခေါ်ဆောင်သွားကာ 'ဒီကလေးကို ကိုရင်ဝတ်ပေးပါ' လို့ လျှောက်ကာ ပေးလိုက်တယ်။ အဲဒီအခါ မထေရ်က အဲဒီကလေးရဲ့ဆံပင်တွေကို ရေဆွတ်ပြီး တစပဉ္စကကမ္မဋ္ဌာန်းကို ပေးကာ ရှင်ပြုပေးလိုက်တယ်။ ကိုရင်လေးဟာ ခေါင်းရိတ်အပြီးမှာပဲ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာ ဖြစ်သွားတယ်။

http://www.dhammadownload.com



မထေရ်က အဲဒီကလေးကို ကိုရင်ဝတ်ပေးပြီး ၁၅ ရက် အဲဒီ နေရာမှာ နေကာ ဘုရားရှင်ကို ဖူးမယ်လို့ကြံပြီး ကိုရင်ကို ပစ္စည်းကို အယူခိုင်းကာ သွားတယ်။ လမ်းခရီးအကြားမှာ ကျောင်းတစ်ကျောင်း ကို ဝင်တယ်။ ကိုရင်က ဥပဇ္ဈာယ်ဆရာမထေရ်အတွက် နေရာယူပြီး ရှင်းလင်းတယ်။ ရှင်းလင်းရင်း အချိန်မဲ့သွားတယ်။ ဒါကြောင့် သူ့ အတွက် ကျောင်းကို မရှင်းလင်းနိုင်တော့။ အဲဒီအခါ ဆည်းကပ်ရာ ဇရပ်မှာ လာထိုင်တဲ့ကိုရင်ကို မထေရ်က 'ကိုရင်၊ ကိုရင်အတွက် နေရာ ရှင်းလင်းပြီးပြီလား' လို့ မေးတယ်။ 'ရှင်းလင်းဖို့ အခွင့်မရပါ ဘုရား' လို့ လျှောက်တယ်။

'ဒီလိုဆိုရင် ငါ့နေရာကျောင်းမှာပဲ နေပါ။ အာဂန္တုနေရာမှာ အပြင်ဘက်နေရင် ဆင်းရဲတယ်' လို့ ပြောပြီး ကိုရင်ကိုခေါ်ကာ ကျောင်းထဲ ဝင်သွားတယ်။ မထေရ်ကတော့ ပုထုဇဉ်မို့ လျောင်းလိုက် တယ်ဆိုရင်ပဲ တန်းပြီးအိပ်ပျော်သွားတယ်။ ကိုရင်ကတော့ 'ဒီနေ့ ငါဟာ ဥပဇ္ဈာယ်ဆရာနဲ့အတူ တစ်ကျောင်းတည်းနေခဲ့တာဟာ ၃ ရက်မြောက် ဖြစ်တယ်။ လျောင်းပြီး ငါအိပ်ရင် မထေရ်မှာ ပါစိတ် အာပတ်သင့်လိမ့်မယ်လို့ တွေးပြီး ထိုင်ရင်းပဲ အချိန်ကုန်လွန်စေမယ်' လို့ ကြံကာ ဥပဇ္ဈာယ်ဆရာမထေရ်ရဲ့ ညောင်စောင်းအနီးမှာ တင်ပျဉ် ခွေပြီး ထိုင်ရင်းပဲ ညဉ့်ကို ကုန်လွန်စေတယ်။ မထေရ်က နံနက် မိုး သောက်အခါ အိပ်ရာမှထပြီး 'ကိုရင်ကို အပြင်ထွက်ခိုင်းဖို့ သင့်တယ်' လို့ တွေးကာ ညောင်စောင်းဘေးမှာ ထားတဲ့ ယပ်တောင်ကိုယူတယ်။ ယပ်တောင်အရွက်ရဲ့အဖျားနဲ့ ကိုရင်ရဲ့ဖျာအခင်းကို ပုတ်ခတ်ပြီး ယပ် တောင်ကို အပေါ်သို့ မတင်လိုက်ရင်း 'ကိုရင် အပြင်ဘက်ကို ထွက် လော့' လို့ ပြောတယ်။

ယပ်တောင်အရွက်ရဲ့ အရိုးတုတ်က မျက်စိမှာ ထိခိုက်မိတယ်။ အဲဒီခဏမှာပဲ မျက်စိကွဲသွားတယ်။ ကိုရင်က 'ဘာပါလဲဘုရား' လို့

http://www.dhammadownload.com



လျှောက်ကာ နေရာက ထတယ်။ 'အပြင်ဘက်ကို ထွက်လော့' လို့ ပြောတဲ့အခါ 'တပည့်တော်ရဲ့မျက်စိ ကွဲသွားပါပြီဘုရား' လို့ မလျှောက်ဘဲ လက်တစ်ဖက်နဲ့ဖုံးကာ ထွက်တယ်။ ဝတ်ပြုတဲ့အခါမှာလည်း 'တပည့်တော်ရဲ့မျက်စိ ကွဲသွားပါပြီ' လို့ အကြောင်းပြကာ တိတ်တိတ်ထိုင်မနေဘဲ လက်တစ်ဖက်နဲ့ မျက်စိကိုကိုင်ကာ လက်တစ်ဖက်နဲ့ လက်ဆုပ်တံမြက်စည်းကို ယူတယ်။ ကျင်ကြီးစွန့်ရာ နေရာနဲ့ မျက်နှာသစ်ရာနေရာကို တံမြက်လှည်းတယ်။ မျက်နှာသစ်ရေကို တည်ထားပြီး ပရိဝုဏ်ကို တံမြက်လှည်းတယ်။ ကိုရင်က ဥပဇ္ဈာယ်ဆရာမထေရ်အား ဒန်ပူကို ပေးတဲ့အခါ လက်တစ်ဖက်နဲ့ပဲ ပေးတယ်။

အဲဒီအခါ ကိုရင်ကို ဥပဇ္ဈာယ်ဆရာက 'ဒီကိုရင်ဟာ ရိုင်းလေစွ၊ ဆရာ ဥပဇ္ဈာယ်တွေအား လက်တစ်ဖက်နဲ့ ဒန်ပူကို မပေးသင့်' လို့ ပြောတယ်။ 'အဲဒီလိုဆိုရင် မသင့်ဘူးဆိုတာ သိပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော်ရဲ့ လက်တစ်ဖက်က မအားပါ' လို့ လျှောက်လို့ 'ကိုရင် ဘာဖြစ်တာလဲ' လို့ မေးတဲ့အခါ ကိုရင်က အစကစပြီး အဲဒီဖြစ်ပုံကို လျှောက်ပြတယ်။ မထေရ်က ကြားကြားချင်းပဲ ထိတ်လန့်ပြီး 'ငါဟာ ဝန်လေးတဲ့အမှုကို ပြုမိလေစွ' လို့ ပြောတယ်။ 'သူတော်ကောင်းလေး၊ ငါ့အား သည်းခံပါ၊ အဲဒါကို မသိမိပါ။ ငါ့ရဲ့မှီခိုရာ ဖြစ်ပါ' လို့ ပြောပြီး လက်အုပ်ချီကာ ၇ နှစ်အရွယ် ကိုရင်လေးရဲ့ခြေရင်းမှာ ဆောင့်ကြောင့်ထိုင်တယ်။ အဲဒီအခါ ဆရာမထေရ်ကို ကိုရင်က 'တပည့်တော်ဟာ အဲဒီအကျိုးအတွက် မပြောခဲ့တာပါဘုရား၊ အရှင်ဘုရားရဲ့စိတ်ကို စောင့်ရှောက်လိုလို့ တပည့်တော် ဒီလိုပြောပါတယ်။ အဲဒီမှာ အရှင်ဘုရားရဲ့အပြစ်မရှိ။ တပည့်တော်မှာ အပြစ်မရှိပါ။ အဲဒါဟာ ဝဋ်ရဲ့သာ အပြစ်ဖြစ်ပါတယ်။ မပူပါနဲ့၊ အရှင်ဘုရား စိတ်မကောင်းဖြစ်မှာကို စောင့်ရှောက်လိုလို့သာ မပြောခဲ့တာပါ' လို့ လျှောက်တယ်။ မထေရ်ကို ကိုရင်က နှစ်သိမ့်စကား ပြောပေမယ့်လည်း မထေရ်မှာ စိတ်

http://www.dhammadownload.com



သက်သာရာ မရဘဲ သံဝေဂဖြစ်ကာ ကိုရင်ရဲ့ဥစ္စာကိုယူကာ ဘုရားရှင်ထံ သွားပါတယ်။ ဘုရားရှင်ကလည်း မထေရ်ရဲ့အလာကို ကြည့်ရင်းပဲ ထိုင်နေပါတယ်။

မထေရ်က သွားပြီး ဘုရားရှင်ကို ရှိခိုးကာ ဘုရားရှင်နဲ့အတူ ဝမ်းမြောက်ဝမ်းသာ စကားပြောပြီး 'ရဟန်း၊ သင်ဟာ ခန့်ကျန်းပါရဲ့လား၊ အလွန်အကဲ မချမ်းသာစရာ တစ်စုံတစ်ရာရှိပါသလား' လို့ ဘုရားရှင်က မေးတဲ့အခါ 'ခန့်ကျန်းပါတယ်ဘုရား၊ တပည့်တော်မှာ အလွန်အကဲ မချမ်းသာတာ တစ်စုံတစ်ခုမှ မရှိပါ။ ဒါပေမဲ့ တပည့်တော်ရဲ့ ဒီကိုရင်ငယ်လေးလို လွန်လွန်ကဲကဲ ဂုဏ်ရှိတဲ့ အခြားသူကို ရှေ့က မတွေ့မြင်ဖူးပါ' လို့ လျှောက်တယ်။ 'ရဟန်း၊ ဒီကိုရင်လေးက ဘာလုပ်သလဲ' လို့ ဘုရားရှင်က မေးတဲ့အခါ မထေရ်က အစကစပြီး အဲဒီဖြစ်ပုံအလုံးစုံကို လျှောက်ထားရင်း 'မြတ်စွာဘုရား၊ တပည့်တော်က အဲဒီလို တောင်းပန်တဲ့အခါ တပည့်တော်ကို 'အရှင်ဘုရားမှာ အပြစ်မရှိပါ။ သူ့မှာလည်း အပြစ်မရှိပါ။ အဲဒါဟာ ဝဋ်ရဲ့သာ အပြစ်ဖြစ်ပါတယ်။ တွေးမပူပါနဲ့' လို့ တပည့်တော်ကို နှစ်သိမ့်စကားကိုသာ ပြောနေပါတယ်။ တပည့်တော်အပေါ်မှာ အမျက်ဒေါသ မထားပါ။ ဒီလိုဂုဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို တပည့်တော် ရှေးက မတွေ့ဖူးပါ' လို့ လျှောက်တယ်။

အဲဒီအခါ ဘုရားရှင်က အဲဒီမထေရ်ကို 'ရဟန်း၊ ရဟန္တာဆိုတာ ဘယ်သူ့အပေါ်မှ စိတ်မဆိုးကြ၊ အမျက်မထွက်ကြ၊ ဣန္ဒြေငြိမ်သက်ကြတယ်၊ စိတ်ငြိမ်သက်ကြတယ်' လို့ မိန့်ပြီး 'မှန်ကန်တဲ့နည်းနဲ့သိပြီး ကိလေသာတွေမှလွတ်ကာ ငြိမ်းအေးနေသူမှာ ကိုယ်၊ နှုတ်၊ စိတ် ငြိမ်သက်တယ်' လို့ မိန့်တဲ့ ဘုရားစကားအဆုံးမှာ အဲဒီမထေရ်ဟာ ပဋိသမ္ဘိဒါနဲ့တကွ ရဟန္တာ ဖြစ်သွားပါတယ်။ လာလာသမျှ ပရိသတ်တွေမှာလည်း အကျိုးရှိသွားပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၂၉)

http://www.dhammadownload.com



ကိုရင်လေးမှာ မျက်စိတစ်ဖက် ပျက်စီးသွားပေမယ့် ပျက်စီးသွားတဲ့ မျက်စိကို လက်တစ်ဖက်နဲ့ပိတ်ကာ အခြားလက်တစ်ဖက်နဲ့ တံမြက်လှည်း၊ မျက်နှာသစ်ရေခပ်၊ ဒန်ပူကပ်တာတွေကို ပြုလုပ်ပေးတာတွေဟာ အင်မတန်မှ သနားစရာ၊ ကြည်ညိုစရာကောင်းလှပါတယ်။ ကိုယ့်မျက်စိထက် ဆရာအပေါ် ပြုလုပ်ပေးရမယ့်ဝတ္တရားကို အလေးထားတာဟာ လေးစားစရာ ကောင်းလှပါတယ်။ ဆရာက အခြေအနေမှန်ကို သိသွားတဲ့အခါ ဆရာမထေရ်မှာ ကိုရင်လေးကို လက်အုပ်ချီပြီး ကိုရင်လေးရဲ့ခြေရင်းမှာ ဆောင့်ကြောင့်ထိုင်တာဟာလည်း ထူးဆန်းနေပါတယ်။ သူ့အမှားကို သူမြင်ပြီး ဆရာမာန်ချကာ ရိုကျိုးလှတာဟာလည်း စိတ်ဝင်စားစရာ ဖြစ်ပါတယ်။ သူ့ကိုရင်လေးကို 'သူတော်ကောင်းလေး' လို့ ခေါ်ဝေါ်သုံးနှုန်းလိုက်ပါတယ်။ အခြေအနေမှန် မသိခင်က 'ဒီကိုရင် ရိုင်းတယ်' လို့ အပြစ်တင်လိုက်မိပေမယ့် သိသွားတဲ့အခါ 'သူတော်ကောင်းလေး' လို့ ပြောင်းလဲသုံးသွားပါတယ်။

သူတော်ကောင်းဟာ ကိုယ့်ဒုက္ခကို ဥပေက္ခာပြုပြီး သူတစ်ပါးချမ်းသာရေးကို အလေးပေးပါတယ်။ ဒီကိုရင်လေးဟာ ရဟန္တာဖြစ်နေပြီဆိုတော့ တကယ့်အဆင့်မြင့် သူတော်ကောင်းဖြစ်ပါတယ်။ ကိုရင်လေးဟာ သူ့မှာ ခန္ဓာကိုယ်ဆင်းရဲကို ခံစားနေရပေမယ့် သူ့ဆရာမထေရ်စိတ်မဆင်းရဲရအောင် ဆရာမထေရ်အား နှစ်သိမ့်စကား ပြောကြားလိုက်ပါသေးတယ်။ သူ့ကိုယ်ဆင်းရဲကို ဘေးဖယ်ထားပါတယ်။ ဆရာစိတ်မဆင်းရဲရေးကို ရှေ့တန်းတင်ပါတယ်။ ဒီလိုပုဂ္ဂိုလ်ကိုမှ သူတော်ကောင်းလို့ မခေါ်ရင် ဘယ်လိုပုဂ္ဂိုလ်ကို သူတော်ကောင်းလို့ ခေါ်ရမှာလဲ။

ကိုရင်လေးဟာ သူ့ဝဋ်ကြွေးလို့ပဲ သတ်မှတ်ရှာပါတယ်။ ဆရာ့မှာရော၊ သူ့မှာပါ အပြစ်မရှိဘူးလို့ ပြောရှာပါတယ်။ ကိုရင်လေးစိတ်မှာ ပူလောင်မှု မရှိပါ။ ငြိမ်သက်ငြိမ်းအေးနေပါတယ်။ ဆရာမထေရ်စိတ်မှာတော့ ပူလောင်နေပါတယ်။ လှုပ်ရှားနေပါတယ်။ ပုထုဇဉ်နဲ့ ရဟန္တာရဲ့

http://www.dhammadownload.com



စိတ်ထားဟာ မနိုင်းယှဉ်သာအောင် ကွာခြားလှပါတယ်။ မထေရ်ဟာလည်း ဘုရားရှင်ရဲ့တရားကို နာကြားရပြီးတော့ ကိုရင်လေးလိုပဲ ရဟန္တာဖြစ်သွားပါတယ်။ ဆရာမထေရ်ဟာ တပည့်ကိုရင်လေးကို အကြောင်းပြုပြီး စိတ်ပူလောင်ခဲ့ရပါတယ်။ ငြိမ်းလည်း ငြိမ်းချမ်းခဲ့ရပါတယ်။ ကိုရင်လေးဟာ သူ့ဆရာအပေါ် ကျေးဇူးကြီးလှပါပေတယ်။

# ကိုရင် ၄ ပါးနဲ့ သိကြားမင်း

ပုဏ္ဏေးမတစ်ယောက်က ရဟန်း ၄ ပါးအတွက် ရည်ညွှန်းပြီးလှူတဲ့ ဆွမ်းကို စီစဉ်ကာ ပုဏ္ဏားကို 'ကျောင်းကိုသွားပြီး ရဟန်းကြီးတွေကို ညွှန်ချစေကာ ပင့်ခဲ့ပါ' လို့ ပြောလိုက်တယ်။ ပုဏ္ဏားက ကျောင်းကို သွားပြီး 'တပည့်တော်အား ရဟန်း ၄ ပါးကို ညွှန်ချပေးတော်မူကြပါ' လို့ လျှောက်တယ်။ သံကိစ္စ၊ ပဏ္ဍိတ၊ သောပါက၊ ရေဝတ ဆိုတဲ့ ၇ နှစ်အရွယ် ရဟန္တာကိုရင်လေး ၄ ပါးက အဲဒီပုဏ္ဏားအတွက် ရောက်လာကြတယ်။ ပုဏ္ဏေးမက နေရာအကောင်းစားတွေကို ခင်းခိုင်းကာ ရပ်နေတဲ့အခါ ကိုရင်တွေကို မြင်သွားတယ်ဆိုရင်ပဲ စိတ်ဆိုးသွားတယ်။ ဖိုခနောက်ပေါ် တင်ထားတဲ့ ဆားလိုပဲ တဖျစ်တောက်တောက် လုပ်နေတယ်။ 'သင်ဟာ ကိုယ့်မြေးလောက်တောင် မရှိသေးတဲ့ ကလေး ၄ ယောက်ကို ခေါ်ပြီးလာတယ်' လို့ ပြောတယ်။ ကိုရင် ၄ ပါးအား အဲဒီနေရာတွေမှာ ထိုင်ခွင့်မပေးဘဲ နိမ့်တဲ့အင်းပျဉ်တွေကိုခင်းကာ 'ဒီနေရာတွေမှာ ထိုင်ကြ'လို့ ပြောတယ်။ 'ပုဏ္ဏား သွားပါ၊ ရဟန်းကြီးတွေကို ကြည့်ပြီး ပင့်ခဲ့ပါ' လို့ ပြောတယ်။

ပုဏ္ဏားက ကျောင်းကိုသွားပြီး အရှင်သာရိပုတ္တရာကို တွေ့လို့ 'ကြွကြပါ၊ တပည့်တော်တို့ရဲ့အိမ်ကို သွားကြမယ်' လို့ ပြောကာ ပင့်သွားတယ်။ အရှင်သာရိပုတ္တရာက ကြွလာပြီး ကိုရင်တွေကို မြင်သွားလို့ 'ဒီကိုရင်တွေ ဆွမ်းရပြီးပြီလား' လို့ မေးတဲ့အခါ 'မရသေးဘူး' လို့ ဖြေကြတယ်။ ၄ ပါးအတွက်သာ ဆွမ်းစီစဉ်ထားတာကို သိလို့ 'ငါ့သပိတ်ကို ယူခဲ့ပါ' လို့ပြောပြီး သပိတ်ကိုယူကာ ဖဲသွားတယ်။

http://www.dhammadownload.com



ပုဏ္ဏေးမကလည်း 'ဒီရဟန်းက ဘာပြောတာလဲ' လို့ မေးပြီး 'ထိုင်နေတဲ့ ကိုရင်တွေ ရသင့်တယ်၊ ငါ့သပိတ်ကို ယူခဲ့' လို့ ပြောပြီး သူ့သပိတ်ကို ယူသွားတယ်။ မစားလိုတာ ဖြစ်လိမ့်မယ်၊ မြန်မြန်သွားပြီး 'အခြားရဟန်းကို ပင့်ခဲ့ပါ' လို့ ပြောတယ်။ ပုဏ္ဏားကသွားပြီး အရှင်မောဂ္ဂလာန်ကို တွေ့လို့ အဲဒီအတိုင်းပဲ ပြောပြီး ပင့်လာတယ်။ အရှင်မောဂ္ဂလာန်ကလည်း ကိုရင်တွေကို မြင်သွားလို့ အဲဒီအတိုင်းပဲပြောကာ သပိတ်ယူပြီး ဖဲသွားတယ်။ အဲဒီအခါ ပုဏ္ဏေးမက ပုဏ္ဏားကို 'ဒီရဟန်းတွေက မစားလိုကြဘူး၊ ပုဏ္ဏားတွေရဲ့မန္တန်ရွတ်ပွဲကိုသွားပြီး ပုဏ္ဏားအိုတစ်ယောက်ကို ခေါ်ခဲ့ပါ'လို့ ပြောတယ်။

ကိုရင်တွေကလည်း နံနက်စောစောကပဲ စပြီး ဘာကိုမှမရလို့ ဆာလောင်မှုရဲ့နှိပ်စက်မှုကို ခံကာ ထိုင်နေကြတယ်။ အဲဒီအခါ ကိုရင် ၄ ပါးရဲ့ဂုဏ်အရှိန်ကြောင့် သိကြားမင်းရဲ့နေရာဟာ ပူလောင်တဲ့အခြင်းအရာကို ပြတယ်။ သိကြားမင်းက ဆင်ခြင်လိုက်တဲ့အခါ နံနက်စောစောကစပြီး ထိုင်နေတဲ့ကိုရင်တွေမှာ ပင်ပန်းနေတာကို သိသွားလို့ 'ငါဟာ အဲဒီနေရာကို သွားသင့်တယ်' လို့ တွေးကာ ပုဏ္ဏားအိုယောင်ဆောင်ပြီး အဲဒီပုဏ္ဏားတွေရဲ့ မန္တန်ရွတ်ပွဲမှာ ပုဏ္ဏားတွေရဲ့အဦးအဖျားနေရာမှာ ထိုင်တယ်။ ပုဏ္ဏားက အဲဒီပုဏ္ဏားအိုကိုမြင်လို့ 'အခု ငါ့ရဲ့ပုဏ္ဏေးမဟာ ဝမ်းသာမှာပဲ' လို့ တွေးပြီး 'လာပါ၊ အိမ်ကိုသွားကြမယ်' လို့ ပြောပြီး ခေါ်ကာ အိမ်ကိုသွားတယ်။ ပုဏ္ဏေးမက ပုဏ္ဏားအိုကို မြင်တယ်ဆိုရင်ပဲ သဘောကျပြီး နေရာနှစ်ခုက အခင်းကို တစ်နေရာမှာပဲ ခင်းကာ 'အရှင် ဒီမှာထိုင်ပါ' လို့ ပြောတယ်။ သိကြားမင်းပုဏ္ဏားအိုက အိမ်ကို ဝင်ကာ ကိုရင် ၄ ပါးကို ထိခြင်းငါးပါးနဲ့ ရှိခိုးပြီး ကိုရင်တွေရဲ့နေရာအစွန်အဖျားမှာ မြေကြီးပေါ်တင်ပျဉ်ခွေထိုင်တယ်။

အဲဒီအခါ အဲဒီပုဏ္ဏားအိုကိုမြင်ပြီး ပုဏ္ဏေးမက ပုဏ္ဏားကို 'သင်ခေါ်လာတဲ့ ပုဏ္ဏားအိုဟာ အံ့ဩစရာကောင်းပါပေတယ်။ ဒီပုဏ္ဏားအရွး

http://www.dhammadownload.com



ကိုလည်း သင်ခေါ်လာတယ်။ ကိုယ့်မြေးလောက်ရှိသူတွေကို ရှိခိုးနေတယ်။ ဒီပုဏ္ဏားအိုနဲ့ ဘာအကျိုးရှိမှာလဲ။ ဒီပုဏ္ဏားအိုကို ဆွဲထုတ်ပါ'လို့ ပြောတယ်။ ပုဏ္ဏားအိုဟာ ပခုံး၊ လက်၊ လက်ကတီးကြားတွေကိုကိုင်ပြီး ဆွဲထုတ်ခံရပေမယ့် ထတောင်မထချင်၊ အဲဒီအခါ ပုဏ္ဏေးမက ပုဏ္ဏားကို 'ပုဏ္ဏား၊ လာပါ၊ သင်က လက်တစ်ဖက်ကို ကိုင်ပါ၊ ငါက လက်တစ်ဖက်ကို ကိုင်ပါမယ်'လို့ ပြောပြီး နှစ်ယောက်စလုံးပဲ လက်နှစ်ဖက်ကို ကိုင်ကာ ကျောကုန်းကို ရိုက်ပုတ်ရင်း အိမ်ရဲ့တံခါးအပြင်ဘက်ကို ပို့ကြတယ်။ သိကြားမင်းပုဏ္ဏားအိုကလည်း ထိုင်နေရာမှာပဲ ထိုင်ရင်း လက်ကို လှည့်လိုက်တယ်။ ပုဏ္ဏားဇနီးမောင်နှံ နှစ်ယောက်ဟာ ပြန်လှည့်ပြီး ထိုင်မြဲထိုင်နေတဲ့ ပုဏ္ဏားအိုကြီးကိုမြင်လို့ ကြောက်လန့်အော်ဟစ်ကာ လွှတ်လိုက်ကြတယ်။

အဲဒီခဏမှာ သိကြားမင်းက သူ့ကိုယ်သူ သိကြားမင်း ဖြစ်ကြောင်း အသိပေးလိုက်တယ်။ အဲဒီအခါ သူတို့အား အာဟာရကို ပေးကြတယ်။ ငါးဦးလုံးဟာ အာဟာရကိုယူပြီး တစ်ပါးက အထွက်ချက်ဝန်းကို ဖောက်ထွင်းထွက်သွားတယ်။ တစ်ပါးက အမိုးရဲ့ရှေ့ပိုင်းကို၊ တစ်ပါးက အမိုးရဲ့နောက်ပိုင်းကို ဖောက်ထွင်းထွက်သွားတယ်။ တစ်ပါးက မြေကြီးထဲ ငုပ်လျှိုးသွားတယ်။ သိကြားမင်းလည်း တစ်နေရာက ထွက်သွားတယ်။ အဲဒီလို ငါးနေရာက သွားကြတယ်။ အဲဒီအချိန်ကစပြီး အဲဒီအိမ်ဟာ အပေါက်ငါးပေါက်ရှိတဲ့အိမ်လို့ အမည်တွင်တယ်။ ကိုရင်တွေကိုလည်း ကျောင်းရောက်တဲ့အခါ ရဟန်းတွေက 'ငါ့ရှင်တို့၊ ဘယ်လိုလဲ' လို့ မေးကြတယ်။

'တပည့်တော်တို့ကို မမေးကြပါနဲ့၊ တပည့်တော်တို့ကို မြင်တဲ့အချိန်ကစပြီး ပုဏ္ဏေးမက ဒေါသထွက်ကာ ခင်းထားတဲ့နေရာတွေမှာ တပည့်တော်တို့အား ထိုင်ခွင့်တောင် မပေးဘဲ 'မြန်မြန် မြန်မြန်မထေရ်ကြီးကို ပင့်ပါလို့ ပြောတယ်။ တပည့်တော်တို့ရဲ့ ဥပဇ္ဈာယ်ဆရာက

http://www.dhammadownload.com



ကြွလာပြီး တပည့်တော်တို့ကိုမြင်သွားလို့ 'ဒီထိုင်နေတဲ့ ကိုရင်တွေ ရသင့်တယ်'လို့ တွေးပြီး သပိတ်ကိုဆောင်ယူခိုင်းကာ ထွက်သွားတယ်။ 'အခြားရဟန်းကြီးကို ပင့်ခဲ့ပါ' လို့ ပုဏ္ဏေးမက ပြောတဲ့အခါ ပုဏ္ဏားက အရှင်မဟာမောဂ္ဂလာန်ကို ပင့်လာတယ်။ အရှင်မဟာမောဂ္ဂလာန်က လည်း တပည့်တော်တို့ကို မြင်လို့ အဲဒီအတိုင်းပဲပြောပြီး ပြန်ကြွသွား တယ်။ အဲဒီအခါ ပုဏ္ဏေးမက 'ဒီပုဂ္ဂိုလ်တွေက မစားလိုကြဘူး၊ သွားပါ၊ ပုဏ္ဏားတွေ မန္တန်ရွတ်ပွဲက ပုဏ္ဏားအိုတစ်ယောက်ကို ခေါ်ခဲ့ပါ' လို့ ပြောပြီး ပုဏ္ဏားကို လွှတ်လိုက်ပါတယ်။ ပုဏ္ဏားက အဲဒီနေရာကိုသွားပြီး ပုဏ္ဏားအသွင်နဲ့ လာတဲ့သိကြားမင်းကို ခေါ်လာခဲ့တယ်။ သိကြားမင်း လာတဲ့အခါ တပည့်တော်တို့အား အာဟာရကို ပေးကြပါတယ်'

'အဲဒီလိုလုပ်တဲ့ သူတို့အပေါ် စိတ်မဆိုးကြဘူးလား'

'စိတ်မဆိုးကြပါ'

ရဟန်းတွေက အဲဒီစကားကိုကြားရလို့ 'မြတ်စွာဘုရား၊ ဒီကိုရင် တွေက စိတ်မဆိုးကြဘူးလို့ မဟုတ်မှန်တာကို ပြောပြီး အရဟတ္တဖိုလ် ကို ဖြေဆိုကြပါတယ်'လို့ ဘုရားရှင်အား လျှောက်ကြတယ်။ ဘုရားရှင် က 'ရဟန္တာတွေဆိုတာ စိတ်ဆိုးလို့ ဆန့်ကျင်နေသူတွေအပေါ်တောင်မှ မဆန့်ကျင်ကြ' လို့ မိန့်တော်မူပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၄၁၆)

ပုဏ္ဏေးမရဲ့လုပ်ပုံဟာ စိတ်တိုစရာ၊ စိတ်ဆိုးစရာ အနေအထားပါ ပဲ။ ကိုရင်လေး ၄ ပါးကတော့ လုံးဝစိတ်မဆိုးကြပါ။ သိကြားမင်း လာမှပဲ သိကြားမင်းမှန်း သိသွားလို့ ကိုရင် ၄ပါး ဆွမ်းရပါတော့တယ်။ ကိုရင်လေး ၄ ပါးက တန်ခိုးနဲ့ ပြန်ကြွသွားကြပါတယ်။ ကြည်ညိုစရာ ပါပဲ။ အဘိညာဉ်တန်ခိုးပိုင်ရှင် ရဟန္တာတွေမို့ မြေလျှိုးမိုးပျံနိုင်ကြခြင်း ဖြစ်ပါတယ်။ ၇ နှစ်အရွယ် ဒီရဟန္တာကိုရင်လေးတွေဟာ အသက်ငယ် ကြပေမယ့် စိတ်စွမ်းအား ကြီးမားကြပါပေတယ်။

http://www.dhammadownload.com

# တန်ခိုးပြချင်တဲ့ ကိုရင်လေး

ဗိမ္ဗိသာရမင်းက ဘုရားရှင်ကို 'မြတ်စွာဘုရား၊ တန်ခိုးပြာဋိဟာကို အဘယ်အခါမှာ ပြမှာပါလဲ' လို့ မေးလို့ 'မင်းကြီး၊ ဒီနေ့ကနေ ၄ လ လွန်တဲ့အခါ ဝါဆိုလပြည့်နေ့မှာ ပြမယ်' လို့ ဘုရားရှင်က မိန့်တော်မူတယ်။

'မြတ်စွာဘုရား၊ ဘယ်နေရာမှာ ပြမှာပါလဲ'

'မင်းကြီး၊ သာဝတ္ထိမြို့ကို အမှီပြုပြီး ပြမယ်'

ဘာကြောင့် ဘုရားရှင်က အဲဒီလိုဝေးတဲ့နေရာကို ညွှန်ပြတော်မူပါသလဲ။ အကြောင်းကတော့ အဲဒီနေရာဟာ ဘုရားရှင်အားလုံးရဲ့ တန်ခိုးပြာဋိဟာကို ပြရာနေရာဖြစ်တယ်။ ပြီးတော့ လူအများ စုဝေးနိုင်တယ်၊ ဒါကြောင့်ပါပဲ။ တိတ္ထိတွေက အဲဒီစကားကို ကြားရလို့ 'ဒီနေ့ကနေ ၄ လ လွန်တဲ့အခါ ရဟန်းဂေါတမဟာ သာဝတ္ထိမြို့မှာ တန်ခိုးပြလိမ့်မယ်တဲ့။ အခု ရဟန်းဂေါတမကို အလွတ်မပေးဘဲသာ နောက်ကလိုက်ကြမယ်။ လူအများက ငါတို့ကိုမြင်ပြီး 'ဒါဘာလဲ'လို့ မေးကြလိမ့်မယ်။ အဲဒီအခါ လူအများအား 'ငါတို့က ရဟန်းဂေါတမနဲ့အတူ တန်ခိုးပြကြမယ်'လို့ ပြောခဲ့တယ်။ ရဟန်းဂေါတမက ပြေးနေတယ်။ ငါတို့က ရဟန်းဂေါတမအား ပြေးခွင့်မပေးဘဲ နောက်ကလိုက်ကြတယ်' လို့ ပြောကြမယ်။ ဘုရားရှင်က ရာဇဂြိုဟ်မြို့ထဲမှာ ဆွမ်းခံဝင်ပြီး ထွက်ခဲ့တယ်။ တိတ္ထိတွေကလည်း ဘုရားရှင်ရဲ့နောက်ကပဲ ထွက်ကာ ဆွမ်းကိစ္စ ပြုရာနေရာမှာ နေကြတယ်။ နေတဲ့နေရာမှာ နောက်တစ်နေ့မှာ နံနက်စာ စားကြတယ်။ လူတွေက တိတ္ထိတွေကို 'အဲဒါ ဘာလဲ'လို့

http://www.dhammadownload.com



မေးတဲ့အခါ အောက်က ကြံထားတဲ့အတိုင်းပဲ ပြောကြတယ်။ လူအများ ကလည်း တန်ခိုးကို ကြည့်ကြမယ်ဆိုပြီး နောက်ကလိုက်လာတယ်။

ဘုရားရှင်က အစဉ်အတိုင်း သာဝတ္ထိမြို့ကို ရောက်သွားတယ်။ တိတ္ထိတွေကလည်း ဘုရားရှင်နဲ့အတူပဲသွားကာ ဒကာတွေကို တိုက်တွန်းပြီး တစ်သိန်းရလို့ ရှားမင်တိုင်တွေနဲ့ မဏ္ဍပ်ဆောက်ခိုင်းကြတယ်။ ကြာညိုပန်းတွေနဲ့ ဖုံးလွှမ်းခိုင်းကြတယ်။ 'ဒီနေရာမှာ တန်ခိုးပြကြမယ်' ဆိုပြီး ထိုင်နေကြတယ်။ ပသေနဒီကောသလမင်းက ဘုရားရှင်ကို ချဉ်းကပ်ပြီး 'မြတ်စွာဘုရား၊ တိတ္ထိတွေက မဏ္ဍပ်ဆောက်ပြီးပါပြီ။ တပည့်တော်လည်း မြတ်စွာဘုရားအတွက် မဏ္ဍပ်ဆောက်ပေးပါမယ်' လို့ လျှောက်တဲ့အခါ 'မင်းကြီး၊ မလိုဘူး၊ ငါ့မှာ မဏ္ဍပ်ဆောက်မယ့်သူ ရှိတယ်'လို့ မိန့်တယ်။

'မြတ်စွာဘုရား၊ တပည့်တော်မှတစ်ပါး အခြားဘယ်သူက ဆောက်နိုင်မှာပါလဲ'

'သိကြားမင်းက ဆောက်လိမ့်မယ်'

'မြတ်စွာဘုရား၊ ဘယ်နေရာမှာ တန်ခိုးပြမှာပါလဲ'

'မင်းကြီး၊ ကဏ္ဍဆိုတဲ့သရက်ပင်အောက်မှာ ပြမယ်'

တိတ္ထိတွေက 'သရက်ပင်အောက်မှာ တန်ခိုးပြမှာတဲ့'လို့ကြားပြီး သူတို့ရဲ့အလုပ်အကျွေး ဒကာတွေအား ပြောကာ တစ်ယူဇနာအတွင်း နေရာမှာ အောက်ထစ်ဆုံးအားဖြင့် ဒီနေ့မှပေါက်တဲ့ သရက်ပင်အငယ်ကို တောင် အနုတ်ခိုင်းပြီး တောထဲမှာ ပစ်ခိုင်းကြတယ်။ ဘုရားရှင်က ဝါဆိုလပြည့်နေ့မှာ မြို့တွင်းကို ဝင်တယ်။ မင်းရဲ့ဥယျာဉ်စောင့် ကဏ္ဍ မည်သူကလည်း ခါချဉ်ထုပ်ထဲက သရက်သီးမှည့်ကြီးတစ်လုံးကို တွေ့ သွားဘယ်။ အဲဒီသရက်သီးရဲ့ အနံ့ အရသာကို တပ်မက်လို့ ကျလာတဲ့ ...ျိုးတွေကို ပြေးအောင်လုပ်တယ်။ ရှင်ဘုရင်စားဖို့ ယူသွားတဲ့အခါ လမ်းခရီးအကြားမှာ ဘုရားရှင်ကိုမြင်လို့ 'ရှင်ဘုရင်က ဒီသရက်သီးကို

http://www.dhammadownload.com



စားပြီး ငါ့အား ၈ကျပ် သို့မဟုတ် ၁၆ ကျပ် ပေးနိုင်တယ်။ အဲဒါဟာ ငါ့ရဲ့တစ်ဘဝမှာတောင် အသက်မွေးဖို့ မလွယ်ဘူး။ ငါဟာ ဘုရားရှင်အား ဒီသရက်သီးကို လှူရင် ဧကန္တ ငါ့ရဲ့အဲဒီအလှူဟာ အချိန်ကြာမြင့်စွာ စီးပွားကို ဆောင်လိမ့်မယ်' လို့ တွေးတယ်။

ဥယျာဉ်စောင့်က အဲဒီသရက်သီးမှည့်ကို ဘုရားရှင်အား ဆက်ကပ်လိုက်တယ်။ ဘုရားရှင်က အရှင်အာနန္ဒာကို ကြည့်တယ်။ အဲဒီအခါ အရှင်အာနန္ဒာက နတ်မင်းကြီး ၄ ယောက် လှူထားတဲ့သပိတ်ကို ထုတ်ဆောင်ကာ ဘုရားရှင်ရဲ့လက်ထဲ ထားလိုက်တယ်။ ဘုရားရှင်က သပိတ်ကို ရှေ့တိုးပေးပြီး သရက်သီးမှည့်ကို အလှူခံကာ အဲဒီနေရာမှာပဲ ထိုင်မယ့်အခြင်းအရာကို ပြတယ်။ မထေရ်က သင်္ကန်းကို ခင်းပေးတယ်။ ဘုရားရှင်ထိုင်ပြီးတဲ့အခါ မထေရ်က သောက်ရေကို စစ်ပြီး သရက်သီးမှည့်ကို နှိပ်ချေကာ ဘုရားရှင်အား ဖျော်ရည်လုပ်လှူတယ်။ ဘုရားရှင်က သရက်ဖျော်ရည်ကို သောက်ပြီး ကဏ္ဍကို 'ဒီသရက်စေ့ကို ဒီနေရာမှာပဲ မြေမှုန့်ကိုယက်ကာ စိုက်ပါ' လို့ မိန့်တယ်။ ကဏ္ဍက အဲဒီအတိုင်း လုပ်တယ်။ ဘုရားရှင်က အဲဒီအပေါ်မှာ လက်ဆေးတယ်။ လက်ဆေးပြီးခါမျှမှာပဲ သရက်ပင် ပေါက်လာတယ်။ သရက်ပင်က ထွန်သန်အဖျားလောက်ရှိတယ်။ အမြင့်အားဖြင့် အတောင် ၅၀ ရှိတယ်။

အဲဒီသရက်ပင်ဟာ အရပ် ၄ မျက်နှာမှာ ၄ ကိုင်း၊ အထက်မှာ တစ်ကိုင်းအားဖြင့် အကိုင်းအခက် ၅ ခု ရှိတယ်။ အတောင် ၅၀ ရှိတယ်။ အဲဒီခဏမှာပဲ အပွင့်၊ အသီးတွေ ဖုံးလွှမ်းသွားတယ်။ တစ်နေရာတစ်နေရာမှာ သရက်သီးအမှည့်အခိုင် ရှိတယ်။ နောက်က ကြွလာတဲ့ ရဟန်းတွေက သရက်သီးမှည့်တွေကို စားကြရင်းပဲ လာကြတယ်။ ရှင်ဘုရင်က 'ဒီလိုသရက်ပင် ပေါက်သတဲ့' လို့ ကြားလို့ 'အဲဒီသရက်ပင်ကို ဘယ်သူမှ မဖြတ်စေနဲ့' လို့ ပြောကာ အစောင့်အရှောက်ထား

http://www.dhammadownload.com



တယ်။ အဲဒီသရက်ဟာ ကဏ္ဍကစိုက်လို့ ကဏ္ဍသရက်ပင်လို့ပဲ နာမည် တွင်တယ်။ သေသောက်သမားတွေကလည်း သရက်သီးမှည့်တွေကို စားကာ 'ဟယ် တိတ္ထိယုတ်တို့၊ ရဟန်းဂေါတမဟာ ကဏ္ဍသရက်ပင် အောက်မှာ တန်ခိုးပြမယ်တဲ့' လို့ ပြောပြီး 'သင်တို့က တစ်ယူဇနာ အတွင်းက သရက်ပင်တွေကို ဒီနေ့မှပေါက်တဲ့ သရက်ပင်တွေကိုတောင် မချန်ဘဲ နုတ်ခိုင်းတယ်၊ ဒါဟာ ကဏ္ဍသရက်ပင်မည်တယ်' လို့ ပြောပြီး တိတ္ထိတွေကို ကျန်တဲ့သရက်စေ့တွေနဲ့ ပေါက်ကြတယ်။

သိကြားမင်းက လေနတ်သားကို 'တိတ္ထိတွေရဲ့မဏ္ဍပ်ကို လေတွေ နဲ့ အမြစ်ပါတိုက်ဖြုတ်ကာ အမှိုက်ပုံမှာ ပစ်ချလေလော့' လို့ ခိုင်းတယ်။ လေနတ်သားက ခိုင်းတဲ့အတိုင်း လုပ်တယ်။ နေနတ်သားကိုလည်း 'နေဝန်းကို ဆွဲထားကာ ပူလောင်အောင်လုပ်လော့' လို့ ခိုင်းတယ်။ နေနတ်သားက ခိုင်းတဲ့အတိုင်း လုပ်တယ်။ တစ်ဖန် လေနတ်သားကို 'လေပွေကို ထစေလျက် သွားလော့' လို့ ခိုင်းတယ်။ လေနတ်သားက အဲဒီအတိုင်း လုပ်တဲ့အခါ တိတ္ထိတွေရဲ့ ချွေးစိုနေတဲ့ခန္ဓာကိုယ်မှာ ဖုံလုံးတွေနဲ့ ကြဲဖြန့်တယ်။ တိတ္ထိတွေဟာ မြေညက်အနီနဲ့တူကုန်တယ်။ မိုးနတ်သားကို လည်း 'မိုးပေါက်ကြီးတွေကို ရွာချလော့' လို့ ခိုင်းတယ်။ မိုးနတ်သားက ခိုင်းတဲ့အတိုင်း လုပ်တယ်။ အဲဒီအခါ တိတ္ထိတွေရဲ့ ကိုယ်ဟာ ပြောက်ကျားတဲ့နွားမနဲ့ တူသွားတယ်။

အဲဒီနိဂဏ္ဌတွေဟာ ရှက်ပြီး မျက်နှာမူရာ၊ မျက်နှာမူရာအရပ်နဲ့ပဲ ပြေးကြတယ်။ အဲဒီလိုပြေးကြတော့ ပုရာဏကဿပရဲ့ အလုပ်အကျွေး ဒကာဖြစ်တဲ့ လယ်သမားတစ်ယောက်က 'အခု ငါ့အရှင်တွေရဲ့ တန်ခိုးပြ ရာ အချိန်အခါပဲ၊ သွားပြီး တန်ခိုးကိုကြည့်မယ်' လို့ ကြံပြီး နွားတွေ ကို လွှတ်လိုက်တယ်။ နံနက်စောစောပဲ ဆောင်ယူလာတဲ့ ယာဂုအိုးနဲ့ ကြိုးကို ယူလာတဲ့အခါ ပြေးသွားနေတဲ့ ပုရာဏကဿပကို မြင်သွားလို့ 'အရှင်ဘုရား၊ ဒီနေ့ အရှင်ဘုရားတို့ရဲ့တန်ခိုးကို ကြည့်မယ်'လို့ တွေးပြီး

http://www.dhammadownload.com



လာခဲ့ပါတယ်။ 'သင်က ဘယ်ကိုသွားမလို့လဲ' လို့ မေးတယ်။ 'သင့်မှာ တန်ခိုးနဲ့ ဘာအကျိုးရှိမှာလဲ၊ ဒီအိုးနဲ့ကြိုးကို ပေးလော့' လို့ ပြောတယ်။ ပုရာဏကဿပဟာ အဲဒီလယ်သမားပေးတဲ့ အိုးနဲ့ကြိုးကိုယူပြီး မြစ်ကမ်းကိုသွားကာ အိုးကိုကြိုးနဲ့ သူ့လည်ပင်းမှာ ဖွဲ့ချည်လိုက်တယ်။ ရက်လို့ ဘာကိုမှ မပြောဘဲ မြစ်ထဲခုန်ချလိုက်တယ်။ ရေမြှုပ်တွေကို အပေါ်မှာ တက်စေပြီး သေကာ အဝီစိကို ရောက်သွားတယ်။

သိကြားမင်းက ကောင်းကင်မှာ ရတနာစင်္ကြံကို ဖန်ဆင်းတယ်။ ရတနာစင်္ကြံရဲ့အစွန်းတစ်ခုက အရှေ့စကြဝဠာနှုတ်ခမ်းရစ်မှာ ရှိတယ်။ အခြားအစွန်းတစ်ခုက အနောက်စကြဝဠာနှုတ်ခမ်းရစ်မှာ ရှိတယ်။ ဘုရားရှင်က ၃၆ ယူဇနာရှိတဲ့ ပရိသတ် စုဝေးပြီးတဲ့အခါ အရိပ်တိုးပွားရာအချိန် (ညနေပိုင်းအချိန်) မှာ 'အခုအချိန်ဟာ တန်ခိုးပြဖို့ အချိန်ပဲ' လို့ တွေးပြီး ဂန္ဓကုဋိကျောင်းမှထွက်ကာ ကျောင်းရှေ့မှာရပ်တော်မူတယ်။ အဲဒီအခါ ဘုရားရှင်ကို တန်ခိုးရှင်ဖြစ်တဲ့ ဃရဏီအမည်ရှိ အနာဂါမ်ဥပါသိကာမတစ်ယောက်နဲ့ တန်ခိုးရှင်ဖြစ်တဲ့ အနာဂါမ် စူဠအနာထပိဏ်က တန်ခိုးပြခွင့်ပြုဖို့ တောင်းဆိုကြတယ်။ ဘုရားရှင်က ခွင့်ပြုတော်မမူ။ အဲဒီအခါ ၇ နှစ်အရွယ် ပဋိသမ္ဘိဒါရ ရဟန္တာ စီရသာမဏေမလေးနဲ့ ၇ နှစ်အရွယ် ပဋိသမ္ဘိဒါရ ရဟန္တာ စုန္ဒ ကိုရင်လေးတို့ကလည်း ဘုရားရှင်ကို တန်ခိုးပြခွင့်ပြုဖို့ တောင်းဆိုကြတယ်။

'ဘယ်လို တန်ခိုးပြမှာလဲ' လို့ ဘုရားရှင်က မေးတော်မူတဲ့အခါ စီရသာမဏေမလေးက ဒီလိုလျှောက်ပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော်မဟာ မြင်းမိုရ်တောင်၊ စကြဝဠာတောင်၊ ဟိမဝန္တာတောင်တွေကို ယူဆောင်လာပြီး ဒီနေရာမှာ အစဉ်အတိုင်းထားကာ ဟသ်ာမလေးလို ဟိုနေရာ ဒီနေရာတွေက ထွက်လာပြီး မငြိကပ်ဘဲ သွားပါမယ်။ လူအများက တပည့်တော်ကို မြင်လို့ 'ဒါ ဘယ်သူလဲ' လို့ မေးကြတဲ့အခါ 'စီရသာမဏေမလေး'လို့

http://www.dhammadownload.com



ပြောပါလိမ့်မယ်။ တိတ္ထိတွေက '၇ နှစ်အရွယ် သာမဏေမလေးတောင် ဒီလောက် တန်ခိုးရှိတယ်၊ ဘုရားရှင်ဆိုရင် တန်ခိုးက ဘယ်လိုဖြစ်လေမလဲ'လို့ တွေးကာ မြတ်စွာဘုရားကို မကြည့်တော့ဘဲသာ ပြေးကြပါလိမ့်မယ်'

စုန္ဒကိုရင်လေးကတော့ ဒီလိုလျှောက်တယ်။

'မြတ်စွာဘုရား၊ တပည့်တော်ဟာ ဇမ္ဗူဒိပ်ကျွန်းရဲ့ တံခွန်သဖွယ်ဖြစ်တဲ့ သပြေပင်ကြီးကို ပင်စည်မှာကိုင်ကာ လှုပ်ပြီး သပြေသီးကြီးတွေကို ယူဆောင်ကာ ဒီပရိသတ်ကို စားစေပါမယ်၊ ပင်လယ်ကသစ်ပန်းတွေကို ဆောင်ယူပြီး မြတ်စွာဘုရားကို ရှိခိုးပါမယ်'

ဘုရားရှင်က 'ငါဘုရားဟာ သင်တို့ရဲ့အစွမ်းကို သိတယ်'လို့ မိန့်ပြီး တန်ခိုးပြဖို့ လျှောက်ထားတာကို ပယ်မြစ်တော်မူပါတယ်။

**(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၁၃၃၊ ၁၃၇)**

စီရသာမဏေမရော၊ စုန္ဒသာမဏေပါ ပဋိသမ္ဘိဒါ ၄ ပါးကို ရကြပါတယ်။ ပဋိသမ္ဘိဒါဆိုတာ ပိုင်းပိုင်းခြားခြား ပြတ်သားရှင်းလင်းစွာ သိတဲ့ဉာဏ်ပါပဲ။ အတ္ထ၊ ဓမ္မ၊ နိရုတ္တိ၊ ပဋိဘာနအားဖြင့် ၄ပါး ရှိတယ်။ အတ္ထပဋိသမ္ဘိဒါဆိုတာ ဟောပြောရာမှာ သိစေလိုအပ်တဲ့ အနက်အဓိပ္ပာယ်နဲ့ အကျိုးတရားတွေကို ပိုင်းပိုင်းခြားခြား ပြတ်သားရှင်းလင်းစွာ သိတဲ့ဉာဏ်ပါပဲ။ ဓမ္မပဋိသမ္ဘိဒါဆိုတာ ဟောပြောတဲ့ ဒေသနာစကားနဲ့ အကြောင်းအရာတွေကို ပိုင်းပိုင်းခြားခြား ပြတ်သားရှင်းလင်းစွာ သိတဲ့ဉာဏ်ပါပဲ။ နိရုတ္တိပဋိသမ္ဘိဒါဆိုတာကတော့ ပါဠိဘာသာစကားတွေကို အမှားအမှန် ဝေဖန်ဆုံးဖြတ်နိုင်တဲ့ဉာဏ်ပဲ။ အဲဒါက ပါဠိဘာသာ ပြောဆိုတဲ့ခေတ်တုန်းက ဖြစ်ပုံသိပုံပါပဲ။ မြန်မာလူမျိုးဆိုရင်တော့ မြန်မာစကား အမှားအမှန်ကို ဝေဖန်ဆုံးဖြတ်နိုင်တဲ့ဉာဏ်ပဲ ဖြစ်သင့်ပါတယ်။

ပဋိဘာနပဋိသမ္ဘိဒါဆိုတာကတော့ ဉာဏ်ဟူသမျှတွေထဲမှာ ခွဲခြားဝေဖန်ပြီး သိတဲ့ဉာဏ်ပါပဲ။ အထူးအားဖြင့်တော့ ပြောဆိုရေးသား

http://www.dhammadownload.com



တဲ့အခါ ပြောဆိုရေးသားစရာ အချက်အလက်တွေကို အလျင်အမြန် သိမြင်တဲ့ဉာဏ်ပါပဲ။ အာဝဇ္ဇန်းကောင်းတယ်လို့လည်း ပြောကြပါတယ်။ ဟုတ်တယ်၊ မနောဒွါရာဝဇ္ဇန်း ဆိုတဲ့စိတ်က သင့်လျော်တဲ့အာရုံတွေဆီကို ညွှတ်ညွှတ်ပေးလို့ အဲဒီအချက်အလက်တွေကို အလွယ်တကူ အလျင်အမြန် သိသိသွားတဲ့သဘောပါပဲ။

# အရှင်ပေါဋ္ဌိလရဲ့ ကမ္မဋ္ဌာန်းဆရာ ကိုရင်လေး

ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမဆိုတဲ့ ဘုရား ၇ ဆူတို့ရဲ့ သာသနာမှာ ပိဋကသုံးပုံဆောင်ပြီး ရဟန်း ၅၀၀ ကို တရားပို့ချတဲ့ ပေါဋ္ဌိလမထေရ်ကြီးဟာ အပ်ချုပ်နေတဲ့ ၇ နှစ်အရွယ် ကိုရင်လေးအနီးမှာ လက်အုပ်ချီပြီး 'သူတော်ကောင်းလေး၊ တပည့်တော်ရဲ့မှီခိုရာ ဖြစ်တော်မူပါ' လို့ လျှောက်ထားပါတယ်။

'အိုဆရာ၊ ဘယ့်နှယ်ပြောလိုက်ပါလိမ့်၊ အရှင်ဘုရားတို့က သက်တော်လည်း ကြီးကြပါတယ်၊ ဗဟုသုတလည်း များပါတယ်။ အရှင်ဘုရားတို့ထံမှ တပည့်တော်သိစရာ ရှိပါမယ်'

'သူတော်ကောင်းလေး၊ ဒီလိုမလုပ်ပါနဲ့၊ တပည့်တော်ရဲ့မှီခိုရာ ဖြစ်သာဖြစ်ပါ'

'အရှင်ဘုရား၊ အရှင်ဘုရားက တပည့်တော်ရဲ့သြဝါဒကို ခံယူလိုက်နာနိုင်ရင် တပည့်တော် အရှင်ဘုရားရဲ့ မှီခိုရာဖြစ်ပါမယ်'

'သူတော်ကောင်းလေး၊ အရှင်ဘုရားရဲ့သြဝါဒကို တပည့်တော် ခံယူလိုက်နာပါမယ်၊ မီးထဲကိုဝင်လို့ ပြောရင် တပည့်တော် မီးထဲကို ဝင်ပါမယ်'

'အရှင်ဘုရား၊ ဒီဝတ်ရန်းထားတဲ့ သင်္ကန်းတွေနဲ့ပဲ ဒီရေကန်ထဲကို ဆင်းပါ'

သြဝါဒကို ခံယူမယူ စူးစမ်းလိုလို့ ကိုရင်လေးက အနီးမှာရှိတဲ့ ရေကန်ထဲ ဆင်းခိုင်းပါတယ်။ အရှင်ပေါဋ္ဌိလမထေရ်က တန်ဖိုးကြီးတဲ့ သင်္ကန်းတွေကို ဝတ်ရန်းလာခဲ့ကြောင်းကို ကိုရင်လေး သိပါတယ်။

http://www.dhammadownload.com



ကိုရင်လေးရဲ့စကားတစ်ခွန်းတည်းနဲ့ပဲ အရှင်ပေါဋ္ဌိလဟာ ဆင်းပါတယ်။ သင်္ကန်းအစွန်းတွေ ရေစိုသွားမှ 'အရှင်ဘုရား ပြန်ကြွခဲ့ပါ' လို့ ကိုရင်လေးရဲ့ တစ်ခွန်းပြောရုံနဲ့ပဲ ပြန်လာကာ ရပ်တည်နေတဲ့ အရှင်ပေါဋ္ဌိလကို ကိုရင်လေးက ဒီလိုပြောပါတယ်။

'အရှင်ဘုရား၊ တောင်ပို့တစ်ခုမှာ အပေါက် ၆ ပေါက် ရှိပါတယ်။ အပေါက် တစ်ပေါက်က ဖွတ်ဝင်သွားပါတယ်။ အဲဒီဖွတ်ကို ဖမ်းလိုတဲ့သူဟာ အပေါက် ၅ ပေါက်ကို ပိတ်ပြီး ၆ ပေါက်မြောက်ကို ပေါက်ခွဲကာ ဝင်သွားတဲ့အပေါက်နဲ့ပဲ ဖမ်းယူရပါတယ်။ အဲဒီလိုပါပဲ၊ အရှင်ဘုရားလည်း မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် လို့ခေါ်တဲ့ တံခါး ၆ ပေါက်မှာ ဝင်လာတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောအာရုံတွေထဲမှာ ကျန်တံခါး ၅ ပေါက်ကို ပိတ်ထားပြီး စိတ်တံခါးပေါက်မှာ အလုပ်လုပ်ပါ'

အကြားအမြင် သုတများတဲ့ မထေရ်တစ်ပါးမို့ ဒီလောက်နဲ့ပဲ ဆီမီးထွန်းပြလိုက်သလို ဖြစ်သွားပါတယ်။ 'သူတော်ကောင်းလေး၊ ဒီလောက်ပဲ ရှိပါစေ' လို့ ပြောပြီး ကိုယ်မှာဉာဏ်စိုက်ကာ ရဟန်းတရားအားထုတ်ပါတယ်။

ဘုရားရှင်က ယူဇနာ ၁၂၀ ထက်ဝေးတဲ့နေရာမှာ ထိုင်ရင်းပဲ အရှင်ပေါဋ္ဌိလကို ကြည့်ကာ ရောင်ခြည်တော်လွှတ်ပြီး

'ကမ္မဋ္ဌာန်းအားထုတ်ရင် ဉာဏ်ဖြစ်တယ်၊ အားမထုတ်ရင် ဉာဏ်ပျက်တယ်၊ ဉာဏ်တိုးပွားအောင် ကိုယ့်ကိုယ်ကို ဆောင်ရွက်ရာ၏' လို့ ဟောတော်မူပါတယ်။ ဒီဒေသနာရဲ့အဆုံးမှာ အရှင်ပေါဋ္ဌိလ ရဟန္တာ ဖြစ်သွားပါတယ်။

ဒုက္ခလွတ်ကြောင်းအကျင့်ကို မကျင့်လို့ 'အလကား ပေါဋ္ဌိလ၊ လာလော့၊ အလကား ပေါဋ္ဌိလ ရှိခိုးလော့၊ အလကား ပေါဋ္ဌိလ ထိုင်လော့၊ အလကားပေါဋ္ဌိလ သွားလော့' လို့ ဘုရားရှင်က သူ့ထံ ဆည်းကပ်

http://www.dhammadownload.com



လာတဲ့အခါ ပြောပါတယ်။ ပြန်သွားတော့လည်း 'အလကား ပေါဋ္ဌိလ သွားပြီ' လို့ ပြောပါတယ်။ 'ငါဟာ အဋ္ဌကထာနဲ့တကွ ပိဋကသုံးပုံကို ဆောင်ထားတယ်၊ ရဟန်း ၅၀၀ တို့ရဲ့ဂိုဏ်းကြီး ၁၈ ဂိုဏ်းမှာ စာချ ပေးတယ်။ ဒါပေမဲ့ ငါ့ကို ဘုရားရှင်က အမြဲ 'အလကား ပေါဋ္ဌိလ' လို့ ပြောတယ်။ စင်စစ်တော့ ငါ့မှာ ဈာန် မဂ်ဖိုလ်တရားထူး မရှိလို့ အဲဒီလိုခေါ်တာ ဖြစ်တယ်'လို့ အရှင်ပေါဋ္ဌိလက တွေးပါတယ်။

ယူဇနာ ၁၂၀ ဝေးတဲ့ တောကျောင်းတစ်ကျောင်းမှာ ရှိတဲ့ ရဟန္တာရဟန်း ၃၀ ထဲက ရဟန်းအကြီးဆုံးထံသွားပြီး 'တပည့်တော်ရဲ့ မှီခိုရာ ဖြစ်တော်မူပါ' လို့ လျှောက်လို့ အဆင့်ဆင့်လွှဲလိုက်ကြရာ နောက်ဆုံးမှာ ၇ နှစ်အရွယ် ကိုရင်လေးထံ ရောက်သွားပါတယ်။ အရှင်ပေါဋ္ဌိလရဲ့မာနကို ချပေးနေကြတာပါပဲ။

အဲဒီ ၇ နှစ်အရွယ် ကိုရင်လေးကလည်း ရဟန္တာပါပဲ။ ရဟန္တာ ဖြစ်နေပြီဆိုတော့ ရဲရင့်မှုအပြည့် ရှိနေပါတယ်။ တကယ့်စာတတ်ဆရာ တော်ကြီးကိုတောင် ကမ္မဋ္ဌာန်းတရား ပြသပေးနိုင်ပါပေတယ်။ ရေကန် ထဲတောင် အဆင်းခိုင်းလိုက်ပါသေးတယ်။ အာဂကိုရင်လေးပဲ ဖြစ်ပါ တယ်။ ကိုရင်လေး ပြသပေးတဲ့ ကမ္မဋ္ဌာန်းတရားကလည်း ပညာသား ပါလှပါတယ်။ အရှင်ပေါဋ္ဌိလကြီးက တကယ့်ပရိယတ်ပညာရှင်ကြီး ဆိုတော့ 'ချက်ဆို နားခွက်မီးတောက်' ဆိုတာလို ကိုရင်လေးပေးတဲ့ ကမ္မဋ္ဌာန်းတရားကို တန်းပြီးသဘောပေါက်သွားပါတယ်။ ဆရာကိုရင် လေးက တော်သလို တပည့်ဆရာတော်ကြီးကလည်း တော်ပါပေတယ်။ ကိုရင်လေးဟာ တကယ့်ပရိယတ်အကျော်အမော် ဆရာတော်ကြီးရဲ့ ကမ္မဋ္ဌာန်းဆရာ ဖြစ်ပါပေတယ်။

http://www.dhammadownload.com

# ၄ နာမည်ရ ရှင်တိဿ

ရှင်တိဿလောင်းလျာဟာ မဟာသေနအမည်ရှိတဲ့ ပုဏ္ဏားဘဝက ဖြစ်လာတဲ့အတွက် သူ့ကျေးဇူးရှင် အရှင်သာရိပုတ္တရာအပေါ်မှာ ကြည်ညိုရင်းစွဲရှိနေလို့ အရှင်သာရိပုတ္တရာရဲ့ ဆွမ်းခံအိမ်မှာ ပဋိသန္ဓေ ယူခဲ့တယ်။ သူ့မိခင်က သူ့ကို ကိုယ်ဝန်လွယ်ထားစဉ်မှာ အလွန်ပူတဲ့အစာ၊ အလွန်အေးတဲ့အစာ၊ အလွန်ချဉ်တဲ့အစာ စသည်များကို မစားသုံးဘဲ ရှောင်ရှားခဲ့တယ်။ သန္ဓေသားလေးကို ချမ်းသာစွာ လွယ်ဆောင်ထားစဉ်မှာ 'အရှင်သာရိပုတ္တရာအမှူးရှိတဲ့ ရဟန်း ၅၀၀ ကို ပင့်ဆောင်ကာ အိမ်မှာထိုင်နေစေပြီး ရေမရောတဲ့ နို့ဃနာဆွမ်းကိုပေးလှူပြီး ကိုယ်တိုင်လည်း ဖန်ရည်တပ်စွန်းတဲ့အဝတ်ကို ဝတ်ရုံကာ ရွှေခွက်တို့ကိုယူလျက် ရဟန်းများရဲ့ နေရာအဆုံးမှာ ထိုင်လျက် ရဟန်းတို့ရဲ့ အကျန်အကြွင်း နို့ဃနာထမင်းကို စားချင်စမ်းပါဘိ' လို့ချင်ခြင်းဖြစ်နေတယ်။

သူ့မိခင်မှာ ဖန်ရည်တပ်စွန်းတဲ့အဝတ်ကို ဝတ်ရုံလိုတဲ့ ချင်ခြင်းဟာ သန္ဓေသားလေးရဲ့ ဗုဒ္ဓသာသနာမှာ ရှင် ရဟန်းဖြစ်ဖို့ရန် ရှေ့ပြေးနိမိတ်ဖြစ်နေပါသတဲ့။ အဲဒီအချိန်မှာ သူ့မိခင်ရဲ့ ဆွေမျိုးတွေက 'ငါတို့သမီးရဲ့ ချင်ခြင်းဟာ တရားနဲ့ယှဉ်တယ်' လို့ နားလည်ကြကာ အရှင်သာရိပုတ္တရာ အမှူးရှိတဲ့ ရဟန်း ၅၀၀ တို့အား ရေမရောတဲ့ နို့ဃနာဆွမ်းကို လှူဒါန်းခဲ့ကြတယ်။ သူ့မိခင်ကလည်း ဖန်ရည်စွန်းတဲ့အဝတ်တစ်ထည်ကို ခါးမှာဝတ်ပြီး တစ်ထည်ကို ကိုယ်ပေါ်ရုံကာ ရွှေခွက်ကိုယူ၍ နေရာအစွန်မှာထိုင်လျက် အကြွင်းအကျန်နို့ဃနာထမင်းကို စားရလို့ သူ့ရဲ့ချင်ခြင်းဟာ ပျောက်သွားခဲ့တယ်။

http://www.dhammadownload.com



သူ့မိခင် သားမဖွားမီအတွင်း ပြုအပ်တဲ့ မင်္ဂလာတွေမှာရော သားဖွားပြီးနောက် ပြုအပ်တဲ့ မင်္ဂလာတွေမှာပါ အရှင်သာရိပုတ္တရာ အမှူးရှိတဲ့ ရဟန်း ၅၀၀ တို့အား ရေမရောတဲ့ နို့ဃနာဆွမ်းကို လှူဒါန်းခဲ့တယ်။ ဒီအကျိုးပေးဟာ မဟာသေနပုဏ္ဏားဘဝက လှူဒါန်းခဲ့တဲ့ **နို့ဃနာဆွမ်းရဲ့အကျိုးပေး ဖြစ်တယ်။**

မွေးဖွားရာနေ့မှာ ကလေးကို စောစောကပင် ရေချိုးစေကာ တန်ဆာဆင်ပြီး ကျက်သရေရှိတဲ့နေရာမှာ တစ်သိန်းတန်တဲ့ ကမ္ဗလာပေါ် အိပ်စေခဲ့ပါတယ်။ အဲဒီကလေးဟာ ကမ္ဗလာပေါ်မှာလျောင်းရင်း အရှင်သာရိပုတ္တရာကိုကြည့်ကာ 'ဒီအရှင်မြတ်ဟာ ငါရဲ့လက်ဦးဆရာပဲ၊ ငါဟာ အရှင်မြတ်ကို အမှီပြုကာ ဒီလူ့စည်းစိမ်ချမ်းသာကို ရခဲ့တယ်။ ငါဟာ ဒီအရှင်မြတ်အား အလှူတစ်ခုပြုသင့်တယ်' လို့ တွေးကာ သီလယူဖို့ ဆောင်ယူသွားတဲ့အခါ အဲဒီကမ္ဗလာကို လက်သန်းဖြင့် ရစ်ပတ်ကာ ယူနေတယ်။ ဒီအခါ ကလေးရဲ့လက်ချောင်းမှာ ကမ္ဗလာ ငြိကပ်နေတယ်လို့ မှတ်ထင်ကာ ဆွေမျိုးတို့က ကမ္ဗလာကို ဆောင်ယူ ဖယ်ရှားဖို့ ကြိုးစားကြတယ်။ ကလေးဟာ ငိုနေတယ်။

ဆွေမျိုးတွေဟာ 'ကလေးဟာ မသိဘဲ ပြုလုပ်နေတယ်'လို့ မပြောကြဘဲ 'အရှင်ဘုရား၊ တပည့်တော်တို့သား လှူဒါန်းတာဟာ လှူဒါန်းပြီးသား ဖြစ်ပါစေဘုရား' လို့ လျှောက်ထားကာ 'တစ်သိန်းတန် ကမ္ဗလာဖြင့် ပူဇော်တဲ့ အရှင်ရဲ့တပည့်လေးအား သီလပေးသနားတော်မူပါ' လို့ လျှောက်ထားတောင်းပန်ကြတယ်။ 'ကလေးနာမည် ဘယ်လို ခေါ်သလဲ' လို့ အရှင်သာရိပုတ္တရာက မေးတဲ့အခါ 'အရှင်ဘုရားနဲ့ နာမည်တူပါတယ် ဘုရား၊ ကလေးနာမည်က တိဿ ဖြစ်ပါလိမ့်မယ် ဘုရား' လို့ ဆွေမျိုးတွေက လျှောက်ထားကြတယ်။ လူ့ဘဝက အရှင် သာရိပုတ္တရာရဲ့နာမည်မှာ ဥပတိဿ ဖြစ်တယ်။ တိဿကလေးရဲ့မိခင် ဟာ 'ငါဟာ သားရဲ့ဆန္ဒ မဖျက်ဆီးအံ့' လို့ ဆုံးဖြတ်လိုက်တယ်။

http://www.dhammadownload.com



တိဿကလေးရဲ့ နာမည်မှည့်ရာ မင်္ဂလာ၊ ထမင်းခွံ့ မင်္ဂလာ၊ နားထွင်းမင်္ဂလာ၊ အဝတ်ဝတ်မင်္ဂလာ၊ ဆံထုံးမင်္ဂလာတွေမှာလည်း အရှင်သာရိပုတ္တရာအမှူးရှိတဲ့ ရဟန်း ၅၀၀ တို့အား ရေမရောတဲ့ နို့ဃနာဆွမ်းကိုပင် လှူဒါန်းကြတယ်။ တိဿဟာ ၇ နှစ်အရွယ်ရောက်လာတဲ့အခါ 'အမေ၊ အရှင်သာရိပုတ္တရာထံ သားကိုရင်ဝတ်မယ်' လို့ အမေ့ကို ပြောပြလို့ 'သားလေးရေ၊ ကောင်းတယ်၊ မေမေဟာ သားမပြောခင်ကပဲ သားလေးရဲ့ဆန္ဒ မဖျက်ဘူးလို့ စိတ်ဆုံးဖြတ်ခဲ့တယ်။ သားလေးကိုရင်ဝတ်ပါ' လို့ ပြောကာ အရှင်သာရိပုတ္တရာကို အပင့်ခိုင်းကာကြွလာတဲ့ အရှင်သာရိပုတ္တရာအား ဆွမ်းကပ်လှူလို့အပြီးမှာ 'အရှင်ဘုရား၊ အရှင်ဘုရားရဲ့တပည့်လေးက ကိုရင်ဝတ်မယ်လို့ ပြောနေပါတယ်။ သူ့ကိုခေါ်ပြီး ညနေရောက်တော့ တပည့်တော်တို့ ကျောင်းကိုလာခဲ့ကြပါမယ် ဘုရား' လို့ လျှောက်ထားကာ အရှင်သာရိပုတ္တရာပြန်ကြွသွားပြီးနောက် ညနေရောက်တဲ့အခါ ကြီးမားတဲ့ ကောင်းစွာမြတ်နိုးမှုဖြင့် သားလေးကို ယူဆောင်ကာ ကျောင်းကိုသွားပြီး အရှင်သာရိပုတ္တရာထံ အပ်နှံကြတယ်။

'တိဿ၊ ရှင် ရဟန်းအဖြစ်ဆိုတာ ပြုလုပ်ဖို့ခက်တယ်။ အပူလိုချင်ပေမယ့် အအေးရတတ်တယ်၊ အအေးလိုချင်ပေမယ့် အပူရတတ်တယ်။ ရှင် ရဟန်းတွေဆိုတာ ဆင်းရဲပင်ပန်းစွာ အသက်မွေးကြရတယ်။ သင်က ချမ်းချမ်းသာသာနဲ့ ကြီးပွားလာခဲ့သူဖြစ်တယ်' လို့ အရှင်သာရိပုတ္တရာက တိဿအား ပြောပြနေတယ်။ 'အရှင်ဘုရား၊ တပည့်တော်ဟာ အရှင်ဘုရား မိန့်ကြားတဲ့အတိုင်းပဲ အကုန်လုံး လုပ်နိုင်ပါမယ်ဘုရား' လို့ လျှောက်ထားတဲ့အတွက် အရှင်သာရိပုတ္တရာက 'ကောင်းပြီ'လို့ ပြောကာ ခန္ဓာကိုယ်ရဲ့စက်ဆုပ်ဖွယ်ကို နှလုံးသွင်းနိုင်ဖို့ရာ တစပဉ္စကကမ္မဋ္ဌာန်းကို ပြောပြပြီး တိဿကို ကိုရင်ဝတ်ပေးလိုက်တယ်။

တိဿရဲ့မိဘတွေဟာ ကိုရင်ဝတ်ပြီးတဲ့ ရှင်တိဿကို ပူဇော်

http://www.dhammadownload.com



သင်္ကြာရပြုလိုလို့ ၇ ရက်ပတ်လုံး ကျောင်းမှာပဲ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား ရေမရောတဲ့ နို့ဃနာဆွမ်းကိုသာ လှူဒါန်းကြတယ်။ ရဟန်းတွေကလည်း 'ငါတို့ အမြဲတမ်း ရေမရောတဲ့ နို့ဃနာဆွမ်းကို မစားနိုင်ကြကုန်' လို့ ဆိုကာ ကဲ့ရဲ့ကြတယ်။ ရှင်တိဿရဲ့မိဘတွေဟာ ၇ ရက်မြောက် ညနေအချိန်မှာ အိမ်ကိုပြန်ခဲ့ကြတယ်။ ရှင်တိဿဟာ ၈ ရက်မြောက်နေ့နဲ့ ၉ ရက်မြောက်နေ့တွေမှာ ရဟန်းတွေနဲ့အတူ သာဝတ္ထိမြို့ထဲ ဆွမ်းခံဝင်တဲ့အခါ အဝတ်တစ်ထောင်နဲ့အတူ ဆွမ်းတစ်ထောင်ကို သာဝတ္ထိမြို့သူမြို့သားတွေက ရှင်တိဿအား လှူဒါန်းကြလို့ ရှင်တိဿဟာ ရဟန်းတော်တွေအား အဲဒီအဝတ်တစ်ထောင်နဲ့ ဆွမ်းတစ်ထောင်ကိုပါ လှူဒါန်းစေတယ်။ ဒါကြောင့် ရဟန်းတွေဟာ ရှင်တိဿကို 'ဆွမ်းအလှူရှင် တိဿ' လို့ မှည့်ခေါ်ကြတယ်။ တစ်နေ့မှာ ဆောင်းအခါ ချမ်းလို့ မီးလှုံနေကြတဲ့ ရဟန်းတွေအား ကမ္ဗလာ တစ်ထောင်ကိုလည်း အလှူခံပေးလို့ 'ကမ္ဗလာအလှူရှင် တိဿ'လို့လည်း မှည့်ခေါ်ကြတယ်။

ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတဲ့ ရှင်တိဿထံကို ဆွေမျိုးဒါယကာတွေ အမြဲမပြတ်လာလို့ စကားပြောရတဲ့အခါ 'ငါ့ထံလာသူတွေကို ငါက စကားမပြောလို့လည်း မသင့်တော်၊ သူတို့နဲ့ စကားပြောကာ အချိန်ကုန်နေရင် ငါ့ရဲ့အားကိုးထောက်တည်ရာ တရားထူး တရားမြတ်ကို ရရှိလိမ့်မယ်မဟုတ်၊ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရား သင်ယူကာ တောထဲသွားပြီး တရားအားထုတ်ရရင် ကောင်းမှာပဲ'လို့ ကြံကာ ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတရား အားထုတ်နည်း သင်ယူတယ်။ အဲဒီနောက် ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာကို ရှိခိုးပြီး သပိတ် သင်္ကန်းယူကာ ကျောင်းမှ ထွက်ကာ 'ဒီအနီးအနားမှာနေရင် ငါ့ကို ဆွေမျိုးတွေ ခေါ်ကြလိမ့်မယ်' လို့ တွေးကာ ယူဇနာ ၁၂၀ ရှိတဲ့ ခရီးကို သွားခဲ့

http://www.dhammadownload.com



တယ်။ ရွာတစ်ရွာကိုရောက်သွားပြီး အဲဒီရွာရှိ တောကျောင်းမှာ သီတင်းသုံးကာ ဝါကပ်ခဲ့တယ်။

ဝါကျွတ်တဲ့အခါ အရှင်သာရိပုတ္တရာဟာ မြတ်စွာဘုရားထံ သွားပြီး ရှိခိုးကာ 'မြတ်စွာဘုရား၊ တပည့်တော် ရှင်တိဿထံ သွားပါမယ်ဘုရား' လို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက ခွင့်ပြုတော်မူလို့ ရဟန်း ၅၀၀ ခြံရံပြီး သွားခါနီးမှာ 'ငါ့ရှင်မောဂ္ဂလာန်၊ တပည့်တော် ရှင်တိဿထံ သွားပါမယ်' လို့ အသိပေးပြောကြားတယ်။ 'အရှင်ဘုရား သာရိပုတ္တရာ၊ ရှင်တိဿထံ တပည့်တော်လည်း လိုက်ပါမယ်' လို့ဆိုကာ ရဟန်း ၅၀၀ အခြံအရံနဲ့တကွ သွားကြတယ်။ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ပုဏ္ဏ၊ အရှင်ဥပါလိအစရှိတဲ့ တပည့်ကြီး (မဟာသာဝက) တွေဟာ ရဟန်း ၅၀၀ စီခြံရံကာ ကြွသွားကြတယ်။ ၈၀ သော မဟာသာဝကတွေရဲ့ အခြံအရံအားလုံးပေါင်း ၄ သောင်း ရှိတယ်။ ယူဇနာ ၁၂၀ ရှိတဲ့ ခရီးကို သွားကြတဲ့အခါ အရှင်တိဿရဲ့ ဆွမ်းခံရွာကို ရောက်ကြတယ်။ ရှင်တိဿရဲ့ အမြဲအလုပ်အကျွေး ဒကာတစ်ယောက်ဟာ ရွာတံခါးမှာပင် ရဟန်းတွေကို ဖူးတွေ့ရလို့ ခရီးဦးကြိုဆိုကာ ရှိခိုးတယ်။

အရှင်သာရိပုတ္တရာက အဲဒီဒကာကို 'ဒကာ၊ ဒီအရပ်မှာ တောကျောင်း ရှိသလား' လို့ မေးရာ 'ရှိပါတယ်' လို့ လျှောက်ထားတဲ့ စကားအရ 'ဒကာ၊ အဲဒီတောကျောင်းမှာ သံဃာရှိသလား၊ မရှိဘူးလား' လို့ မေးပြန်တယ်။ 'ရှိပါတယ်' လို့ လျှောက်ထားတဲ့အခါ 'တောကျောင်းမှာ နေနေတဲ့သူရဲ့ နာမည်က ဘယ်လိုခေါ်သလဲ' လို့ မေးမြန်းတာကို 'တောနေ ရှင်တိဿ ဖြစ်ပါတယ်' လို့ လျှောက်ထားတယ်။ 'ဒကာ၊ ဒီလိုဆိုရင် ငါတို့ကို လမ်းပြပေးပါ' လို့ အရှင်သာရိပုတ္တရာက မိန့်ပြောကြားတဲ့အခါ 'အရှင်ဘုရားတို့ ဘယ်သူတွေပါလဲ ဘုရား' လို့ လျှောက်တာကို 'ငါတို့က ရှင်တိဿထံ လာကြသူတွေ ဖြစ်တယ်' လို့ မိန့်

http://www.dhammadownload.com



ပြောကြားတော်မူတယ်။ ဒကာက သေချာကြည့်တဲ့အခါ အရှင်သာရိပုတ္တရာကို အစပြုကာ မဟာသာဝကအားလုံးတွေကိုလည်း ကောင်းစွာမှတ်မိလို့ တစ်ကိုယ်လုံး ပီတိတွေလွှမ်းခြုံသွားကာ 'အရှင်ဘုရားတို့၊ ရပ်တော်မူပါဦးဘုရား' လို့ လျှောက်ထားပြီး ရွာထဲသို့ အမြန်သွားကာ 'အမောင်တို့၊ အမိတို့၊ အရှင်သာရိပုတ္တရာ ဦးဆောင်တဲ့ ၈၀ သော မဟာသာဝကတွေ အခြံအရံ ၅၀၀ စီနဲ့အတူ ရှင်တိဿထံကို လာနေကြတယ်။ ခုတင်၊ ကုလားထိုင်၊ အခင်း၊ ဆီမီး၊ ဆီစတာတွေကို ယူကာ မြန်မြန်ထွက်လာကြပါ'လို့ တိုက်တွန်းနှိုးဆော်လိုက်တယ်။

ဒကာ ဒကာမတွေက ချက်ချင်း ခုတင်စတဲ့ပစ္စည်းတွေကို ယူကာ သံဃာတွေနောက်မှလိုက်လာကာ ကျောင်းကိုရောက်လာကြတယ်။ ရှင်တိဿက သံဃာတွေကို ကောင်းစွာမှတ်မိလို့ မဟာထေရ်တွေရဲ့ သပိတ်သင်္ကန်းတွေကို ယူကာ ဝတ်ပြုပါတယ်။ သံဃာတော်တွေအတွက် ရှင်တိဿ နေရာစီစဉ်ပေးတုန်း သပိတ် သင်္ကန်းတွေကို သိမ်းဆည်းနေတုန်းမှာပဲ လင်းနေရာမှ မှောင်လာတယ်။ 'ဒကာ ဒကာမတွေ ပြန်ကြတော့ မှောင်လာပြီ' လို့ အရှင်သာရိပုတ္တရာက ဒကာ ဒကာမတွေကို ပြန်ဖို့ ပြောကြားတယ်။

'အရှင်ဘုရား၊ ဒီနေ့ဟာ တရားနာယူရမယ့်နေ့ပါဘုရား၊ တပည့်တော်များ မပြန်ကြတော့ပါ၊ တရားနာယူပါမယ်၊ အရင်နေ့တွေတုန်းက တရားနာယူရတာ မရှိခဲ့ပါ'လို့ ဒကာ ဒကာမတွေက အရှင်သာရိပုတ္တရာကို လျှောက်ထားလို့ 'ရှင်တိဿ၊ ဒီလိုဆိုရင် ဆီမီးထွန်းကာ တရားနာယူဖို့ အချိန်ကြေညာပါ'လို့ ပြောကြားလို့ ပြောတဲ့အတိုင်း ရှင်တိဿက ဆောင်ရွက်ပါတယ်။ 'တိဿ၊ သင့်ရဲ့ဒကာတွေ တရားနာယူလိုကြတယ်လို့ ပြောနေကြတယ်။ သူတို့ကို တရားဟောလိုက်'လို့ အရှင်သာရိပုတ္တရာက ပြောကြားတဲ့အခါ 'အရှင်ဘုရား၊ တပည့်တော်များရဲ့ ကိုရင်တိဿဟာ 'သုခိကာ ဟောထ၊ ဒုက္ခာမုစ္စထ၊ ချမ်းသာကြပါစေ၊

http://www.dhammadownload.com



ဆင်းရဲမှ လွတ်ကြပါစေဆိုတဲ့ ၂ ပုဒ်မှတစ်ပါး အခြားတရားကို မသိပါ။ တပည့်တော်တို့ကို အခြားဓမ္မကထိက ပေးတော်မူပါ'လို့ ဒကာတွေက တစ်ပြိုင်နက်တည်းထကာ လျှောက်ထားကြတယ်။

အဲဒီအခါ အရှင်သာရိပုတ္တရာက ရှင်တိဿကို 'ကိုရင်၊ ဘယ်လို ချမ်းသာကြရမှာလဲ၊ ဘယ်လိုဆင်းရဲမှ လွတ်ကြမှာလဲဆိုတဲ့ စကား ၂ ပုဒ်ရဲ့အဓိပ္ပာယ်ကို ရှင်းလင်းဟောကြားပါ'လို့ ပြောကြားတယ်။ ရှင်တိဿက 'ကောင်းပါပြီဘုရား' လို့ လျှောက်ထားကာ ယပ်တောင်ကို ကိုင်လို့ တရားပလ္လင်ပေါ်တက်ကာ နိကာယ်ငါးရပ်မှ အကြောင်းအကျိုးတွေကို ထုတ်ဆောင်ပြကာ လေးကျွန်းလုံး တစ်ခဲနက်ရွာသွန်းတဲ့ မိုးကြီးပမာ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဗောဓိပက္ခိယတရားတွေကို ဝေဖန်လျက် အရဟတ္တဖိုလ်တည်းဟူသော အထွတ်ဖြင့် တရားဒေသနာ ဟောကြားပြီးတဲ့အခါ 'အရှင်ဘုရား၊ ဒီလို အရဟတ္တဖိုလ်ရောက်တဲ့ ရဟန္တာမှာ ချမ်းသာဖြစ်ပါတယ်။ အရဟတ္တဖိုလ်သို့ ရောက်တဲ့သူသာ ဆင်းရဲမှ လွတ်တယ်၊ ကြွင်းသောသူတွေမှာ ဇာတိစတဲ့ဒုက္ခ၊ ငရဲဒုက္ခစသည်တွေမှ မလွတ်ကြသေးပါဘုရား'လို့ လျှောက်ထားပါတယ်။ 'ကိုရင်၊ ကောင်းပါပေစွ၊ သင့်ရဲ့တရားဟောပုံဟာ သိပ်ကောင်းပါတယ်၊ ယခု ချိုမြိန်သာယာသောအသံဖြင့် ရွတ်ဆိုပါဦး'လို့ တိုက်တွန်းတော်မူတာကြောင့် ချိုမြိန်သာယာသောအသံဖြင့် ရွတ်ဆိုပါတယ်။

အရုဏ်တက်တဲ့အခါ တိဿရဲ့ အလုပ်အကျွေးလူတွေမှာ ၂ အုပ်စု ဖြစ်နေကြပါတယ်။ တချို့ 'ငါတို့မှာ ဒီလိုကြမ်းတမ်းတဲ့ပုဂ္ဂိုလ်ကို ရှေးက မတွေ့ခဲ့ဘူး၊ ဒီလိုတရားစကားတွေ သိပါလျက်နဲ့ မိဘအရာမှာတည်ပြီး လုပ်ကျွေးခဲ့ကြတဲ့လူတွေကို တရားတစ်ပုဒ်ကိုသော်မျှ ဘာကြောင့်မဟောဘဲ နေသလဲ' လို့ ပြောဆိုကာ စိတ်ဆိုးနေကြတယ်။ တချို့က 'ဒီလို အရှင်မြတ်လေးကို ဂုဏ်ရှိ မရှိ မသိကြရပေမယ့် ပြုစုလုပ်ကျွေးခဲ့ရတဲ့ ငါတို့မှာ ကံကောင်းကြပါပေစွ၊ ယခု ရှင်တိဿထံမှ တရားကို နာခွင့်ရကြပေတယ်'လို့ ပြောကာ ဝမ်းသာနေကြတယ်။

http://www.dhammadownload.com



ဘုရားရှင်ကလည်း အဲဒီနေ့နံနက် မိုးသောက်ချိန်မှာ လောကကြီးကို ဉာဏ်မျက်စိနဲ့ ကြည့်ရှုတော်မူတဲ့အခါ ရှင်တိဿရဲ့ အလုပ်အကျွေး ဒကာဒကာမတွေ ဉာဏ်တော်ကွန်ရက်ထဲ ဝင်ရောက်လာတယ်။ 'အဘယ်သို့ ဖြစ်လိမ့်မည်နည်း' လို့ ဆင်ခြင်တော်မူတဲ့အခါ ရှင်တိဿရဲ့ အလုပ်အကျွေး ဒကာဒကာမအချို့က ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတယ်။ တချို့က စိတ်ဆိုးနေကြတယ်။ ငါ့ရဲ့သားတော်လေး ရှင်တိဿအပေါ် အမျက်ထွက်သူတွေ ငရဲရောက်ကြလိမ့်မယ်။ ရှင်တိဿထံကို ငါသွားကို သွားရမယ်။ ငါသွားရင် ဒကာ ဒကာမတွေ အားလုံး ရှင်တိဿအပေါ် မေတ္တာစိတ်သက်ဝင်ကာ ဆင်းရဲမှ လွတ်ကြရလိမ့်မယ်' လို့မြင်တော်မူတယ်။ အဲဒီရွာသူရွာသားတွေကလည်း ရဟန်းအပေါင်းကို ပင့်ဖိတ်ပြီး ရွာသို့ပြန်ကာ မဏ္ဍပ်ဆောက်၊ ယာဂု၊ ဆွမ်းစတာတွေကို ပြင်ဆင်ပြီး နေရာတွေကို ခင်းလျက် သံဃာတွေ ကြွလာမယ့်လမ်းကို မျှော်ကြည့်ကာ ထိုင်နေကြတယ်။ ရဟန်းတွေကလည်း ကိုယ်လက်သုတ်သင်ကာ ဆွမ်းခံချိန်မှာ ဆွမ်းခံမဝင်ခင် 'တိဿ၊ သင်က ငါတို့နဲ့အတူ ဆွမ်းခံသွားမလား၊ သို့မဟုတ် နောက်မှ သွားမလား' လို့ မေးကြတဲ့အခါ 'တပည့်တော် ဆွမ်းခံချိန်မှာသာ ဆွမ်းခံသွားပါမယ်၊ အရှင်ဘုရားတို့သာ အရင်ကြွသွားနှင့်ကြပါ'လို့ လျှောက်ထားလို့ ရဟန်းတွေက သပိတ် သင်္ကန်းတွေကိုယူကာ ဆွမ်းခံဝင်သွားကြပါတယ်။

မြတ်စွာဘုရားက ဇေတဝန်ကျောင်းမှာပဲ သင်္ကန်းရုံကာ သပိတ်ယူပြီး စိတ္တက္ခဏတစ်ခုတည်းနဲ့ပဲ ကြွတော်မူလာကာ ရဟန်းတွေရဲ့ ရှေ့မှာ ရပ်တော်မူပါတယ်။ 'မြတ်စွာဘုရား ကြွတော်မူလာပြီ'ဆိုတဲ့ သတင်းဟာ တစ်ရွာလုံး အုတ်အုတ်သဲသဲဖြစ်ကာ ပျံ့နှံ့သွားခဲ့တယ်။ [illegible]က စိတ်အားတက်ကြွကာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ထိုင်စေကာ ယာဂုနဲ့ခဲဖွယ်ကို လှူကြတယ်။ ရှင်တိဿက ရဟန်းတွေ

http://www.dhammadownload.com



ဆွမ်းကိစ္စမပြီးခင် ရွာတွင်းသို့ဝင်လာတယ်။ ရွာသူရွာသားတွေက ရှင်တိဿအတွက် ဆောင်ယူကာ ရှင်တိဿကို ရိုသေစွာ ဆွမ်းလှူကြတယ်။ ရှင်တိဿက မျှလောက်ရုံခံယူကာ မြတ်စွာဘုရားထံ သွားရောက်ကာ သပိတ်ကို ဆက်ကပ်ပါတယ်။ မြတ်စွာဘုရားက 'တိဿ၊ ယူခဲ့ပါ'လို့ မိန့်ကြားပြီး လက်တော်ကို ဆန့်တန်းတော်မူကာ သပိတ်ကို ယူလျက် 'တိဿ၊ သင့်ရဲ့သပိတ်ကို သာရိပုတ္တရာကို ပြပါလော့' လို့ မိန့်ကြားကာ အရှင်သာရိပုတ္တရာကို ပြစေတော်မူတယ်။ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားလက်မှ သပိတ်ကိုယူကာ ရှင်တိဿကိုပေးကာ 'ကိုရင် သွားတော့၊ သင့်ရဲ့ရောက်ရာ ရရာနေရာမှာ ထိုင်ကာ ဆွမ်းကိစ္စပြုပါ'လို့ မိန့်ကြားတော်မူတယ်။

ရွာသူရွာသားတွေက ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ပြုစုလုပ်ကျွေးပြီး မြတ်စွာဘုရားကို ရှိခိုးကာ အနုမောဒနာတရား ဟောကြားဖို့ လျှောက်ထားတောင်းပန်ကြတယ်။ မြတ်စွာဘုရားဟာ အနုမောဒနာတရား ဟောကြားတော်မူရာ 'ဒကာ ဒကာမတို့၊ သင်တို့ကိုးကွယ်တဲ့ ရှင်တိဿကို အမှီပြုကာ သာရိပုတ္တရာ၊ မောဂ္ဂလာန်၊ ကဿပ၊ အနုရုဒ္ဓါစတဲ့ ၈ ကျိပ်သော မဟာသာဝကတွေကို ဖူးမြော်ခွင့်ရကြတဲ့ သင်တို့မှာ အရတော်ပေကုန်စွ၊ ငါဘုရားလည်း သင်တို့ကိုးကွယ်တဲ့ ရှင်တိဿကို အကြောင်းပြုကာ ကြွလာခဲ့တယ်။ ဘုရားရှင်ဖူးမြင်ခွင့်ကိုလည်း ရှင်တိဿကိုပင် အမှီပြုကာ သင်တို့ရခဲ့ကြတယ်။ သင်တို့မှာ အရတော်ကြပါပေစွ၊ လူ့ဘဝကို ကောင်းစွာရကြတယ်'လို့ မိန့်ကြားတော်မူပါတယ်။

'သြော် ငါတို့မှာ အရတော်ကြပါပေတယ်။ ဘုရားရှင်နဲ့ရဟန်းအပေါင်းတွေကို ကျေနပ်နှစ်သိမ့်စေနိုင်တဲ့ ရှင်တိဿကို ဖူးမြင်ခွင့်၊ လှူဖွယ်တွေကို လှူဒါန်းခွင့်ရတဲ့ ငါတို့မှာ လူ့ဘဝကို အရတော်ကြပါပေစွ'လို့ တွေးကာ ရှင်တိဿအပေါ် အမျက်ထွက်သူတွေ အမျက်

http://www.dhammadownload.com



ပြေကာ နှစ်သက်ဝမ်းမြောက်သွားကြတယ်။ ကြည်ညိုပြီးသူတွေလည်း ပိုကြည်ညိုကြပါတယ်။ အနုမောဒနာတရားရဲ့အဆုံးမှာ လူပေါင်းများစွာ သောတာပန်တွေ ဖြစ်သွားကြတယ်။ မြတ်စွာဘုရားဟာ နေရာမှထကာ ကြွသွားတော်မူပါတယ်။ လူတွေဟာ မြတ်စွာဘုရားနောက်လိုက်လို့ ရှိခိုးကာ ပြန်ခဲ့ကြပါတယ်။ မြတ်စွာဘုရားဟာ ရှင်တိဿနဲ့အတူ အေးအေး ဆေးဆေး စကားပြောရင်း ကြွသွားတော်မူရာ 'ကိုရင်၊ ဒီအရပ်ဟာ ဘယ်လိုခေါ်သလဲ' စသည်ဖြင့် မေးကာ ကြွတော်မူနေတယ်။ ရှင်တိဿကလည်း မြတ်စွာဘုရား မေးသမျှ ဖြေကြားကာ ကြွသွားနေတယ်။ မြတ်စွာဘုရားက ရှင်တိဿနေရာကို ကြွသွားကာ တောင်ထိပ်ပေါ်သို့ တက်တော်မူပါတယ်။

တောင်ထိပ်ပေါ် ရပ်တော်မူနေတဲ့ မြတ်စွာဘုရားနဲ့ ရှင်တိဿတို့ရဲ့ မြင်ကွင်းမှာ သမုဒ္ဒရာကြီးဟာ ထင်ရှားနေတယ်။

'တိဿ၊ တောင်ထိပ်ပေါ် ရပ်တည်ကာ ဟိုဟိုဒီဒီကြည့်တဲ့အခါ ဘာကိုမြင်သလဲ'လို့ ဘုရားရှင်က မေးလို့

'သမုဒ္ဒရာကို မြင်ပါတယ် ဘုရား'လို့ လျှောက်ထားတဲ့အခါ

'သမုဒ္ဒရာကြီးကိုမြင်ကာ ဘာကိုတွေးမိသလဲ'လို့ မေးမြန်းလို့

'ဒုက္ခရောက်တဲ့အခါ ငိုရတဲ့ တပည့်တော်ရဲ့မျက်ရည်တွေဟာ သမုဒ္ဒရာကြီး ၄ စင်းထဲက ရေတွေထက် ပိုပြီးများတယ်ဆိုတဲ့ အတွေးကို တွေးမိပါတယ် ဘုရား' လို့ လျှောက်ထားပါတယ်။

'တိဿ၊ သင်ဘယ်မှာနေသလဲ'

'တပည့်တော် ဒီတောင်ဝှန်းမှာ နေပါတယ် ဘုရား'

'အဲဒီတောင်ဝှန်းထဲ နေတဲ့အခါ ဘာကိုတွေးမိသလဲ'

'တပည့်တော်သေလို့ ဒီနေရာမှာ တပည့်တော်အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ခဲ့တာဟာ အပိုင်းအခြားမရှိဘူးဆိုတဲ့အတွေးကို တွေးမိပါတယ် ဘုရား'

http://www.dhammadownload.com



'တိဿ၊ သာခု၊ သာခု၊ သင်တွေးတဲ့အတိုင်း မှန်တယ်။ ဒီသတ္တဝါတွေရဲ့ မြေကြီးပေါ်မှာ လဲလျောင်းကာ မသေဖူးတဲ့နေရာဆိုတာ မရှိဘူး'

'တိဿ၊ ဒီတောအုပ်ထဲမှာ ကျားသစ်စတဲ့ သားရဲတိရစ္ဆာန်တွေရဲ့ အသံကြောင့် ကြောက်သလား၊ မကြောက်ဘူးလား'

'မကြောက်ပါဘုရား၊ မကြောက်တဲ့အပြင် အဲဒီသားရဲတိရစ္ဆာန်တွေရဲ့အသံကို ကြားရလို့ တောမှာပျော်ရွှင်မှုဆိုတာ ဖြစ်ပါတယ်ဘုရား' လို့ လျှောက်ထားကာ ဂါထာ ၆၀ တို့ဖြင့် တောချီးမွမ်းခန်း ဖွင့်ခဲ့တယ်။ မြတ်စွာဘုရား မေးသမျှကို ကိုရင်တိဿ ဖြေပြီးတဲ့အခါ မြတ်စွာဘုရားက 'တိဿ'လို့ ခေါ်တော်မူလိုက်တယ်။

'ဘာပါလဲ မြတ်စွာဘုရား'

'ငါတို့သွားတော့မယ်၊ သင်လိုက်မလား၊ နေရစ်မလား'

'တပည့်တော်ရဲ့ ဥပဇ္ဈာယ်ဆရာက တပည့်တော်ကို ခေါ်ရင် လိုက်ပါမယ်၊ နေရစ်ဆိုရင် နေခဲ့ပါမယ်ဘုရား'

ဒီလို မြတ်စွာဘုရားနဲ့ ရှင်တိဿဟာ မေး ဖြေကြပြီးတဲ့အခါ မြတ်စွာဘုရားက ရဟန်းအပေါင်းနဲ့အတူ ပြန်ကြွတော်မူတယ်။ ရှင်တိဿမှာ နေရစ်ခဲ့လိုတဲ့ဆန္ဒသာ ရှိနေတယ်။ ရှင်တိဿဆန္ဒကိုသိတဲ့ အရှင်သာရိပုတ္တရာက 'တိဿ၊ နေရစ်ချင် နေရစ်ခဲ့လေ'လို့ မိန့်တော်မူတဲ့အခါ မြတ်စွာဘုရားနဲ့ ရဟန်းအပေါင်းကို ရှိခိုးကာ နေရစ်ခဲ့ပါတယ်။ မြတ်စွာဘုရားက ဇေတဝန်ကျောင်းတော်ကိုသာ ကြွသွားတော်မူပါတယ်။

တရားသဘင်မှာ ရဟန်းတွေက ဒီလိုပြောနေကြပါတယ်။

'တောနေရှင်တိဿဟာ လုပ်နိုင်ခဲတဲ့အလုပ်ကို လုပ်ပါပေစွ၊ ပဋိသန္ဓေယူတဲ့အချိန်ကစပြီး တိဿရဲ့ဆွေမျိုးတွေက မင်္ဂလာ ၇ ခုမှာ ရဟန်း ၅၀၀ အား ရေမရောတဲ့ နို့ဃနာဆွမ်းအချိုကိုပဲ လှူကြတယ်။ ကိုရင်ဝတ်တဲ့အခါ ကျောင်းတွင်းမှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်း

http://www.dhammadownload.com



အား ၇ ရက်ပတ်လုံး ရေမရောတဲ့ နို့ဃနာဆွမ်းအချိုကိုပဲ လှူကြတယ်။ ကိုရင်ဝတ်ပြီး ၈ ရက်မြောက်နေ့မှာ ရွာတွင်းဝင်တော့ ၂ ရက်တည်းပဲ အဝတ်တစ်ထောင်နဲ့ ဆွမ်းတစ်ထောင်ကို ရတယ်။ နောက်တစ်နေ့မှာ ကမ္ဗလာတစ်ထောင်ကို ရတယ်။ ရှင်တိဿ ဒီအရပ်မှာ နေတဲ့အခါ သူ့မှာ လာဘ်ပူဇော်သက္ကာရ အကြီးအကျယ်ဖြစ်တယ်။ ရှင်တိဿဟာ အဲဒီလို လာဘ်၊ ပူဇော်သက္ကာရကို စွန့်ပြီး တောထဲဝင်ကာ ရောနှောတဲ့ အာဟာရနဲ့ မျှတတယ်။ ရှင်တိဿဟာ လုပ်နိုင်ခဲတဲ့အလုပ်ကို လုပ်ပါပေစွ။

ဆောင်းအခါမှာ ချမ်းလို့ မီးလှုံနေကြတဲ့ရဟန်းတွေအား ကမ္ဗလာတစ်ထောင် လှူခဲ့တဲ့ ရှင်တိဿရဲ့အဖြစ်အပျက်လေးဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဆွမ်းတစ်ထောင်လှူပြီး နောက်တစ်နေ့မှာ ရှင်တိဿဟာ ဆောင်းအခါ ကျောင်းကိုလှည့်လည်တော့ ရဟန်းတွေ မီးတင်းကုပ်စတဲ့နေရာတွေမှာ မီးလှုံနေကြတာကို မြင်လို့ 'အရှင်ဘုရားတို့၊ ဘာကြောင့်မီးလှုံရင်း ထိုင်နေကြပါသလဲ'လို့ မေးတယ်။ 'ကိုရင်၊ ငါတို့ကို အအေးဓာတ်က နှိပ်စက်တယ်' လို့ ပြောကြတယ်'

'အရှင်ဘုရားတို့၊ ဆောင်းအခါဆိုတာ ကမ္ဗလာကို ခြုံသင့်ပါတယ်။ မှန်ပါတယ်၊ ကမ္ဗလာက အအေးဓာတ်ကို ကာကွယ်နိုင်ပါတယ်'

'ကိုရင်၊ သင်က ဘုန်းကံကြီးလို့ ကမ္ဗလာကို ရနိုင်ပါတယ်။ ငါတို့မှာ ဘယ်မှာကမ္ဗလာရှိမလဲ'

'အရှင်ဘုရားတို့၊ ဒီလိုဆိုရင် ကမ္ဗလာအလိုရှိတဲ့ ရဟန်းတွေ တပည့်တော်နဲ့အတူလာကြပါ'လို့ တစ်ကျောင်းလုံးမှာ လျှောက်ကြားစေပါတယ်။ အဲဒီအခါ ရဟန်းတွေက 'ကိုရင်နဲ့အတူ ကမ္ဗလာကို ဆောင်ယူကြမယ်'လို့ တွေးပြီး ၇ နှစ်အရွယ်ကိုရင်လေးကို အမှီပြုကာ ရဟန်းတစ်ထောင်လောက် ထွက်ကြတယ်။ 'ဒီလောက်များပြားတဲ့ရဟန်း

http://www.dhammadownload.com



တွေအတွက် ကမ္ဗလာကို ဘယ်လာရမှာလဲ'လို့ စိတ်တောင်မဖြစ်စေဘဲ အဲဒီရဟန်းတွေကိုခေါ်ကာ မြို့ကိုရှေ့ရှုသွားတယ်။ မှန်ပါတယ်၊ ကောင်းကောင်းလှူခဲ့တဲ့ အလှူရဲ့အစွမ်းဟာ ဒီလိုသဘောရှိပါတယ်။ ရှင်တိဿဟာ မြို့ရဲ့အပြင်ဘက်မှာပဲ အိမ်စဉ်အတိုင်း လှည့်လည်တဲ့အခါ ကမ္ဗလာ ၅၀၀ ကို ရပြီး မြို့တွင်းကိုဝင်ပါတယ်။ လူတွေက ဟိုကဒီက ကမ္ဗလာတွေကို တောင်ယူလာကြပါတယ်။

ယောကျ်ားတစ်ယောက်ကတော့ ဈေးတံခါးနားက သွားတဲ့အခါ ကမ္ဗလာ ၅၀၀ ကို ဖြန့်ခင်းပြီး ထိုင်နေတဲ့ဈေးသည်တစ်ယောက်ကို မြင်လို့ 'မိတ်ဆွေ၊ ကိုရင်တစ်ပါးဟာ ကမ္ဗလာတွေကို စုရုံးပြီး လာနေတယ်။ သင့်ရဲ့ကမ္ဗလာတွေကို ဖုံးထား' လို့ ပြောသွားတယ်။ 'အဲဒီကိုရင်က ပေးတာကိုသာ ယူတာလား၊ ဒါမှမဟုတ် မပေးတာကို ယူတာလား'လို့ မေးတဲ့အခါ 'ပေးတာကို ယူတာပါ' လို့ ဖြေတယ်။ 'ဒီလိုဆိုရင် ငါပေးချင် ပေးမယ်၊ မပေးချင် မပေးဘူး၊ သင်သွားပါ' လို့ ပြောလိုက်တယ်။ မှန်တယ်၊ နှမြောတဲ့လူမိုက်တွေဟာ ဒီလိုအလှူတွေမှာ နှမြောဝန်တိုလို့ အသဒိသဒါန (အတူမရှိတဲ့အလှူ) ကို မြင်လို့ နှမြောဝန်တိုတဲ့ ကာဠပမာ ငရဲမှာဖြစ်ကြရတယ်။

ဈေးသည်က 'ဒီယောကျ်ားဟာ သူ့သဘောအလျောက် လာရင်း 'သင့်ကမ္ဗလာတွေကို ဖုံးထား' လို့ ငါ့ကိုပြောသွားတယ်။ အဲဒီကိုရင်က ပေးတာကို ယူတာဖြစ်ပေမယ့် ငါကတော့ 'ငါ့ဥစ္စာကို ငါပေးချင် ပေးမယ်၊ မပေးချင် မပေးဘူးလို့ ပြောလိုက်တယ်။ မြင်နေတာကို မပေးရင် ရှက်စရာဖြစ်တယ်။ ငါ့ဥစ္စာကို ဖုံးထားတာ အပြစ်မရှိ။ ဒီကမ္ဗလာ ၅၀၀ ထဲက တစ်သိန်းတန် ကမ္ဗလာ ၂ ခုကိုပဲ ဖုံးထားသင့်တယ်'လို့ တွေးတယ်။ ကမ္ဗလာ ၂ ခုတို့ကိုလည်း အမြိတ်ဆာချင်းဆက်စပ်ကာ အဲဒီကမ္ဗလာတွေရဲ့အထဲမှာ ထည့်ပြီး ဖုံးထားလိုက်တယ်။

ရှင်တိဿကလည်း ရဟန်းတစ်ထောင်နဲ့အတူ အဲဒီနေရာကို

http://www.dhammadownload.com



ရောက်လာတယ်။ ဈေးသည်က ရှင်တိဿကို မြင်လိုက်တယ်ဆိုရင်ပဲ သားလေးလို ချစ်ခင်သွားတယ်။ တစ်ကိုယ်လုံးဟာ အချစ်နဲ့ ပြည့်သွားတယ်။ ဈေးသည်က 'ကမ္ဗလာတွေကို ထားပါဦး၊ ဒီကိုရင်လေးကို မြင်ရလို့ နှလုံးသားကိုတောင် လှူသင့်တယ်'လို့ တွေးတယ်။ အဲဒီ ကမ္ဗလာ ၂ ခုကိုလည်း ထုတ်ဆောင်ကာ ရှင်တိဿရဲ့ခြေရင်းမှာ ထားပြီး ရှိခိုးကာ 'ကိုရင်လေး သိမြင်ထားတဲ့တရားကို သိမြင်ပိုင်ဆိုင်ရပါလို၏ ဘုရား' လို့ လျှောက်ထားတယ်။ ရှင်တိဿကလည်း အဲဒီ ဈေးသည်အား 'ဆုတောင်းတဲ့အတိုင်း ဖြစ်ပါစေ'လို့ ဝမ်းသာဖွယ်စကား မိန့်ကြားလိုက်တယ်။

ရှင်တိဿဟာ မြို့တွင်းမှာလည်း ကမ္ဗလာ ၅၀၀ ရတယ်။ အဲဒီလိုနည်းနဲ့ တစ်နေ့တည်းမှာပဲ ကမ္ဗလာတစ်ထောင်ကို ရကာ ရဟန်းတစ်ထောင်အား လှူလိုက်တယ်။ အဲဒီအခါ ရှင်တိဿကို 'ကမ္ဗလာအလှူရှင် ရှင်တိဿ' လို့ ခေါ်ကြတယ်။ အဲဒီလိုနည်းနဲ့ နာမည်မှည့်ရာနေ့မှာ လှူခဲ့တဲ့ ကမ္ဗလာက ၇ နှစ်အရွယ်မှာ ကမ္ဗလာတစ်ထောင်အဖြစ် ရောက်သွားပါတယ်။ မှန်ပါတယ်၊ နည်းနည်းလှူရင် အများကြီးအကျိုးပေးတယ်။ များများလှူရင် ပိုပြီးအများကြီး အကျိုးပေးတယ်။ အဲဒီလို အကျိုးပေးသန်စေတဲ့နေရာဟာ ဘုရားသာသနာမှတစ်ပါး အခြားနေရာ မရှိပါ။ အဲဒီလို ရှင်တိဿဟာ ကမ္ဗလာတစ်ထည် လှူခဲ့တဲ့အကျိုးကြောင့် ၇ နှစ်အရွယ်မှာပဲ ကမ္ဗလာတစ်ထောင်ကို ရပါတယ်။

ရှင်တိဿဟာ ၇ နှစ်အတွင်းမှာ နာမည် ၄ မျိုး ရပါတယ်။ ပထမနာမည်ရင်းက တိဿ၊ နောက်တော့ ဆွမ်းအလှူရှင် တိဿ၊ ကမ္ဗလာအလှူရှင် တိဿ၊ တောကျောင်းနေ တိဿ ဆိုတဲ့နာမည် ၃ မျိုးကိုလည်း ရပါတယ်။ ရှင်တိဿဟာ သူနေမယ့်တောကျောင်းကို လာတဲ့အခါ ရွာတံခါးတစ်ခုနားက သွားတော့ အဘိုးအိုတစ်ယောက်ကို တွေ့လို့ မေးပါတယ်။

http://www.dhammadownload.com



'ဒကာကြီး၊ ဒီအရပ်မှာ နေကြသူတွေအတွက် တောကျောင်း ရှိပါသလား'

'ရှိပါတယ်ဘုရား'

'ဒီလိုဆိုရင် ကိုရင့်အား လမ်းပြပေးပါ'

အဘိုးကြီးက ရှင်တိဿကို မြင်လိုက်တယ်ဆိုရင်ပဲ သားလေးလို ချစ်သွားတယ်။ အဲဒီအခါ ရှင်တိဿအား အဲဒီနေရာမှာပဲ ရပ်ရင်း မပြောပြဘဲ 'ကိုရင်လေး ကြွပါ၊ ကိုရင့်အား ပြောပြပါမယ်'လို့ ပြောကာ ခေါ်သွားတယ်။ ရှင်တိဿက အဘိုးအိုနဲ့အတူသွားရင်း လမ်းခရီး အကြားမှာ ပန်းပွင့်၊ အသီးအမျိုးမျိုးရှိတဲ့ သစ်ပင်၊ တောင်အရပ်တွေကို မြင်လို့ 'ဒကာကြီး၊ ဒီအရပ်က ဘာအရပ်ပါလဲ၊ ဒကာကြီး ဒီအရပ်က ဘာအရပ်ပါလဲ' လို့ မေးတယ်။ အဘိုးအိုက ရှင်တိဿအား အဲဒါတွေရဲ့ နာမည်တွေကို ပြောပြရင်း တောကျောင်းကို ရောက်သွားတယ်။ 'ကိုရင်၊ ဒီနေရာက ချမ်းသာတဲ့နေရာပဲ၊ ဒီမှာပဲ သီတင်းသုံးပါ'လို့ လျှောက် တယ်။

'ကိုရင်၊ ကိုရင့်နာမည်က ဘယ်လိုပါလဲ'

'ဒကာကြီး၊ ကိုရင်ဟာ တောကျောင်းနေ ရှင်တိဿ မည်ပါ တယ်'

'မနက်ဖြန် တပည့်တော်တို့ရွာမှာ ဆွမ်းခံသင့်ပါတယ်'

အဲဒီလိုလျှောက်ပြီး ပြန်လှည့်ကာ ရွာထဲကိုပဲသွားပါတယ်။ 'တော ကျောင်းနေ ရှင်တိဿဆိုတာ ကျောင်းကိုကြွလာတယ်။ ရှင်တိဿ အတွက် ယာဂု၊ ဆွမ်းစသည်တွေကို စီစဉ်ကြပါ'လို့ လူတွေအား ပြောတယ်။

ရှင်တိဿဟာ နောက်တစ်နေ့မှာ နံနက်စောစောပဲ အဲဒီရွာကို ဆွမ်းခံဝင်တယ်။ လူတွေက ဆွမ်းလောင်းလှူပြီး ရှိခိုးကြတယ်။ ရှင်တိဿက 'သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ၊ ချမ်းသာကြပါစေ၊

http://www.dhammadownload.com



ဆင်းရဲမှ လွတ်ကင်းကြပါစေ'လို့ ရွတ်ဆိုတယ်။ လူတစ်ယောက်က တောင်မှ ရှင်တိဿအား ဆွမ်းလောင်းလှူပြီး တစ်ဖန် အိမ်ကို မသွားနိုင်၊ အကုန်လုံးပဲ ကြည့်ရင်း ရပ်နေကြတယ်။ ရှင်တိဿက သူမျှတ ရုံလောက်ကိုသာ ခံယူတယ်။ ရွာသူရွာသားအားလုံးက ရှင်တိဿ ခြေရင်းမှာ ရင်နဲ့ဝပ်စင်းပြီး 'အရှင်ဘုရား၊ အရှင်ဘုရားဟာ ဒီဝါတွင်း သုံးလပတ်လုံး ဒီမှာသီတင်းသုံးရင် တပည့်တော်တို့ဟာ သရဏဂုံသုံးပါး ဆောက်တည်ပြီး ငါးပါးသီလမှာတည်ကာ တစ်လမှာဥပုသ် ၈ ကြိမ် စောင့်ကြပါမယ်။ ဒီမှာသီတင်းသုံးဖို့ ဝန်ခံချက် ပေးတော်မူပါ'လို့ လျှောက်ကြတယ်။ ရှင်တိဿက ကျေးဇူးကို အသိအမှတ်ပြုပြီး သူတို့ အား ဝန်ခံချက်ပေးကာ အမြဲ အဲဒီရွာမှာပဲ ဆွမ်းခံကြွတယ်။ လူတွေက ရှိခိုးလိုက်တိုင်း ရှိခိုးလိုက်တိုင်း 'သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ၊ ချမ်းသာကြပါစေ၊ ဆင်းရဲမှ လွတ်ကင်းကြပါစေ' ဆိုတဲ့ စကားနှစ်ခွန်း ကိုပဲ ပြောပြီး ကြွသွားတယ်။ ရှင်တိဿဟာ အဲဒီတောကျောင်းမှာ ပထမလနဲ့ ဒုတိယလကို ကျော်လွန်ပြီး တတိယလရောက်တဲ့အခါ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာဖြစ်တယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၃၄၊ ၃၄၄)

ရှင်တိဿဟာ ဘုန်းကံကြီးမားသလောက် အလှူလည်း ရက်ရော လှပါတယ်။ ရှင်တိဿကို မြင်လိုက်တာနဲ့ ကြည်ညိုသူတွေကလည်း ပေါများလှပါတယ်။ ဒကာ ဒကာမတွေနဲ့ ကင်းဆိတ်ရာ တောကျောင်း ကို ဘုန်းကံကြီးလှတဲ့ ရှင်တိဿ ကြွရောက်နိုင်တာဟာလည်း ကြည် ညိုစရာပါပဲ။ ဘုန်းကံအကျိုးပေးမှာ သာယာမိန်းမော မနေတာဟာ လည်း ကြည်ညိုစရာပါပဲ။ ၇ နှစ်အရွယ်လေးနဲ့ တောထဲမှာ တစ်ပါး တည်း နေရဲတဲ့သတ္တိကိုပဲ မချီးကျူးဘဲ မနေနိုင်ပါ။ တောထဲမှာ တစ်ပါး တည်း တရားအားထုတ်ကာ တရားနဲ့ပျော်နေနိုင်တာဟာ ပါရမီထူးလှပါ တယ်။ ဆွမ်းဒကာ ဒကာမတွေအား ဝစီကံမေတ္တာကရုဏာ ပွားပုံလေး

http://www.dhammadownload.com



ဟာလည်း အလွန်ပဲ အတုယူလိုက်နာစရာ ကောင်းလှပါတယ်။ 'သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ။ ချမ်းသာကြပါစေ၊ ဆင်းရဲမှ လွတ်ကင်းကြပါစေ'ဆိုတဲ့ မေတ္တာပွားပုံ၊ ကရုဏာပွားပုံလေးဟာ တိုတိုကျဉ်းကျဉ်းလေးပါပဲ။

ရှင်တိဿဟာ မတီး မမြည်၊ တီးမှ မြည်သည့် စည်ကြီးသဖွယ် ဖြစ်ပါတယ်။ ဆွမ်းဒကာ ဒကာမတွေအား စကားအပိုအဆာ တစ်လုံးမှ မပြောပါ။ သူ့ဆရာအရှင်သာရိပုတ္တရာက အဲဒီစကားနှစ်ခွန်းရဲ့အဓိပ္ပာယ်ကို ဟောပြခိုင်းမှ ရှင်တိဿဟာ တကယ်မြည်ဟိန်းတဲ့စည်ကြီး ဖြစ်နေပါတယ်။ နိကာယ်ငါးရပ်က အကြောင်းအကျိုးအသွယ်သွယ်နဲ့ အကျယ်ဟောပြသွားပါတယ်။ တောင်ပေါ်ရောက်ခိုက် ဘုရားရှင်က မေးလို့ ရှင်တိဿ ဖြေသွားတဲ့အဖြေလေးတွေဟာလည်း အင်မတန်ပဲ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ ရှင်တိဿဟာ အရာရာကို သူတော်ကောင်း အမြင်နဲ့ မြင်တတ်ပါတယ်။ သူတော်ကောင်းအကြည့်နဲ့ ကြည့်တတ်ပါတယ်။ သူတော်ကောင်းအတွေးနဲ့ တွေးတတ်ပါတယ်။

## ရှင်တိဿရဲ့ ရှေးကံ

အရှင်သာရိပုတ္တရာရဲ့ဖခင် ပုဏ္ဏားအမည်ဟာ ဝင်္ဂန္တ ဖြစ်ပါတယ်။ ဖခင် ဝင်္ဂန္တပုဏ္ဏားမှာ မဟာသေနမည်တဲ့ သူငယ်ချင်းတစ်ယောက် ရှိပါတယ်။ သူဟာ ရာဇဂြိုဟ်မြို့မှာ နေပါတယ်။ တစ်နေ့မှာ အရှင်သာရိပုတ္တရာဟာ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံကြွတော်မူပါတယ်။ မဟာသေနပုဏ္ဏားကို သနားလို့ မဟာသေနရဲ့ အိမ်တံခါးသို့ ကြွတော်မူတယ်။ မဟာသေနမှာ ကြာတော့ ရှိသမျှစည်းစိမ်တွေ ကုန်ခန်းပြီး ဆင်းရဲနွမ်းပါးနေတယ်။

'သြော် ငါ့ရဲ့သားတော် အရှင်သာရိပုတ္တရာဟာ ငါ့အိမ်ရှေ့မှာ ဆွမ်းခံကြွလာတာ ဖြစ်ပေလိမ့်မယ်၊ ငါ့မှာလည်း ဆင်းရဲနွမ်းပါးနေတယ်။

http://www.dhammadownload.com



ငါဆင်းရဲတာကို ငါ့သားကြီး မသိလေရော့သလား၊ ငါ့မှာလည်း လှူစရာပစ္စည်းက တစ်ခုတလေမျှ မရှိဖြစ်နေတယ်' လို့ တွေးကာ အရှင်သာရိပုတ္တရာအား မျက်နှာမပြရဲလို့ ပုန်းကွယ်နေတယ်။ အရှင်သာရိပုတ္တရာဟာ နောက်တစ်နေ့လည်း ဆွမ်းခံကြွပြန်တယ်။ ပုဏ္ဏားကြီးခမျာလည်း ပုန်းနေရရှာပြန်တယ်။ 'ဝတ်ခုခုသာ ရရှိခဲ့ရင် လှူလိုက်မယ်'လို့ စိတ်အားခဲထားပေမယ့် ပုဏ္ဏားကြီးမှာ မရရှာခဲ့။ တစ်နေ့မှာ ပုဏ္ဏားတွေရဲ့ မန္တန်ရွတ်ဖတ်ပွဲမှာ အဝတ်ကြမ်းတစ်ထည်နဲ့ နို့ဃနာထမင်းကို ရတယ်။ ယူပြီး အိမ်ကိုပြန်လာရင်း 'ဒီထမင်းကို အရှင်သာရိပုတ္တရာအား လှူရရင်ကောင်းမှာပဲ'လို့ တွေးကာ အရှင်သာရိပုတ္တရာကို အောက်မေ့ပြီး တမ်းတနေတယ်။

အရှင်သာရိပုတ္တရာဟာလည်း အဲဒီခဏမှာ ဈာန်ဝင်စားပြီး သမာပတ်မှ ထတဲ့အခါ အဲဒီပုဏ္ဏားကိုမြင်ပြီး 'ပုဏ္ဏားဟာ လှူဖွယ်ပစ္စည်းရလို့ ငါ့အလာကို မျှော်နေတယ်။ ငါ သူ့ဆီကိုသွားသင့်တယ်'လို့ ကြံတော်မူပြီး နှစ်ထပ်သင်္ကန်းကိုရုံပြီး သပိတ်ယူကာ ပုဏ္ဏားအိမ်ကို ကြွတော်မူတယ်။

ပုဏ္ဏားဟာ အရှင်သာရိပုတ္တရာကို မြင်ရတာနဲ့တစ်ပြိုင်နက် ပုဏ္ဏားရဲ့သန္တာန်မှာ ကြည်ညိုစိတ်တွေ ဖြစ်ပေါ်ပြီးနေတယ်။ ပုဏ္ဏားက အရှင်သာရိပုတ္တရာထံသွားပြီး ရှိခိုး စကားပြောပြီး အိမ်တွင်းမှာ သီတင်းသုံးစေတယ်၊ နို့ဃနာခွက်ကိုယူပြီး နို့ဃနာထမင်းကို အရှင်သာရိပုတ္တရာရဲ့ သပိတ်ထဲ လောင်းထည့်တယ်။ အရှင်သာရိပုတ္တရာ နို့ဃနာထမင်း တစ်ဝက် ခံယူပြီးတဲ့အခါ လက်နဲ့ သပိတ်ကိုပိတ်ပါတယ်။ 'အရှင်ဘုရား၊ ဒီနို့ဃနာထမင်းဟာ တစ်ယောက်စာအတွက်သာ ဖြစ်ပါတယ်။ တပည့်တော်အား တမလွန်လောကအတွက် ချီးမြှောက်တော်မူပါ၊ ဒီလောကအတွက် ချီးမြှောက်တော်မမူပါနဲ့၊ တပည့်တော် ဒီနို့ဃနာဆွမ်း

http://www.dhammadownload.com



အကုန်လုံးကို လောင်းလှူလိုပါတယ်’လို့ လျှောက်ထားပြီး လောင်းလှူလိုက်တယ်။

အရှင်သာရိပုတ္တရာက နို့ဃနာဆွမ်းကို ပုဏ္ဏားအိမ်မှာပဲ ဘုဉ်းပေးလိုက်တယ်။ အရှင်သာရိပုတ္တရာ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အဝတ်ကြမ်းထည်ကိုလည်း လှူပြီး ရှိခိုးပြီးတဲ့အခါ ‘အရှင်ဘုရား၊ တပည့်တော် အရှင်ဘုရားတို့ သိအပ်မြင်အပ်တဲ့ တရားထူးကိုသာ ရရှိရလိုပါ၏’လို့ ဆုတောင်းစကား လျှောက်လိုက်ပါတယ်။ ‘ပုဏ္ဏား၊ သင်ဆုတောင်းတဲ့ အတိုင်း ပြည့်စုံပါစေ’လို့ မိန့်ကြားပြီး အနုမောဒနာစကား ပြောကြားကာ ဇေတဝန်ကျောင်းသို့ ပြန်ကြွခဲ့တယ်။ ဆင်းရဲဒုက္ခရောက်တဲ့အခါ ပြုရတဲ့အလှူဟာ အလှူရှင်အား ကျေနပ်နှစ်သက်မှုကို အလွန်အကဲ ပေးတတ်တဲ့ သဘာဝအရ ပုဏ္ဏားဟာ အရှင်သာရိပုတ္တရာအား လှူလိုက်ရလို့ ကြည်ညိုစိတ် ဝမ်းမြောက်စိတ်တွေဖြစ်ပြီး အရှင်သာရိပုတ္တရာ အပေါ်မှာ အလွန်အကဲ ချစ်ခင်မှု ဖြစ်သွားပါတယ်။ ပုဏ္ဏားဟာ အရှင်သာရိပုတ္တရာအပေါ် ချစ်ခင်ကြည်ညိုမှုနဲ့ သေသွားပြီး သာဝတ္ထိမြို့ရှိ အရှင်သာရိပုတ္တရာရဲ့ ဆွမ်းခံအိမ်မှာ လူသွားဖြစ်တယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၃၃)

အရှင်သာရိပုတ္တရာရဲ့ မဟာသေနပုဏ္ဏားအပေါ် ထားတဲ့ကရုဏာဟာ ကြည်ညိုစရာ၊ လေးစားစရာ ကောင်းပါတယ်။ ဆင်းရဲသူအပေါ် ကြင်နာတတ်တဲ့စိတ်ထားဟာ မြတ်နိုးစရာစိတ်ထား ဖြစ်ပါတယ်။ မဟာသေနပုဏ္ဏားမှာ အလှူခံပုဂ္ဂိုလ်နဲ့ လှူလိုတဲ့စေတနာ၊ သဒ္ဓါရှိပေမယ့် လှူစရာပစ္စည်းမရှိလို့ အလှူမမြောက် ဖြစ်နေခဲ့ပါတယ်။ လှူစရာပစ္စည်း ရလာလာချင်း အရှင်သာရိပုတ္တရာကို သတိရလာပါတယ်။ ဆင်းရဲတဲ့ အခါမှာ လှူရတဲ့အလှူဟာ အလွန်အကဲပဲ အလှူရှင်ရဲ့စိတ်ကို ကျေနပ်စေတယ်ဆိုတဲ့စကားလေးဟာ မှတ်သားစရာ ကောင်းပါတယ်။ ပြည့်စုံ

http://www.dhammadownload.com



လို့ စွန့်လွှတ်နိုင်တာထက် မပြည့်စုံတဲ့ စွန့်လွှတ်နိုင်တာက စေတနာ၊ သဒ္ဓါတရား အင်အား ပိုအားကောင်းကြောင်း ဖော်ပြနေပါတယ်။

ချမ်းသာလို့ လှူနိုင်တာဟာ မဆန်းပါ။ ဆင်းရဲပါလျက် လှူနိုင်တာကတော့ ဆန်းပါတယ်။ ရှင်တိဿလောင်းလျာဖြစ်တဲ့ မဟာသေနပုဏ္ဏားဟာ အရှင်သာရိပုတ္တရာအပေါ် အလွန်အကဲ ကြည်ညိုခဲ့ပါတယ်။ အရှင်သာရိပုတ္တရာအား နို့ဃနာဆွမ်းကို အကုန်လုံး လှူလိုက်ပါတယ်။ ကိုယ်တစ်ယောက်စာ စားစရာလေးကို ကိုယ်မစားဘဲ လှူနိုင်ဖို့ရာ မလွယ်လှပါ။ မဟာသေနရဲ့ စေတနာနဲ့ သဒ္ဓါဟာ အလွန်ပဲ ထက်သန်ခဲ့ပါတယ်။ မဟာသေနဟာ ရှင်တိဿဘဝ ရောက်သွားတဲ့အခါ အဲဒီထက်သန်လှတဲ့ စေတနာ၊ သဒ္ဓါတွေက ရှင်တိဿအား ကောင်းကောင်းကြီး အကျိုးပေးပါတော့တယ်။ အဝတ်နဲ့ နို့ဃနာ လှူပြီးတဲ့အခါ မဟာသေနရဲ့ဆုတောင်းဟာ မှတ်သားစရာကောင်းသလို အရှင်သာရိပုတ္တရာရဲ့ ဆုပေးပုံဟာလည်း မှတ်သားစရာကောင်းပါတယ်။

'တပည့်တော်လည်း အရှင်ဘုရားတို့ ရရောက်သိမြင်ထားတဲ့ တရားကိုပဲ ရရောက် သိမြင်ရပါလို၏'လို့ မဟာသေနက ဆုတောင်းပါတယ်။ လူ့ချမ်းသာ၊ နတ်ချမ်းသာဆုကို မတောင်းပါ။ အရှင်သာရိပုတ္တရာကလည်း 'သင်ဆုတောင်းတဲ့အတိုင်း ဖြစ်ပါစေ'လို့ပဲ ဆုပေးပါတယ်။ အရှင်သာရိပုတ္တရာရဲ့ ဆုပေးဟာ မရှည်လျားပါဘူး၊ တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းကိုပဲ ပေးပါတယ်။ ဆုတောင်းပုံ၊ ဆုပေးပုံတွေဟာ အတုယူစရာ ကောင်းလှပါတယ်။

http://www.dhammadownload.com

# ငါ့ကိုရှင်လေး ဆာနေရှာရော့မယ်

ရှင်ပဏ္ဍိတ ရှင်ပြုပြီး ၈ ရက် မြောက်နေ့မှာ အရှင်သာရိပုတ္တရာဟာ ရှင်ပဏ္ဍိတကို သူ့သပိတ် သင်္ကန်းကိုယူစေပြီး နေမြင့်မှ ဆရာတပည့် ၂ ပါး ဆွမ်းခံကြွခဲ့ပါတယ်။ ရှင်ပဏ္ဍိတဟာ သူ့ဉပဇ္ဈာယ်ဖြစ်တဲ့ အရှင်သာရိပုတ္တရာနဲ့အတူ ဆွမ်းခံကြွတော့ လမ်းခရီးမှာ ရေမြောင်းကိုမြင်လို့ 'အရှင်ဘုရား၊ ဒါက ဘာခေါ်ပါသလဲ ဘုရား' လို့ မေးပြီး 'ကိုရင်၊ အဲဒါ ရေမြောင်းလို့ ခေါ်တယ်'လို့ အရှင်သာရိပုတ္တရာက ဖြေကြားတဲ့အခါ ရှင်ပဏ္ဍိတ ၇ နှစ်အရွယ်ပဲ ရှိသေးပေမယ့် သူ့ပညာပါရမီအတိုင်း ဆက်လက်ပြီး စူးစမ်းနေပြန်လို့ ဆက်လက်ဖြေကြားပေးနေတယ်။

'အရှင်ဘုရား၊ ဒီမြောင်းနဲ့ ဘာလုပ်ကြပါသလဲဘုရား'

'ကိုရင်၊ ဒီမြောင်းနဲ့ ရေသွယ်ယူပြီး ကောက်စိုက်ကြပါတယ်'

'အရှင်ဘုရား၊ ရေမှာ စိတ်ရှိပါသလား'

'မရှိပါဘူး ကိုရင်'

'စိတ်မရှိတဲ့ရေကို ကိုယ်လိုရာကို သယ်ဆောင်လို့ ရပါသလား ဘုရား'

'ရတယ် ကိုရင်'

အဲဒီအခါ ရှင်ပဏ္ဍိတမှာ 'ဒီလိုစိတ်မရှိတဲ့ရေကိုတောင်မှ ကိုယ်လိုရာကို ဆောင်ပြီး အလုပ်လုပ်နိုင်ကြသေးရင် ဘာကြောင့် စိတ်ရှိတဲ့သူတွေက စိတ်ကို ကိုယ့်အလိုအတိုင်း ဖြစ်စေပြီး ရဟန်းတရားကို အားမထုတ်နိုင်ကြရမှာလဲ'လို့ အတွေးပေါ်နေတယ်။

ဆရာတပည့် ၂ ပါး ရှေ့သို့ ဆက်သွားတော့ မြားလုပ်သမား

http://www.dhammadownload.com



တွေ မြားတုတ်ကို မီးကင်ပြီး မျက်စိအစွန်းနဲ့ကြည့်ပြီး ဖြောင့်အောင် လုပ်နေကြတာကို ရှင်ပဏ္ဍိတက မြင်လို့

'ဒီလူတွေက ဘာလုပ်နေကြပါသလဲ'လို့ မေးပါတယ်။

'ကိုရင်၊ သူတို့ မြားလုပ်နေကြတယ်'လို့ အရှင်သာရိပုတ္တရာက ဖြေပါတယ်။ ဆရာ တပည့် ၂ ပါး ဆက်လက်မေးနေ ဖြေနေကြပါတယ်။

'သူတို့က ဘယ်လိုလုပ်ကြပါသလဲ'

'မီးကင်ပြီး မြားတုတ်ကို ဖြောင့်အောင် လုပ်နေကြတယ်'

'အရှင်ဘုရား၊ မြားမှာ စိတ်ရှိပါသလား'

'ကိုရင်၊ မြားမှာ စိတ်မရှိဘူး'

အဲဒီအခါ ရှင်ပဏ္ဍိတမှာ 'စိတ်မရှိတဲ့မြားကို မီးအပူပေးပြီး ဖြောင့်အောင်လုပ်လို့ ရသေးရင် ဘာကြောင့်စိတ်ရှိတဲ့လူတွေက စိတ်ကို ကိုယ့်အလိုအတိုင်း ဖြစ်စေပြီး ရဟန်းတရားကို အားမထုတ်နိုင်ကြရမှာလဲ'လို့ အတွေးပေါ်နေတယ်။

ဆရာ တပည့် ၂ ပါး ရှေ့ကို ဆက်သွားတဲ့အခါ သစ်သားတို့ကို အကန့်ထောက်ဆံ၊ အကွပ်တံကူ၊ ပုံတောင်းချက်မ စသည်တွေ ဖြစ်အောင် ခုတ်ရွေနေကြတာတွေကို ရှင်ပဏ္ဍိတကမြင်လို့ မေးပြီး အရှင်သာရိပုတ္တရာက ဖြေကြားတယ်။

'အရှင်ဘုရား၊ ဒီလူတွေက ဘာလုပ်နေကြပါသလဲ'

'ကိုရင်၊ သစ်သားကို ခုတ်ရွေနေကြတယ်'

'ဘာလုပ်ဖို့ပါလဲ ဘုရား'

'ယာဉ်စသည်တွေရဲ့ဘီးစသည်တွေအတွက်ပဲ ကိုရင်'

'အဲဒါတွေမှာ စိတ်ရှိပါသလား'

'မရှိဘူး ကိုရင်'

အဲဒီအခါ ရှင်ပဏ္ဍိတမှာ 'စိတ်မရှိတဲ့ သစ်သားတွေကို ဘီးစသည်ဖြစ်အောင် လုပ်လို့ရသေးရင် ဘာကြောင့် စိတ်ရှိတဲ့သူတွေက

http://www.dhammadownload.com



စိတ်ကို ကိုယ့်အလိုအတိုင်း ဖြစ်စေပြီး ရဟန်းတရားကို အားမထုတ်နိုင်ကြရမှာလဲ'လို့ အတွေးပေါ်နေတယ်။

ဒီအခြေအနေတွေကို တွေ့ရှိတဲ့ ရှင်ပဏ္ဍိတက

'အရှင်ဘုရား၊ အရှင်ဘုရားရဲ့ သပိတ် သင်္ကန်းတွေကို အရှင်ဘုရားကိုယ်တိုင် ယူသွားမယ်ဆိုရင် တပည့်တော် ကျောင်းပြန်လိုပါတယ်'လို့ လျှောက်လိုက်တယ်။ အရှင်သာရိပုတ္တရာက 'ကိုရင်ဖြစ်စရှိသေးတဲ့ ကိုရင်ငယ်လေးက ငါ့နောက်လိုက်ပြီး ငါ့ကိုပြောရကောင်းလား'လို့တောင် စိတ်မဖြစ်ဘဲ

'ကိုရင် ယူခဲ့'လို့ မိန့်ပြီး သူ့သပိတ် သင်္ကန်းကို သူကိုယ်တိုင် ယူခဲ့တယ်။

ရှင်ပဏ္ဍိတဟာ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာကို ရှိခိုးပြီး ကျောင်းပြန်တော့မယ်ပြုတဲ့အခါ

'အရှင်ဘုရား၊ တပည့်တော်အတွက် အာဟာရကို ယူဆောင်လာတဲ့အခါ ငါးကြင်းသားနဲ့သာ ဆောင်တော်မူခဲ့ပါ' လို့ လျှောက်ထားလိုက်သေးတယ်။

'ကိုရင် ဘယ်လိုလုပ် ရနိုင်မှာလဲ'လို့ အရှင်သာရိပုတ္တရာက မိန့်ကြားတဲ့အခါ

'အရှင်ဘုရား၊ အရှင်ဘုရားရဲ့ဘုန်းကံနဲ့မရရင် တပည့်တော်ရဲ့ဘုန်းကံနဲ့ ရပါလိမ့်မယ် ဘုရား' လို့ ရှင်ပဏ္ဍိတက လျှောက်ထားလိုက်တယ်။ 'ကိုရင်လေး၊ ကျောင်းခန်းအပြင်မှာ တရားထိုင်နေရင် ဘေးရန်တစ်စုံတစ်ခု ဖြစ်ပေါ်နိုင်တယ်' လို့ တွေးပြီး အရှင်သာရိပုတ္တရာက ကျောင်းခန်းသော့ကို ပေးလိုက်ပြီး

'ကိုရင်၊ ကျောင်းခန်းတံခါးကိုဖွင့်ပြီး ကျောင်းခန်းထဲဝင်ပြီး တရားထိုင်'လို့ မှာကြားလိုက်ပါတယ်။ ရှင်ပဏ္ဍိတဟာ ဆရာမှာကြားလိုက်တဲ့အတိုင်း ပြုလုပ်ပြီး ခန္ဓာမှာ ဉာဏ်စိုက်ပြီး တရားရှုမှတ်နေတယ်။

http://www.dhammadownload.com



ရှင်ပဏ္ဍိတရဲ့ ဘုန်းတန်ခိုးအရှိန်အဝါကြောင့် သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာဟာ ပူတဲ့အခြေအနေကို ပြနေတယ်။ သိကြားမင်းက 'အကြောင်းက ဘယ်လိုလဲ'လို့ ရှုဆင်ခြင်ကြည့်တော့ 'ရှင်ပဏ္ဍိတဟာ သူ့ဥပဇ္ဈာယ် အရှင်သာရိပုတ္တရာအား သပိတ် သင်္ကန်းကိုပေးပြီး တရားအားထုတ်ဖို့ ကျောင်းသို့ပြန်သွားပြီ။ ငါလည်း အဲဒီနေရာသို့ သွားဖို့ သင့်ပြီ'လို့ တွေးပြီး နတ်မင်းကြီး ၄ ယောက်ကို ခေါ်ကာ 'ကျောင်းအနီး ပတ်ဝင်းကျင်မှာ နေတဲ့ငှက်တွေကို ပြေးအောင်လုပ်ခိုင်းပြီး ဝန်းကျင်မှာ စောင့်ရှောက်ပေးကြ'လို့ မှာကြားကာ လနတ်သားနဲ့ နေနတ်သားတွေကို 'လနဲ့နေတို့ကို ဆွဲယူထားကြဦး'လို့ ပြောတယ်။ သိကြားမင်းကိုယ်တိုင်ကမူ အခန်းတံခါး သော့ခတ်ထားတဲ့နေရာမှာ စောင့်ရှောက်ပေးပြီး ရပ်တည်နေတယ်။ လူမင်းဘုန်းကြီးတော့ နတ်မင်းတို့ မနေသာ ဖြစ်သွားတယ်။ ကျောင်းတိုက်တစ်တိုက်လုံးဟာ တိတ်ဆိတ်ငြိမ်သက်နေတယ်။ သစ်ရွက်ကြွေကျသံတောင် မရှိတော့ပါဘူး။ ရှင်ပဏ္ဍိတဟာ တရားရှုမှတ်ကောင်းနေလို့ သမာဓိလည်း ရနေတယ်။ ဆွမ်းစားချိန် မတိုင်မီ အနာဂါမ်ဖြစ်သွားတယ်။

'ကိုရင်ဟာ ကျောင်းခန်းထဲမှာ တရားထိုင်နေတယ်။ သူနဲ့သင့်လျော်တဲ့ ဘောဇဉ်ကို ဒီအမည်ရှိတဲ့ အိမ်မှာ ရနိုင်ကောင်းပါရဲ့'လို့ တွေးပြီး သူ့အပေါ် ကြည်ညိုလေးစားမှုရှိတဲ့ ဆွမ်းခံအိမ်တစ်အိမ်သို့ အရှင်သာရိပုတ္တရာ ကြွသွားတယ်။ အဲဒီအိမ်မှ ဒကာ ဒကာမတွေက အဲဒီနေ့မှာ ငါးကြင်းသားရလို့ အရှင်သာရိပုတ္တရာအလာကိုသာ စောင့်မျှော်ပြီး ထိုင်နေကြတယ်။ အဲဒီ ဒကာ ဒကာမတွေက အရှင်သာရိပုတ္တရာ ကြွလာတာကို မြင်လို့ 'အရှင်ဘုရား၊ အရှင်ဘုရားရဲ့ကြွလာခြင်းဟာ ကောင်းတဲ့ကြွလာခြင်း ဖြစ်ပါတယ်'လို့ လျှောက်ပြီး အိမ်တွင်းသို့ပင့်ကာ ယာဂု ခဲဖွယ်စသည်တွေကို ဆက်ကပ်ပြီး ငါးကြင်းသားအရသာနဲ့ ဆွမ်းကပ်ကြတယ်။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာက ယူဆောင်သွားမယ့် အခြင်းအရာကို ပြလိုက်တယ်။ 'အရှင်ဘုရား ဘုဉ်းပေးတော်မူပါ။ ယူဆောင်သွားဖို့လည်း လှူလိုက်ပါမယ် ဘုရား' လို့ လျှောက်ထားပြီး အရှင်သာရိပုတ္တရာက ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သပိတ်ထဲ ငါးကြင်းသားအရသာပါတဲ့ ဘောဇဉ်တွေ အပြည့်ထည့်ပြီး လှူဒါန်းလိုက်တယ်။ 'ငါ့ကိုရင်လေး ဆာနေရှာရော့မည်'လို့ တွေးပြီး အရှင်သာရိပုတ္တရာက မြန်မြန်ကြွသွားတော်မူပါတယ်။

မြတ်စွာဘုရားက အဲဒီနေ့မှာ စောစောဆွမ်းဘုဉ်းပေးတော်မူပြီး ကျောင်းသို့ ကြွတော်မူကာ 'ရှင်ပဏ္ဍိတဟာ ရဟန္တာဖြစ်ဖို့ အကြောင်းကံ ပါလာခဲ့လေသလော'လို့ ဆင်ခြင်တော်မူပြီး ပါလာတာကို မြင်တော်မူလို့ ဆွမ်းကိစ္စမတိုင်မီ ရဟန္တာဖြစ်နိုင်မလား၊ မဖြစ်နိုင်ဘူးလားလို့ ဆက်လက်ဆင်ခြင်တော်မူပြီး 'ဖြစ်နိုင်တယ်'လို့ သိတော်မူတယ်။

'သာရိပုတ္တရာဟာ ကိုရင်ဖို့ ဆွမ်းကိုယူပြီး မြန်မြန်လာနေတယ်၊ ကိုရင့်အတွက် အန္တရာယ် ဖြစ်နိုင်တယ်။ ငါဟာ တံခါးမုခ်မှာ စောင့်ရှောက်ရင်း ထိုင်နေမယ်၊ သာရိပုတ္တရာကို ပြဿနာမေးတယ်။ ပြဿနာဖြေပြီးတဲ့အခါ ကိုရင်ဟာ ပဋိသမ္ဘိဒါတို့နှင့်တကွ ရဟန္တာဖြစ်လိမ့်မယ်' လို့ သိမြင်တော်မူလို့ တံခါးမုခ်မှာ ရပ်ပြီး ရောက်လာတဲ့ သာရိပုတ္တရာထေရ်ကို ပြဿနာ ၄ ရပ် မေးတော်မူပါတယ်။ အရှင်သာရိပုတ္တရာဟာ မေးအပ်တိုင်း မေးအပ်တိုင်း ပြဿနာတွေကို ဖြေတယ်။

၁။ 'သာရိပုတ္တရာ၊ ဘာကိုရခဲ့သလဲ'
'အာဟာရကို ရခဲ့ပါတယ် ဘုရား'

၂။ 'သာရိပုတ္တရာ၊ အာဟာရက ဘာကိုဆောင်သလဲ'
'ဝေဒနာကို ဆောင်ပါတယ် ဘုရား'

၃။ 'သာရိပုတ္တရာ၊ ဝေဒနာက ဘာကိုဆောင်သလဲ'
'ရုပ်ကို ဆောင်ပါတယ် ဘုရား'

http://www.dhammadownload.com



၄။ 'သာရိပုတ္တရာ၊ ရုပ်က ဘာကိုဆောင်သလဲ'

'ဖဿကို ဆောင်ပါတယ် ဘုရား'

ပြဿနာ ၄ ရပ် ဖြေပြီးတဲ့အခါ ကိုရင်ဟာ ပဋိသမ္ဘိဒါ ၄ ပါးနဲ့တကွ ရဟန္တာ ဖြစ်သွားတယ်။

'သာရိပုတ္တရာ၊ သွားလော့ သင့်ကိုရင်အား ဆွမ်းချပေးလော့'လို့ မိန့်ကြားတော်မူလို့ ကြွသွားပြီး တံခါးကို ခေါက်လိုက်တယ်။ ရှင်ပဏ္ဍိတက ကျောင်းခန်းမှထွက်ပြီး ဆရာ့ဆီက သပိတ်ကိုယူပြီး သင့်တော်တဲ့နေရာမှာထားကာ ထန်းရွက်ယပ်တောင်နဲ့ ဥပဇ္ဈာယ်ဆရာအား ယပ်ခတ်ပေးနေတယ်။ 'ကိုရင် ဆွမ်းစားလော့'လို့ မိန့်ကြားတော်မူတဲ့အခါ 'အရှင်ဘုရားကော ပြီးပါပြီလားဘုရား' လို့ လျှောက်လို့ 'ပြီးပြီ၊ သင်ပဲစားလော့'လို့ မိန့်ကြားတော်မူတယ်။ ပွင့်သစ်စ ပဒုမ္မာကြာနဲ့တူတဲ့ ၇ နှစ်အရွယ် ရဟန္တာ ရှင်ပဏ္ဍိတဟာ ပစ္စဝေက္ခဏာ ဆင်ခြင်ကာ ထိုင်ပြီး ဆွမ်းကိစ္စပြုပါတယ်။ ရှင်ပဏ္ဍိတ သပိတ်ဆေးပြီး သိမ်းဆည်းပြီးတဲ့အခါ လနတ်သားက လဝန်းကိုလွှတ်လိုက်ပါတယ်။ နေနတ်သားက နေဝန်းကို လွှတ်လိုက်ပါတယ်။ နတ်မင်းကြီး ၄ ယောက်က ကျောင်းပတ်ဝန်းကျင် အရပ် ၄ မျက်နှာမှာ စောင့်ရှောက်မှုကို စွန့်လွှတ်လိုက်ကြတယ်။ သိကြားမင်းကြီးက တံခါးကိုဆွဲငင်ရာနေရာမှာ စောင့်ရှောက်မှုကို စွန့်လွှတ်လိုက်တယ်။ နေဝန်းဟာ မွန်းတည့်ရာမှ မွန်းလွဲသွားတယ်။

ရဟန်းတွေက 'အရိပ်က အချိန်လွန်သွားပြီ။ နေဝန်းက မွန်းတည့်ရာက မွန်းလွဲသွားပြီ။ ရှင်ပဏ္ဍိတက အခုပဲ ဘုဉ်းပေးပြီးတယ်။ အဲဒါ ဘာလဲ'လို့ ကဲ့ရဲ့ကြတယ်။ ဘုရားရှင်က အဲဒီဖြစ်ပုံကိုသိလို့ လာပြီး 'ရဟန်းတို့၊ ဘာပြောနေကြတာလဲ'လို့ မေးတယ်။ 'ဒီအကြောင်းကို ပြောနေကြပါတယ် ဘုရား' လို့ လျှောက်ကြတယ်။

'ဟုတ်တယ် ရဟန်းတို့၊ ဘုန်းကံရှိသူ ရဟန်းတရားအားထုတ်

http://www.dhammadownload.com



တဲ့အခါမှာ လနတ်သားက လဝန်းကို၊ နေနတ်သားက နေဝန်းကို ဆွဲယူထားတယ်။ နတ်မင်းကြီး ၄ ယောက်က ကျောင်းပတ်ဝန်းကျင် အရပ်လေးမျက်နှာမှာ စောင့်ရှောက်မှုကို ယူကြတယ်။ သိကြားမင်းက တံခါးကိုဆွဲငင်ရာ နေရာမှာ စောင့်ရှောက်မှုကို ယူရတယ်။ ငါဘုရား ဟာလည်း ငါဘုရားပဲဆိုပြီး ကြောင့်ကြမဲ့ နေထိုင်ခွင့်မရ။ သွားပြီး တံခါးမုခ်မှာ ငါ့သား ပဏ္ဍိတလေးအတွက် အစောင့်အရှောက် ယူရ တယ်။ ရေကိုဆောင်ယူသူတွေ ရေမြောင်းနဲ့ ရေကို ဆောင်နေကြပုံ၊ မြားလုပ်သမားတွေ မြားကို ဖြောင့်အောင် လုပ်နေကြပုံ၊ သစ်ရွေသမား တွေ သစ်သားကို ရွေနေကြပုံတွေကိုကြည့်ကာ အဲဒီလောက်အာရုံကို ယူပြီး ပညာရှိတွေက ကိုယ့်ကိုယ်ကို ဆုံးမကာ အရဟတ္တဖိုလ်ကို ယူကြတာပဲ' လို့ မိန့်တော်မူပါတယ်။

ရှင်ပဏ္ဍိတလောင်းလျာဟာ ဂေါတမဘုရား ပွင့်တော်မူတဲ့အခါ သာဝတ္ထိမြို့က အရှင်သာရိပုတ္တရာရဲ့ အလုပ်အကျွေးဒကာအိမ်မှာ သူဌေး သမီးရဲ့ဝမ်းဗိုက်မှာ ပဋိသန္ဓေယူတယ်။ အဲဒီအခါ သူဌေးသမီးရဲ့မိဘ တွေက ကိုယ်ဝန်တည်တာကို သိလို့ ကိုယ်ဝန်ကိုအစောင့်အရှောက် ပေးတယ်။ အဲဒီကနောက် သူဌေးသမီးမှာ 'ငါဟာ အရှင်သာရိပုတ္တရာ ကို အစပြုပြီး ရဟန်း ၅၀၀ အား ငါးကြင်းသားအရသာနဲ့ လှူပြီး ဖန်ရည်စွန်းတဲ့အဝတ်ကို ဝတ်ကာ နေရာအဆုံးမှာ ထိုင်လျက် အဲဒီ ရဟန်းတွေရဲ့ ဆွမ်းကျန်ကို စားရရင် ကောင်းလေစွ'လို့ ချင်ခြင်း ဖြစ်တယ်။ သူဌေးသမီးက မိဘတွေအားပြောကာ အဲဒီအတိုင်း လုပ် တယ်။ ချင်ခြင်းပြေငြိမ်းသွားတယ်။ အဲဒီကနောက် သူဌေးသမီးရဲ့ အခြားမင်္ဂလာ ၇ မျိုးမှာလည်း ငါးကြင်းသားနဲ့ပဲ အရှင်သာရိပုတ္တရာ အမှူးရှိတဲ့ ရဟန်း ၅၀၀ ကို ဆွမ်းကျွေးတယ်။ အဲဒါဟာ မဟာဒုဂ် ဘဝက လှူခဲ့တဲ့ ငါးကြင်းသားအရသာ အလှူရဲ့အကျိုးဆက်ပဲ။

အဲဒီကလေးကို နာမည်မှည့်တဲ့နေ့မှာ 'အရှင်ဘုရား၊ အရှင်ဘုရား

http://www.dhammadownload.com



ရဲ့ တပည့်အား သီလသိက္ခာပုဒ်တွေ ပေးတော်မူပါ'လို့ လျှောက်လို့ အရှင်သာရိပုတ္တရာက 'ဒီကလေးရဲ့နာမည်က ဘယ်လိုလဲ'လို့ မေးတယ်။

'အရှင်ဘုရား၊ ဒီကလေး အမိဝမ်းတိုက်မှာ ပဋိသန္ဓေယူချိန်က စပြီး ဒီအိမ်မှာ လူအ လူမိုက်တွေက လူလိမ္မာပညာရှိတွေဖြစ်လာကြပါတယ်၊ ဒါကြောင့် တပည့်တော်သားနာမည်ဟာ ပဏ္ဍိတလို့ပဲ ဖြစ်ပါလိမ့်မယ်'

မိခင်က အဲဒီလိုပြောပါတယ်။

အရှင်သာရိပုတ္တရာက သီလသိက္ခာပုဒ်တွေကို ပေးပါတယ်။ ပဏ္ဍိတ မွေးဖွားလာချိန်က စပြီး 'ငါဟာ သားရဲ့အလိုဆန္ဒကို မဖျက်ဘူး'လို့ မိခင်မှာ စိတ်ဖြစ်ပါတယ်။ ပဏ္ဍိတဟာ ၇ နှစ်အရွယ်ရှိတဲ့အခါ မိခင်ကို 'မိခင်၊ အရှင်သာရိပုတ္တရာထံမှာ ကျွန်တော် ကိုရင်ဝတ်ပါမယ်'လို့ လျှောက်တယ်။ 'ငါ့သား ကောင်းပြီ၊ ငါဟာ သင့်ဆန္ဒကို မဖျက်ဘူးလို့ စိတ်ဆုံးဖြတ်ခဲ့တယ်' လို့ ပြောကာ အရှင်သာရိပုတ္တရာကိုပင့်ပြီး ဆွမ်းကပ်တယ်။ 'အရှင်ဘုရား၊ အရှင်ဘုရားရဲ့တပည့်က ကိုရင်ဝတ်လိုပါတယ်။ တပည့်တော် ဒီကလေးကို ညနေ ကျောင်းခေါ်ခဲ့ပါမယ်' လို့ လျှောက်ပြီး အရှင်သာရိပုတ္တရာကို ပြန်လွှတ်လိုက်တယ်။ ဆွေမျိုးတွေကို စုဝေးစေပြီး 'ငါ့သားအား လူ့ဘဝမှာ ပြုလုပ်ထိုက်တဲ့ ပူဇော်မြတ်နိုးမှုကို ဒီနေ့ပဲ လုပ်ကြမယ်'လို့ ပြောကာ အကြီးအကျယ် ပူဇော်မြတ်နိုးမှုကို ပြုတယ်။ ကလေးကိုခေါ်ကာ ကျောင်းကိုသွားပြီး 'ဒီကလေးကို ကိုရင်ဝတ်ပေးပါ ဘုရား'လို့ လျှောက်ပြီး အရှင်သာရိပုတ္တရာအား ပေးလိုက်တယ်။

အရှင်သာရိပုတ္တရာက ရှင်အဖြစ်ရဲ့ ခဲယဉ်းပုံကို ပြောပြတဲ့အခါ ပဏ္ဍိတလေးက 'အရှင်ဘုရားရဲ့ဩဝါဒကို တပည့်တော် လိုက်နာပါ့မယ်' လို့လျှောက်တယ်။ 'ဒီလိုဆိုရင် လာ' လို့ မိန့်ပြီး ဆံပင်တွေကို ရေဆွတ်ခိုင်းကာ တစပဉ္စကကမ္မဋ္ဌာန်းကို ပြောပြပြီး ရှင်ပြုပေးတယ်။ ရှင်ပဏ္ဍိတ

http://www.dhammadownload.com



ရဲ့မိဘတွေကလည်း ၇ ရက်ပတ်လုံး ကျောင်းမှာပဲ နေကြကာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား ငါးကြင်းသားနဲ့ပဲ လှူပြီး ၇ ရက်မြောက်မှာ ညနေအခါ အိမ်ကိုပြန်သွားကြတယ်။ အရှင်သာရိပုတ္တရာက ၈ ရက်မြောက်နေ့မှာ ရွာတွင်းကို သွားတဲ့အခါ ရှင်ပဏ္ဍိတကို ခေါ်ပြီး သွားတယ်။ ရဟန်းအပေါင်းနဲ့အတူ မသွား။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၆၆)

ရှင်ပဏ္ဍိတလေးဟာ နာမည်နဲ့လိုက်ဖက်အောင်ကိုပဲ ပညာရှိပါပေတယ်။ ဆွမ်းခံလမ်းမှာ တွေ့ရတဲ့ မြင်ကွင်းကို အကြောင်းပြုပြီး အတွေးဉာဏ်ပေါ်ကာ တရားအားထုတ်ဖြစ်ခဲ့ပါတယ်။ ပါရမီဓာတ်ခံရှိသူတို့အဖို့ မြင်တွေ့ရတဲ့အာရုံတွေက တရားပန်းတိုင်ဆီကို တွန်းပို့တတ်ကြပါတယ်။ 'လူမင်း ဘုန်းကြီး၊ နတ်မင်း မနေသာ' ဆိုတာလိုပါပဲ။ ရှင်ပဏ္ဍိတလေးက ဘုန်းကံကြီးမားတော့ သိကြားမင်းနဲ့ နတ်မင်းကြီး ၄ ယောက်၊ နေနတ်သား၊ လနတ်သားတွေပါ ဘုရားရှင်သော်မှ ကြောင့်ကြမဲ့ နေတော်မမူရပါ။ ရှင်ပဏ္ဍိတလေးကို ဝိုင်းပြီးစောင့်ရှောက်ကြပါတယ်။ ရှင်ပဏ္ဍိတလေးဟာ ကိုရင်ဝတ်ပြီး ၈ ရက်မြောက်မှာ ရဟန္တာဖြစ်ခဲ့ပါတယ်။ ရှင်ပဏ္ဍိတလေးအပေါ် ဘုရားရှင်နဲ့ အရှင်သာရိပုတ္တရာတို့ ထားရှိတဲ့မေတ္တာတော်၊ ကရုဏာတော်ဟာလည်း ကြည်ညိုစရာကောင်းလှပါတယ်။ ပဏ္ဍိတလေးဟာ သူ့အိမ်က ပဏ္ဍိတမဟုတ်သူတွေကို ပဏ္ဍိတဖြစ်လာစေခဲ့ပါတယ်။ ပဏ္ဍိတရဲ့အရှိန်အဝါဟာ ပတ်ဝန်းကျင်မှာပါ ရိုက်ခတ်လွှမ်းမိုးခဲ့ပါတယ်။ ပဏ္ဍိတရဲ့အရှိန်အဝါကြောင့် သူ့ပတ်ဝန်းကျင်က ပဏ္ဍိတမဟုတ်သူတွေ ပဏ္ဍိတ ဖြစ်လာကြပါတယ်။

ပဏ္ဍိတလေးရဲ့ ကိုရင်ဝတ်လိုတဲ့ဆန္ဒမွန်ကို မိဘတွေကလည်း လိုက်လျောကာ အကောင်အထည်ဖော်ပေးခဲ့ကြပါတယ်။ သားလေးကတော်သလို မိဘတွေကလည်း တော်ကြပါပေတယ်။ မြန်မာနိုင်ငံက

http://www.dhammadownload.com



သားရော မိဘပါ ဒီပဏ္ဍိတမိသားစုလို တော်ကြရင် သိပ်ကောင်းမှာပါပဲ။ ရှင်ပဏ္ဍိတလေးမှာ မဟာဒုဂ်ဘဝက ပြုခဲ့တဲ့ကောင်းမှုကံရဲ့ အကျိုးပေးပုံကို တွေ့ရတဲ့အခါ 'အချိုမျိုးစေ့စိုက်ရင် အချိုသီးသီးတယ်' ဆိုတဲ့စကားလေးကို သတိရစေပါတယ်။ ကောင်းမှုကံတွေဟာ ဘဝသံသရာမှာ တကယ်အားကိုးရာ ဖြစ်စေပါတယ်။

ရေယူသူတွေက မြောင်းနဲ့ ရေကိုယူကြပါတယ်။ မြားလုပ်သမားတွေက မြားကို ဖြောင့်အောင် လုပ်ကြပါတယ်။ သစ်ရွေသမားတွေက သစ်သားကို ရွေကြပါတယ်။ ရှင်ပဏ္ဍိတကတော့ သူ့ကိုယ်သူ ယဉ်ကျေးအောင် ဆုံးမပါတယ်။ ရဟန္တာဖြစ်သွားတော့ ရာနှုန်းပြည့် ယဉ်ကျေးသွားပါတယ်။ လူတစ်ယောက်ကို ကိုယ်အားဖြင့်ရော၊ နှုတ်အားဖြင့်ရော၊ စိတ်အားဖြင့်ပါ ရိုင်းစိုင်းအောင် လုပ်တတ်တာတွေက လောဘ၊ ဒေါသစတဲ့ ကိလေသာတွေ ဖြစ်ပါတယ်။ ရိုင်းအောင် လုပ်တတ်တဲ့ ကိလေသာတွေကို ရှင်ပဏ္ဍိတက အကုန်ပယ်ပြီးပါပြီ၊ ရှင်ပဏ္ဍိတဟာ ကိုယ်အားဖြင့်ရော၊ နှုတ်အားဖြင့်ရော၊ စိတ်အားဖြင့်ပါ ယဉ်ကျေးတဲ့ ပုဂ္ဂိုလ်လေး ဖြစ်ပါတယ်။

ရှင်ပဏ္ဍိတဟာ ပင်ကိုဗီဇ ပညာရှိတဲ့အပြင် အရဟတ္တမဂ်ပညာ၊ အရဟတ္တဖိုလ်ပညာပါ ရှိလာလို့ အဆင့်မြင့်ပညာရှင် ဖြစ်ပါတယ်။ ရှင်ပဏ္ဍိတဟာ နာမည်နဲ့လိုက်ဖက်အောင်ပဲ ပညာရှိပါပေတယ်။

## ရှင်ပဏ္ဍိတရဲ့ ရှေးကံ

ရှေးအခါမှာ ကဿပမြတ်စွာဘုရားဟာ ရဟန္တာ ၂၀၀၀၀ ခြံရံလျက် ဗာရာဏသီပြည်သို့ ကြွတော်မူတယ်။ လူတွေဟာ ကိုယ့်အစွမ်းကို သိမှတ်ပြီး (ကိုယ်တတ်နိုင်သလောက်) ၈ ယောက်တစ်စု၊ ၁၀ ယောက်တစ်စုဖွဲ့ကာ အာဂန္တုကအလှူစသည်တွေကို ပေးလှူကြပါတယ်။

http://www.dhammadownload.com



တစ်နေ့မှာ မြတ်စွာဘုရားက ခွမ်းကိစ္စရဲ့အဆုံးမှာ ဒီလိုအနုမောဒနာ တရားကို ပြတော်မူတယ်။

'ဒကာတို့၊ ဒီလောကမှာ တချို့လူတွေဟာ 'ကိုယ့်ဥစ္စာကိုသာ ပေးလှူသင့်ပါတယ်။ သူတစ်ပါးကိုလှူဖို့ တိုက်တွန်းလို့ ဘာအကျိုးရှိပါမလဲ' လို့ ကြံပြီး ကိုယ်သာအလှူပေးကြတယ်။ သူတစ်ပါးကို လှူဖို့ မတိုက်တွန်း၊ အဲဒီလူတွေဟာ ဖြစ်တဲ့နေရာတိုင်းမှာ စည်းစိမ်ပြည့်စုံမှုကို ရကြတယ်။ အခြွေအရံပြည့်စုံမှုကို မရကြဘူး။ တချို့လူတွေဟာ သူတစ်ပါးကို လှူဖို့ တိုက်တွန်းတယ်၊ ကိုယ်တိုင်မလှူပါဘူး၊ အဲဒီလူတွေဟာ ဖြစ်တဲ့နေရာတိုင်းမှာ အခြွေအရံပြည့်စုံမှုကို ရကြတယ်၊ စည်းစိမ်ပြည့်စုံမှုကို မရကြဘူး။ တချို့လူတွေဟာ ကိုယ်တိုင်လည်းမလှူ၊ သူတစ်ပါးကိုလည်း မတိုက်တွန်း၊ အဲဒီလူတွေဟာ ဖြစ်တဲ့နေရာတိုင်းမှာ စည်းစိမ်ပြည့်စုံမှုကိုလည်း မရကြဘူး၊ အခြွေအရံပြည့်စုံမှုကိုလည်း မရကြဘူး၊ စားကြွင်းစားသူသာဖြစ်ပြီး အသက်ရှင်ကြရတယ်။ တချို့လူတွေဟာ ကိုယ်တိုင်လည်း ပေးလှူကြတယ်။ သူတစ်ပါးကိုလည်း လှူဖို့ တိုက်တွန်းတယ်။ အဲဒီလူတွေဟာ ဖြစ်တဲ့နေရာတိုင်းမှာ စည်းစိမ်ပြည့်စုံမှုကိုလည်း ရကြတယ်၊ အခြွေအရံ ပြည့်စုံမှုကိုလည်း ရကြတယ်'

အဲဒီတရားကို ကြားနာပြီး အနီးမှာနေနေတဲ့ ပညာရှိယောကျ်ား တစ်ယောက်က ကြံပါတယ်။ 'ငါ အခု အဲဒီနည်းအတိုင်း ပြုလုပ်မယ်၊ အဲဒီလိုဆိုရင် ငါ့မှာ ပြည့်စုံမှု ၂ မျိုးလုံး ဖြစ်ပါလိမ့်မယ်' အဲဒီယောကျ်ားက မြတ်စွာဘုရားကို ရှိခိုးပြီး လျှောက်ပါတယ်။

'မြတ်စွာဘုရား၊ မနက်ဖြန်အတွက် တပည့်တော်ရဲ့ဆွမ်းကို လက်ခံတော်မူပါဘုရား'

'သင်အား ရဟန်းဘယ်နပါး အလိုရှိသလဲ'

'မြတ်စွာဘုရား၊ မြတ်စွာဘုရားရဲ့အခြွေအရံဟာ ဘယ်လောက် ရှိပါသလဲ'

http://www.dhammadownload.com



'၂၀၀၀၀ ရှိပါတယ်'

'မြတ်စွာဘုရား၊ ရဟန်းအားလုံးနဲ့အတူ မနက်ဖြန်အတွက် တပည့်တော်ရဲ့ဆွမ်းကို လက်ခံတော်မူပါ ဘုရား'

မြတ်စွာဘုရားက လက်ခံတော်မူတယ်။ အဲဒီယောကျ်ားဟာ ရွာသို့ဝင်သွားပြီး 'အို မိခင် ဖခင်တို့၊ မနက်ဖြန်အတွက် ကျွန်တော်ဟာ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတွေကို ပင့်ခဲ့ပါတယ်။ သင်တို့ဟာ ရဟန်းဘယ်နပါးကို လှူနိုင်သလဲ၊ လှူနိုင်သလောက် ပေးလှူကြပါ'လို့ ပြောကြားပြီး လှည့်လည်တဲ့အခါ ကိုယ့်အစွမ်းကို သိမှတ်ပြီး 'ငါတို့ ၁၀ ပါးအတွက် လှူမယ်၊ ငါတို့ အပါး ၂၀၊ ငါတို့ အပါး ၁၀၀၊ ငါတို့ အပါး ၅၀၀' လို့ ပြောကြတဲ့အခါ လူအားလုံးရဲ့စကားကို အစကနေပြီး ပေစာမှာ ရေးလိုက်ပါတယ်။

အဲဒီအချိန်မှာ အဲဒီမြို့မှာ အလွန်ဆင်းရဲနွမ်းပါးလို့ပဲ 'မဟာဒုဂ္ဂတ (မဟာဒုဂ်)' လို့ ထင်ရှားတဲ့ ယောကျ်ားတစ်ယောက် ရှိပါတယ်။ အဲဒီပညာရှိယောကျ်ားက အနီးရောက်လာတဲ့ အဲဒီဆင်းရဲတဲ့သူ မဟာဒုဂ် ကို မြင်ပြီး

'မိတ်ဆွေ မဟာဒုဂ္ဂတ၊ ငါက မနက်ဖြန်အတွက် ဘုရားအမှူး ရှိတဲ့ ရဟန်းသံဃာများကို ဆွမ်းပင့်ခဲ့ပါတယ်။ မနက်ဖြန် မြို့သူမြို့သား တွေက အလှူပေးကြပါလိမ့်မယ်၊ သင် ရဟန်း ဘယ်နပါးကို ဆွမ်း ကျွေးမလဲ'

'အရှင်၊ ကျွန်ုပ်မှာ ရဟန်းတွေနဲ့ ဘာအကျိုးရှိပါမလဲ၊ ရဟန်း တွေဆိုတာ ဥစ္စာရှိတဲ့သူတွေအတွက် အကျိုးရှိပါမယ်။ ကျွန်ုပ်မှာတော့ မနက်ဖြန် ယာဂုအတွက် ဆန်တစ်ကွမ်းစားလောက်တောင် မရှိပါ။ ကျွန်ုပ်အခစားအလုပ်ကို လုပ်ပြီး အသက်မွေးမြူပါတယ်။ ကျွန်ုပ်မှာ ရဟန်းတို့နဲ့ ဘာအကျိုးရှိပါမလဲ'

သူတစ်ပါးကို တိုက်တွန်းနှိုးဆော်သူဆိုတာ လိမ္မာကျွမ်းကျင်သူ

http://www.dhammadownload.com



ဖြစ်ရတယ်။ အဲဒါကြောင့် အဲဒီပညာရှိယောက်ျားက မဟာဒုဂ္ဂတက 'မရှိဘူး'လို့ ပြောဆိုပေမယ့် တိတ်တိတ်မနေဘဲ ဒီလိုပြောတယ်။

'မိတ်ဆွေမဟာဒုဂ္ဂတ၊ ဒီမြို့ထဲမှာ လူအများဟာ အစာကောင်း စားပြီး နူးညံ့တဲ့အဝတ်ကို ဝတ်ကြတယ်၊ အဆင်တန်ဆာအမျိုးမျိုးနဲ့ တန်ဆာဆင်ထားတဲ့ အိပ်ရာပေါ်မှာအိပ်ပြီးတော့ စည်းစိမ်ကို ခံစား ကြတယ်။ သင်မှာတော့ တစ်နေ့လုံး အခစားအလုပ်ကို လုပ်ပေမယ့် ဝမ်းပြည့်ရုံမျှ မရဘူး၊ ဒီလိုဖြစ်ပေမယ်လို့ 'ငါဟာ ရှေးက ကုသိုလ် ကောင်းမှုကို မပြုခဲ့မိလို့ ဘာတစ်ခုမှ မရတာ'လို့ မသိဘူး'

'အရှင် သိပါတယ်'

'သိရင် ဘာကြောင့် အခုကုသိုလ်ကောင်းမှုကို မပြုတာလဲ၊ သင်ဟာ လူငယ်ပဲ၊ အင်အားနဲ့ပြည့်စုံတယ်၊ သင် အခစားအလုပ်ကို လုပ်ပြီးလည်း အစွမ်းအားလျော်စွာ အလှူပေးဖို့မသင့်ဘူးလား'

အဲဒီလို မဟာဒုဂ္ဂတဟာ ထိုပညာရှိယောက်ျားက ပြောနေတုန်း မှာပင် သံဝေဂရပြီး 'ကျုန်ုပ်အတွက်လည်း ရဟန်းတစ်ပါးကို ပေစာမှာ ရေးမှတ်ပေးပါ။ အခစားအလုပ်တစ်ခုခုကို လုပ်ပြီး ရဟန်းတစ်ပါးအား ဆွမ်းလှူမယ်'လို့ ပြောတယ်။ ဒီပညာရှိယောက်ျားကတော့ 'ရဟန်း တစ်ပါးကို ပေစာပေါ်မှာ ရေးမှတ်ပြီး ဘာအကျိုးရှိပါမလဲ' ဆိုပြီး မရေးမှတ်ပါ။

မဟာဒုဂ္ဂတလည်း အိမ်သွားပြီး ဇနီးကိုပြောတယ်။

'အရှင်မ၊ မြို့သူမြို့သားတွေ မနက်ဖြန် သံဃာအတွက် ဆွမ်းကို ပေးလှူကြလိမ့်မယ်၊ ငါ့ကိုလည်း တိုက်တွန်းနှိုးဆော်သူက 'ရဟန်း တစ်ပါးကို ဆွမ်းလှူပါ'လို့ပြောတယ်။ ငါတို့လည်း မနက်ဖြန် ရဟန်း တစ်ပါးကို ဆွမ်းလှူကြမယ်'

အဲဒီအခါ သူ့ဇနီးကလည်း 'ငါတို့က ဆင်းရဲတယ်၊ ဘာကြောင့် သင်က လက်ခံလိုက်တာလဲ'လို့ မပြောဘဲ 'အရှင်၊ အရှင်လုပ်ခဲ့တာ

http://www.dhammadownload.com



ကောင်းပါတယ်။ ကျွန်မတို့ အရှင်ဘုရားကလည်း ဘာမှမလှူခဲ့ကြလို့ အခု ဆင်းရဲနွမ်းပါးခဲ့ပါတယ်။ ကျွန်မတို့နှစ်ယောက်လုံး အခစားအလုပ် လုပ်ပြီး ရဟန်းတစ်ပါးအား ဆွမ်းလှူပါမယ် အရှင်'လို့ ပြောပြီး နှစ်ယောက်စလုံး အိမ်မှထွက်သွားကာ အခစားအလုပ် လုပ်နေရာကို သွားကြတယ်။

သူဌေးကြီးက သူတို့ကိုမြင်ပြီး 'ဘယ်လိုလဲ မိတ်ဆွေမဟာဒုဂ္ဂတ၊ အခစား လုပ်မလား'လို့ မေးတယ်။

'အရှင် လုပ်ပါမယ်'

'ဘာလုပ်မလဲ'

'အရှင်ခိုင်းတဲ့အလုပ်ကို လုပ်ပါမယ်'

'ဒါဆိုရင် ငါတို့ မနက်ဖြန် ရဟန်း ၂၀၀၊ ၃၀၀ ကို ဆွမ်းကပ်မယ်၊ လာခဲ့၊ ထင်းတွေကို ခွဲပါ'လို့ ပြောပြီး ပဲခွပ်ပုဆိန်တွေကို ထုတ်ပြီး ပေးခိုင်းလိုက်တယ်။ မဟာဒုဂ္ဂတက ခိုင်မြဲအောင် ခါးတောင်းကျိုက်ပြီး အလွန်အကဲ အလုပ်ကြိုးစားတယ်။ ပဲခွပ်ကို ပယ်စွန့်ပြီး ပုဆိန်ကို ကိုင်လျက် ပုဆိန်ကို ပယ်စွန့်ပြီး ပဲခွပ်ကိုကိုင်လျက် ထင်းတွေကို ခွဲနေတယ်။ အဲဒီအခါ သူ့ကို သူဌေးကြီးက ပြောတယ်။

'မိတ်ဆွေ၊ သင်ဟာ ဒီနေ့ အလွန်အကဲ အလုပ်ကြိုးစားတယ်၊ ဘာကြောင့်ပါလိမ့်'

'အရှင်၊ ကျွန်ုပ်ဟာ မနက်ဖြန် ရဟန်းတစ်ပါးအတွက် ဆွမ်းကပ်ပါမယ်'

အဲဒီစကားကိုကြားရပြီး သူဌေးက ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ကြံစည်တယ်။ 'သြော် ဒီလူက ပြုခဲတဲ့အလုပ်ကို ပြုတယ်၊ ငါက ဆင်းရဲတယ်လို့ အသာမနေဘဲ အခစားအလုပ်ကိုလုပ်ပြီး ရဟန်းတစ်ပါး ဆွမ်းကပ်မယ်'လို့ ပြောတယ်။ သူဌေးကတော်ကလည်း ဆင်းရဲသားရဲ့မယားကို မြင်ပြီး 'ညီမ၊ ဘာအလုပ်ကို လုပ်မလဲ'လို့ မေးပြီး

http://www.dhammadownload.com



'အရှင်မတွေ ဘယ်အလုပ်ကို လုပ်ခိုင်းမလဲ၊ အဲဒီအလုပ်ကို လုပ်မယ်' လို့ ပြောတဲ့အခါ ဆုံတင်းကုပ်သို့ သွားခိုင်းပြီး စကော၊ ကျည်ပွေ့ စတာတွေကို ပေးခိုင်းတယ်။ သူမဟာ ကခုန်သလိုပဲ နှစ်သက်ဝမ်းမြောက် ရွှင်လန်းပြီး စပါးကိုထောင်းလည်း ထောင်းတယ်၊ ပြာလည်း ပြာတယ်။ အဲဒီအခါ သူမကို သူဌေးကတော်က မေးတယ်။

'ညီမ၊ သင်ဟာ သိပ်ပြီးနှစ်သက်ဝမ်းမြောက် ရွှင်လန်းကာ အလုပ်လုပ်နေတယ်၊ အကြောင်းက ဘာပါလိမ့်'

'အရှင်မ၊ ဒီအခစားအလုပ်ကို လုပ်ပြီး ကျွန်မတို့လည်း ရဟန်း တစ်ပါးကို ဆွမ်းကပ်ပါမယ်'

အဲဒီစကားကိုကြားနာပြီး သူဌေးကတော်လည်း သူမကို 'သြော် ဒီလူက ပြုနိုင်ခဲတဲ့အလုပ်ကို လုပ်တယ်' လို့ ကြည်ညိုသွားတယ်။ သူဌေးက မဟာဒုဂ္ဂတအား ထင်းတွေကို ခွဲပြီးတဲ့အခါ 'ဒါဟာ သင်ရဲ့ အခကြေးငွေပါ' ဆိုပြီး သလေးစပါး လေးကွမ်းစားကို ပေးစေတယ်။ 'ဒါဟာ နှစ်သက်လို့ ပေးတဲ့ဆု' လို့ ပြောပြီး နောက်ထပ်လည်း လေးကွမ်းစားကို ပေးခိုင်းတယ်။

မဟာဒုဂ္ဂတဟာ အိမ်သွားပြီး ဇနီးကိုပြောတယ်။ 'ငါဟာ အခ စား အလုပ်ကို လုပ်ပြီး သလေးဆန်ကို ရခဲ့တယ်။ ဒါဟာ ဆွမ်းရိက္ခာ ဖြစ်ပါမယ်။ သင်ရခဲ့တဲ့ လုပ်အားခနဲ့ နို့ဓမ်း ဆီ၊ ခါးစပ်တဲ့ဝတ္ထုတွေကို ယူခဲ့လော့' သူဌေးကတော်ကလည်း မဟာဒုဂ္ဂတရဲ့ဇနီးကို ထောပတ်အိုး တစ်အိုး၊ နို့ဓမ်းတစ်အိုး၊ ခါးစပ်တဲ့ဝတ္ထု၊ စင်ကြယ်တဲ့ ဆန်တစ်ကွမ်းစား ကိုလည်း ပြန်ပေးခိုင်းလိုက်တယ်။ ဒီလိုနှစ်ယောက်စလုံးမှာ ဆန် ၉ ကွမ်းစား ဖြစ်သွားတယ်။ သူတို့ဟာ 'ငါတို့ လှူဖွယ်ဝတ္ထုကို ရပါပြီ' လို့ နှစ်သက်ရွှင်လန်းပြီး မနက်စောစောပဲ ထကြတယ်။

ဇနီးက မဟာဒုဂ္ဂတကို ပြောတယ်။ 'အရှင်၊ သွားပါ၊ ဟင်းရွက် ကို ရှာပြီးယူခဲ့ပါ' သူက ဈေးအတွင်းမှာ ဟင်းရွက်ကို မမြင်လို့ မြစ်

http://www.dhammadownload.com



ကမ်းသို့သွားပြီး 'ဒီနေ့ အရှင်တို့အား ဆွမ်းလှူခွင့်ကို ရပါလိမ့်မယ်'လို့ စိတ်ရွှင်လန်းပြီး သီချင်းဆိုကာ ဟင်းရွက်ကို ဆွတ်ခူးနေတယ်။ ပိုက်ကွန်ကြီးကိုချပြီး နေနေတဲ့တံငါသည်က 'မဟာဒုဂ္ဂတရဲ့အသံ ဖြစ်ပါလိမ့်မယ်' လို့ သူ့ကိုခေါ်ပြီး မေးတယ်။

'အလွန်စိတ်နှစ်သက်ပြီး သီချင်းဆိုနေတယ်၊ ဘာကြောင့်ပါလိမ့်'

'မိတ်ဆွေ၊ ဟင်းရွက်ကို ခူးနေပါတယ်'

'ဘာလုပ်မလို့လဲ'

'ရဟန်းတစ်ပါးအား ဆွမ်းကပ်မယ်'

'ဩော် ရဟန်းဟာ ချမ်းသာတယ်၊ အဲဒီရဟန်းဟာ သင့်ရဲ့ ...ယ်ဟင်းရွက်ကို ဘုဉ်းပေးလိမ့်မယ်'

'မိတ်ဆွေ ဘာလုပ်မလို့လဲ'

'ကိုယ်ရတဲ့ဟင်းရွက်နဲ့ ကပ်ပါမယ်'

'အဲဒီလိုဆိုရင် လာလော့'

'မိတ်ဆွေ ဘာလုပ်မလို့လဲ'

'ဒီငါးတွေကိုယူပြီး တစ်မတ်တန်အစည်း (အတွဲ)၊ အသပြာဝက်တန်အစည်း၊ တစ်အသပြာတန် အစည်းတွေကိုပြုလော့'

သူက ပြောတဲ့အတိုင်း လုပ်ပါတယ်။ ဖွဲ့ထားတဲ့ ငါးအစည်းတိုင်းကို မြို့သူမြို့သားတွေက ပင့်ဖိတ်ထားတဲ့ ရဟန်းတွေအတွက် ဝယ်ယူသွားကြတယ်။ သူဟာ ငါးအစည်းတွေကို ထုပ်လုပ်နေစဉ်မှာပဲ ဆွမ်းခံချိန် ရောက်သွားတယ်။ သူက အချိန်ကိုမှတ်သားပြီး 'မိတ်ဆွေ အကျွန်ုပ် သွားပါမယ်၊ ဒီအချိန်ဟာ ရဟန်းတွေ ဆွမ်းခံကြွချိန်ပါ'လို့ ပြောတယ်။

'ငါးအစည်း တစ်စုံတစ်ထုပ်မျှ ရှိပါသေးသလား'

'မိတ်ဆွေ၊ မရှိပါဘူး၊ အကုန်လုံး ကုန်သွားပြီ'

'အဲဒီလိုဆိုရင် ငါက ကိုယ်အတွက်ဆိုပြီး သဲတူးပြီး ငါးကြင်း

http://www.dhammadownload.com



လေးကောင်ကို ထားထားပါတယ်။ ရဟန်းတွေကို ဘုဉ်းပေးစေချင်ရင် ဒီငါးတွေကိုယူပြီးသွားပါ'လို့ အဲဒီငါးတွေကို မဟာဒုဂ္ဂတအား ပေးပါတယ်။

အဲဒီနေ့မှာတော့ မြတ်စွာဘုရားဟာ နံနက်စောစောအချိန်မှာ လောကကို ကြည့်ရှုတော်မူတဲ့အခါ မဟာဒုဂ္ဂတကို ဘုရားရဲ့ဉာဏ်တော်ကွန်ရက်အတွင်းမှာ ဝင်လာတာကို မြင်တော်မူပြီး 'ဘာပါလိမ့်'လို့ ဆင်ခြင်တော်မူတဲ့အခါ 'မဟာဒုဂ္ဂတဟာ ရဟန်းတစ်ပါးကို ဆွမ်းကပ်မယ်' ဆိုပြီး မယားနဲ့အတူ မနေ့က အခစားအလုပ်ကို ပြုလုပ်ခဲ့တယ်။ ဘယ်ရဟန်းကို ရပါလိမ့်မလဲ လို့ ကြံစည်တော်မူပြီး 'လူတွေဟာ ပေစာမှာ မှတ်တမ်းတင်ထားတဲ့အတိုင်း ရဟန်းတွေကို ပင့်သွားပြီး ကိုယ်စီကိုယ်စီ အိမ်မှာထိုင်စေလိမ့်မယ်။ မဟာဒုဂ္ဂတက ငါဘုရားကို ထားပြီး တခြားရဟန်းကို ရမှာမဟုတ်ပါဘူး' လို့ စူးစမ်းဆင်ခြင်တော်မူတယ်။

ဘုရားရှင်တွေဟာ ဆင်းရဲသူတွေကို သနားကြင်နာကြပါတယ်။ အဲဒါကြောင့် မြတ်စွာဘုရားဟာ နံနက်စောစောပဲ ကိုယ်လက်သုတ်သင်မှု ပြုတော်မူပြီး 'မဟာဒုဂ္ဂတကို ချီးမြှောက်ပါမယ်'လို့ ကြံတော်မူကာ ဂန္ဓကုဋီတိုက်ထဲသို့ ဝင်ထိုင်နေတော်မူတယ်။ မဟာဒုဂ္ဂတဟာ ငါးကြင်းတွေကိုယူပြီး အိမ်ကိုဝင်လာတဲ့အခါ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာကျောက်ဖျာက ပူနွေးတဲ့သဘောကို ပြတယ်။ သိကြားမင်းက 'အကြောင်းကား ဘာပါလိမ့်'လို့ ကြည့်တဲ့အခါ 'မနေ့က မဟာဒုဂ္ဂတဟာ ရဟန်းတစ်ပါးအား ဆွမ်းလှူပါမယ်ဆိုပြီး မယားနဲ့အတူ အခစားအလုပ်ကို လုပ်တယ်၊ ဘယ်ရဟန်းကို ရပါမလဲ'လို့ ကြံစည်ပြီး 'အဲဒီမဟာဒုဂ္ဂတအတွက် တခြားရဟန်း မရှိပါ၊ မြတ်စွာဘုရားဟာ မဟာဒုဂ္ဂတကို ချီးမြှောက်မယ်' ဆိုပြီး ဂန္ဓကုဋီတိုက်မှာ ထိုင်နေတော်မူတယ်။ မဟာဒုဂ္ဂတက မိမိရဲ့ သုံးဆောင်ထိုက်တဲ့ ယာဂုဆွမ်း ဟင်းရွက်ဟင်းလျာတွေကိုလည်း ဘုရား

http://www.dhammadownload.com



ရှင်အား ပေးလှူလိမ့်မယ်။ 'ငါ မဟာဒုဂ္ဂတရဲ့အိမ်ကိုသွားပြီး ဆွမ်းချက်အလုပ်ကို လုပ်ရင် ကောင်းမယ်'လို့ စဉ်းစားတယ်။ အဲဒီလို စဉ်းစားပြီး မထင်ရှားတဲ့အသွင်နဲ့ အဲဒီမဟာဒုဂ္ဂတရဲ့အိမ်အနီးသို့သွားပြီး 'တစ်စုံတစ်ယောက်ဆီမှာ အခစားအလုပ် တစ်စုံတစ်ခုလုပ်ဖို့ ရှိပါသလား'လို့ မေးတယ်။

မဟာဒုဂ္ဂတက သူ့ကိုမြင်ပြီး ပြောတယ်။

'မိတ်ဆွေ၊ ဘာအလုပ်ကို လုပ်နိုင်မလဲ'

'အရှင် အကျွန်ုပ်ဟာ အတတ်ပညာအားလုံးကို သိပါတယ်။ ကျွန်ုပ်မသိတဲ့ အတတ်ပညာဆိုတာ မရှိပါဘူး၊ ယာဂု ဆွမ်းစသည်တွေကိုလည်း ပြီးစီးစေဖို့သိပါတယ်'

'မိတ်ဆွေ၊ ကျွန်ုပ်တို့မှာ သင့်အလုပ်နဲ့ အလိုရှိပါတယ်။ သင့်အား ပေးသင့်တဲ့ အခကြေးငွေ တစ်စုံတစ်ခုကို မတွေ့ပါဘူး'

'သင်မှာ ဘယ်အလုပ် လုပ်ဖို့ရှိပါသလဲ'

'ရဟန်းတစ်ပါးအား ဆွမ်းပေးလှူချင်ပါတယ်။ အဲဒီရဟန်းအတွက် ယာဂုဆွမ်း စီရင်လိုပါတယ်'

'တကယ်လို့ ရဟန်းအတွက် ဆွမ်းလှူမယ်ဆိုရင် ကျွန်ုပ်အတွက် အခကြေးငွေ မလိုပါဘူး၊ ဘယ်လိုလဲ၊ ကျွန်ုပ်အတွက် ကုသိုလ်ကောင်းမှု မသင့်ဘူးလား'

'ဒီလိုဆိုရင် ကောင်းပါပြီ သူငယ်ချင်း၊ ဝင်ခဲ့ပါ'

သိကြားမင်းက မဟာဒုဂ္ဂတရဲ့အိမ်ကို ဝင်သွားပြီး ဆီဆန်စသည်တွေကို ယူစေကာ 'သွားလော့၊ ကိုယ့်အတွက်ကျတဲ့ရဟန်းကို ပင့်ခဲ့ပါ' လို့ သူ့ကိုလွှတ်လိုက်တယ်။ အလှူပေးပွဲရဲ့ လူကြီးကလည်း ပေစာပေါ်မှာ မှတ်တမ်းတင်ထားတဲ့အတိုင်း အဲဒီလူတွေရဲ့အိမ်သို့ ရဟန်းတွေကို စေလွှတ်လိုက်ပါတယ်။

မဟာဒုဂ္ဂတလည်း သူ့အနားသွားပြီး 'ကျွန်ုပ်အတွက် ရဟန်း

http://www.dhammadownload.com



တစ်ပါး ပေးပါ'လို့ ပြောတယ်။ အဲဒီလူကြီးက အဲဒီအချိန်မှာ သတိရသွားပြီး 'ကျွန်ုပ် သင့်အတွက် ရဟန်းတစ်ပါး မှတ်ဖို့ မေ့ခဲ့တယ်'လို့ ပြောတယ်။ မဟာဒုဂ္ဂတဟာ ထက်မြက်တဲ့လှံနဲ့ ဝမ်းဗိုက်ကို ထိုးလိုက်သလို ခံစားရပြီး 'အရှင် ဘာကြောင့် ကျွန်ုပ်ကို ဖျက်ဆီးခဲ့တာလဲ၊ ကျွန်ုပ်ဟာ သင် မနေ့က တိုက်တွန်းနှိုးဆော်လိုက်လို့ မယားနဲ့အတူ တစ်နေ့လုံး အခစားအလုပ်ကိုလုပ်ပြီး ဒီနေ့မနက်စောစောလည်း ဟင်းရွက်အတွက် မြစ်ကမ်းမှာ လှည့်လည်ပြီး လာခဲ့တယ်။ ကျွန်ုပ်အား ရဟန်းတစ်ပါး ပေးပါ'လို့ ပြောကာ လက်မောင်းကိုကိုင်ပြီး ငိုကြွေးမြည်တမ်းတယ်။

လူတွေက 'မဟာဒုဂ္ဂတ ဒါဘာဖြစ်တာလဲ'လို့ မေးကြတယ်။ သူက အဲဒီအကြောင်းကို ပြောပြတယ်။ သူတို့က အလှူပွဲရဲ့လူကြီးကို မေးကြတယ်။

'မိတ်ဆွေ၊ သင်ဟာ ဒီလူကို အခစားအလုပ်ကို လုပ်ပြီး ရဟန်းတစ်ပါးအား ဆွမ်းလှူပါလို့ တိုက်တွန်းနှိုးဆော်တယ်ဆိုတာ မှန်ပါသလား'

'မိတ်ဆွေ၊ မှန်ပါတယ်'

'သင်ဟာ ဝန်လေးတဲ့အလုပ်ကို လုပ်တယ်။ သင်က ဒီလောက်များတဲ့ရဟန်းတွေကို စီရင်ပြီး အဲဒီမဟာဒုဂ္ဂတအား ရဟန်းတစ်ပါးကို မပေးဘူး'

လူကြီးက သူတို့ရဲ့စကားကြောင့် မျက်နှာမကောင်းဖြစ်ပြီး အဲဒီမဟာဒုဂ္ဂတကို ပြောတယ်။ 'မိတ်ဆွေ၊ မဟာဒုဂ္ဂတ ကျွန်ုပ်ကို မဖျက်ဆီးပါနဲ့၊ ကျွန်ုပ်ဟာ သင့်ကြောင့် အလွန်ပင်ပန်းခြင်းသို့ ရောက်ရပါတယ်။ လူတွေဟာ ပေစာမှာ မှတ်တမ်းတင်ထားတဲ့အတိုင်း မိမိမိမိအား ကျရောက်တဲ့ရဟန်းတွေကို ပင့်ဆောင်ကြတယ်။ ကိုယ့်အိမ်မှာ ထိုင်ပြီးသား ရဟန်းကို ထုတ်ပြီးပေးသူဆိုတာ မရှိပါဘူး။ မြတ်စွာဘုရား

http://www.dhammadownload.com



ကတော့ မျက်နှာသစ်ပြီး ဂန္ဓကုဋီတိုက်ထဲမှာပဲ ထိုင်နေတော်မူတယ်။ မင်း၊ အိမ်ရှေ့မင်းသား၊ စစ်သူကြီးစသည်တွေဟာ ဘုရားရှင်ဂန္ဓကုဋီမှ ထွက်လာမှာကို ကြည့်ပြီး 'မြတ်စွာဘုရားရဲ့ သပိတ်ယူပြီးသွားမယ်' လို့ ထိုင်နေကြတယ်။ ဘုရားရှင်တွေဆိုတာ ဆင်းရဲသူတွေကို သနားကြင်နာကြပါတယ်၊ သင်ဟာ ကျောင်းကိုသွားပြီး 'မြတ်စွာဘုရား၊ တပည့်တော် ဆင်းရဲပါတယ်၊ တပည့်တော်ကို ချီးမြှောက်တော်မူပါ ဘုရား' လို့ လျှောက်ပြီး ဘုရားရှင်ကို ရှိခိုးလော့၊ သင့်မှာ ပြုထားတဲ့ ကုသိုလ်ကောင်းမှုရှိရင် ဧကန်မုချ ရပါလိမ့်မယ်'

မဟာဒုဂ္ဂတဟာ ကျောင်းသို့သွားတယ်။ အဲဒီအခါ သူ့ကို တခြားရက်တွေမှာ ကျောင်းမှာ စားကြွင်းစားသူအနေနဲ့ မြင်နေလို့ မင်း၊ အိမ်ရှေ့မင်းသား စသည်တွေက 'မဟာဒုဂ္ဂတ၊ ဆွမ်းချိန်မဟုတ်သေးဘူး၊ ဘာကြောင့် မင်းဒီကိုလာသလဲ' လို့ ပြောကြတယ်။ သူက 'အရှင်၊ ဆွမ်းချိန်မဟုတ်သေးဘူးလို့ သိပါတယ်။ မြတ်စွာဘုရားကို ရှိခိုးချင်လို့ လာတာပါ' လို့ ပြောပြီး သွားတယ်။ ဂန္ဓကုဋီရဲ့ တံခါးခုံမှာ ခေါင်းကို တင်ပြီး ထိခြင်းငါးပါးနဲ့ ရှိခိုးကာ 'မြတ်စွာဘုရား၊ ဒီမြို့ထဲမှာ တပည့်တော်ထက် ဆင်းရဲသူ မရှိပါ၊ တပည့်တော်ရဲ့ အားထားရာ ဖြစ်တော်မူပါ။ တပည့်တော်ကို ချီးမြှောက်တော်မူပါ' လို့ လျှောက်တယ်။ မြတ်စွာဘုရားက ဂန္ဓကုဋီတံခါးကို ဖွင့်ပြီး သပိတ်ကိုယူဆောင်ကာ သူ့လက်ပေါ်မှာ ထည့်တော်မူပါတယ်။

မဟာဒုဂ္ဂတဟာ စကြဝတေးမင်းရဲ့ အသရေသို့ ရောက်သူလိုပဲ ဖြစ်သွားတယ်။ မင်း၊ အိမ်ရှေ့မင်းသားစသည်တွေက အချင်းချင်းရဲ့ မျက်နှာကို ကြည့်ကြပါတယ်။ မြတ်စွာဘုရား ပေးလိုက်တဲ့သပိတ်ကို အာဏာအစွမ်းနဲ့ယူဖို့ စွမ်းနိုင်သူဆိုတာ တစ်စုံတစ်ယောက်မှ မရှိပါ။ ဒီလိုတော့ ပြောကြတယ်။

'မိတ်ဆွေ မဟာဒုဂ္ဂတ၊ မြတ်စွာဘုရားရဲ့သပိတ်ကို ငါတို့အား

http://www.dhammadownload.com



ပေးပါ။ မင်းကို ဒီလောက်ပစ္စည်းဥစ္စာ ပေးမယ်၊ ဆင်းရဲတဲ့မင်းဟာ ဥစ္စာကိုယူပါ။ မင်းအတွက် သပိတ်နဲ့ ဘာအကျိုးရှိမလဲ'။ မဟာဒုဂ္ဂတက 'ဘယ်သူကိုမှ မပေးပါ၊ ကျွန်ုပ်အား ဥစ္စာနဲ့ အလိုမရှိဘူး၊ ဘုရားရှင်ကိုပဲ ဆွမ်းကပ်ပါမယ်'လို့ ပြောတယ်။ ကျန်တဲ့သူတွေက သူ့ဆီတောင်းပြီး သပိတ်ကိုမရဘဲ ပြန်သွားကြတယ်။

မင်းကတော့ 'မဟာဒုဂ္ဂတဟာ ဥစ္စာနဲ့ ဖြားယောင်းခံရပေမယ့်လည်း မြတ်စွာဘုရားရဲ့သပိတ်ကို မပေးဘူး၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ပေးတော်မူခဲ့တဲ့ သပိတ်ကို ဘယ်သူမှ မယူနိုင်ဘူး။ ဒီလူရဲ့ လှူဖွယ်ဝတ္ထုဆိုတာ ဘယ်လောက်ရှိပါမလဲ။ ဒီလူက လှူဖွယ်ဝတ္ထုကို လှူပြီးတဲ့အခါ မြတ်စွာဘုရားကိုပင့်ပြီး အိမ်သို့ဆောင်ကာ ငါ့အတွက် စီရင်ထားတဲ့ ဆွမ်းအာဟာရကို လှူမယ်'လို့ ကြံစည်ပြီး မြတ်စွာဘုရားနဲ့အတူတူပဲ သွားတယ်။ နတ်မင်းဖြစ်တဲ့ သိကြားကလည်း ယာဂုခဲဖွယ် ဆွမ်းဟင်းရွက်စသည်တွေကို ပြည့်စုံစေပြီး ဘုရားရှင်ထိုင်သင့်တဲ့နေရာကို ခင်းကာ ထိုင်နေတယ်။

မဟာဒုဂ္ဂတက မြတ်စွာဘုရားကို ပင့်ဆောင်ပြီး 'မြတ်စွာဘုရား၊ ဝင်တော်မူပါ'လို့ လျှောက်တယ်။ မဟာဒုဂ္ဂတရဲ့နေအိမ်ကလည်း နိမ့်ပါတယ်။ မငုံ့ဘဲ မဝင်နိုင်၊ ဘုရားရှင်တွေဆိုတာ အိမ်ကို ဝင်လာတဲ့အခါ ငုံ့ပြီး မဝင်ကြပါ။ မှန်ပါတယ်၊ အိမ်ကိုဝင်တဲ့အချိန်မှာ မြေကြီးက အောက်သို့နိမ့်ဝင်ရင်လည်း ဝင်သွားတယ်၊ အိမ်ဟာ အထက်သို့တက်ရင်လည်း တက်သွားတယ်။ ဒါဟာ ဘုရားရှင်တွေရဲ့ ကောင်းကောင်း လှူခဲ့တဲ့ အလှူရဲ့အကျိုးဆက်ပါ။ ပြန်ထွက်သွားတဲ့အခါ အကုန်ပကတိ အတိုင်းပဲ ဖြစ်သွားတယ်။ ဒါကြောင့် မြတ်စွာဘုရား ရပ်တော်မူပြီးလျက်ပဲ အိမ်ကိုဝင်သွားပြီး သိကြားမင်း ခင်းထားတဲ့နေရာမှာ ထိုင်တော်မူတယ်။

မြတ်စွာဘုရား ထိုင်ပြီးတဲ့အခါ မင်းက ပြောတယ်။ 'မိတ်ဆွေ

http://www.dhammadownload.com



မဟာဒုဂ္ဂတ၊ သင်ဟာ ငါတို့က တောင်းပေမယ့်လည်း မြတ်စွာဘုရား သပိတ်ကို မပေးဘူး၊ ကြည့်ရဦးမယ်၊ သင်ဘယ်လိုနည်းနဲ့ မြတ်စွာဘုရား ကို ရိုသေလေးစားမှုကို ပြုမလဲ' အဲဒီအခါ မင်းအား သိကြားမင်းက ယာဂု ခဲဖွယ်စသည်တွေကို ဖွင့်ပြတယ်။ အဲဒီယာဂု ခဲဖွယ်စသည်တွေ ရဲ့ တကြိုင်ကြိုင်လှိုင်တဲ့အနံ့ဟာ မြို့တစ်ခုလုံး လွှမ်းမိုးသွားတယ်။ မင်းက ယာဂုစသည်တွေကိုကြည့်ပြီး မြတ်စွာဘုရားကို လျှောက်တယ်။ 'မြတ်စွာဘုရား၊ တပည့်တော်က မဟာဒုဂ္ဂတရဲ့လှူဖွယ်ဝတ္ထုဟာ ဘယ် လောက်ရှိပါမလဲ၊ ဒီလူက လှူဖွယ်ဝတ္ထုကို လှူပြီးတဲ့အခါ မြတ်စွာဘုရား ကို အိမ်ပင့်ဆောင်ကာ မိမိအတွက် စီရင်ထားတဲ့ အာဟာရကို လှူပါ မယ်'လို့ ကြံစည်ပြီး လာခဲ့တာပါ။ တပည့်တော် ဒီလိုမျိုးအစာအာဟာရ ကို တစ်ခါမှ မမြင်ဖူးပါ။ တပည့်တော် ဒီမှာနေနေရင် မဟာဒုဂ္ဂတ ပင်ပန်းလိမ့်မယ်။ တပည့်တော် သွားပါမယ်ဘုရား' လို့ မြတ်စွာဘုရား ကို ရှိခိုးပြီးသွားတယ်။ သိကြားမင်းလည်း မြတ်စွာဘုရားကို ယာဂု စသည်တွေကို လှူကပ်ပြီး ရိုရိုသေသေ ကျွေးမွေးတယ်။ မြတ်စွာဘုရား လည်း ဆွမ်းကိစ္စပြီးတဲ့အခါ အနုမောဒနာပြုပြီး နေရာမှထကာ ကြွ တော်မူတယ်။

သိကြားမင်းက မဟာဒုဂ္ဂတကို အမှတ်အသားပေးလိုက်တယ်။ သူ သပိတ်ကို ယူပြီး ဘုရားနောက်လိုက်သွားတယ်။ သိကြားမင်း ပြန်နှင့်ပြီး မဟာဒုဂ္ဂတရဲ့အိမ်တံခါးမှာရပ်ကာ ကောင်းကင်ကို မော် ကြည့်တယ်။ အဲဒီအချိန်မှာပဲ ကောင်းကင်မှ ရတနာခုနစ်ပါးမိုး ရွာချပြီး မဟာဒုဂ္ဂတရဲ့အိမ်မှာ ရှိတဲ့ခွက်တွေအားလုံး ပြည့်စေပြီး တစ်အိမ်လုံးကို ပြည့်စေတယ်။ သူ့အိမ်မှာ နေရာမရှိတော့ဘူး။ သူ့ဇနီးက ကလေးတွေ ကို လက်မှာကိုင်ပြီး ထွက်ကာ အပြင်မှာ နေနေတယ်။ သူက မြတ်စွာ ဘုရားကို လိုက်ပို့ပြီး ပြန်လာတဲ့အခါ အပြင်မှာတွေ့လို့ 'ဒါဘာလဲ' လို့ မေးတယ်။ 'အရှင် ငါတို့ရဲ့အိမ်တစ်ခုလုံးဟာ ရတနာခုနစ်ပါးနဲ့

http://www.dhammadownload.com



ပြည့်နေတယ်။ ဝင်ဖို့နေရာမရှိဘူး’လို့ ပြောတယ်။ သူဟာ ‘ဒီနေ့ပဲ ငါ့အလှူက အကျိုးပေးပြီ’ လို့ ကြံပြီး မင်းအနီးမှာသွားကာ ရှိခိုးတယ်။ ‘ဘာကြောင့်လာတာလဲ’လို့ မင်းက မေးတဲ့အခါ ‘အရှင်မင်းကြီး၊ ကျွန်ုပ်ရဲ့အိမ်ဟာ ရတနာခုနစ်ပါးနဲ့ ပြည့်နေတယ်။ အဲဒီဥစ္စာကို လာယူကြပါ’ လို့ ပြောတယ်။

မင်းက ‘သြော် ဘုရားရှင်တွေအား ပေးလှူတဲ့အလှူဟာ ဒီနေ့ပဲ အထွတ်အထိပ်သို့ ရောက်တယ်’ လို့ ကြံစည်ပြီး မဟာဒုဂ္ဂတကို ပြောတယ်။ ‘သင်အား ဘာရသင့်ပါသလဲ’

‘အရှင်မင်း၊ ဥစ္စာဆောင်ဖို့အတွက် လှည်းအစီး ၁၀၀၀ ပါ’ လို့ ပြောတယ်။ မင်းက လှည်းအစီး ၁၀၀၀ ကို စေလွှတ်ပြီး ဥစ္စာကို ဆောင်စေကာ မင်းရင်ပြင်မှာ သွန်းလောင်းစေတယ်။ ထန်းပင်ပမာဏ ရှိတဲ့ အစုအပုံဖြစ်သွားတယ်။ မင်းက မြို့သားတွေကို စည်းဝေးစေပြီး

‘ဒီမြို့မှာ တစ်စုံတစ်ယောက်အား ဒီလောက်ဥစ္စာ ရှိပါသလား’ လို့ မေးတယ်။

‘အရှင်မင်း မရှိပါ’

‘ဒီလိုဆိုရင် ဒီဥစ္စာရှင်ကြီးအား ဘာလုပ်သင့်သလဲ’

‘အရှင်မင်း၊ သူဌေးရာထူး ပေးသင့်ပါတယ်’

မင်းက မဟာဒုဂ္ဂတကို အကြီးအကျယ် ပူဇော်သက္ကာရပြုပြီး သူဌေးရာထူးကို ပေးစေတယ်။

အဲဒီအခါ သူအား ရှေးက သူဌေးတစ်ယောက်ရဲ့အိမ်နေရာကို ညွှန်ပြပြီး ‘ဒီနေရာမှာ ပေါက်နေတဲ့ချုံတွေကို ဖယ်ရှားပြီး အိမ်ဆောက်ကာ နေခိုင်းပါ’လို့ ပြောတယ်။ အဲဒီမဟာဒုဂ္ဂတမှာ အဲဒီနေရာကို သုတ်သင်ပြီး မြေကြီးညီအောင်လုပ်ကာ မြေတူးတဲ့အခါမှာ အချင်းချင်း ထိကပ်နေတဲ့ ဥစ္စာအိုးတွေ ပေါ်လာတယ်။ သူက မင်းကိုပြောတဲ့အခါ ‘သင့်ရဲ့ကုသိုလ်ကြောင့် ဖြစ်လာတာ၊ သင်ပဲယူပါ’လို့ ပြောတယ်။

http://www.dhammadownload.com



သူက အိမ်ဆောက်စေပြီး ခုနစ်ရက်လုံး ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတွေအား အလှူကြီးကို ပေးလှူတယ်။ အဲဒီနောက်မှာလည်း အသက်ရှင်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုတွေပြုပြီး အသက်ကုန်သွားတဲ့အခါ နတ်ပြည်မှာ သွားဖြစ်ပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၅၉၊ ၃၆၆)

မြန်မာနိုင်ငံမှာ မဟာဒုဂ်အလှူပွဲ ကျင်းပကြတာဟာ ရှင်ပဏ္ဍိတလောင်းလျာ ဆင်းရဲသားကြီး (မဟာဒုဂ်) ကို အကြောင်းပြုပြီး ပြုလုပ်ကြပုံပေါ်ပါတယ်။ မဟာဒုဂ်မှာ ဘုရားရှင်အား လှူခဲ့ကဲ့အလှူကြောင့် မျက်မှောက်ဘဝမှာလည်း ချမ်းသာသွားသလို တမလွန်ဘဝမှာလည်း ချမ်းသာရပါတယ်။ ဒါနကုသိုလ်ကြောင့် မဟာဒုဂ်ဟာ သူဋ္ဌေးဘဝ ရောက်ခဲ့ပါတယ်။ သူဋ္ဌေးသားဘဝကိုလည်း ရောက်ခဲ့ရပါတယ်။ ဒါနဟာ ဒါနရှင်ကို ဘဝအဆင့် မြင့်စေပါတယ်။ ဒါနရှင်ဟာ ဓနရှင်ဖြစ်လာပါတယ်။ ဓနရှင်ဘဝမှ ပညာရှင်ပဏ္ဍိတဘဝသို့ ရောက်ခဲ့ပါတယ်။

ဒါနရှင်မဟာဒုဂ်ဟာ လယ်ယာမြေကောင်းသဖွယ်ဖြစ်တဲ့ ဘုရားရှင်အား လှူခဲ့ရတဲ့အတွက် မဟာဒုဂ်ရဲ့ဒါနမျိုးစေ့ဟာ သန်မာထွားကျိုင်းတဲ့ သစ်ပင်တွေကို ပေါက်ဖွားစေခဲ့ပါတယ်။ လူချမ်းသာ သစ်ပင်၊ နတ်ချမ်းသာ သစ်ပင်၊ နိဗ္ဗာန်ချမ်းသာ သစ်ပင်တွေကို ပေါက်ဖွားစေခဲ့ပါတယ်။ မဟာဒုဂ်ဟာ သံသရာခရီးအတွက် ရိက္ခာထုပ်ကို ကောင်းကောင်းကြီး ထုပ်ခဲ့ပါတယ်။ မဟာဒုဂ်ဟာ သူ့အထုပ်ကို သူကောင်းကောင်း စားသုံးခဲ့ရပါတယ်။ ဒါနရိက္ခာပါလို့ သံသရာမှာ မဟာဒုဂ်ဟာ မျက်နှာမငယ်ရပါ။ မျက်နှာပွင့်လန်းခဲ့ရပါတယ်။ သံသရာမှာ မျက်နှာပွင့်လန်းချင်ရင် မဟာဒုဂ်လို ရိက္ခာတွေ စုဆောင်း ထုပ်ကြရပါမယ်။

http://www.dhammadownload.com

# ရှင်အသနဗောဓိယ

ရှင်အသနဗောဓိယဟာလည်း ၇ နှစ်အရွယ်မှာပဲ ကိုရင်ဝတ်ကာ ဦးခေါင်းရိတ်တာရဲ့အဆုံးမှာ ရဟန္တာ ဖြစ်ခဲ့ပါတယ်။ ဒီလို ငယ်ငယ်ရွယ်ရွယ်နဲ့ ရဟန္တာဖြစ်တာကလည်း ပါရမီရင့်ကျက်နေလို့ပါပဲ။ ရှင်အသနဗောဓိယလို့ နာမည်တွင်တာဟာလည်း သူလုပ်ခဲ့တဲ့ ကောင်းမှုနာမည်အရပါပဲ။ ရှင်အသနဗောဓိယလောင်းလျာဟာ ရှေးဘုရားရှင်တွေလက်ထက်မှာ ဆုတောင်းကာ ဘဝများစွာမှာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုတွေကို လုပ်ခဲ့ပါတယ်။ တိဿဘုရားရှင်လက်ထက်မှာ အမျိုးတစ်မျိုးမှာ ဖြစ်ခဲ့ပါတယ်။ ကြီးပွားချမ်းသာခဲ့ပါတယ်။ သာသနာမှာ ကြည်ညိုလို့ ဘုရားပွင့်ရာ ပိတောက်ပင်က အသီးကိုယူပြီး အဲဒီအသီးက ပေါက်လာတဲ့ ပိတောက်ပင်ငယ်ကိုယူကာ ဗောဓိပင်ကို စိုက်ပျိုးခဲ့ပါတယ်။ အဲဒီ ဗောဓိပိတောက်ပင်ကို မပျက်စီးအောင် ရေလောင်းခြင်းစသည်ကို ပြုလုပ်ပြီး ပူဇော်ခဲ့ပါတယ် အဲဒီကောင်းမှုကြောင့် လူနတ်ဘဝတွေမှာ စည်းစိမ်တွေကို ခံစားခဲ့ရပါတယ်။ ဒီဂေါတမဘုရားရှင် ပွင့်တော်မူလာတဲ့အခါ အမျိုးကောင်းအိမ်မှာ ဖြစ်ခဲ့ပါတယ်။

(အပဒါန၊ ၌၊ ဒု၊ ၈၅)

ဒီကိုရင်လေးဟာလည်း လူအသိနည်းတဲ့ ကိုရင်လေး ဖြစ်ပါတယ်။ ဒီရှင်သာမဏေလေး အပါအဝင် ၇ နှစ်အရွယ်နဲ့ ရဟန္တာဖြစ်တဲ့ ကိုရင်လေးအပါး ၂၀ကို သိရှိရပါတယ်။ ရှင်ရေဝတ၊ ရှင်သီဝလိ၊ ရှင်ဒဗ္ဗ၊ ရှင်သောပါက၊ ရှင်သံကိစ္စ၊ ရှင်သုမန၊ ရှင်သုခ၊ ရှင်ပဏ္ဍိတ၊ ရှင်နိဂြောဓ၊ ရှင်ဝနဝါသီတိဿ၊ အခြား ရှင်တိဿ၊ ရှင်ဥတ္တရ၊ ရှင်စုန္ဒ၊

http://www.dhammadownload.com



အရှင်ပေါင္ဒိလရဲ့ ကမ္မဋ္ဌာန်းဆရာကိုရင်လေး၊ ရှင်အသနဗောဓိယ၊ ရှင်တိသရဏဂမနိယ၊ ရှင်ပုလိနထူပိယ၊ ရှင်တိကဏ္ဏိကာရပုပ္ဖိယ၊ ရှင်ဉာဏထဝိက၊ ရှင်ကေခမ္မဿဝနိယ တို့ ဖြစ်ပါတယ်။

သာမဏေမဘက်မှာ စီရသာမဏေမလေး ၇ နှစ်အရွယ်နဲ့ ရဟန္တာမလေး ဖြစ်ပါတယ်။

၅ နှစ်အရွယ်နဲ့ ရဟန္တာဖြစ်တဲ့ ကိုရင်လေး ၄ ပါး ရှိပါတယ်။ ၁။ ပဥ္စသီလသမာဒါနိယထေရ်၊ ၂။ စုန္ဒနမာလိယထေရ်၊ ၃။ ပဒုမထေရ်၊ ၄။ ဝလ္လိယထေရ် တို့ဖြစ်ပါတယ်။

ဒီလိုအသက်အရွယ် ငယ်ငယ်နဲ့ ရဟန္တာဖြစ်ကြတာဟာ ပါရမီရင့်ကျက်အောင် ဖြည့်လာကြလို့ပဲ ဖြစ်ပါတယ်။ ယခုဘဝမှာ ရဟန္တာမဖြစ်နိုင်သေးရင် နောက်ဘဝတွေမှာ ရဟန္တာဖြစ်နိုင်အောင် ယခုနှယ်က ပါရမီတွေကို ကြိုးစားဖြည့်ကျင့်ထားကြရပါမယ်။

http://www.dhammadownload.com

# ရှင်တိသရဏာဂမနိယ

ရှင်တိသရဏာဂမနိယဟာလည်း ၇ နှစ်အရွယ်မှာပဲ ရဟန္တာဖြစ်ခဲ့ပါတယ်။ ဒီပင်္ကရာဘုရားရှင် ပွင့်တော်မူတဲ့အခါ သာဝတ္ထိမြို့က ဥစ္စာပေါတဲ့ အမျိုးမှာ ဖြစ်ခဲ့ပါတယ်။ တတ်သိနားလည်တဲ့ အရွယ်ရောက်ပြီး အသက် ၇ နှစ်မှာပဲ ကလေးတွေခြံရံပြီး သံဃာတွေရှိရာ ကျောင်းတစ်ကျောင်းကို သွားတယ်။ အဲဒီကျောင်းမှာ ရဟန္တာမထေရ်တစ်ပါးက သူ့အား တရားဟောကာ သရဏဂုံပေးတယ်။ သူက အဲဒီသရဏဂုံကိုယူပြီး ရှေးဘဝက သူစောင့်ရှောက်ခဲ့တဲ့ သရဏဂုံတွေကို သတိရတယ်။ သတိရပြီး ဝိပဿနာပွားကာ ရဟန္တာဖြစ်သွားတယ်။ ရဟန္တာဖြစ်ပြီး သူ့ကို ဘုရားရှင်က ရဟန်းခံပေးလိုက်တယ်။

သူဟာ ရှေးဘုရားရှင်တွေလက်ထက်မှာ ဆုတောင်းပြီး ဘဝများစွာမှာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုတွေကို ဆည်းပူးခဲ့တယ်။ ဝိပဿီဘုရားရှင်လက်ထက်မှာ ဗန္ဓုမတီမြို့က အမျိုးကောင်းအိမ်မှာ ဖြစ်ပြီး မျက်စိနှစ်ကွင်း အလင်းမရရှာကြတဲ့ မိဘနှစ်ပါးကို ပြုစုလုပ်ကျွေး ခဲ့တယ်။ သူက တစ်နေ့မှာ 'ငါဟာ မိဘတွေကို ပြုစုလုပ်ကျွေးနေရလို့ ရှင်ရဟန်းပြုခွင့် မရပါ။ ငါဟာ သရဏဂုံသုံးပါးကို ယူရရင် ဘဝဆိုးတွေက လွတ်နိုင်မယ်'လို့ ကြံပြီး ဝိပဿီဘုရားရှင်ရဲ့ အဂ္ဂသာဝက ဖြစ်တဲ့ နိသဘမထေရ်ထံ သွားကာ သရဏဂုံသုံးပါးကို ယူပါတယ်။ သူက အဲဒီသရဏဂုံသုံးပါးကို အနှစ်တစ်သိန်း စောင့်ရှောက်ခဲ့ပါတယ်။ အဲဒီကုသိုလ်ကံကြောင့်ပဲ တာဝတိံသာနတ်ပြည်မှာ ဖြစ်ပါတယ်။ အဲဒီက နောက် လူနတ်ဘဝတွေမှာ ကျင်လည်ရင်း လူချမ်းသာ၊ နတ်ချမ်းသာ တွေကို ခံစားခဲ့ပါတယ်။ (အပဒါန၊ ဋ္ဌ၊ ၃၊ ၃၉)

http://www.dhammadownload.com



ဒီကိုရင်လေးဟာ မျက်မမြင်မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးခဲ့ပါတယ်။ မျက်မမြင်မိဘရှိတဲ့ သားသမီး အတုယူသင့်ကြပါတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခဲ့ပါတယ်။ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်ခဲ့တဲ့ ကုသိုလ်ဟာ ဒီကိုရင်လေးရဲ့ ဘဝသံသရာခရီးမှာ လွန်စွာအားကိုးရတဲ့ အဖော်ကောင်း အဖော်မွန် ဖြစ်ခဲ့ပါတယ်။ ရတနာသုံးပါးကို ယုံကြည်ရပါမယ်။ ယုံကြည်မှုဟာ အသိဉာဏ်နဲ့ တွဲဖက်ရပါမယ်။ သဒ္ဓါနဲ့ပညာ တွဲဖက်ပြီး ရတနာသုံးပါးကို ဆည်းကပ်တတ်ဖို့ လိုပါတယ်။

http://www.dhammadownload.com

# ရှင်ဉာဏထဝိက

ရှင်ဉာဏထဝိက ဟာလည်း ၇ နှစ်အရွယ်မှာ ရဟန္တာ ဖြစ်ခဲ့ပါတယ်။ သူဟာ သုမေဓာဘုရားရှင်ထံ သုမေဓာဘုရားရှင်ရဲ့ဉာဏ်တော်ကို ကြည်ညိုတဲ့စိတ်ထားနဲ့ ချီးမွမ်းခဲ့ပါတယ်။ သူဟာ လူ့နတ်ဘဝတွေမှာ စည်းစိမ်တွေကို ခံစားပြီး ကျင်လည်ကာ ဂေါတမဘုရားရှင် လက်ထက်မှာ ဉာဏထဝိက သာမဏေ ဖြစ်လာပါတယ်။

(အပဒါနပါဠိ၊ ၃၊ ၅၉)

http://www.dhammadownload.com

# ရှင်ပုလိနထူပိယ

ရှင်ပုလိနထူပိယ ဟာလည်း ၇ နှစ်အရွယ်မှာ ရဟန္တာ ဖြစ်ခဲ့ပါတယ်။ သူဟာ နာရဒအမည်ရှိတဲ့ ရသေ့ဖြစ်ခဲ့ပါတယ်။ မှီခိုရာ ဆရာမရှိဘဲ မနေလိုလို့ သူ့သင်္ခမ်းကျောင်းအနီးရှိ အမရိကအမည်ရှိတဲ့မြစ်ကို သွားပြီး သဲကိုစုကာ သဲပုံစေတီပြုလုပ်ခဲ့တယ်။ ရွှေစေတီဖြစ်အောင် ဖန်ဆင်းတယ်။ ရွှေခေါင်းလောင်းပန်း ၃ ထောင် ပူဇော်ခဲ့တယ်။ ညနေချိန်၊ နံနက်ချိန်မှာ ဝမ်းမြောက်ဝမ်းသာ လက်အုပ်ချီခဲ့တယ်။ ဘုရားရှင်မျက်မှောက်မှာ ဘုရားရှင်ကို ရှိခိုးသလို သဲပုံစေတီကို ရှိခိုးခဲ့တယ်။ ကိလေသာအကြံတွေ သူ့မှာဖြစ်လာရင် သူပြုလုပ်ခဲ့တဲ့ သဲပုံစေတီကို အောက်မေ့ဆင်ခြင်တယ်။ 'ဘုရားရှင်ကို အမှီပြုပြီး နေတဲ့သင်ဟာ ကိလေသာတွေနဲ့အတူ နေရင် မသင့်တော်' လို့ ဆင်ခြင်မိလိုက်ရင် စေတီအပေါ် ရိုသေမှု ဖြစ်လာပါတယ်။ အဲဒီအခါ ကိလေသာအကြံတွေ ကင်းပျောက်သွားကြတယ်။ ဥပမာ ချွန်းအုပ်ခံရတဲ့ ဆင်လိုပါပဲ။ သူဟာ သေပြီး ဗြဟ္မာ့ပြည်ရောက်ခဲ့ပါတယ်။ အဲဒီကနောက် လူနတ်ဘဝတွေမှာ စည်းစိမ်တွေ ခံစားကာ ဂေါတမဘုရားလက်ထက်မှာ ရှင်ပုလိနထူပိယ ဖြစ်လာပါတယ်။

(အပဒါနပါဠိ၊ ၃၊ ၇၉)

http://www.dhammadownload.com

# ရှင်တိကဏိကာရပုပ္ဖိယ

ရှင်တိကဏိကာရပုပ္ဖိယဟာလည်း ၇ နှစ်အရွယ်မှာ ရဟန္တာ ဖြစ်ခဲ့ပါတယ်။ သူဟာ သာဝတ္ထိမြို့က ချမ်းသာကြွယ်ဝတဲ့ အမျိုးတစ်မျိုးမှာ ဖြစ်ခဲ့ပါတယ်။ မဟာလှေခါးပန်းသုံးပွင့်ကို သုမေဓဘုရားရှင်အား လှူခဲ့ပါတယ်။ အဲဒီလှူခဲ့စဉ်က ဒီကိုရင်လောင်းလျာဟာ ကောင်းကင်မှာ လှည့်လည်သွားလာနိုင်တဲ့ ဝိဇ္ဇာဓိုရ် ဖြစ်ခဲ့ပါတယ်။ မဟာလှေခါးပန်းသုံးပွင့်ကို လှူခဲ့လို့ 'ရှင်တိကဏိကာရပုပ္ဖိယ' လို့ အမည်တွင်ပါတယ်။ လူနတ် ဘဝတွေမှာ စည်းစိမ်တွေကို ခံစားကာ ဂေါတမဘုရားရှင် လက်ထက်မှာ ရှင်တိကဏိကာရပုပ္ဖိယ ဖြစ်လာပါတယ်။ ရှင်ဉာဏထဝိက၊ ရှင်ပုလိန ထူပိယ၊ ရှင်တိကဏိကာရပုပ္ဖိယ တို့ဟာ သူတို့ပြုထားတဲ့ ကောင်းမှုတွေအရ နာမည်တွင်ကြတာ ဖြစ်ပါတယ်။

http://www.dhammadownload.com

# စစ်ပွဲအောင်နိုင်တဲ့ ကိုရင်လေး

အနုရုဒ္ဓါရဟာ ဂေါတမမြတ်စွာဘုရားရှင်လက်ထက်မှာ ဒိဗ္ဗစက္ခုအဘိညာဉ်ရ အရှင်အနုရုဒ္ဓါ ဖြစ်လာတယ်။ သုမနသူငယ်ကတော့ ဝိဥ္စာဋဝီတောအုပ် တောင်ခြေ ပုဏ္ဏနိဂုံးမှာ နေထိုင်တဲ့ မဟာမုဏ္ဍ အမည်ရှိတဲ့ ဥပါသကာရဲ့ သားနှစ်ဦး မဟာသုမန၊ စူဠသုမနတို့အနက် သားငယ် စူဠသုမန ဖြစ်လာတယ်။

အရှင်အနုရုဒ္ဓါက ဒိဗ္ဗစက္ခုနဲ့ ကြည့်တဲ့အခါ သားငယ်စူဠသုမနဟာ အသက် ၇ နှစ်အရွယ် ရှင်ပြုရာမှာ ခေါင်းရိတ်တဲ့အခါ သင်ဓုန်းဓားနဲ့ ရိတ်လို့ပြီးဆုံးတာနဲ့ တစ်ပြိုင်နက် ရဟန္တာဖြစ်မှာကို မြင်တော်မူတယ်။ ဒါကြောင့် ဝါတွင်းကာလ နီးကပ်လာတဲ့အခါ ကောင်းကင်ခရီး ကြွတော်မူပြီး ရွာတံခါးဝမှာ သက်ဆင်းတော်မူတယ်။ မဟာမုဏ္ဍ ဥပါသကာဟာ အရှင်အနုရုဒ္ဓါနဲ့ အရင်ကတည်းက ရင်းနှီးကြသူတွေပါ။ ဆွမ်းခံချိန်မှာ အရှင်အနုရုဒ္ဓါကို ဖူးတွေ့ရတော့ သားကြီး မဟာသုမနကို ပြောတယ်။ 'ငါ့သား၊ ငါ့အရှင်အနုရုဒ္ဓါ ကြွတော်မူလာပြီ။ အရှင်ရဲ့သပိတ်ကို တခြားသူမယူခင်မှာ သွားယူပါ။ ငါ နေရာခင်းထားလိုက်မယ်'။ မဟာသုမနကလည်း သူ့ဖခင်ခိုင်းတဲ့အတိုင်း လုပ်တယ်။ မဟာမုဏ္ဍ ဥပါသကာက မထေရ်ကို အိမ်ထဲမှာ ရိုရိုသေသေ ဆွမ်းလုပ်ကျွေးပြီး ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးဖို့ ပင့်ညာဉ်တောင်းတယ်။ မထေရ်လည်း လက်ခံလိုက်တယ်။

ဝါတွင်းသုံးလပတ်လုံး ပြုစုလုပ်ကျွေးပြီး ပဝါရဏာနေ့မှာ တိစီဝရိတ်၊ တင်လဲ၊ ဆီ၊ ဆန်တို့ကို မထေရ်ရဲ့ခြေရင်းမှာထားပြီး

http://www.dhammadownload.com



'အလှူခံတော်မူပါ အရှင်ဘုရား' လို့ လျှောက်ထားတယ်။ 'တော်ပြီ ဥပါသကာ၊ ငါဒီပစ္စည်းတွေ အလိုမရှိဘူး' လို့ မထေရ်က မိန့်တော်မူတယ်။ 'အရှင်ဘုရား၊ ဒါတွေဟာ ဝါဆိုပြီးတဲ့ရဟန်း ရထိုက်တဲ့ ပစ္စည်းတွေပါဘုရား။ အလှူခံတော်မူပါ' လို့ လျှောက်ထားပြန်တယ်။

'ဥပါသကာ၊ ငါအလှူမခံဘူး'

'ဘာကြောင့်ပါလဲ ဘုရား'

'ငါ့မှာ ကပ္ပိယလည်းမရှိ၊ ကိုရင်လည်း မရှိဘူး'

'ဒါဖြင့်ရင် တပည့်တော်ရဲ့သား၊ မဟာသုမန ကိုရင်ဝတ်ပါလိမ့်မယ် ဘုရား'

'ငါ မဟာသုမနကို အလိုမရှိဘူး'

'ဒီလိုဆိုရင် စူဠသုမနကို ရှင်ပြုတော်မူပါဘုရား'

မထေရ်က 'ကောင်းပြီ' လို့ ဝန်ခံပြီး စူဠသုမနကို ရှင်ပြုပေးတယ်။ စူဠသုမနဟာ ဆံရိတ်လို့ သင်မုန်းဓား နောက်ဆုံးအချက်မှာပဲ အရဟတ္တဖိုလ်ကို ရောက်တော်မူတယ်။ မထေရ်လည်း ကိုရင်စူဠသုမနနဲ့ အဲဒီနိဂုံးမှာ လဝက်လောက် သီတင်းသုံးတော်မူတယ်။ ပြီးတော့မှ 'မြတ်စွာဘုရားကို ဖူးမယ်'ဆိုပြီး သာမဏေရဲ့ ဆွေမျိုးတွေကို မိန့်ပြီး ကောင်းကင်ခရီး ကြွတော်မူတယ်။ ဟိမဝန္တာအရပ်မှာ တောကျောင်းမှာ ဆင်းတော်မူတယ်။

အရှင်အနုရုဒ္ဓါမထေရ်ဟာ ပင်ကိုအားဖြင့် လုံ့လဝီရိယ ရှိတော်မူတယ်။ မထေရ်ဟာ အဲဒီကျောင်းမှာ ညရဲ့ရှေ့အဖို့၊ နောက်အဖို့ ပတ်လုံး စင်္ကြံကြွတော်မူတော့ လေနာထလာတယ်။ မထေရ် ပင်ပန်းနေတာကို တွေ့ရတော့ သာမဏေလေးက မေးတယ်။

'အရှင်ဘုရား၊ ဘယ်လိုပါလဲ၊ နာကျင်နေပါသလား ဘုရား'

'ငါ့မှာ လေနာထနေတယ်'

'အရှင်တုန်းကကော လေနာထဖူးပါသလား ဘုရား'

http://www.dhammadownload.com



'အေး ကိုရင်'

'ဘယ်ဆေးနဲ့ ပျောက်ပါသလဲ ဘုရား'

'အနောတတ်အိုင်က ရေကိုရရင် ပျောက်တယ် ငါ့ရှင်'

'ဒါဖြင့်ရင် တပည့်တော် သွားယူပါမယ် ဘုရား'

'ကိုရင် သွားယူနိုင်သလား'

'မှန်ပါဘုရား'

'ဒီလိုဆိုရင် အနောတတ်အိုင်က 'ပန္နဂ' မည်တဲ့ နဂါးမင်းဟာ ငါ့ကိုသိတယ်၊ သူ့ကိုပြောပြီး ဆေးအတွက် ရေတစ်အိုး ယူခဲ့ပါ'

သာမဏေက 'မှန်ပါ အရှင်ဘုရား' လို့ ဝန်ခံတယ်။ ဥပဇ္ဈာယ်ဆရာကိုရှိခိုးပြီး ကောင်းကင်ပေါ် ကြွတော်မူပြီး ယူဇနာ ၅၀၀ အရပ်သို့ ကြွတော်မူတယ်။

အဲဒီနေ့မှာ နဂါးမင်းဟာ နဂါးကချေသည်တွေခြံရံပြီး ရေကစားချင်နေတယ်။ သူဟာ သာမဏေကြွလာတာကို မြင်တာနဲ့ပဲ အမျက်ထွက်တယ်။ 'ဒီသာမဏေကတုံးက သူ့ရဲ့ခြေမှာ ကပ်နေတဲ့ ဖုန်မှုန့်တွေကို ငါ့ခေါင်းပေါ်မှာ ကြဲချပြီး လှည့်လည်နေတယ်။ အနောတတ်အိုင်ရေလိုချင်လို့ လာတာဖြစ်မယ်၊ အခု သူ့ကို ရေမပေးဘူး' ဆိုပြီး အိုးခွက်ကို အိုးဖုံးကြီးနဲ့ ဖုံးအုပ်ထားသလို ယူဇနာ ၅၀ ရှိတဲ့ အနောတတ်အိုင်ကို သူ့ရဲ့ပါးပျဉ်းကြီးနဲ့ ဖုံးအုပ်ပြီး အိပ်နေတယ်။

သာမဏေဟာ နဂါးမင်းရဲ့ အရိပ်အကဲကိုကြည့်တာနဲ့ပဲ အမျက်ထွက်မှန်း သိလို့ အောက်ပါစကားကို မိန့်တော်မူတယ်။

'ထက်မြက်တဲ့ တန်ခိုးရှိတဲ့၊ ကြီးကျယ်တဲ့ ခွန်အားရှိတဲ့ နဂါးမင်း၊ ငါ့စကားကို နားထောင်ပါ၊ ဆေးအတွက် လာခဲ့ပါတယ်။ ငါ့ကို ရေတစ်အိုးပေးပါ'

ဒီစကားကို ကြားရတော့ နဂါးမင်းက ပြန်ပြောတယ်။

http://www.dhammadownload.com



'အရှေ့အရပ်မှာရှိတဲ့ ဂင်္ဂါမည်တဲ့မြစ်ဟာ သမုဒ္ဒရာကို သက်ဝင်စီးဆင်းတယ်၊ အဲဒီကရေကိုယူပါ'

နဂါးမင်းစကားကို ကြားရတော့ သာမဏေက 'ဒီနဂါးမင်းဟာ သူ့အလိုအတိုင်း ပေးမှာမဟုတ်ဘူး၊ ငါကတော့ အနိုင်အထက်လုပ်ပြီး ငါ့တန်ခိုးကို သိစေမယ်။ လွှမ်းမိုးနှိပ်နင်းပြီး ရေကိုယူမယ်'လို့ ကြံပြီး 'နဂါးမင်း၊ ငါ့ရဲ့ဥပဇ္ဈာယ်ဆရာက ငါ့ကို အနောတတ်အိုင်က ရေကိုမှ ယူခိုင်းတယ်၊ ဒါကြောင့် ငါ ဒီရေကိုပဲ ယူမယ်။ ဖယ် ငါ့ကိုမတားနဲ့' လို့ ဆိုပြီး အောက်ပါစကားကို မိန့်တော်မူတယ်။

'ဒီအိုင်ကမှ ရေကိုယူမယ်၊ ဒီရေကိုပဲ အလိုရှိတယ်။ နဂါးမင်း အားအစွမ်းရှိတယ်ဆိုရင် မယူနိုင်အောင် တားမြစ်ပါလော့'

နဂါးမင်းက ပြန်ပြီး 'သာမဏေ၊ သင့်မှာယောကျ်ားတို့ရဲ့ အားအစွမ်း ရှိတယ်ဆိုရင် သင့်စကားကို နှစ်သက်ပါတယ်။ ငါ့ရဲ့ရေကို ရအောင်ယူပါ'လို့ ပြောတယ်။

သာမဏေက 'နဂါးမင်း၊ ငါယူမယ်'

နဂါးမင်းကလည်း 'ယူစွမ်းနိုင်ရင် ယူပါ'

သာမဏေက 'ဒါဖြင့်ရင် သင့်စကားကို ကောင်းကောင်းမှတ်ထား' လို့ သုံးကြိမ်တိုင်တိုင် ပဋိညာဉ်ယူပြီး 'မြတ်စွာဘုရား သာသနာရဲ့တန်ခိုးအာနုဘော်ကို ပြပြီး ငါ ရေယူဖို့သင့်တယ်'လို့ ကြံစည်ကာ ကောင်းကင်မှာ တည်ရှိတဲ့နတ်တွေဆီကို ရှေးဦးစွာ ကြွတော်မူတယ်။ အဲဒီနတ်တွေက ရှိခိုးပြီး 'ဘာပါလဲ ဘုရား' လို့ လျှောက်ထားတယ်။ 'အနောတတ်အိုင်အပြင်မှာ ပန္နဂ နဂါးမင်းနဲ့ ငါနဲ့ စစ်တိုက်ပွဲလုပ်မယ်၊ အဲဒီနေရာကိုလာပြီး အနိုင်အရှုံး လာကြည့်ပါ' လို့ မိန့်တော်မူတယ်။

အဲဒီနည်းအတိုင်းပဲ သာမဏေဟာ လောကစောင့်နတ်မင်း ၄ ဦး၊ သိကြားမင်း၊ သုယာမနတ်၊ သန္တုသိတနတ်၊ ပရနိမ္မိတဝသဝတ္တိနတ်တို့ကို ချဉ်းကပ်ပြီး အဲဒီအကြောင်းကို မိန့်တယ်။ အဲဒီနောက် အစဉ်

http://www.dhammadownload.com



အတိုင်း ဖြဟ္မာပြည်တိုင်အောင် ကြွတော်မူပြီး ဗြဟ္မာတွေက မေးလျှောက်တဲ့အခါ အဲဒီအကြောင်းကို မိန့်တော်မူတယ်။ အသညသတ်နဲ့ အရူပဗြဟ္မာတွေကိုချန်ထားပြီး ကျန်တဲ့နတ်ဘုံ၊ ဗြဟ္မာဘုံတွေကို တစ်မုဟုတ်ချင်းပဲ လှည့်လည်ပြီး မိန့်ကြားတော်မူတယ်။

သာမဏေလေးရဲ့စကားကို ကြားရတော့ နတ်ဗြဟ္မာတွေအားလုံး အနောတတ်အိုင် အပြင်ထက်မှာ ကျည်တောက်မှာထည့်ထားတဲ့ မုန့်ညက်မှုန့်တွေလိုပဲ ကောင်းကင်မှာ အကြားမရှိ ပြည့်ကျပ်နေအောင် စုရုံးလာကြတယ်။ နတ်ဗြဟ္မာတွေ စုရုံးလာကြတဲ့အခါ သာမဏေဟာ ကောင်းကင်မှာရပ်ပြီး နဂါးမင်းကို မိန့်တယ်။

'ထက်မြက်တဲ့ တန်ခိုးရှိတဲ့ ကြီးကျယ်တဲ့ခွန်အားရှိတဲ့ နဂါးမင်း၊ ငါ့စကားကို နားထောင်ပါ၊ ဆေးလိုချင်လို့ လာခဲ့ပါတယ်။ ငါ့ကို ရေတစ်အိုးပေးပါ'

အဲဒီအခါ နဂါးမင်းကလည်း 'သာမဏေ၊ သင့်မှာ ယောကျ်ားတို့ရဲ့ အားအစွမ်းရှိတယ်ဆိုရင် သင့်စကားကို နှစ်သက်ပါတယ်။ ငါ့ရဲ့ရေကို ရအောင်ယူပါ'

သာမဏေဟာ သုံးကြိမ်တိုင်တိုင် နဂါးမင်းရဲ့ပဋိညာဉ်ကို ခံယူပြီးတော့ ကောင်းကင်မှာရပ်ပြီး တစ်ဆယ့်နှစ်ယူဇနာရှိတဲ့ ဗြဟ္မာ့ခန္ဓာကိုယ် ဖန်ဆင်းတယ်။ ကောင်းကင်ကနေ သက်ဆင်းပြီး နဂါးမင်းရဲ့ ပါးပျဉ်းကို တက်နင်းကာ အောက်သို့ရှေ့ရှုဖိနှိပ်တယ်။ အားရှိတဲ့ ယောကျ်ား တက်နင်းအပ်တဲ့ စိုစွတ်တဲ့သားရေလိုပဲ နဂါးမင်းရဲ့ ပါးပျဉ်းဟာ တက်နင်းမိတာနဲ့ပဲ အောက်လျှောကျပြီး ယောက်မလောက်ရှိတဲ့ ပါးပျဉ်းအဖုတွေ တက်လာတယ်။ နဂါးမင်းပါးပျဉ်းက လွတ်တဲ့နေရာတွေက ထန်းလုံးပမာဏရှိတဲ့ ရေတံခွန်လုံးတွေ ထွက်လာတယ်။ သာမဏေက ကောင်းကင်မှာပဲ ရေအိုးကိုရေဖြည့်တယ်။ နတ်ဗြဟ္မာအပေါင်းဟာ သာခုခေါ်ကြတယ်။

http://www.dhammadownload.com



အဲဒီအခါ နဂါးမင်းဟာ ရှက်ပြီး သာမဏေအပေါ် အမျက်ထွက်တယ်။ သူ့ရဲ့မျက်လုံးတွေဟာ လယ်ခေါင်ရန်းပွင့်အဆင်းလိုပဲ နီမြန်းလာတယ်။ သူက 'ဒီသာမဏေဟာ နတ်ပြဟ္မာအပေါင်းကို စုရုံးစေပြီး ရေယူကာ ငါ့ကိုအရှက်ရစေတယ်။ သာမဏေကိုဖမ်းပြီး ပါးစပ်ထဲကို လက်နှိုက်ပြီး နှလုံးသားကို ဖြစ်ဖြစ်ဆုပ်နယ်ပစ်မယ်။ ခြေထောက်ကို ဖြစ်ဖြစ်ကိုင်ပြီး သာမဏေကို ဂင်္ဂါမြစ်တစ်ဖက်ကမ်းဆီ လွှင့်ပစ်လိုက်မယ်'လို့ ကြံစည်ပြီး လျင်မြန်တဲ့အဟုန်နဲ့ နောက်ကလိုက်တယ်။ ပြေးလိုက်ပေမယ့် သာမဏေဆီရောက်အောင် မသွားနိုင်ဘူး။

သာမဏေ ပြန်ကြွသွားပြီး ဥပဇ္ဈာယ်ဆရာရဲ့လက်ထဲမှာ ရေကို ကပ်လှူပြီး 'သောက်သုံးတော်မူပါ အရှင်ဘုရား' လို့ လျှောက်ထားတယ်။

နဂါးမင်းလည်း နောက်မှရောက်လာပြီး 'အရှင်ဘုရား အနုရုဒ္ဓါ၊ သာမဏေဟာ တပည့်တော် မပေးအပ်တဲ့ရေကို ယူပြီးလာပါတယ်။ မသောက်ပါနဲ့'လို့ လျှောက်တယ်။

သာမဏေက 'သောက်တော်မူပါ အရှင်ဘုရား၊ သူပေးတဲ့ရေကို တပည့်တော် ယူလာတာပါဘုရား' လို့ လျှောက်ထားပြန်တယ်။

မထေရ်က 'အာသဝေါကုန်ပြီးတဲ့သာမဏေမှာ မုသားစကားဆိုတာ မရှိဘူး'လို့ သိတဲ့အတွက် ရေကိုသောက်တယ်။ အဲဒီခဏမှာပဲ လေနာရောဂါ ငြိမ်းအေးသွားတယ်။

နဂါးက ထပ်မံပြီး မထေရ်ကို လျှောက်တယ်။ 'အရှင်ဘုရား၊ သာမဏေဟာ နတ်ပြဟ္မာအားလုံးကို စုရုံးစေပြီး ရေယူကာ တပည့်တော်ကို အရှက်ရစေတယ်။ သာမဏေရဲ့နှလုံးကိုမူလည်း ခွဲမယ်၊ ခြေထောက်ကိုမူလည်း ကိုင်ပြီး ဂင်္ဂါမြစ်တစ်ဖက်ကမ်းဆီ လွှင့်ပစ်လိုက်မယ်'

မထေရ်က 'နဂါးမင်း၊ သာမဏေက ဘုန်းတန်ခိုးအာနုဘော်ကြီးတယ်၊ သင်ဟာ သာမဏေနဲ့အတူ စစ်ပြိုင်ဖို့ စွမ်းနိုင်မှာမဟုတ်ဘူး၊ သာမဏေကို တောင်းပန်ပြီး ထွက်သွားပါ'လို့ ပြောတယ်။ နဂါးမင်း

http://www.dhammadownload.com



ဟာ သူကိုယ်တိုင်ပဲ သာမဏေရဲ့ တန်ခိုးအာနုဘော်ကို သိတာပါပဲ။ ဒါပေမဲ့ ရှက်စနိုးနဲ့ နောက်ကနေ လိုက်ခဲ့တာပါ။ မထေရ်ရဲ့စကားကြောင့် သာမဏေကို သည်းခံစေပြီး (တောင်းပန်ပြီး) သာမဏေကို မိတ်ဖွဲ့တယ်။ နောက်ပြီး 'ခုအချိန်ကစပြီး အနောတတ်အိုင်ရေ အလိုရှိရင် အရှင်ဘုရားတို့ကိုယ်တိုင် ကြွလာစရာ ကိစ္စမရှိပါ၊ တပည့်တော်ဆီ ပို့လွှတ်လိုက်ပါ၊ တပည့်တော်ပဲ ရေကိုယူပြီး ပေးလှူပါ့မယ်ဘုရား' လို့ ပြောပြီး ထွက်သွားတယ်။

မထေရ်လည်း သာမဏေကိုခေါ်ယူပြီး ကြွသွားတော်မူတယ်။ မြတ်စွာဘုရားက မထေရ်ကြွလာတာကို သိတော်မူလို့ မိဂါရမာတာ (ဝိသာခါ) ဆောက်လုပ်လှူဒါန်းတဲ့ ပြာသာဒ်မှာ မထေရ်ကြွလာတာကို ကြည့်တော်မူရင်း ထိုင်နေတော်မူတယ်။ ရဟန်းတော်တွေလည်း မထေရ်ကြွလာတာကို မြင်ကြလို့ ခရီးဦးကြိုဆိုကြပြီး သပိတ် သင်္ကန်း လှမ်းယူကြတယ်။ တချို့ကလည်း သာမဏေရဲ့ ဦးခေါင်း၊ နားရွက်၊ လက်မောင်းတို့ကို ကိုင်တွယ်လှုပ်ယမ်းပြီး 'ညီငယ် သာမဏေ ဘယ်လိုလဲ၊ မပျင်းဘူးလား၊ မငြီးငွေ့ဘူးလား' လို့ မေးကြတယ်။

မြတ်စွာဘုရားက ရဟန်းတို့ရဲ့အပြုအမူကို မြင်တော်မူတော့ စဉ်းစားတော်မူတယ်။ 'ဒီရဟန်းတွေရဲ့ အပြုအမူဟာ ဝန်လေးပေစွ၊ လျင်မြန်တဲ့အဆိပ်ရှိတဲ့ မြွေကို လည်ပင်းကကိုင်သလို သာမဏေကို ကိုင်တွယ်ကြတယ်။ သာမဏေရဲ့အစွမ်းအာနုဘော်ကို မသိကြဘူး၊ ဒီနေ့ ငါဘုရား သာမဏေရဲ့ဂုဏ်ကို ထင်ရှားအောင်ပြုဖို့ သင့်တယ်'လို့ ကြံစည်တော်မူတယ်။

အရှင်အနုရုဒ္ဓါမထေရ်လည်း ကြွရောက်လာပြီး မြတ်စွာဘုရားကို ရှိခိုးကာ ထိုင်နေတော်မူတယ်။ မြတ်စွာဘုရားက မထေရ်နဲ့ ပဋိသန္ထာရစကား မိန့်ကြားပြီး အာနန္ဒာမထေရ်ကို ခေါ်တော်မူတယ်။ 'အာနန္ဒာ၊

http://www.dhammadownload.com



အနောတတ်အိုင်ရေနဲ့ ခြေကို ဆေးချင်တယ်၊ သာမဏေတွေကို ရေအိုး ပေးပြီး ရေယူခိုင်းပါ'

အရှင်အာနန္ဒာမထေရ်က ကျောင်းမှာရှိတဲ့ သာမဏေအပါး ၅၀၀ ကို စုဝေးစေတယ်။ သာမဏေတွေအားလုံးထဲမှာ သုမနသာမဏေက အငယ်ဆုံးဖြစ်တယ်။ အာနန္ဒာမထေရ်က အားလုံးထဲမှာ အကြီးဆုံး သာမဏေကို မိန့်တော်မူတယ်။ 'သာမဏေ၊ မြတ်စွာဘုရားက အနော တတ်အိုင်ရေနဲ့ ခြေဆေးချင်တယ်။ အိုးယူသွားပြီး ရေသွားယူပါ'။ အဲဒီသာမဏေက 'အရှင်ဘုရား၊ တပည့်တော် မစွမ်းနိုင်ပါ'လို့ လျှောက် ထားပြီး မသွားချင်ဘူး၊ အရှင်အာနန္ဒာမထေရ်က ကျန်တဲ့သာမဏေ တွေကိုလည်း အစဉ်အတိုင်း မေးတော်မူတယ်။ တခြားသာမဏေတွေ လည်း အဲဒီအတိုင်းပဲ လျှောက်ထားပြီး ပယ်မြစ်ကြတယ်။

အဲဒီအထဲမှာ အာသဝေါကုန်ပြီးသား ရဟန္တာ သာမဏေတွေ မပါဘူးလား၊ ပါပါတယ်။ ပါပေမယ့်လည်း 'ဒီပန်းထုပ်ဟာ ငါတို့ အတွက် ဖွဲ့ချည်တာမဟုတ်ဘူး၊ သုမနသာမဏေအတွက်ပဲ ဖွဲ့ချည်ထား တာ' ဆိုတာကို သာမဏေတွေက သိကြလို့ ရေသွားမယူချင်ကြဘူး၊ ပုထုဇဉ်သာမဏေတွေကျတော့လည်း သူတို့ကိုယ်တိုင် မစွမ်းနိုင်လို့ ရေသွားမယူချင်ကြတာပါ။

နောက်ဆုံးမှာတော့ သုမနသာမဏေ အလှည့်ရောက်လာတယ်။ 'သာမဏေ၊ မြတ်စွာဘုရားက အနောတတ်အိုင်ရေနဲ့ ခြေဆေးချင်တယ်၊ ရေအိုးကိုယူပြီး ရေသွားခပ်ပါ' လို့ မိန့်တော်မူတယ်။ သာမဏေက 'မြတ်စွာဘုရားက ရေယူခိုင်းရင် ယူပါ့မယ်ဘုရား' လို့ လျှောက်ထားပြီး တော့ မြတ်စွာဘုရားကို ကန်တော့ပြီး 'မြတ်စွာဘုရား၊ တပည့်တော်ကို အနောတတ်အိုင်ရေ ယူခိုင်းပါသလား ဘုရား' လို့ မေးလျှောက်တယ်။

မြတ်စွာဘုရားက 'အေး ဟုတ်တယ် သုမန' လို့ မိန့်တော်မူ တယ်။

http://www.dhammadownload.com



သာမဏေက ဝိသာခါ ပြုလုပ်တဲ့ တစ်ခဲနက်ရွှေနဲ့ပြုလုပ်ထားတဲ့ ကျောင်းအသုံးအဆောင် ရေအိုးတွေထဲက ရေအိုးအလုံး ၆၀ စာ ရေကို ထည့်နိုင်တဲ့ ရေအိုးကြီးတစ်လုံးကို လက်နဲ့ကိုင်ယူပြီး 'ဒီအိုးကို ချိမြှောက်ပြီး ပခုံးစွန်းမှာထားလို့ အကျိုးမရှိဘူး' လို့ ဆိုပြီး တွဲလွဲဆွဲကာ ကောင်းကင်ပေါ် ကြွတော်မူပြီး ဟိမဝန္တာဘက်ရှေးရှုပြီး ကြွသွားတော်မူတယ်။

နဂါးမင်းဟာ သာမဏေကြွလာတာကို အဝေးကနေမြင်ပြီး ခရီးဦးကြိုဆိုကာ ရေအိုးကို ပခုံးစွန်းဖြင့် ယူပြီး 'အရှင်ဘုရား၊ အရှင်ဘုရားတို့မှာ တပည့်တော်ဟို့လို ကျေးကျွန်ရှိပါလျက် ဘာကြောင့် ကိုယ်တိုင် ကြွလာပါသလဲဘုရား၊ ရေအလိုရှိတဲ့အခါ ဘာကြောင့် သတင်းစကားမျှ မစေလွှတ်တာပါလဲ ဘုရား'လို့ လျှောက်ထားပြီး ရေအိုးနဲ့ရေကိုယူပြီး နဂါးမင်းကိုယ်တိုင် ရေအိုးကိုချိမြှောက်ပြီး 'အရှင်ဘုရား၊ ရှေ့မှနေတော်မူပါ၊ တပည့်တော် ဆောင်ယူလာပါ့မယ် ဘုရား' လို့ လျှောက်ထားတယ်။

သာမဏေက 'နဂါးမင်း၊ ရပ်နေပါ၊ မြတ်စွာဘုရားက ငါ့ကိုသာ စေခိုင်းလိုက်တာ'လို့ မိန့်ပြီး နဂါးမင်းကို နေခဲ့ခိုင်းတယ်။ အိုးအနားစွန်းကို လက်နဲ့ကိုင်ပြီး ကောင်းကင်ထက် ပြန်ကြွတော်မူတယ်။

အဲဒီအခါ သာမဏေပြန်ကြွလာတာကို မြတ်စွာဘုရား ကြည့်တော်မူပြီး ရဟန်းတို့ကိုခေါ်တော်မူတယ်။ 'ရဟန်းတို့၊ သာမဏေရဲ့ တင့်တယ်ခြင်းကို ကြည့်ကြပါ၊ ကောင်းကင်၌ ဟင်္သာမင်းကဲ့သို့ တင့်တယ်ပေတယ်'လို့ မိန့်တော်မူတယ်။

သာမဏေလည်း ရေအိုးကိုချပြီး မြတ်စွာဘုရားကို ရှိခိုးကာ နေတယ်။ အဲဒီအခါ မြတ်စွာဘုရားက သာမဏေကို မေးတော်မူတယ်။

'သုမန၊ သင် အသက်ဘယ်လောက်ရှိပြီလဲ'

'မြတ်စွာဘုရား၊ ၇ နှစ်ရှိပါပြီဘုရား'

http://www.dhammadownload.com



'ဒါဖြင့်ရင် သုမန၊ ဒီနေ့ကစပြီး ရဟန်းဖြစ်လော့'လို့ မိန့်တော်မူပြီး ဒါယဇ္ဇဥပသမ္ပဒါ (အမွေခံရဟန်းအဖြစ်) ကို ပေးတော်မူတယ်။

သုမနသာမဏေ ရဟန်းအဖြစ်ကိုရတဲ့အခါ တရားသဘင်မှာ 'အံ့ဩစရာ ကောင်းလိုက်တာ၊ ဒီလိုငယ်ရွယ်တဲ့သာမဏေလေးရဲ့ တန်ခိုးအာနုဘော်ဟာ အံ့ဩစရာကောင်းလိုက်တာ၊ ဒီလိုတန်ခိုးအာနုဘော်မျိုး အရင်က မမြင်ဖူးပါဘူး'လို့ စကားဖြစ်တယ်။ မြတ်စွာဘုရား ကြွတော်မူလာပြီး 'ရဟန်းတို့၊ အခုအခါ ဘယ်လိုစကား ပြောကြားပြီး စည်းဝေးနေကြသလဲ'လို့ မေးတော်မူတယ်။ 'ဒီအကြောင်းပါ'လို့ လျှောက်ထားတော့ မြတ်စွာဘုရားက 'ရဟန်းတို့၊ ငါဘုရားသာသနာတော်မှာ အသက်ငယ်ပေမယ့်လည်း မှန်စွာကျင့်တဲ့ပုဂ္ဂိုလ်ဟာ ဒီလိုသဘောရှိတဲ့ အစွမ်းအာနုဘော် ပြည့်စုံခြင်းကို ရတာချည်းပဲ'လို့ မိန့်တော်မူတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၃၈၇)

အနောတတ်အိုင်က ပန္နဂနဂါးမင်းနဲ့ တိုက်ပွဲဆင်နွှဲတဲ့ ရှင်သုမနရဲ့စွမ်းအင်ကို နတ် ဗြဟ္မာတွေပါ တွေ့မြင်သိရှိသွားပါတယ်။ အနိုင်ရသွားတဲ့ ရှင်သုမနကို နတ်၊ ဗြဟ္မာတွေက ကောင်းချီးဩဘာ ပေးကြပါတယ်။ ရှင်သုမနက ဘုရားရှင်သာသနာရဲ့စွမ်းအားကို နတ်ဗြဟ္မာတွေအား ပြသသွားပါတယ်။ ရှင်သုမနက တန်ခိုးရတာမို့ ဗြဟ္မာအသွင်ဖန်ဆင်းကာ စစ်ပွဲကို အနိုင်နွှဲသွားနိုင်ပါတယ်။ နဂါးမင်းမှာလည်း ရှက်တတ်တာပါပဲလား။ ရှင်သုမနရဲ့စွမ်းအင်ကို သိပေမယ့် အရှက်ပြေအနေနဲ့ရှင်သုမနရဲ့နောက်က လိုက်သွားပါတယ်။ ရှင်သုမနကို တောင်းပန်ပါတယ်။ ရှင်သုမနနဲ့ ရင်းနှီးသွားပါတယ်။ နောင်အခါ ရေအလိုရှိခဲ့ရင် သူကိုယ်တိုင် လာပို့မယ့်အကြောင်းကို နဂါးမင်းက လျှောက်သွားပါတယ်။ ရှင်သုမနဟာ အသက်ငယ်ပေမယ့် တန်ခိုးကြီးလှပါပေတယ်။

ရှင်သုမနဟာ ၇ နှစ်အရွယ်လေးမို့ ရဟန်းတချို့က ရှင်သုမနရဲ့ ဦးခေါင်း၊ နားရွက်၊ လက်မောင်းတွေကို ကိုင်ကာ လှုပ်ပြီး 'ညီလေး၊

http://www.dhammadownload.com



ရှင်သုမန မပျင်းဘူးလား’လို့ နောက်ပြောင်ကျီစားကြပေမယ့် ရှင်သုမန ရဲ့အစွမ်းကို ဘုရားရှင်က အဲဒီရဟန်းတွေ သိသွားအောင် လုပ်ခိုင်းလိုက် တော့မှ ရှင်သုမနအပေါ် လေးလေးစားစား ကြည်ညိုသွားကြပါတယ်။ ရှင်သုမနနဲ့ ရှင်သောပါကတို့ နှစ်ပါးသာ ၇ နှစ်အရွယ်နဲ့ ရဟန်းအဖြစ် ကို ရရှိကြပါသတဲ့။ အာဂကိုရင်လေးတွေပါပဲ။

ကောင်းကင်က လမင်းကြီးဟာ ဆီးနှင်း၊ မြူ၊ တိမ်၊ အသူရိန်၊ မီးခိုးဆိုတဲ့ အညစ်အကြေး ၅ မျိုး ကင်းစင်လို့ ထိန်ထိန်သာနေသလို ရှင်သုမနဟာလည်း အရဟတ္တမဂ်ဉာဏ်အလင်းရောင်နဲ့ ခန္ဓာစတဲ့လောက ကို ထွန်းလင်းတောက်ပစေပါတယ်။ အရဟတ္တမဂ်ဉာဏ်အလင်းနဲ့ ကိလေသာ အမှောင်အားလုံးကို ဖြိုခွင်းလိုက်ပြီမို့ ရှင်သုမနရဲ့စိတ်အစဉ် ဟာ ကြည်လင်ဝင်းပနေပါတယ်။ ရှင်သုမနဟာ နာမည်နဲ့လိုက်အောင်ပဲ စိတ်ကောင်းရှိလှပါပေတယ်။ ရှင်သုမနမှာ ကောင်းတဲ့စိတ်ချည်းပဲ ဖြစ်ပါတယ်။ မကောင်းစိတ်ဆိုလို့ အနည်းငယ်လေးတောင်မှ မရှိတော့ ပါ။ ရှင်သုမနလို ရဟန္တာတွေကတော့ တကယ့်စိတ်ကောင်းရှိသူတွေ ပါပဲ။

## ရှင်သုမနရဲ့ ရှေးကံ

ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်အခါက အရှင်အနုရုဒ္ဓါအလောင်း တော် ‘အန္နဘာရ’ ဟာ သူဆင်းရဲမျိုးမှာ ဖြစ်တယ်။ အန္နဘာရဟာ သုမနသာမဏေလောင်းဖြစ်တဲ့ သုမနသူဌေးကို မှီခိုပြီး သုမနသူဌေးရဲ့ မြက်ရိတ်သမားအဖြစ်နဲ့ အသက်မွေးဝမ်းကျောင်းပြုရတယ်။ သုမန သူဌေးဟာ အဲဒီမြို့မှာ အမြဲမပြတ် အလှူကြီးပေးတယ်။

တစ်နေ့မှာ ‘ဉပရိဋ္ဌ’ခေါ်တဲ့ ပစ္စေကဗုဒ္ဓါဟာ နိရောဓသမာပတ် မှထပြီး အန္နဘာရကို ချီးမြှောက်လိုလို့ သပိတ် သင်္ကန်းကိုယူဆောင်ပြီး

http://www.dhammadownload.com



တန်ခိုးနဲ့ အန္တာဘာရရဲ့ရှေ့မှောက်ကို ကြွရောက်တော်မူတယ်။ တော ကနေ အိမ်အပြန်လမ်းမှာ အန္တာဘာရဟာ အိမ်ကိုမြန်မြန်ပြန်၊ သူ့အတွက် ချက်ထားတဲ့ ထမင်းရှိမရှိ သူ့ဇနီးကို မေးတယ်။ သူ့အတွက် ချက်ထား တဲ့ ထမင်းမရှိမှန်းသိရတော့ အန္တာဘာရဟာ ပစ္စေကဗုဒ္ဓါဆီ မြန်မြန် ပြန်လာပြီး ပစ္စေကဗုဒ္ဓါရဲ့ သပိတ်ကိုယူ၊ အိမ်ပြန်ပြီး သပိတ်ထဲ ဆွမ်း ထည့်ပြီး ပစ္စေကဗုဒ္ဓါဆီ ပြန်လာကာ ဆက်ကပ်လှူဒါန်းတယ်။ နောက် ပြီး 'ဒီအလှူကြောင့် သူဆင်းရဲ မဖြစ်ရပါလို၊ ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းမှာ 'မရှိ' ဆိုတဲ့စကား မရှိပါစေနဲ့။ အရှင်ဘုရား၊ တပည့် တော်ဟာ ဒီလိုဆင်းဆင်းရဲရဲ အသက်မွေးရတဲ့ဘဝမျိုးက လွတ်မြောက် ရပါလို၏။ 'မရှိ'ဆိုတဲ့စကားကိုတောင်မှ မကြားရပါလို' လို့ ဆုတောင်း တယ်။ ပစ္စေကဗုဒ္ဓါကလည်း 'ကြီးကျယ်သော ကောင်းမှုရှင်၊ သင်ဆု တောင်းတဲ့အတိုင်း ဖြစ်ပါစေ' လို့ အနုမောဒနာပြုပြီး ပြန်ကြွသွားတော် မူတယ်။

သုမနသူဌေးရဲ့ထီးကို စောင့်တဲ့နတ်က 'အလှူဒါနက မြတ်တဲ့ အလှူဒါနပါလား၊ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ၌ အလှူဒါန ကောင်းစွာတည် ပေတယ်'လို့ဆိုပြီး သုံးကြိမ်သာဓုခေါ်တယ်။ အဲဒီအခါ နတ်ကို သုမန သူဌေးက 'ဒီလောက်ကြာရှည်တဲ့ ကာလပတ်လုံး အလှူကြီးပေးနေတဲ့ ငါ့ကို မမြင်ဘူးလား' လို့ မေးတယ်။ နတ်က 'ကျွန်ုပ်က သင့်ရဲ့အလှူ ကို အကြောင်းပြုပြီး သာဓုခေါ်တာ မဟုတ်ပါဘူး။ အန္တာဘာရက ဥပရိဋ္ဌခေါ်တဲ့ ပစ္စေကဗုဒ္ဓါအားလှူတဲ့ ဆွမ်းအလှူကို ကြည်ညိုပြီး သာဓုခေါ်တာပါ'လို့ ဖြေတယ်။

ဒါနဲ့ သုမနသူဌေးဟာ အန္တာဘာရရဲ့ ဆွမ်းအလှူကို အသပြာ ပေးပြီး တောင်းယူတယ်။ အန္တာဘာရက မပေးဘူး၊ အသပြာ ၁၀၀၀ အထိ တိုးပေးလည်း အန္တာဘာရက ဆွမ်းအလှူကို မပေးဘူး၊ သုမန သူဌေးက အသပြာ ၁၀၀၀ ကိုယူပြီး ကုသိုလ်အဖို့ကိုပေးဖို့ တောင်းပြန်

http://www.dhammadownload.com



တယ်။ နောက်ဆုံးတော့ အနွဘာရက ဆွမ်းအလှူကို မရောင်းဘဲ ကုသိုလ်အဖို့ကို သဒ္ဓါတရားထက်သန်စွာဖြင့် ပေးဝေတယ်။ သုမန သူဌေးက အနွဘာရရဲ့ဂုဏ်ကို ပူဇော်သောအားဖြင့် အသပြာ ၁၀၀၀ လည်း ယူစေတယ်။ နေအိမ်ဆောက်လုပ်နေထိုင်ပြီး လိုသမျှပစ္စည်းကို သုမနသူဌေးဆီကယူဖို့ ပြောတယ်။

သုမနသူဌေးနဲ့ အနွဘာရတို့ဟာ မိတ်ဆွေတွေဖြစ်သွားပြီး အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတွေ ပြုကြပြီး အဲဒီဘဝက သေလွန်တဲ့အခါ လူ့ဘဝ၊ နတ်ဘဝအဖြစ်နဲ့ သံသရာမှာ ကျင်လည်ခဲ့ကြတယ်။

'အရှင်ဘုရား ပစ္စေကဗုဒ္ဓါ၊ သုမနသူဌေးက ၁၀၀၀ ပေးပြီး အရှင်ဘုရားအား လှူတဲ့ဆွမ်းအလှူမှာ ကုသိုလ်အဖို့ကို တောင်းနေပါတယ်။ တပည့်တော် ဘာလုပ်ရပါမလဲ'

'အိုအနွဘာရ ပညာရှိ၊ အိမ်ခြေတစ်ရာရှိတဲ့ရွာက အိမ်တစ်အိမ်မှာ ဆီမီးထွန်းထားတယ်။ ကျန်တဲ့လူတွေက သူတို့ရဲ့ဆီနဲ့ မီးစာကို စိုစွတ်စေပြီး မီးညှိယူသွားကြတယ်။ ရှေ့ဆီမီးရဲ့အရောင်ဟာ ရှိတယ်လို့ ဆိုစရာ မရှိဘူးလား'

'အရှင်ဘုရား၊ အဲဒီအရင်ရှိနှင့်တဲ့ ဆီမီးအရောင်ဟာ ပိုပြီးလင်းလာပါတယ်။'

အိုပညာရှိအနွဘာရ၊ အဲဒီဥပမာလိုပါပဲ ယာဂုတစ်ယောက်ချိုပဲဖြစ်ဖြစ်၊ ဆွမ်းတစ်ဇွန်းပဲဖြစ်ဖြစ် ကိုယ့်ဆွမ်းအလှူကို သူတစ်ပါးတွေအား ကုသိုလ်အဖို့အစုကို မျှဝေပေးရင် ပေးသလောက် ကုသိုလ်တိုးပွားလာတယ်။ မှန်တယ်၊ သင်က ဆွမ်းတစ်ထပ်စာကိုပဲ လှူတယ်၊ ဒါပေမဲ့ သူဌေးအား ကုသိုလ်အဖို့အစုကို မျှဝေပေးပြီးတဲ့အခါ သင့်ဆွမ်းအလှူ တစ်ခုနဲ့ အဲဒီသုမနသူဌေးရဲ့ ဆွမ်းအလှူတစ်ခုအားဖြင့် ဆွမ်းအလှူ နှစ်ခု ဖြစ်သွားတယ်။ (ဓမ္မပဒ၊ ၄၊ ၃၊ ၃၈၂)

http://www.dhammadownload.com



ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အမိန့်ရှိသွားတဲ့ ပတ္တိဒါန အလှူမျှဝေပေးမှုနဲ့ ပတ်သက်တဲ့ စကားလေးဟာ အလွန်ပဲ မှတ်သားစရာ ကောင်းလှပါတယ်။ ကုသိုလ်ပြုပြီးတိုင်း ကိုယ့်ကုသိုလ်ကို အခြားသူတွေအား ဝမ်းမြောက်ဝမ်းသာစွာ ရစေလိုတဲ့ စေတနာနဲ့ မျှဝေသင့်ကြပါတယ်။ ပေးနိုင်လေလေ တိုးလာလေလေပါပဲ။

http://www.dhammadownload.com

# ရှင်သုခ

ရှေးတုန်းက ဗာရာဏသီသူဌေးကြီးမှာ ဂန္ဓသတို့သားလို့ခေါ်တဲ့ သားတစ်ယောက် ရှိတယ်။ ဗာရာဏသီဘုရင်က သူဌေးကြီး ကွယ်လွန်သွားတဲ့အခါ သတို့သားကိုခေါ်ကာ နှစ်သိမ့်အားပေးပြီးတော့ ကြီးကျယ်တဲ့ပူဇော်မှုနဲ့ သူဌေးအရာ ပေးလိုက်တယ်။ အဲဒီအခါကစလို့ သတို့သားဟာ 'ဂန္ဓသူဌေး' လို့ ထင်ရှားတယ်။ ဂန္ဓသူဌေးရဲ့ဘဏ္ဍာစိုးက ဥစ္စာတိုက်တံခါးကို ဖွင့်ပြီး 'အရှင် ဒီလောက်များတဲ့ဥစ္စာတွေဟာ အရှင့်ဖခင်ရဲ့ ဥစ္စာတွေပါ။ ဒီလောက်များတဲ့ ဥစ္စာတွေဟာ အရှင့်ဘိုးဘေးဘီဘင်တွေရဲ့ဥစ္စာတွေပါ'လို့ ဆောင်ပြတယ်။ ဂန္ဓသူဌေးက အဲဒီဥစ္စာပုံကြီးကိုကြည့်ပြီး 'အဖေတို့၊ အဘိုးတို့၊ ဒီဥစ္စာတွေကို ယူမသွားကြဘူးလား' လို့ မေးတယ်။ ဘဏ္ဍာစိုးက 'အရှင်၊ ဥစ္စာကို ယူသွားနိုင်တယ်ဆိုတာမရှိပါဘူး။ သတ္တဝါတွေဟာ ကိုယ်တိုင်ပြုအပ်တဲ့ ကုသိုလ်၊ အကုသိုလ်ကိုသာ ယူသွားနိုင်ကြပါတယ်' လို့ ဖြေတယ်။ ဂန္ဓသူဌေးက 'အဖေတို့အဘိုးတို့ဟာ မိုက်မဲလို့ ဥစ္စာတွေကို ထားစွန့်သွားကြတာ၊ ငါကတော့ယူပြီးသွားမယ်'လို့ ကြံတယ်။ ဒီလိုကြံပေမယ့် 'အလှူပေးမယ်၊ ပူဇော်မှုပြုမယ်'လို့ မတွေးဘဲ 'ဒါတွေအားလုံး စားပြီးတော့ သွားမယ်' လို့တွေးတယ်။ ဂန္ဓသူဌေးဟာ အသပြာတစ်သိန်းကိုစွန့်ပြီးတော့ ဖန်နဲ့လုပ်ထားတဲ့ ရေချိုးအိမ်ကို ပြုစေတယ်။ တစ်သိန်းကိုပေးပြီးတော့ဖန်နဲ့ပဲလုပ်တဲ့ ရေချိုးပျဉ်၊ တစ်သိန်းတန် ထိုင်စရာပလ္လင်၊ တစ်သိန်းတန်စားစရာခွက်၊ တစ်သိန်းတန် ဆွမ်းစားရာမဏ္ဍပ်၊ တစ်သိန်းတန် ဘောဇဉ်ခွက်ထားဖို့ ဆန်းပြားတဲ့မီအုံး၊ တစ်သိန်းတန် လေသောက်ပြတင်းတွေ

http://www.dhammadownload.com



ကို ပြုလုပ်စေတယ်။ နံနက်စာစားဖို့ တစ်ထောင်၊ ညနေစာစားဖို့ တစ်ထောင်ပေးတယ်။ လပြည့်နေ့ကျတော့ စားဖွယ်သောက်ဖွယ် အတွက် အသပြာတစ်သိန်း ပေးစေတယ်။ အဲဒီထမင်းကို စားတဲ့နေ့မှာ တစ်သိန်းတန်ကိုစွန့်ပြီး မြို့ကိုတန်ဆာဆင်ပြီးတော့ 'ဂန္ဓသူဌေး ထမင်း စားပုံကို ကြည့်ပါကုန်လော့'လို့ စည်ကို လှည့်လည်စေတယ်။

လူပေါင်းများစွာ ညောင်စောင်းကြီးငယ်ဖွဲ့လို့ စုဝေးကြတယ်။ ဂန္ဓသူဌေးကလည်း အဖိုးတစ်သိန်းထိုက်တဲ့ ရေချိုးအိမ်မှာ အဖိုးတစ်သိန်း ထိုက်တဲ့ အင်းပျဉ်ပေါ်ထိုင်ပြီး နံ့သာရေအိုး ၁၆ လုံးနဲ့ ရေချိုး၊ တစ် သိန်းတန် လေသောက်ပြတင်းကို ဖွင့်လို့ တစ်သိန်းတန် ပလ္လင်ပေါ် ထိုင်နေတယ်။ တစ်သိန်းတန် ဘောဇဉ်ခွက်ထားဖို့နေရာမှာ တစ်သိန်း တန် ခွက်ကို ထားပြီးတော့ အဖိုးတစ်သိန်းထိုက်တဲ့ စားဖွယ်တွေကို ခူးခပ်ခိုင်းတယ်။ ဂန္ဓသူဌေးဟာ ကချေသည်တွေခြံရံလို့ ဒီလိုသဘော ရှိတဲ့ စည်းစိမ်ချမ်းသာ ပြည့်စုံမှုနဲ့ အဲဒီစားဖွယ်ကို သုံးဆောင်တယ်။

အခါတစ်ပါးမှာ ရွာသားတစ်ယောက်ဟာ ကိုယ့်ရိက္ခာဆောင်ယူ ဖို့ ထင်းစတာတွေကို လှည်းငယ်လေးပေါ်တင်ပြီး မြို့သွားလို့ သူငယ် ချင်းရဲ့အိမ်မှာ တည်းနေတယ်။ အဲဒီအခါမှာ လပြည့်နေ့နဲ့ကြုံလာတယ်။ 'ဂန္ဓသူဌေးရဲ့ တင့်တယ်တဲ့စားသောက်ပုံကို ကြည့်ပါကုန်လော့'လို့ မြို့မှာ စည်ကိုလှည့်လည်စေတယ်။ ဒီတော့ ရွာသားကို သူငယ်ချင်းက 'အဆွေ၊ ဂန္ဓသူဌေးရဲ့ တင့်တယ်တဲ့ သုံးဆောင်ပုံကို မြင်ဖူးလား'လို့ မေးတယ်။ ရွာသားက 'မမြင်ဖူးပါဘူး အဆွေ'လို့ ပြန်ဖြေတယ်။ 'ဒီလိုဆို လာ၊ သွားကြစို့၊ ဂန္ဓသူဌေးဟာ မြို့မှာ စည်လှည့်ခိုင်းနေပြီ။ သူ့ရဲ့ကြီးကျယ်တဲ့စည်းစိမ်ကို ကြည့်ကြရအောင်'လို့ ပြောပြီး မြို့သားက ရွာသားကို ခေါ်သွားတယ်။ လူပေါင်းများစွာကလည်း ညောင်စောင်း ကြီးငယ်ပေါ်တက်ပြီး ကြည့်ကြတယ်။ ရွာသားဟာ ထမင်းနံ့ရတာနဲ့ပဲ မြို့သားကို 'ငါတော့ အဲဒီခွက်ထဲက ထမင်းခဲကို သိပ်စားချင်နေပြီ'

http://www.dhammadownload.com



လို့ ပြောလိုက်တယ်။ 'အဆွေ၊ ဒီထမင်းကို မတောင့်တနဲ့၊ မရနိုင်ဘူး' လို့ မြို့သားက ပြန်ပြောတယ်။ 'အဆွေ၊ မရရင် အသက်မရှင်နိုင်တော့ဘူး' လို့ ရွာသားက ပြောပြန်တယ်။ မြို့သားဟာ ရွာသားသူငယ်ချင်းကို မတားနိုင်တော့လို့ ပရိသတ်အစွန်က ရပ်ပြီး 'အရှင်၊ အရှင့်ကို ရှိခိုးပါတယ်' လို့ သုံးကြိမ်တိုင်အောင် အသံကျယ်ကျယ်အော်လိုက်တော့ 'ဘယ်သူလဲ' လို့ သူဌေးက မေးတယ်။ 'အရှင်၊ အကျွန်ုပ်ပါ' လို့ မြို့သား ဖြေတဲ့အခါ 'အဲဒီအကြောင်းက ဘာလဲ' လို့ သူဌေးက မေးလိုက်တယ်။ 'ဒီရွာသားတစ်ယောက်က အရှင့်ရဲ့ခွက်ထဲက ထမင်းခဲကို သိပ်စားချင်နေပါတယ်၊ ထမင်းခဲတစ်ခုလောက် ပေးပါလား' လို့ တောင်းတော့ 'မရနိုင်ဘူး' လို့ သူဌေးက ပြောတဲ့အခါ 'အဆွေ၊ ဘယ်လိုလဲ၊ ကြားတယ်မဟုတ်လား' လို့ မြို့သားက မေးတယ်။ 'အဆွေ၊ ကြားပါတယ်၊ ဒါပေမဲ့ အဲဒီထမင်းခဲကိုရရင် အသက်ရှင်မယ်၊ မရရင် ငါသေရပါလိမ့်မယ်' လို့ ရွာသားကပြောတော့ မြို့သားသူငယ်ချင်းက နောက်ထပ် 'အရှင်၊ ဒီလူဟာ ထမင်းခဲကို မရရင် သေပါလိမ့်မယ်။ သူ့ရဲ့အသက်ကို ပေးသနားပါ' လို့ ဟစ်အော်ပြန်တယ်။ ဂန္ဓသူဌေးကလည်း 'အဆွေ၊ ထမင်းခဲဆိုတာ တစ်ရာလည်းတန်တယ်၊ နှစ်ရာလည်းတန်တယ်၊ ဒီလို တောင်းတိုင်းသာ ပေးမယ်ဆိုရင် ငါဘယ်စားရတော့မလဲ' လို့ ပြောတယ်။ 'အရှင်၊ ဒီလူဟာ ထမင်းခဲကိုမရရင် သေပါလိမ့်မယ်၊ သူ့ရဲ့အသက်ကို ပေးသနားပါ' လို့ ထပ်တောင်းဆိုပြန်တယ်။ 'အလကားတော့ မရနိုင်ဘူး၊ မရလို့ အသက်မရှင်နိုင်ရင် ငါ့အိမ်မှာ သုံးနှစ်လုံးလုံး အခစားအလုပ် လုပ်ပါလား၊ လုပ်မယ်ဆိုရင် သူ့ကို ထမင်းခွက်ပေးမယ်' လို့ သူဌေးက ပြောတယ်။

ရွာသားက သူဌေးစကားကြားတော့ 'အဆွေ၊ သူဌေးပြောတဲ့အတိုင်း ဖြစ်ပါစေ' လို့ မြို့သားသူငယ်ချင်းကိုပြောပြီး သားမယားကို စွန့်ကာ 'ထမင်းခွက်အတွက် သုံးနှစ်ပတ်လုံး အခစားလုပ်တော့မယ်'

http://www.dhammadownload.com



ကြပြီး သူဌေးရဲ့အိမ်ကို ဝင်သွားတယ်။ ရှာသားဟာ အခစားလုပ်တဲ့ အခါ အလုပ်ကိစ္စတိုင်း ရိုရိုသေသေလုပ်တယ်။ အိမ်မှာဖြစ်စေ၊ တော မှာဖြစ်စေ၊ ညဥ့်မှာဖြစ်စေ၊ နေ့မှာဖြစ်စေ ပြုဖွယ်ကိစ္စအားလုံး ပြီးစီး တယ်လို့ပဲ ထင်ရှားတယ်။ 'ဘတ္တဘတိက' လို့ တစ်မြို့လုံးမှာ ထင်ရှား တယ်။ ဒီလိုနဲ့ သုံးနှစ်ပြည့်တဲ့နေ့မှာ ထမင်းချက်က ဂန္ဓသူဌေးကို 'အရှင် 'ဘတ္တဘတိက' အတွက် ထမင်းခွက်ရမယ့်နေ့ ပြည့်ပါပြီ။ အခစားလုပ်တဲ့ အဲဒီလူဟာ သုံးနှစ်လုံးလုံး ပြုနိုင်ခဲ့တဲ့အလုပ်ကို ပြုပါပေ တယ်။ ကိစ္စတစ်ခုတလေမျှလည်း မချွတ်ယွင်း မပျက်စီးဖူးပါဘူး'လို့ ပြောတယ်။

အဲဒီအခါမှာ ဂန္ဓသူဌေးက သူ့ရဲ့ညစာနံနက်စာအတွက် အသပြာ နှစ်ထောင်၊ 'ဘတ္တဘတိက' အခစားရှာသားရဲ့ နံနက်စာအတွက် အသ ပြာတစ်ထောင်နဲ့ အသပြာသုံးထောင်ကို ပေးပြီးတော့ 'ဒီနေ့ ငါ့အတွက် ပြုလုပ်မယ့် အခြွေအရံအစောင့်အရှောက်ကို အဲဒီအခစားယောကျ်ား အတွက်ပဲ ပြုလုပ်ကြပါ'လို့ ပြောပြီး စိန္တာမဏိလို့ခေါ်တဲ့ ချစ်ဇနီးကို ထားလို့ ကျန်တဲ့သူအားလုံးကို 'ဒီနေ့ အဲဒီယောကျ်ားကိုပဲ ခြံရံကြပါ တော့'လို့ ခိုင်းပြီး စည်းစိမ်အားလုံးကို အပ်နှင်းလိုက်တယ်။ ရှာသားဟာ သူဌေးချိုးတဲ့ရေနဲ့ သူဌေးရေချိုးခန်းထဲက အင်းပျဉ်ပေါ်ထိုင်၊ ရေချိုးပြီး တော့ သူဌေးဝတ်တဲ့ ပုဆိုးတို့ကို ဝတ်လို့ သူဌေးရဲ့ပလ္လင်ထက်မှာ ထိုင်တယ်။ ဂန္ဓသူဌေးကလည်း 'ဘတ္တဘတိကဟာ ဂန္ဓသူဌေးအိမ်မှာ သုံးနှစ်လုံးလုံး အခစားလုပ်လို့ ထမင်းခွက်ရပါပြီ။ သူ့ရဲ့စားသောက်တဲ့ စည်းစိမ်ချမ်းသာကို ကြည့်ကြပါလော့'လို့ မြို့ထဲမှာ စည်လှည့်စေတယ်။ လူအများအပြား ညောင်စောင်းကြီးငယ်ပေါ် တက်ပြီး ကြည့်ကြတယ်။ အခစားရှာသားရဲ့ ကြည့်လိုက်တဲ့ ကြည့်လိုက်တဲ့ နေရာအရပ်တွေဟာ တုန်လှုပ်စရာကောင်းလောက်အောင် ဖြစ်နေတယ်။ ကချေသည်တွေက ခြံရံလို့နေတယ်။ ရှာသားရဲ့ရှေ့မှာ ထမင်းခွက်ကိုရူးခပ်ပြီး ထားကြ

http://www.dhammadownload.com



တယ်။ ရှာသား လက်ဆေးနေတဲ့အခါ ဂန္ဓမာဒနတောင်က ပစ္စေကဗုဒ္ဓါ တစ်ပါးဟာ ခုနစ်ရက်မြောက်နေ့မှာ သမာပတ်ကထတော်မူပြီး 'ဒီနေ့ ဘယ်အရပ်ကို ဆွမ်းခံကြွရမလဲ'လို့ စုံစမ်းဆင်ခြင်တော့ 'ဘတ္တဘတိက' ကို မြင်တော်မူတယ်။ အဲဒီအခါမှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ဟာ ဒီလို အကြံဖြစ်တော်မူတယ်။ 'ဒီရှာသားဟာ သုံးနှစ်လုံးလုံး အခစားလုပ်လို့ ထမင်းခွက်ကို ရနေပြီ။ သူ့မှာ သဒ္ဓါတရား ရှိသလား၊ မရှိဘူးလား' လို့ ဆင်ခြင်တော့ 'ရှိတယ်' ဆိုတာ သိတော်မူပြီး သဒ္ဓါတရားရှိပေမယ့် တချို့က ချီးမြှောက်ဖို့ မစွမ်းနိုင်ကြဘူး။ ငါ့ကို ပေးကမ်းချီးမြှင့် လှူဒါန်းဖို့ စွမ်းနိုင်လေသလား' တွေးတော်မူပြန်တယ်။ 'လှူဒါန်းဖို့လည်း စွမ်းနိုင်လိမ့်မယ်၊ ငါ့ကို လှူဒါန်းမှုကို အမှီပြုလို့ ကြီးကျယ်တဲ့ စည်းစိမ် ချမ်းသာကိုလည်း ရလိမ့်မယ်'လို့ သိတော်မူပြီး သင်္ကန်းကိုရုံ၊ သပိတ်ကို ယူတော်မူကာ ကောင်းကင်ပျံတက်ပြီး ပရိသတ်အစွန်က ကြွသွားလို့ အဲဒီရှာသားရဲ့ရှေ့မှာ ရပ်တော်မူလျက်ပဲ ကိုယ်ကိုပြတော်မူတယ်။

ရှာသားဟာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်တော့ 'ငါဟာ ရှေး တုန်းက မလှူဒါန်းခဲ့လို့ ထမင်းတစ်ခွက်အတွက် သုံးနှစ်ပတ်လုံး သူများအိမ်မှာ အခစားလုပ်ခဲ့ရတယ်။ အခု ဒီထမင်းဟာ ငါ့ကို တစ်နေ့ တာပဲ စောင့်ရှောက်နိုင်တယ်။ ဒီထမင်းကို အရှင်မြတ်အား ပေးလှူလိုက် ရင် ကမ္ဘာကုဋေတစ်ထောင် ကာလများစွာပတ်လုံး စောင့်ရှောက်နိုင်လိမ့် မယ်။ ဒီထမင်းကို အရှင်မြတ်ကိုပဲ ပေးလှူလိုက်တော့မယ်'လို့ တွေး ကြံတယ်။ ရှာသားဟာ သုံးနှစ်လုံးလုံး အခစားလုပ်လို့ ရထားတဲ့ ထမင်းခွက်က ထမင်းတစ်ခဲမျှကိုမျှ ပါးစပ်ထဲမထည့်ဘဲ ထမင်းအပေါ် တပ်မက်တဲ့တဏှာကို ပယ်ဖျောက်ပြီး ကိုယ်တိုင်ပဲ ခွက်ကိုမလို့ ပစ္စေက ဗုဒ္ဓါထံ သွား၊ ခွက်ကို တခြားသူလက်ထဲ ထည့်ပေး၊ တည်ခြင်းငါးပါး နဲ့ ရှိခိုး[illegible]ကို လက်ဝဲလက်နဲ့ကိုင်၊ လက်ယာလက်နဲ့ ထမင်းကို အရှင်မြတ်ရဲ့သပိတ်ထဲ လောင်းထည့်လိုက်တယ်။ ပစ္စေကဗုဒ္ဓါ အရှင်

http://www.dhammadownload.com



မြတ်က ထမင်းတစ်ဝက်ကျန်တဲ့အခါ သပိတ်ကို လက်နဲ့ပိတ်တော်မူတယ်။ အဲဒီအခါမှာ အရှင်မြတ်ကို ရွာသားက 'အရှင်ဘုရား၊ တစ်ယောက်စာကို နှစ်ဖို့ မခွဲနိုင်ပါ။ တပည့်တော်ကို ဒီဘဝအတွက်သာ ချီးမြှင့်တော်မမူပါနဲ့၊ နောင်ဘဝအတွက် ချီးမြှင့်မှုကိုလည်း ပြုတော်မူပါ။ အကြွင်းအကျန်မထားဘဲ အကုန်လုံးပဲ လှူလိုက်ပါမယ်ဘုရား' လို့ လျှောက်ထားပါတယ်။

မှန်ပါတယ်။ မိမိအတွက် နည်းနည်းမျှမချန်ထားဘဲ လှူဒါန်းတာဟာ အကြွင်းမဲ့အလှူမည်ပါတယ်။ အဲဒီအလှူဟာ အလွန်အကျိုးများပါတယ်။ ရွာသားဟာ အဲဒီလိုလျှောက်ထားပြုလုပ်ပြီး ထမင်းအကုန်လုံးလှူပြီးတော့ နောက်တစ်ဖန် ရှိခိုးဦးချလို့ 'အရှင်ဘုရား၊ ထမင်းတစ်ခွက်ကို အမှီပြုပြီး သုံးနှစ်ပတ်လုံး သူများအိမ်မှာ အခစားလုပ်ခဲ့တဲ့ တပည့်တော်ဟာ ဆင်းရဲဒုက္ခ ခံစားခဲ့ရပါတယ် ဘုရား။ အခုအခါမှာ တပည့်တော်ရဲ့ ဖြစ်လေရာ ဘုံဘဝတိုင်း ချမ်းသာမှုသာ ဖြစ်ပါစေဘုရား။ အရှင်ဘုရားတို့ သိမြင်အပ်တဲ့တရားအဖို့ရှိတဲ့သူ ဖြစ်ပါစေဘုရား' လို့ လျှောက်ထားတယ်။ ပစ္စေကဗုဒ္ဓါအရှင်က 'တောင့်တတဲ့အတိုင်း ဖြစ်ပါစေ၊ အလိုခပ်သိမ်းကို ပေးတတ်တဲ့ စိန္တာမဏိ ပတ္တမြားရတနာလို၊ လပြည့်ဝန်းလို သင့်ရဲ့စိတ်အကြံ အတွေးအားလုံး ပြည့်စုံပါစေ' လို့ အနုမောဒနာပြုလိုတဲ့အတွက်

'သင်အလိုရှိအပ် တောင့်တအပ်တဲ့ အရာခပ်သိမ်း ပြည့်စုံပါစေ၊ ၁၅ ရက်နေ့မှာ ထွက်တဲ့လပြည့်လို အကြံအားလုံးပြည့်စုံပါစေ'

'သင့်ရဲ့လိုလားတောင့်တမှုတွေ မြန်မြန်ပဲ ပြည့်စုံပါစေ'

'မဏိဇောတပတ္တမြားလို အကြံအားလုံး ပြည့်စုံပါစေ' ဆိုတဲ့ ဂါထာနှစ်ခုကို မိန့်တော်မူပြီးတော့ 'ဒီလူအပေါင်းဟာ ဂန္ဓမာဒနတောင်ရောက်တဲ့တိုင်အောင် ငါ့ကိုမြင်ကာ တည်နိုင်ကြပါစေ' လို့ အဓိဋ္ဌာန်ပြီး ကောင်းကင်ခရီးနဲ့ ဂန္ဓမာဒနတောင်ကို ကြွသွားတော်မူပါတယ်။

http://www.dhammadownload.com



လူများစွာကလည်း အဲဒီအရှင်မြတ်ကို ဖူးမြင်ကာ တည်နေကြတယ်။ အဲဒီအရှင်ဟာ ဂန္ဓမာဒနတောင် ကြွသွားပြီး ရှာသားလောင်းလှူလိုက်တဲ့ ဆွမ်းကို ပစ္စေကဗုဒ္ဓါ ၅၀၀ ကို ခွဲပေးတယ်။ ပစ္စေကဗုဒ္ဓါအားလုံး ကိုယ့်အတွက်ကိုယ် လောက်လောက်ငငယူကြတယ်။ 'ဆွမ်းအနည်း ငယ်ဟာ ဘယ်လိုလုပ် လောက်ပါ့မလဲ'လို့ မတွေးအပ် မကြံအပ်ဘူး။ အဲဒီစကား မှန်တယ်။ မကြံအပ်တဲ့အရာ လေးပါး ဟောတော်မူထားတဲ့ အထဲမှာ ဒီဟာကတော့ ပစ္စေကဗုဒ္ဓါရဲ့အရာဖြစ်တယ်လို့ မိန့်ထားပါ တယ်။ လူအပေါင်းဟာ ပစ္စေကဗုဒ္ဓါအရှင်တွေကို ဆွမ်းခွဲဝေပြီး လှူတာ ကိုမြင်တော့ ကောင်းချီးတစ်ထောင်ဖြစ်စေတယ်။ မိုးကြိုးစက် (တစ်ရာ) ကျတဲ့အသံလိုပဲ ဖြစ်တယ်။ အဲဒီအသံကိုကြားတော့ ဂန္ဓသူဌေးက 'ဘတ္တဘတိကဟာ ငါပေးတဲ့ စည်းစိမ်ချမ်းသာတွေကို ဆောင်သုံးဖို့ မတတ်နိုင်ဘူးနဲ့တူတယ်။ ဒါကြောင့် လူတွေက ပြက်ရယ်ပြုပြီး စုရုံး အော်ဟစ်ကြပုံပဲ'လို့ စဉ်းစားတယ်။ ဂန္ဓသူဌေးဟာ အဲဒီအကြောင်းစုံ ဖြစ်ပုံကို သိချင်လို့ လူတွေကို စေခိုင်းလိုက်တယ်။ လူတွေက ပြန်လာ ကြတော့ 'အရှင်၊ ရှာသားတွေဟာ စည်းစိမ်ချမ်းသာကို ဆောင်သုံးနိုင်ရုံ မက ဒီလိုသဘောရှိပါပေတယ်' လို့ ဆိုပြီး အဲဒီအကြောင်းစုံ ဖြစ်ပုံကို ပြန်ပြောပြကြတယ်။ ဂန္ဓသူဌေးဟာ အဲဒီစကား ကြားတာနဲ့ပဲ တစ်ကိုယ် လုံး ပီတိငါးမျိုး လွှမ်းခြုံထိရောက်ပြီး 'သြော် အံ့သြစရာကောင်းလိုက် တာ၊ ဒီရှာသားဟာ ပြုနိုင်ခဲတဲ့အလုပ်ကို ပြုလုပ်ပါပေတယ်။ ငါကတော့ ဒီလောက်ကြာတဲ့ ကာလပတ်လုံး ဒီလိုသဘောရှိတဲ့ စည်းစိမ်ချမ်းသာမှာ တည်နေပေမယ့် ဘာကိုမျှ မပေးလှူနိုင်ခဲ့ဘူး' လို့ တွေးပြီး ရှာသားကို ခေါ်စေတယ်။ 'မင်းဟာ ဒီလိုပေးလှူမှုကို လုပ်ခဲ့တာ အမှန်ပဲလား'လို့ ရှာသားကိုမေးတော့ သူက 'အရှင် ဟုတ်ကဲ့ပါ'လို့ ဖြေတဲ့အခါ 'အခု ငွေတစ်ထောင်ကို ယူပြီးတော့ မင်းရဲ့အလှူဒါနအဖို့ကို ငါ့ပေးပါ'လို့ သူဌေးက ပြောလိုက်တယ်။ ရှာသားက သူဌေးပြောတဲ့အတိုင်း လုပ်ပါ

http://www.dhammadownload.com



တယ်။ ဂန္ဓသူဌေးကလည်း သူ့စည်းစိမ်အားလုံးကို ထက်ဝက်ခွဲပြီးတော့ ဘတ္တဘတိက ရှာသားကို ပေးလိုက်တယ်။

ဝတ္ထုသမ္ပဒါ၊ အလှူခံပုဂ္ဂိုလ်ရဲ့ပြည့်စုံခြင်း။ ပစ္စယသမ္ပဒါ၊ လှူဖွယ်ပစ္စည်းရဲ့ ပြည့်စုံခြင်း။ စေတနာသမ္ပဒါ၊ စေတနာရဲ့ ပြည့်စုံခြင်းနဲ့ ဂုဏာတိရေကသမ္ပဒါ၊ လွန်ကဲတဲ့ဂုဏ်နဲ့ ပြည့်စုံခြင်းလို့ခေါ်တဲ့ သမ္ပဒါ ၄ ပါး (ပြည့်စုံခြင်း) ၄ ပါး ရှိတယ်။ အဲဒီလေးပါးထဲမှာ နိရောဓသမာပတ်က ထတဲ့ ရဟန္တာ၊ အနာဂါမ် အလှူခံပုဂ္ဂိုလ်ဟာ 'ဝတ္ထုသမ္ပဒါ' မည်တယ်။ လှူဖွယ်ပစ္စည်းတွေ တရားနဲ့အညီ ဖြစ်ပေါ်ရရှိတာက 'ပစ္စယသမ္ပဒါ'မည်တယ်။ ဒါနမပြုခင်၊ ပြုဆဲ၊ ပြုပြီး ကာလသုံးပါးမှာ စေတနာရဲ့ နှစ်သက်ဝမ်းမြောက်ကာ ဉာဏ်နဲ့ယှဉ်တဲ့အဖြစ်က 'စေတနာသမ္ပဒါ' မည်တယ်။ အလှူခံပုဂ္ဂိုလ်ရဲ့ သမာပတ်ကနေ ထတဲ့အဖြစ်ကတော့ 'ဂုဏာတိရေကသမ္ပဒါ' မည်တယ်လို့ မိန့်ဆိုထားပါတယ်။ ဒီရှာသားယောကျ်ားရဲ့ အလှူခံပုဂ္ဂိုလ်ဟာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်တဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်တယ်။ အခစားလုပ်ပြီး ရတဲ့ပစ္စည်းဖြစ်လို့ တရားသဖြင့် ဖြစ်လာတဲ့ ပစ္စည်းဖြစ်တယ်။ မလှူခင်၊ လှူဆဲ၊ လှူပြီး ကာလသုံးပါးလုံးမှာ စင်ကြယ်တဲ့ စေတနာရှိတယ်။ သမာပတ်က ထခါစ ပစ္စေကဗုဒ္ဓါအရှင်မြတ်က လွန်ကဲတဲ့ဂုဏ်ရှိတယ်။ ဒါကြောင့် သမ္ပဒါလေးပါးစလုံး ပြည့်စုံနေတယ်။ ဒီသမ္ပဒါလေးပါးရဲ့ အစွမ်းသတ္တိနဲ့ မျက်မှောက်ဘဝမှာပဲ ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာကို ရောက်ရှိခံစားရတယ်။ ဒါကြောင့်မို့ ရှာသားဟာ သူဌေးထံက စည်းစိမ်ကို ရသွားပါတယ်။

နောက်တော့လည်း ဘုရင်မင်းမြတ်ကပါ ရှာသားပြုလုပ်တဲ့ကိစ္စကို ကြားပြီး ရှာသားကိုခေါ်စေတယ်။ ငွေတစ်ထောင်ပေးလို့ ကုသိုလ်အဖို့ကိုယူပြီး နှစ်သက်တဲ့စိတ်ရှိတာမို့ ကြီးကျယ်တဲ့ စည်းစိမ်ကို ချီးမြှင့်ပေးကမ်းပြီး သူဌေးအရာပေးလိုက်တယ်။ အဲဒီရှာသားကို 'ဘတ္တဘတိက

http://www.dhammadownload.com



သူဌေး' လို့ နာမည်ပြုတယ်။ ဘတ္တာဘတိကသူဌေးဟာ ဂန္ဓသူဌေးနဲ့ အတူ မိတ်ဆွေသူငယ်ချင်းဖြစ်ပြီး အတူစား၊ အတူသောက်လို့ အသက် ထက်ဆုံး တည်နေပြီးတော့ အဲဒီသူဌေးဘဝက စုတေတဲ့အခါ နတ်ပြည် မှာ ဖြစ်တယ်။ ဘုရားတစ်ဆူကြားကာလပတ်လုံး နတ်စည်းစိမ်ကို ခံစားပြီး ဂေါတမမြတ်စွာဘုရား ပွင့်တော်မူရာ ဒီအခါမှာ သာဝတ္ထိပြည် က အရှင်သာရိပုတ္တရာမထေရ်ရဲ့ အလုပ်အကျွေး အမျိုးအိမ်မှာ ပဋိသန္ဓေ စွဲယူတယ်။ အဲဒီသူငယ်ရဲ့မိခင်ဟာ ကိုယ်ဝန်အစောင့်အရှောက်ကိုရလို့ နှစ်ရက်၊ သုံးရက်လွန်တဲ့အခါ 'ငါဟာ ရဟန်း ၅၀၀ နဲ့တကွ အရှင် သာရိပုတ္တရာမထေရ်ကို အရသာတစ်ရာရှိတဲ့ စားဖွယ်ဘောဇဉ် လှူပြီး ဖန်ရည်စွန်းတဲ့အဝတ်ဝတ်ရုံ၊ ရွှေခွက်ငယ်ကို ကိုင်ယူလို့ အစွန်ဆုံးနေရာ မှာ ထိုင်ပြီးတော့ အဲဒီရဟန်းတွေရဲ့ စားကြွင်းစားကျန်ကို သုံးဆောင်ရရင် သိပ်ကောင်းမှာပဲ' လို့ ချင်ခြင်းဖြစ်လို့ အဲဒီအတိုင်း လှူဒါန်းပြုလုပ်ပြီး ချင်ခြင်းကို ပယ်ဖျောက်တယ်။ အဲဒီအမျိုးသမီးဟာ တခြားမင်္ဂလာတွေ မှာလည်း ဒီလိုမျိုးပဲ လှူဒါန်းပေးကမ်းပြီး သားဖွားပြီးလို့ ကင်ပွန်းတပ်တဲ့ နေ့မှာ 'အရှင်ဘုရား၊ တပည့်တော်မရဲ့သားကို သိက္ခာပုဒ်တွေ ပေးတော် မူပါ ဘုရား' လို့ အရှင်သာရိပုတ္တရာကို လျှောက်တယ်။ အရှင်သာရိ ပုတ္တရာမထေရ်က 'ဒီကလေးရဲ့နာမည်က ဘာလဲ' လို့ မေးတယ်။ မိခင်က 'အရှင်ဘုရား၊ တပည့်တော်မရဲ့သား ပဋိသန္ဓေ ယူတဲ့နေ့ကစပြီး ဒီအိမ်မှာ ဆင်းရဲဆိုတာ တစ်ခုမှမဖြစ်ဖူးပါ။ ဒါကြောင့် သူ့အတွက် 'သုခကုမာရ' ဆိုတဲ့နာမည် ဖြစ်ပါလိမ့်မယ်ဘုရား' လို့ လျှောက်တော့ ကလေးရဲ့နာမည်ကိုပဲယူပြီး သိက္ခာပုဒ်တွေကို ပေးတော်မူပါတယ်။

အဲဒီအခါမှာ ကလေးရဲ့မိခင်က 'ငါဟာ ငါ့သားရဲ့အလိုဆန္ဒကို ဘယ်တော့မှ မဖျက်ဆီးဘူး' လို့ စိတ်အကြံဖြစ်တယ်။ မိခင်ဟာ သူ့ သားလေးရဲ့ နားထွင်းမင်္ဂလာစတာတွေမှာလည်း အရင်တုန်းကလိုပဲ အလှူပေးလှူတယ်။ သတို့သားလ ည်း ၇ နှစ်အရွယ် ရောက်လာတဲ့အခါ

http://www.dhammadownload.com



'အမေ ကျွန်တော် မထေရ်ဆီမှာ ရဟန်းပြုချင်ပါတယ်'လို့ ပြောတယ်။ မိခင်က 'ချစ်သား၊ ကောင်းပါပြီ။ အမေဟာ သားရဲ့အလိုဆန္ဒကို မဖျက်ဆီးပါဘူး'လို ပြောပြီး မထေရ်ကို ပင့်ဖိတ်၊ ဆွမ်းကျွေးပြီးတော့ 'အရှင်ဘုရား၊ တပည့်တော်မရဲ့သားဟာ ရှင်ပြုချင်ပါတယ်။ ဒီသားငယ်ကို ညနေချမ်းမှာ ကျောင်းကို တပည့်တော်မ ခေါ်လာခဲ့ပါမယ်ဘုရား' လို့ မထေရ်ကို လျှောက်ထားပြီးတော့ ဆွေမျိုးတွေကို စုဝေးစေတယ်။ 'ငါ့သားလေးရဲ့ လူဝတ်ကြောင်အဖြစ်မှာ ပြုလုပ်သင့်တဲ့ကိစ္စကို ဒီနေ့ပဲ ပြုကြရအောင်'လို့ဆိုပြီး သားကိုတန်ဆာဆင်လို့ ကြီးကျယ်တဲ့ အသရေတင့်တယ်မှုနဲ့ ကျောင်းကိုဆောင်ပြီးတော့ မထေရ်ကို အပ်ပါတယ်။ မထေရ်ကလည်း သူငယ်လေးကို 'အမောင် သူငယ်လေး၊ ရဟန်းအဖြစ်ဆိုတာ ပြုဖို့ခဲယဉ်းတယ်၊ မွေ့လျော်ဖို့ စွမ်းနိုင်မှာလား'လို့ မေးတော့ 'အရှင်ဘုရား၊ အရှင်ဘုရားတို့ ဆုံးမတဲ့အတိုင်း ပြုလုပ်ပါမယ်ဘုရား' လို့ လျှောက်လို့ ကမ္မဋ္ဌာန်းကိုပေးပြီး ရှင်ပြုပေးတယ်။ မိခင် ဖခင်တို့ကလည်း သားလေးရဲ့ ရှင်ပြုပွဲမှာ ပူဇော်သက္ကာရပြုလို့ ကျောင်းတော်ထဲမှာပဲ ၇ ရက်ပတ်လုံး မြတ်စွာဘုရား အမှူးပြုတဲ့ ရဟန်းအပေါင်းကို အရသာတစ်ရာပါတဲ့ ဘောဇဉ်ကို ပေးလှူပြီး ညနေချမ်းမှာ ကိုယ့်အိမ်ကို ပြန်သွားကြတယ်။ ၈ ရက်မြောက်နေ့မှာ အရှင်သာရိပုတ္တရာမထေရ်ဟာ ရဟန်းသံဃာတွေ ရွာထဲ ဆွမ်းခံဝင်တဲ့အခါ ကျောင်းမှာ ပြုလုပ်သင့်တဲ့ကိစ္စတွေ ပြုလုပ်ပြီး သာမဏေကို သပိတ်သင်္ကန်း ယူခိုင်းပြီးတော့ ရွာထဲကို ဆွမ်းခံဝင်တယ်။ သာမဏေဟာ လမ်းခရီးအကြားမှာ ရေမြောင်းအစရှိတဲ့အရာတွေကိုမြင်တော့ ပဏ္ဍိတသာမဏေလိုပဲ မေးတယ်။ မထေရ်ကလည်း သုခသာမဏေကို ပဏ္ဍိတသာမဏေကို ဖြေသလိုပဲ ဖြေပါတယ်။ သုခသာမဏေက အဲဒီအကြောင်းတွေကိုကြားတော့ 'အရှင်ဘုရားက ကိုယ့်သပိတ် သင်္ကန်းကို ပြန်ယူမယ်ဆိုရင် တပည့်တော် ပြန်လှည့်ချင်ပါတယ်ဘုရား'လို့ လျှောက်တဲ့အခါ မထေရ်က သာမဏေ

http://www.dhammadownload.com



ရဲ့အလိုဆန္ဒကို မဖျက်ဘဲ 'ကိုရင်၊ ငါ့ရဲ့သပိတ် သင်္ကန်းကို ပေးလေ' လို့ ဆိုပြီး သပိတ်သင်္ကန်းကို ယူလိုက်တယ်။ သာမဏေက မထေရ်ကို ရှိခိုးပြီး ပြန်လှည့်ရာက 'အရှင်ဘုရား၊ တပည့်တော်အတွက် အစာ အာဟာရကို ယူဆောင်တဲ့အခါ အရသာတစ်ရာပါတဲ့ ဘောဇဉ်ကို ယူဆောင်တော်မူပါဘုရား' လို့ လျှောက်တယ်။ 'အဲဒီဘောဇဉ်ကို ဘယ်က ရနိုင်မလဲ' လို့ မထေရ်ကမေးတော့ 'အရှင်ဘုရားရဲ့ ကောင်းမှု ကြောင့် မရရင် တပည့်တော်ရဲ့ကောင်းမှုကြောင့် ရပါလိမ့်မယ် အရှင် ဘုရား' လို့ သာမဏေက ပြန်လျှောက်တယ်။ အဲဒီအခါ မထေရ်က သာမဏေကို သော့ပေးလိုက်ပြီး ရွာထဲကို ဆွမ်းခံဝင်တော်မူတယ်။ သုခသာမဏေလည်း ကျောင်းပြန်လာပြီး မထေရ်ရဲ့တိုက်ခန်းကို ဖွင့် ဝင်ပြီးတော့ တံခါးကိုပိတ်လို့ မိမိရဲ့ခန္ဓာကိုယ်မှာ ဉာဏ်ဖြင့်ဖြန့်ကျက် ပြီး ထိုင်ပါတယ်။

သုခသာမဏေရဲ့တန်ခိုးကြောင့် သိကြားမင်းရဲ့နေရာဟာ ပူ လောင်တဲ့ အခြင်းအရာကို ပြတယ်။ သိကြားမင်းက 'ဒီအကြောင်းဟာ ဘာပါလိမ့်' လို့ တွေးပြီး ကြည့်လိုက်တော့ သာမဏေကို မြင်တဲ့အခါ 'သုခသာမဏေဟာ ကိုယ့်ဥပဇ္ဈာယ်ဆရာကို သပိတ် သင်္ကန်းပေးပြီး 'ရဟန်းတရားကို အားထုတ်မယ်' လို့ တွေးကာ ပြန်လှည့်ခဲ့ပြီ။ ငါ အဲဒီနေရာကို သွားသင့်တယ်' လို့ စဉ်းစားပြီး နတ်မင်းကြီး ၄ ယောက် ကို ခေါ်ခိုင်းလိုက်ပြီး 'အမောင်တို့၊ သွားကြတော့၊ ကျောင်းနားမှာ မကောင်းတဲ့အသံရှိတဲ့ ငှက်တွေကို မောင်းထုတ်ပါလော့' လို့ တိုက်တွန်း စေခိုင်းလိုက်တယ်။ နတ်မင်းကြီးတွေက သိကြားမင်း ညွှန်ကြားတဲ့ အတိုင်းလုပ်ပြီး ထက်ဝန်းကျင်ကနေ အစောင့်အရှောက် ယူနေကြတယ်။ လနတ်သား၊ နေနတ်သားတို့ကို 'ကိုယ့်ရဲ့ဗိမာန်တွေကို ကိုင်ပြီး နေ ကြပါ' လို့ စေခိုင်းတယ်။ သူတို့ကလည်း အဲဒီအတိုင်း လုပ်ကြတယ်။ သိကြားမင်းကိုယ်တိုင်လည်း လှည့်လည်တဲ့အရပ်မှာ အစောင့်အရှောက်

http://www.dhammadownload.com



ကို ယူတယ်။ ကျောင်းထဲမှာ အသံကင်းဆိတ် တိတ်လို့နေတယ်။ သုခသာမဏေဟာ တည်ကြည်ငြိမ်သက်တဲ့စိတ်နဲ့ ဝိပဿနာပွားလို့ မဂ်ဖိုလ်သုံးပါးကို ရောက်တယ်။ အရှင်သာရိပုတ္တရာမထေရ်က 'သုခသာမဏေဟာ အရသာတစ်ရာပါတဲ့ ဘောဇဉ်ကို ယူဆောင်တော်မူပါလို့ လျှောက်ခဲ့တယ်။ ဘယ်သူ့အိမ်က ရနိုင်မလဲ' လို့ ကြည့်တော့ အလိုဆန္ဒနဲ့ပြည့်စုံတဲ့ အလုပ်အကျွေး အမျိုးအိမ်တစ်အိမ်ကို မြင်လို့ အဲဒီကိုကြွသွားတဲ့အခါ 'အရှင်ဘုရား၊ အရှင်ဘုရား ဒီနေ့ တပည့်တော်တို့အိမ်ကို ကြွလာတာ ကောင်းပါတယ်ဘုရား'လို့ နှစ်သက်ဝမ်းမြောက်စွာနဲ့ အဲဒီဒါယကာတွေဟာ သပိတ်ကိုယူပြီး မထေရ်ကို ပင့်ထိုင်စေပြီးတော့ ယာဂုခဲဖွယ်ကို လှူလို့ ဆွမ်းဘုဉ်းပေးချိန်တိုင်အောင် တရားစကား ဟောဖို့ လျှောက်ထားတောင်းပန်တာကြောင့် အဲဒီဒါယကာတွေကို အသက်ထက်ဆုံး အောက်မေ့အပ်တဲ့တရား ဟောတော်မူပြီး အချိန်ကိုမှတ်လို့ တရားဒေသနာကို ပြီးစေပါတယ်။ အဲဒီအခါမှာ မထေရ်ကို အရသာတစ်ရာပါတဲ့ဘောဇဉ် လှူဒါန်းတော့ အဲဒါကိုယူပြီး ကြွသွားလိုတဲ့ မထေရ်ကို မြင်တဲ့အခါ 'အရှင်ဘုရား၊ ဘုဉ်းပေးတော်မူပါဘုရား၊ နောက်ထပ်လည်း လှူပါဦးမယ်ဘုရား'လို့ လျှောက်ထားပြီးမှ မထေရ်ကို ဘုဉ်းပေးစေပြီးတော့ နောက်ထပ်သပိတ်အပြည့် လှူလိုက်ကြတယ်။ မထေရ်ဟာ အဲဒီဘောဇဉ်ကိုယူပြီး 'ငါ့သာမဏေတော့ ဆာလှရှာမယ်' လို့ စဉ်းစားပြီးတော့ အဆောတလျင် ကျောင်းကိုကြွသွားပါတယ်။

အဲဒီနေ့ မြတ်စွာဘုရားက နံနက်စောစောကပဲ ကျောင်းတော်က ထွက်ကြွပြီး ဂန္ဓကုဋီမှာထိုင်ပြီးတော့ 'ဒီနေ့ သုခသာမဏေဟာ ဆရာဥပဇ္ဈာယ်ကို သပိတ် သင်္ကန်းပေးပြီး 'ရဟန်းတရားကို အားထုတ်မယ်'လို့ တွေးပြီးတော့ ကျောင်းပြန်လာခဲ့ပြီ။ ဒီသာမဏေ ကိစ္စပြီးဆုံးမလား'လို့ ဆင်ခြင်တော်မူပါတယ်။ သာမဏေဟာ မဂ်ဖိုလ်သုံးပါးတို့ကို ရောက်တဲ့အဖြစ်ကို မြင်တော်မူပြီး ဆက်စူးစမ်းဆင်ခြင်တဲ့အခါ 'ဒီသာမဏေဟာ

http://www.dhammadownload.com



ဒီနေ့ အရဟတ္တဖိုလ်ရောက်ဖို့ စွမ်းနိုင်လိမ့်မယ်။ သာရိပုတ္တရာကတော့ ငါ့ရဲ့သာမဏေ ဆာလှရှာမယ် တွေးပြီး အရှိန်အဟုန်နဲ့ ဆွမ်းယူပြီး ထွက်လာတယ်။ တကယ်လို့ ဒီသာမဏေ အရဟတ္တဖိုလ်မရောက်ခင် ဆွမ်းကို ဆောင်ပို့ရင် သူ့ရဲ့အရဟတ္တဖိုလ်အတွက် အန္တရာယ်ဖြစ်တော့မှာပဲ၊ ငါကြွသွားပြီး တံခါးမုခ်မှာ အစောင့်အရှောက်ယူသင့်တယ်'လို့ ကြံတော်မူပြီး ဂန္ဓကုဋိက ထွက်ကြွပြီးတော့ တံခါးမုခ်မှာရပ်လို့ အစောင့်အရှောက် ယူတော်မူပါတယ်။

မထေရ်ကလည်း ဆွမ်းကိုယူဆောင်လာပါတယ်။ အဲဒီအခါမှာ ဘုရားရှင်က မထေရ်ကို အောက်ဖြစ်တဲ့ ပဏ္ဍိတသာမဏေဝတ္ထုမှာ ဆိုခဲ့ပြီးတဲ့နည်းနဲ့ ပြဿနာလေးခုကို မေးတော်မူတယ်။ အမေး အဖြေရဲ့ အဆုံးမှာ သာမဏေဟာ အရဟတ္တဖိုလ်ကို ရောက်တယ်။ မြတ်စွာဘုရားရှင်က မထေရ်ကို ခေါ်တော်မူပြီး 'ချစ်သား သာရိပုတ္တရာ၊ သွားတော့၊ သင့်သာမဏေကို ဆွမ်းပေးလိုက်တော့'လို့ မိန့်ကြားတယ်။ မထေရ်က ကြွသွားပြီး တံခါးကိုခေါက်လိုက်တယ်။ သုခသာမဏေလည်း ထွက်လာပြီး ဆရာဥပဇ္ဈာယ်ရဲ့ဝတ်ကိုပြုတော့ 'ဆွမ်းကိစ္စကို ပြုလော့'လို့ မိန့်တဲ့အခါ မထေရ်မှာ ဆွမ်းအလိုမရှိတာကိုသိပြီး ၇ နှစ်ပဲရှိတဲ့ သတို့သားငယ်ဟာ တစ်ခဏချင်းနဲ့ပဲ အရဟတ္တဖိုလ်ကို ရောက်ပြီး နိဗ္ဗာန်အရပ်ကို ဉာဏ်နဲ့ဆင်ခြင်ကာ ဆွမ်းကိစ္စပြုပြီးတဲ့အခါ သပိတ်ကိုဆေးကြောတယ်။ အဲဒီအခိုက်မှာ နတ်မင်းကြီး ၄ ယောက်က အစောင့်အရှောက်ကို လွှတ်လိုက်ကြတယ်။ လနတ်သား၊ နေနတ်သားတို့ကလည်း ဗိမာန်တွေကို လွှတ်ကြတယ်။ သိကြားမင်းကလည်း တံခါးဆွဲငင်ရာအရပ်မှာ အစောင့်အရှောက်ကို လွှတ်တယ်။ နေမင်းဟာ ကောင်းကင်အလယ် မွန်းတည့်ရာကို လွန်ပြီးတော့ ထင်ရှားတယ်။ ရဟန်းတွေက 'ညချမ်းအခါဟာ ထင်ရှားတယ်၊ သုခသာမဏေကလည်း အခုပဲ ဆွမ်းကိစ္စပြုပြီးတယ်၊ ဒီနေ့နံနက်အခါက အားကြီးကြာမြင့်ပြီးတော့ ညချမ်းအခါက

http://www.dhammadownload.com



အားနည်းတိုတောင်းတာပါလား’ လို့ ပြောကြတယ်။ မြတ်စွာဘုရားက ကြွတော်မူလာပြီး ‘ချစ်သားတို့၊ အခုအခါမှာ ဘာစကားတွေပြောပြီး စည်းဝေးနေကြတာလဲ’လို့ မေးတော်မူတဲ့အခါ ‘မြတ်စွာဘုရား၊ ဒီနေ့ နံနက်ချိန်က အားကောင်းကြာညောင်းပြီးတော့ ညနေချိန်က နုန့်နှေး တိုတောင်းပါတယ်။ သုခသာမဏေကလည်း အခုပဲ ဆွမ်းကိစ္စပြုပြီးပါ တယ်။ သာမဏေ ဆွမ်းဘုဉ်းပြီးတာနဲ့ တစ်ပြိုင်နက်တည်း နေဟာ မွန်းတည့်ကိုလွန်ပြီး ထင်ပါတယ်ဘုရား’လို့ လျှောက်ကြတော့ မြတ်စွာ ဘုရားက ‘ချစ်သားရဟန်းတို့၊ ကောင်းမှုရှိတဲ့သူတွေ ရဟန်းတရား အားထုတ်တဲ့အခါမှာ ဒီလိုဒီလိုပဲ ဖြစ်တတ်တယ်။ ဟုတ်တယ်၊ ဒီနေ့ နတ်မင်းကြီး ၄ ယောက်က ထက်ဝန်းကျင် အစောင့်အရှောက် ယူ ကြတယ်။ လနတ်သား၊ နေနတ်သားတို့က ဗိမာန်တွေကိုကိုင်ပြီး တည်နေကြတယ်။ သိကြားမင်းက တံခါးဆွဲငင်ရာအရပ်မှာ အစောင့် အရှောက်ကို ယူတယ်။ ငါဘုရားကလည်း တံခါးမုခ်မှာ အစောင့် အရှောက်ကို ယူတယ်။ ဒီနေ့ သုခသာမဏေဟာ ရေမြောင်းမှာ ရေကို ဆောင်တဲ့သူတွေ၊ မြားကို ဖြောင့်အောင်လုပ်နေကြတဲ့ မြားလုပ်သမား တွေ၊ လှည်းဘီးစက်အစရှိတာတွေ လုပ်နေတဲ့ သစ်ခွေသမားတွေကို တွေ့မြင်ပြီး မိမိကိုယ်ကို ဆုံးမလို့ အရဟတ္တဖိုလ် ရောက်ရလေပြီ’လို့ မိန့်တော်မူပါတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၅၅)

ရှင်သုခလောင်းလျာ ရွာသားဟာ ၃ နှစ် အခစားအလုပ်ကို လုပ်ခဲ့ရာမှာ အလွန်ပဲ တာဝန်ကျေပွန်ခဲ့ပါတယ်။ အဲဒီလို ၃ နှစ် အလုပ်လုပ်ပြီးမှ ရလာတဲ့ ထမင်းကို ဂန္ဓမာဒနတောင်က ကြွလာတဲ့ ပစ္စေကဗုဒ္ဓါအား လှူနိုင်တာ တော်ပါပေတယ်။ ရှင်သုခလောင်းလျာဟာ တစ်ရက်စာ ထမင်းကို ကမ္ဘာပေါင်း ကုဋေထောင်ပေါင်းများစွာအတွက်ရအောင် ယူတတ်ပါပေတယ်။ ရှင်သုခလောင်းလျာဟာ ပစ္စေကဗုဒ္ဓါအား ဆွမ်း

http://www.dhammadownload.com



လျှုပြီး ဆုတောင်းခဲ့ပါတယ်။ ပစ္စေကဗုဒ္ဓါကလည်း ဆုပေးခဲ့ပါတယ်။ ဆုတောင်းတာ ဆုပေးတာတွေဟာ ရှေးကလည်း ရှိခဲ့ပါတယ်။

ပစ္စေကဗုဒ္ဓါတစ်ပါးအတွက် ဆွမ်းဟာ ပစ္စေကဗုဒ္ဓါ ၅၀၀ အတွက် လောက်တယ်ဆိုတာဟာ အံ့သြစရာပါပဲ။ ပစ္စေကဗုဒ္ဓါရဲ့တန်ခိုးလို့ပဲ မှတ်ယူရပါမယ်။

'ရော့၊ တစ်ထောင်ကိုယူပြီး သင့်ရဲ့အလှူမှာ ငါ့အားလည်း ကုသိုလ်ဝေစုကို မျှဝေပေးပါ'လို့ ဂန္ဓသူဌေးက ပြောပါတယ်။ ရှင်သုခလောင်းလျာက အမျှပေးဝေပါတယ်။ အမျှတောင်းတာနဲ့ အမျှပေးဝေတာဟာလည်း သတိထားစရာပါပဲ။ အမျှပေးဝေတာဟာ လူသိများတဲ့ကိစ္စ ဖြစ်ပါတယ်။ အမျှတောင်းတာကတော့ လူသိနည်းတဲ့ကိစ္စ ဖြစ်ပါတယ်။ ဗာရာဏသီ ရှင်ဘုရင်ကလည်း ရှင်သုခလောင်းလျာ အခစားအလုပ်သမားအား ငွေတစ်ထောင်ပေးပြီး အမျှယူပြန်ပါတယ်။

သုခလောင်းလျာ အခစားအလုပ်မားဟာ ဘတ္တဘတိကသူဌေးဘဝကို ရောက်သွားပါတယ်။ ဆွမ်းတစ်ပါးစာအလှူဟာ အကျိုးပေးရာမှာ အလွန်ကြီးကျယ်လှပါပေတယ်။ အလှူရှင်၊ အလှူခံ၊ လှူဖွယ်ပစ္စည်းတွေက ထူးခြားတဲ့ ဂုဏ်တွေနဲ့ ပြည့်စုံလို့ အကျိုးပေးကလည်း ဒီဘဝမှာပဲ ထူးထူးခြားခြား အကျိုးပေးပါတော့တယ်။ အကြောင်းက ထူးခြားလို့ အကျိုးကလည်း ထူးခြားတာပါပဲ။ အလုပ်သမားဘဝက ဘတ္တဘတိကသူဌေးဘဝ ရောက်သွားတဲ့အထိ အကျိုးပေးက ထူးခြားလှပါတယ်။ ဘတ္တဘတိကသူဌေးနဲ့ ဂန္ဓသူဌေးတို့ဟာ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်သွားကြပါတယ်။

ရှင်သုခဟာ ရဟန္တာဖြစ်သွားလို့ တကယ့်ချမ်းသာတဲ့ပုဂ္ဂိုလ် ဖြစ်နေပါတော့တယ်။ ရှင်သုခလို သုခပိုင်ရှင်ဖြစ်အောင် ကြိုးစားကြရပါမယ်။

http://www.dhammadownload.com

# ၇ နှစ်အရွယ် ရဟန္တာမလေးများ

၇ နှစ်အရွယ် ရဟန္တာဖြစ်ခဲ့ကြတဲ့ ထေရီမတွေကိုလည်း တွေ့ရှိရပါတယ်။ ဗောဓိပင်အား ဆီမီး ၅ ခု လှူခဲ့တဲ့ ပဉ္စဒီပိကာထေရီနဲ့ ပဉ္စဒီပဒါယိကာထေရီ၊ ဥပုသ်တစ်ကြိမ်စောင့်ခဲ့တဲ့ ဧကုပေါသထိကာထေရီတွေဟာ ၇ နှစ်အရွယ်နဲ့ ရဟန္တာဖြစ်ခဲ့ကြပါတယ်။

(အပဒါနပါဠိ၊ ၃၊ ၁၉၅၊ ၁၉၉၊ ၂၀၄)

စီရဆိုတဲ့ သာမဏေမလေးလည်း ၇ နှစ်အရွယ်မှာ ရဟန္တာဖြစ်ခဲ့ပါတယ်။

http://www.dhammadownload.com

# ၅ နှစ်အရွယ် ရဟန္တာကိုရင်လေး ၄ ပါး

၁။ ရှင်စန္ဒနမာလိယ ဟာ သူ့မိခင်ဝမ်းမှာ နေခဲ့စဉ်က စည်းစိမ် လျော့သွားတာ မရှိ။ အစား အဖျော်ဟာ သူ့မိခင်အလိုရှိတိုင်း ဖြစ်ခဲ့တယ်။ သူဟာ သုမေဓဘုရားရှင်အား သရက်သီး၊ အင် ကြင်းပန်း၊ စန္ဒကူးနံ့သာတွေကို လှူခဲ့ပါတယ်။

(အပဒါနပါဠိ၊ ၃၊ ၆၁)

၂။ ရှင်ဝလ္လိယဟာလည်း ရှင်စန္ဒနမာလိယ လိုပဲ ရှေးဘဝကောင်းမှု ရော၊ ယခုဘဝအကျိုးပေးပါ အားလုံးတူပါတယ်။

(ထေရဂါထာ၊ ဋ္ဌ၊ ပ၊ ၃၇၅)

၃။ ရှင်ပဥ္စသီလသမာဒါနိယ ဟာ ဝေသာလီမြို့က သူဌေးအမျိုး မှာ ဖြစ်တယ်။ ဝါဆိုခါနီးမှာ သူ့မိဘတွေက ငါးပါးသီလ ခံယူကြတဲ့အခါ အဲဒါကိုကြားလိုက်ရတာနဲ့ တစ်ပြိုင်နက် သူ့ သီလကိုအောက်မေ့ခဲ့တယ်။ တစ်နေ့ရာတည်းမှာပဲ ထိုင်ကာ ရဟန္တာဖြစ်သွားတယ်။ သူဟာ အနောမဒဿီဘုရားရှင် လက် ထက်က အရှင်နိသဘထံ ငါးပါးသီလ ခံယူကျင့်သုံးခဲ့ပါတယ်။ အခစားဘဝမှာ လှူစရာမရှိလို့ ငါးပါးသီလကိုပဲ ကျင့်သုံးခဲ့ပါ တယ်။

(အပဒါနပါဠိ၊ ပ၊ ၈၅)

၄။ ရှင်ပဒုမလောင်းလျာဟာ ပဒုမုတ္တရဘုရားရှင်အပေါ် ကြည်ညို ပြီး လူအများနဲ့အတူ တရားနာရင်း တံခွန်နဲ့အတူ ပဒုမ္မာကြာ

http://www.dhammadownload.com



စည်းကို ကိုင်ပြီး ရပ်နေတယ်။ တံခွန်နဲ့အတူ အဲဒီကြာစည်းကို ကောင်းကင်ပေါ်မြှောက်တင်လိုက်တယ်။ အဲဒီအံ့ဩဖွယ်ကို မြင်ပြီး အလွန်အကဲ ဝမ်းသာခဲ့တယ်။ အဲဒီကောင်းမှုနဲ့အညီ ရှင်ပဒုမလို့ နာမည်တွင်နေတယ်။

(အပဒါန၊ ၄၊ ၃၊ ၈၅)

သာမဏေကျော်

နတ်တော်လဆန်း လပြည့်ကျော် ၉ ရက်၊ ၆၃ ခု။

၈၊ ၁၊ ၂၀၀၂။

◀ ▲ ▶